၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၂၁ ၊ ၂၀၁၁)

# ရွှေဈေးမကစားရန် သက်ဆိုင်ရာက သတိပေး

## လေပတ်ကားပြုလုပ်ခွင့်တားမြစ်လိုက်သည့်အတွက် တက်ရှိန်ရှိနေသောရွှေဈေး ထင်သလောက်မတက်နိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် - ၁၄**

ရွှေအရောင်းအဝယ်ဈေးကွက်တွင် လေပတ်ကားမပြုလုပ်ရန်နှင့် ဈေးမကစားရန် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းသို့ သက်ဆိုင်ရာက လာရောက်သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့ကြောင့်ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းများမှာဈေးတက်သင့်သလောက် မြင့်တက်ခြင်းမရှိကြောင်း ရွှေအရောင်းအဝယ်ပြုလုပ်သူများက ပြောသည်။

"အခု ကမ္ဘာ့ရွှေဈေးတွေက တောက်လျှောက်တက်နေပေမယ့် ပြည်တွင်းဈေးက သိပ်မပြောင်းဘူး။ လေပတ်ကား မလုပ်ရတော့ အရောင်းအဝယ်က ငြိမ်သွားတယ်။ ဒါကြောင့် ဈေးက သိပ်မတက်တာပါ" ဟု ရွှေကုန်သည်တစ်ဦးကပြောသည်။

ယခင်က ရွှေဈေးကွက်တွင် ကမ္ဘာ့ရွှေဈေးတက်ရိပ်ပြနေပါက ညနေပိုင်း၌ အရောင်းအဝယ်ဖြစ်ပြီး နောက်တစ်နေ့ ပစ္စည်းအပ်ငွေချေးပြုလုပ်သည့် ဈေးကွက်တွင် ဈေးကစားလေ့ရှိ၍ အရောင်းအဝယ်လည်းကောင်းလေ့ရှိကြောင်း သိရသည်။

"လက်ရှိအနေအထားက ကမ္ဘာ့ဈေးစံချိန်ကျိုးအောင် တက်နေပေမယ့် ပြည်တွင်းဈေးက သိပ်လိုက်မတက်ဘူး။ သက်ဆိုင်ရာက ပြောလာလို့ ဈေးငြိမ်သွားတာလည်းပါတယ်။ အဓိကကတော့ မြန်မာငွေတန်ဖိုးမြင့်လာလို့ အရောင်းအဝယ်နဲ့ဈေးငြိမ်နေတာလည်း ပါတယ်"ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးဝင်းမြင့်က ပြောသည်။

စာ-၁ ၂သို့



ပင်စင်လစာ တိုးမြှင့်ခြင်းနှင့်နိုင်ငံ့ဝန်ထမ်းလစာ ကောလာဟလများထွက်နေချိန်တွင် ရွှေဈေးတစ်ရှိန်ထိုးမြင့်တက်သွားခြင်းမျိုးမရှိသော်လည်း အတက်ဘက်၌ ဆက်လက်ရပ်တည်နေသည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လတ္တ နိုင်ငံကူးလက်မှတ်

# နိုင်ငံကူးလက်မှတ် သုံးပတ်နှင့်အပြီး ထုတ်ပေးမည်ဟုဆို

**အေးမြကျော်**

**ရန်ကုန် - ဇူလိုင်၁၆**

နိုင်ငံကူးလက်မှတ်များကိုသုံးပတ်နှင့်အပြီး ထုတ်ပေးသွားမည်ဟု နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကပြောကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူဦးညဏ်ထွန်းဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ပန်းဆိုးတန်းလမ်းမှ ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိပြည်ထဲရေးဝန်ကြီးရုံးအဟောင်းနေရာသို့ ပြောင်းရွှေ့ပြီးနောက် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းကို ယခင်ထက် ပိုမိုမြန်ဆန်အောင် သုံးပတ်နှင့်အပြီးထုတ်ပေးနိုင်ရန်ဆောင်ရွက်မည်ဟု နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ပြောကြားကြောင်း ဦးညဏ်ထွန်းဦးက ပြောသည်။

စာ-၁ ၂သို့

ဆောက်လုပ်ရေး အထူးစီမံကိန်း

# နေပြည်တော်ရှိအထူးစီမံကိန်းဆောက်လုပ်ရေးလုပ်ငန်းအချို့ခေတ္တဆိုင်းငံ့

## နေပြည်တော်ရှိ ဆောက်လုပ်ရေးလုပ်သားအများစု အလုပ်သစ်ရှာဖွေ


**အားမာန်၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၁၄**

နေပြည်တော်ရှိ အထူးစီမံကိန်းဆောက်လုပ်ရေးလုပ်ငန်းအချို့ကို ဇူလိုင်လဆန်းမှ စတင်၍ ခေတ္တဆိုင်းငံ့ထားကြောင်း စီမံကိန်း၌ဝင်ရောက် လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင် အချို့ထံမှ သတင်းရရှိသည်။

"နိုင်ငံတော် ညွှန်ကြားချက်နဲ့ လမ်းတို့ လုပ်ငန်းတွေကို လောလောဆယ် ရပ်ထားတယ်။ ဘတ်ဂျက်ကြောင့် ရပ်တာလို့တော့ သိရတယ်။ နိုင်ငံတော်က ကုမ္ပဏီတွေကို ပေးရမယ့်ငွေတွေ အရင်ဖြတ်ပြီးမှ လုပ်ငန်းတွေဆက်လုပ်မယ်လို့ သိရတယ်"ဟု အေဝမ်း ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာ-၁ ၂သို့



တည်ဆောက်ပြီးစီးပြီးဖြစ်သည့် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ

မလေးရှားရောက် တရားမဝင်လုပ်သားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်အစီအစဉ် ရက်ရွှေ့ဆိုင်း
စာမျက်နှာ - ၃

ငါးထောင်ကျပ်တန်အတုပေါ်ထွက်နေခြင်းကြောင့် ငွေပေးငွေယူကိစ္စများတွင် ကျပ်တစ်ထောင်တန်သာ လက်ခံနေကြဟုဆို
စာမျက်နှာ - ၆

ကျောက်မျက်ပွဲရောင်းချရငွေ ထက်ဝက်ခန့်ကျဆင်း
စာမျက်နှာ - ၆

အာဇာနည်နေ့အခမ်းအနား တက်ရောက်ခဲ့သည့် အာဇာနည်ခေါင်းဆောင်မိသားစုဝင်များနှင့် လာရောက်ဂါရဝပြုကြသည့်အများပြည်သူတို့၏ မှတ်တမ်းဓာတ်ပုံများ
စာမျက်နှာ - ၂၈

nexus ENGLISH LANGUAGE LEARNING CENTRE
Qualified Professional Native Speaker Teachers
• General English • Written English • Spoken English • Business English • IELTS
အမှတ်(၈)၊ ပန်းမြိုင်တာဝါ၊ ဓမ္မစေတီလမ်း၊၊ မြေနီကုန်း၊၊ ဖုန်း - ၅၃၉၅၅၈၁၊ ၅၃၉၅၅၈၂

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# မိသားစုပင်စင်လျှောက်ထားသူပိုများလာ

ကျော်သီဟ၊ ပြည်သိမ်း

ရန်ကုန်၊

ဇူလိုင် - ၁၄

ပင်စင်လစာတိုးမြှင့်ပြီးနောက် မိသားစုပင်စင် လျှောက်ထားသူများ ပိုမိုများပြားလာကြောင်း ပင်စင်ဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိ တိုးမြှင့်ပင်စင်မှာ တစ်လလျှင် ကျပ်နှစ်သောင်းမှ ကျပ်တစ်သိန်းတစ်သောင်းကြားထိရှိသဖြင့် မိသားစုပင်စင်မှာ အနည်းဆုံး ကျပ်တစ်သောင်းမှ စတင်ခံစားရမည်ဖြစ်သည်။ ယခင်က မိသားစုပင်စင်လစာများမှာ ၂၀၁၀ ခုနှစ် လစာမတိုးမီက ကျပ်ရာဂဏန်းသာရရှိခဲ့သည်။

"မိသားစုပင်စင်လျှောက်ထားသူတွေက အခုဆို တော်တော်များတယ်။ တချို့ဆို အခုမှ ပြန်လျှောက်ကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

မိသားစုပင်စင်သည် ဇနီး၊ ခင်ပွန်းဆိုပါက လက်ရှိပင်စင်လစာ၏ ၇၅ ရာခိုင်နှုန်းကို ခံစားရပြီး ကျန်မိသားစုဝင်များဆိုပါက ၅၀ ရာခိုင်နှုန်း ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပင်စင်လစာများ တိုးမြှင့်လိုက်ပြီဖြစ်သော်လည်း နိုင်ငံတော် ပင်စင်ခံစားခွင့်တွင် သားစဉ်မြေးဆက်ခံစားခွင့်ရှိသည်ကို လူသိနည်းနေသေးကြောင်း ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောသည်။ နိုင်ငံတော် ပင်စင်လစာသည် နိုင်ငံတော်ဝန်ထမ်း အငြိမ်းစားယူပြီး ခံစားခွင့်ရှိသည့်အပြင် ဇနီးသည်နှင့် သားသမီးများ အဆင့်ဆင့် ခံစားနိုင်သည်ဆိုသည့် အချက်ကို နားလည်သဘောပေါက်သူ လွန်စွာနည်းနေသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။



ပင်စင်လစာတိုးမြှင့်မှုက ပင်စင်စားများအတွက်မဟုတ်ဘဲ ပင်စင်စားမိသားစုများအတွက်ပါ လှုပ်လှုပ်ရှားရှားဖြစ်စေသည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုင်ငံတော် ပင်စင်လစာမှာ ယခင်ကရရှိမှု နှုန်းထားနည်း၍ တန်ဖိုးမထားကြသော်လည်း ယခုကဲ့သို့တိုးမြှင့်ပင်စင်အပေါ် ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်လာခဲ့သည်။ အချို့ပင်စင်စာ ဝန်ထမ်းများ ကွယ်လွန်၍ မိသားစုပင်စင် မလျှောက်ကြသူများ တိုးမြှင့်ပင်စင်ကြောင့်ပြန်လည်လျှောက်ထားမှုများ ရှိလာကြောင်းသိရသည်။

"ကျွန်မဆို ပင်စင်က မိဘတွေ သေသွားရင် မရတော့ဘူး ထင်တာ။ ခုလို သားသမီးအဆင့်ဆင့်ထိ ခံစားနိုင်တယ်ဆိုတာ တကယ်မသိခဲ့တာပါ" ဟုပင်စင်စားတစ်ဦး၏ မိသားစုဝင်တစ်ဦးကပြောသည်။

ပင်စင်စားဝန်ထမ်းတစ်ဦး ကွယ်လွန်ပါက မိသားစုပင်စင်အဖြစ် (ဇနီး/ခင်ပွန်း)က ခံစားနိုင်သည်။ ယင်းတို့သေဆုံးပါက မိသားစုပင်စင်အဖြစ် သားယောကျ်ားလေးအား ဦးစားပေးခံစားခွင့်ရှိသည်။ သားယောကျ်ားလေးမှာ အသက်၁၅နှစ် မကျော်လွန်(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသူဖြစ်ရမည်။ သမီးမိန်းကလေးတွင် အသက်ကန့်သတ်ချက် မရှိသော်လည်း အိမ်ထောင်မရှိသူ ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ပင်စင်စားဝန်ထမ်း ကွယ်လွန်ပြီး ၁၅နှစ်အတွင်း မိသားစုပင်စင်ကို သားသမီးများက ခံစားခွင့်ရှိသည်ဟု နေပြည်တော်ပင်စင်ဦးစီးဌာနမှ အရာထမ်းတစ်ဦးက ရှင်းလင်းပြောကြားသည်။

## အနှိပ်ခန်းအချို့ ရုံးချိန်အတွင်း ပြန်ဖွင့်နေ

ကျော်သီဟ

ရန်ကုန်၊ ဇူလိုင် - ၁၄

ရန်ကုန်မြို့ရှိ အနှိပ်ခန်းများ ဖမ်းဆီးနေခြင်းကြောင့် အနှိပ်ခန်းအချို့ အသွင်ပြောင်းကာ ရုံးချိန်အတွင်း တိတ်တဆိတ်ပြန်လည်ဖွင့်လှစ်နေခြင်းများ ရှိနေသည်ဟု စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အနှိပ်ခန်းများအား လိုက်လံ ဖမ်းဆီးနေမှုကို ပြီးခဲ့သည့် လဆန်း က စတင်ခဲ့ပြီး အရှိန်အဟုန်ဖြင့် နှိမ်နင်းခဲ့သော်လည်း အနှိပ်ခန်း အချို့မှာ နံနက် ၉ နာရီမှ ညနေ ၆နာရီအချိန်အတွင်း ပြန်ဖွင့်လှစ်နေကြောင်း သိရသည်။

ယခင်က အနှိပ်ခန်းများမှာ ညနေ ၆နာရီမှ မနက်မိုးလင်းသည်အထိ စီးပွားရှာခဲ့ကြသော်လည်း သက်ဆိုင်ရာမှ အရေးယူမှုများကြောင့် အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ ရုံးချိန် နံနက်ပိုင်းမှ ညနေ ၆ နာရီအထိ ပြန်လည်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

"အခု အနှိပ်ခန်းတွေက မနက်ပိုင်းပဲ ဖွင့်တော့တယ်။ ညနေ ၆ နာရီကျော်ရင် လက်မခံ တော့ဘူး" ဟု ရန်ကုန်မြို့ရှိ အနှိပ်ခန်းများသို့ သွားရောက်လေ့ရှိသူ တစ်ဦးက ဆိုသည်။

ထို့အပြင် လောင်းကစားမှုများဖြစ်သော ဘောလုံး၊ နှစ်လုံးထီ၊ သုံးလုံးထီများကိုလည်း လိုက်လံဖမ်းဆီးမှုအပေါ် နည်းလမ်းကြံဆ၍ ဖုန်းများဖြင့် ပြန်လည်ပြုလုပ်လာပြန်သည်။

"သက်ဆိုင်ရာက ဘယ်လောက်ပဲဖမ်းဖမ်း၊ဂျာနယ်တွေက ဘယ်လောက်ပဲ တားမြစ်ရေးသားရေးသား၊ အဲဒီနှစ်လုံး၊ သုံးလုံးနဲ့ အနှိပ်ခန်းတွေမှာ အမြဲတမ်း Customer ရှိတာကြောင့် ရယ်၊ စီးပွားရေးတစ်ခုဖြစ်နေတာကြောင့်ရယ်၊ နည်းလမ်းပေါင်းစုံ သုံးပြီး ဆက်လုပ်ဖို့ကြိုးစားနေဦးမှာပဲ" ဟု သက်ဆိုင်ရာမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောသည်။

## အေးရှားဝေါလ် စက္ကူစက်ရုံ မီးလောင်မှု ကျပ် ၆၇ သိန်းကျော်ဖိုး ဆုံးရှုံးမည်ခန့်မှန်း

သိမ့်သိမ့်စိုး၊ အိဖြူလွင်

ရန်ကုန်၊ ဇူလိုင် - ၉

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ၂၃ရပ်ကွက်ရှိစက်မှုဇုန်(၁)အတွင်းမှ အေးရှားဝေါလ်စက္ကူစက်ရုံမီးလောင်ရာ ငွေကျပ် ၆၇ သိန်းကျော်ဖိုး ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက ခန့်မှန်းပြောကြားသည်။

မီးလောင်မှုမှာ ယင်းစက်ရုံတွင် စက္ကူပစ္စည်းများ သိုလှောင်ထားရာမှ အောင်းပူဖြစ်ကာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုံအဆောက်အအုံဟောင်းသည် ပေ ၁၂၀× ပေ ၄၀ အကျယ်ရှိသော သွပ်မိုး၊ သံဆန်ခါ၊ ကွန်ကရစ်ခင်း အဆောက်အအုံနှင့် ကုန်ပစ္စည်း များပါမီးလောင်ခဲ့၍ ယခုကဲ့သို့ ဆုံးရှုံးမှုများခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုသည် ဇူလိုင်လ ၄ ရက် နံနက် ၂နာရီခွဲအချိန်စတင်လောင်ကျွမ်းပြီး အရုဏ်တက်၄နာရီ ၅မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

မီးလောင်မှုသို့ မီးသတ်ယာဉ် ၂၈ စီး၊ အုပ်ချုပ်မှုခြောက်စီးသွားရောက်ကာ မီးသတ်တပ်ဖွဲ့ဝင်၁၆၇ဦးနှင့် အရန် ၆၃ဦး သွားရောက်ငြိမ်းသတ်ခဲ့ကြောင်းသိသည်။

အဆိုပါစက်ရုံမီးလောင်မှုကြောင့် စက်ရုံလုံခြုံရေးမှူး ဦးသန်းထွန်းကို (ပ)၆၇၇/ ၂၀၁၁ ပုဒ်မ-၂၈၅ အရအမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# ဘဏ်တိုးနှုန်းမြင့်မားမှုကြောင့် ထုတ်ကုန်လုပ်ငန်းရှင်များ ချေးငွေကို ချင့်ချိန်နေရ

ပြည်သိမ်း

ရန်ကုန်၊

ဇူလိုင် - ၁၃

ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်များသည် ဘဏ်ချေးငွေဖြင့် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုသော်လည်း အတိုးနှုန်းမြင့်မားနေမှုကြောင့် ချင့်ချိန်နေရကြောင်း ထုတ်ကုန်လုပ်ငန်းရှင်များက ဆိုသည်။

ထုတ်ကုန်လုပ်ငန်းရှင်များသည် သာမန်ဘဏ်များမှ ချေးငွေရယူလျှင် ၁၇ ရာခိုင်နှုန်းပေးဆောင်ရကာ စက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ချေးပေးရန်စီစဉ်နေသည်။

"ဒီနိုင်ငံက ဘဏ်တိုးနှုန်းတွေက လုပ်ငန်းလုပ်သူကို အရှိန်နှေးစေတယ်။ ငွေစုသူတွေကိုပဲ အားပေးတဲ့သဘောဖြစ်နေတယ်" ဟု လှိုင်သာယာစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ထို့အပြင် လက်ရှိပြည်တွင်းချေးငွေဘဏ်တိုးနှုန်းများသည် ရေတိုလုပ်ငန်းများအတွက် လုပ်ကိုင်နိုင်သော်လည်း ကာလကြာရှည်လာသည်နှင့်အမျှ လုပ်ငန်းလည်ပတ်ရေးတွင် အခက်အခဲများရှိလာသည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုး၊ ဒေါ်လာဈေးနှုန်းကျဆင်းမှု၊ ကမ္ဘာ့စီးပွားရေးအပြောင်းအလဲတို့တွင် ချေးငွေဘဏ်တိုးနှုန်းများမြင့်မားနေပါက လုပ်ငန်းများရပ်ဆိုင်းသွားနိုင်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကဆိုသည်။

"မြန်မာနိုင်ငံက ဘဏ်တိုးနှုန်းက အာရှနိုင်ငံတွေမှာဆို အမြင့်ဆုံးပဲ" ဟု အငြိမ်းစားဗဟိုဘဏ်ဒုဥက္ကဋ္ဌတစ်ဦးကဆိုသည်။

အာရှနိုင်ငံအချို့တွင် ထုတ်လုပ်ရေးလုပ်ငန်းများအပေါ် ဘဏ်တိုးနှုန်း မယူဘဲချေးငွေများပေးသည်။ အတိုးယူသည့် နိုင်ငံများကလည်းထုတ်ကုန်အပေါ် အများဆုံး ဘဏ်တိုးနှုန်းမှာ ၅ ရာခိုင်နှုန်းဝန်းကျင်သာ ရှိသည်။

အတိုးနှုန်းများ လျှော့ချမည်ဆိုပါက ဈေးငွေပိုင်းတွင် ပိုမိုတိုးတက်လာပြီး ထုတ်ကုန်လုပ်ဝန်းများလည်း ဖွံ့ဖြိုးလာမည်။ စက်ရုံအသစ်များလည်း စက်မှုဇုန်များတွင် တည်ထောင်လာနိုင်မည်။ ထုတ်ကုန်လုပ်ငန်းများ တိုးတက်လာသည့်အတွက် တိုင်းပြည်၏ GDP လည်း တိုးတက်လာနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးကဆိုသည်။




မကြာမီကမှ ဖွင့်လှစ်ခွင့်ရရှိခဲ့သော ပုဂ္ဂလိကဘဏ်လေးခုအနက်မှ တစ်ခု

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"အတိုးနှုန်းလျှော့ရင် ငွေစုချင်သူတွေအတွက် အရင်းအနှီးဈေးကွက်တွေဖော်ပေးဖို့လိုတယ်" ဟု အငြိမ်းစားဗဟိုဘဏ်ဥက္ကဋ္ဌတစ်ဦးကပြောသည်။

အရင်းနှီးဈေးကွက်ဆိုသည်မှာ Stock Market , Capital Market တို့ကဲ့သို့ ဈေးကွက်များကို ဆိုလိုခြင်းဖြစ်သည်။ ယင်းဈေးကွက်များသည် ပြည်ပနိုင်ငံများတွင် ဖွံ့ဖြိုးနေပြီး ပြည်တွင်း၌ အကောင်အထည်ဖော်ရန်လိုအပ်နေကြောင်း ပညာရှင်များက ဆိုကြသည်။

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အိမ်အကူအမျိုးသမီးက အိမ်ရှင်ထံမှ ငွေကျပ်သိန်းနှစ်ရာနီးပါး ခိုးယူထွက်ပြေး

**နေလင်းထွန်း၊ သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် – ၁၈**

အိမ်အကူအမျိုးသမီးတစ်ဦးသည် အိမ်ရှင်ထံမှ ငွေကျပ်သိန်းနှစ်ရာနီးပါး ဖောက်ထွင်းခိုးယူ ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်တစ်ခု ဇူလိုင်လ ၇ ရက်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အလုံမြို့နယ်၊ ဌာနာရပ်ကွက်ရှိ ကန်ထရိုက်တိုက်တစ်ခု၏ ငါးလွှာတိုက်ခန်းတွင် အိမ်သားအများစု အပြင်သွားနေခိုက်အသက်လေးဆယ်ဝန်းကျင်အရွယ် အမျိုးသမီးအိမ်အကူသည် အိမ်ရှင်၏ အိပ်ခန်း ဗီရိုအတွင်းမှ ငွေကျပ် ၁၉၅သိန်းကို ခိုးယူထွက်ပြေးသွားခဲ့သည်။

အိမ်အကူအမျိုးသမီးသည် ညနေ ၃ နာရီဝန်းကျင်တွင် အိမ်ရှင်အဘိုးအိုတစ်ဦးတည်း ရေချိုးခန်းထဲရောက်ရှိနေချိန်၌ အပြင်မှ တံခါးအားကြိုးဖြင့်တုပ်၍ အဘိုးအို အပြင်မထွက်နိုင်ရန် စီစဉ်ခဲ့သည်။ ထို့နောက် သစ်သားဖြင့်ကာရံထားသော အိပ်ခန်းတစ်ခုအား ဓားမနှင့်ဖျက်ဆီး၍ အခန်းတွင်းရှိ ငွေကျပ်သိန်း ၃၀၀ ခန့်မှ ကျပ်၁၉၅သိန်းပါသော အထုပ်ကို ဆွဲယူထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်များသည် အဆိုပါ အမျိုးသမီးအား မြောက်ဥက္ကလာပမြို့နယ်ရှိ ပွဲစားနှစ်ဦးထံမှ ပွဲခကျပ်နှစ်သောင်းခွဲနှင့် လစာကျပ်နှစ်သောင်းခွဲပေး၍ ခေါ်ယူခဲ့သည်မှာ ၁၉ ရက်သာရှိသေးကြောင်း အိမ်ရှင်အမျိုးသမီးကပြောသည်။ ငွေခိုးယူထွက်ပြေးသွားသော အမျိုးသမီးသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ကွေ့ဝှမ်းကျေးရွာမှဖြစ်ကြောင်း သူမ ကျန်ရစ်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်အရ သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ အလုံမြို့နယ်ရဲစခန်းမှ ပြစ်မှုဆိုင်ရာအမှတ်-၁၁၂၊ ၂၀၁၁၊ ပုဒ်မ-၃၈၁ ဖြင့် အရေးယူထားပြီး အမှုတာဝန်ကျရဲအရာရှိနှင့် အိမ်ရှင်အမျိုးသားတို့သည် အိမ်အကူအမျိုးသမီးနေရပ်ဖြစ်သော ကွေ့ဝှမ်းကျေးရွာသို့ သွားရောက်ရှာဖွေလျက်ရှိကြောင်းသိရသည်။

# မလေးရှားရောက် တရားမဝင်လုပ်သားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်အစီအစဉ် ရက်ရွှေ့ဆိုင်း

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် – ၁၃**


**မလေးရှားနိုင်ငံအစိုးရက ယင်းနိုင်ငံရှိ တရားမဝင်နေထိုင်လုပ်ကိုင်နေသောလုပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်အစီအစဉ်အား ဩဂုတ်၁ ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာနိုင်ငံရှိမလေးရှားသံရုံးမှ တာဝန်ရှိသူကပြောသည်။**

"ဇူလိုင် ၁၃ ရက်ကနေ လကုန်ထိက လက်ဗွေယူတာရယ်၊ အချို့အချက်အလက်ယူတာတွေလုပ်မယ်။ ကျန်တဲ့ကိစ္စတွေကို ဩဂုတ် ၁ရက်မှ စတင်ဆောင်ရွက်မယ်" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

မလေးရှားနိုင်ငံ အစိုးရအနေဖြင့် မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်လုပ်ကိုင်နေသော နိုင်ငံစုံမှ လုပ်သားနှစ်သန်းကျော်အား ဇူလိုင်၁၃ရက်မှစ၍ တရားဝင်မှတ်ပုံတင်ပေးမည်ဟု ယခင်က စီစဉ်ခဲ့သည်။

မလေးရှားနိုင်ငံဘက်မှ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်အား ဩဂုတ်၁ရက်သို့ ပြောင်းလဲလိုက်သော်လည်း မြန်မာနိုင်ငံဘက်သို့ အပြောင်းအလဲမရှိကြောင်းသိရသည်။ ထိုကဲ့သို့ စီစဉ်ရာတွင် လုပ်သားတစ်ဦး၏ အနိမ့်ဆုံး ကျပ်ခုနစ်သိန်းဝန်းကျင်ကုန်ကျမည်ဖြစ်သဖြင့် မြန်မာ့လုပ်သားအများစုက ဆောင်ရွက်ရန် ခက်ခဲနေကြကြောင်း အေဂျင်စီအသိုင်းအဝိုင်းကဆိုသည်။

# အာဇာနည်နေ့တွင် ရွှေတိဂုံမုခ်အချို့ကိုသာပိတ်ထားမည်ဟုဆို



**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင် – ၁၈**

ဇူလိုင် ၁၉ တွင်ကျရောက်မည့်အာဇာနည်နေ့တွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်သူများအတွက် စေတီတော်ကို ပုံမှန်ဖွင့်ချိန်များအတိုင်း ဖွင့်လှစ်ထားမည်ဖြစ်သော်လည်း လိုအပ်သည့် မုခ်ပေါက်နေရာများကိုမူ ပိတ်ထားမည်ဟု စေတီတော် ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

အများပြည်သူများ ဘုရားဖူးလာရောက်ကြသည့် နေရာဖြစ်သည့်အတွက် စေတီတော်ကို လုံးဝပိတ်ထားမည်မဟုတ်ကြောင်းနှင့် ပုံမှန်အတိုင်းပင် ဖွင့်လှစ်ထားရှိပြီး လိုအပ်သည့်နေရာကိုသာ ပိတ်ထားမည်ဟု ပြောကြားခြင်းဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့တွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးများ လာရောက်ခွင့် ပိတ်ထားခြင်းမရှိဘဲ ပုံမှန်အတိုင်းသာ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## CRIME CORNER

### မယားငယ်ထားသည့် ယောကျ်ားကို မယားကြီးဖြစ်သူက ဓားနှင့်ထိုးသတ်

ကျော်ဇေယျ

နေပြည်တော်၊ ဇူလိုင် - ၁၃

မယားငယ်ထားသည့် ယောကျ်ားဖြစ်သူအား မယားကြီးဖြစ်သူက မယားငယ်အိမ်အထိလိုက်ပြီး ဓားနှင့်ထိုးသတ်ခဲ့သော ဖြစ်စဉ်တစ်ခု ဇူလိုင် ၁၃ရက်က နေပြည်တော် ပျဉ်းမနားတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအမှုမှ တရားလို ဖြစ်သူဒေါ်ထွေးသည် ယင်းနေထိုင်ရာ ဥယျာဉ်အုပ်စု၊ဦးကျေး ရပ်ကွက်နေအိမ်တွင် ဇူလိုင် ၁၃ရက် နံနက်က ရှိနေစဉ် ယင်း၏ ယောက်မတော်စပ်သူ မအေးအေးခိုင်(၂၇)နှစ်က ဆိုင်ကယ်ကယ်ရီဖြင့် ရောက်လာပြီး“အစ်မ အမဲသားယူဦးမလား၊ ကျွန်မကတော့ ခင်ဗျားမောင်ကို ဓားနဲ့ထိုးခဲ့ပြီ” ဟု ပြောလာ၍ ဒေါ်ထွေး(တရားလို) က မေးမြန်းရာ မအေးအေးခိုင်သည် အမဲသားယူရန် ၎င်း၏ ခင်ပွန်းဖြစ်သူက မောင်ဌေး(၃၃)နှစ်အား စောင့်ဆိုင်းနေခဲ့ကြောင်း မောင်ဌေးမှာ ပြန်မလာသဖြင့် စုံစမ်းရာတွင် ယင်းသည် ဘောဂဝတီရပ်ကွက်၌ နေထိုင်သော မ×××နှင့် နေထိုင်နေကြောင်းကို ဇူလိုင် ၁၀ ရက်က သိရသည်ဟုဆို၏။

ယင်းနေ့ နံနက်ကလည်း မောင်ဌေး ပြန်မလာသဖြင့် မောင်ဌေးမယားငယ်ရှိရာ ဘောဂဝတီရပ်ကွက် နေအိမ်သို့ သွားကြည့်ရာ မောင်ဌေးမှာ မယားငယ်ဖြစ်သူ မ×××နှင့် အိပ်နေသည်ကိုတွေ့ရ၍ စကားများရန်ဖြစ်ကြောင်း၊ ထိုအခါ မအေးအေးခိုင်က အမဲသားရောင်းရာတွင် အသုံးပြုသည့် စတီးလ်ဓားဦးချွန်နှင့် မောင်ဌေးအား ထိုးခဲ့ကြောင်း မအေးအေးခိုင်က ဒေါ်ထွေးအားပြောပြခဲ့သည်ဟုဆို၏။

ဒေါ်ထွေးလည်း အဆိုပါနေအိမ်သို့သွားကြည့်ရာမောင်ဌေးမှာ ယာဘက်ရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာလက်မောင်းထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် မှောက်လျက်အနေအထား သေဆုံးနေကြောင်း တွေ့ရ၍ ဓားနှင့်ထိုးသူ မအေးအေးခိုင်အားဥပဒေအရအရေးယူပေးပါရန်ဒေါ်ထွေးက တရားလိုပြုလုပ်တိုင်တန်းလာသဖြင့် နေပြည်တော် ပျဉ်းမနားရဲစခန်း က(ပ)၄၃၄/ ၂၀၁၁ဥပဒေပုဒ်မ ၃၀၂(လူသတ်မှု)အရအမှုဖွင့် အရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

## သတ်မှတ်နှုန်းထက် ရေခဲသားပိုတင်သည့် ရေလုပ်ငန်းရှင် ဒဏ်ကြေးဆောင်ရ

သန်းဌေး

ရန်ကုန်၊ ဇူလိုင် - ၁၂



ပြည်ပသို့တင်ပို့သော ငါးများ အရည်အသွေးမကျဆင်းစေရန် ရေခဲသားတင်ကြရာတွင် မူလငါးအလေးချိန်၏ ၂၀ ရာခိုင်နှုန်းထက် ပင်ကျော်လွန်သည့် အတွက် ဒဏ်ကြေးပေးဆောင်ရခြင်းများ ရှိခဲ့ကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“တင်ပို့တဲ့ ငါးအလေးချိန်ရဲ့ ၂၀ ရာခိုင်နှုန်းထက် ရေခဲသားပိုတင်လို့ လုပ်ငန်းရှင်တစ်ဦးတော့ ၇၅ သိန်းတောင် ဒဏ်ကြေးဆောင်လိုက်ရတယ်” ဟု ၎င်းကပြောသည်။

ရေခဲသားတင်ခြင်းအား မူလငါးအလေးချိန်၏ ၂၀ ရာခိုင်နှုန်းအထိသာ တင်ကြရန် ယာယီသဘောတူထားသော်လည်း ယခုကဲ့သို့စည်းကမ်းချိုးဖောက်သူများ ရှိလာသည်မှာ ဝယ်သူဈေးကွက်ဖြစ်နေသေး၍ ဝယ်သူဘက်မှလုပ်ခိုင်းသောကြောင့်ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ နာယကကြီးကပြောသည်။

ယခင်ကာလများက ငါးလုပ်ငန်းဦးစီးဌာနမှ ရေခဲသားတင်ခြင်း အား ၁၅ ရာခိုင်နှုန်းအထိသာ သတ်မှတ်ပေးသော်လည်း ယခုအခါ ဈေးကွက်စီးပွားရေးသဘောသဘာဝအတိုင်း ပြည်ပတင်ပို့သူများ တိုင်ပင်ကာ သတ်မှတ်ကြရကြောင်း ၎င်းက ပြောသည်။

“ရေခဲသားတင်တဲ့ ရာခိုင်နှုန်းကို ဌာနက ထိန်းချုပ်မှုမလုပ်တော့လို့ပြည်ပတင်ပို့သူတွေ တစ်ညီတညွတ်တည်း ၂၀ ရာခိုင်နှုန်းထက်မပိုတဲ့ ဆောင်ရွက်မှုနဲ့ လုပ်ကိုင်ဖို့ဆုံးဖြတ်ခဲ့တာပါ” ဟုပြည်ပသို့ ရေထွက်ကုန်များတင်ပို့နေသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုသတ်မှတ်ချက်မှာ အတည်မဟုတ်သေးဘဲ သုံးလလျှင် ၅ ရာခိုင်နှုန်းလျှော့ချကာ နောက်ဆုံးတွင် သုညရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း ဆန်းမြန်မာအင်တာနေရှင်နယ် အင်ပက်စ်ကုမ္ပဏီလီမိတက်မှတာဝန်ရှိပုဂ္ဂိုလ်ဦးမျိုးအောင်ကပြောသည်။

## အိန္ဒိယရေပိုင်နက်အတွင်း ငါးဖမ်းသင်္ဘောတွင် ပါလာသည့်အထောက်အထားမဲ့ မြန်မာခုနစ်ဦးဖမ်းဆီးခံရ

သန်းဌေး

ရန်ကုန်၊ ဇူလိုင် - ၁၂

**အိန္ဒိယရေပိုင်နက်အတွင်းသို့ ငါးဖမ်းသင်္ဘောဖြင့် အထောက်ထားမဲ့ တရားမဝင် ဝင်ရောက်လာသော မြန်မာနိုင်ငံသား ၇ ဦးအား ဖမ်းဆီးထောင်ချလိုက်ကြောင်း အိန္ဒိယအစိုးရသတင်းဌာနဖြစ်သော New Kelara က ထုတ်ပြန် ကြေငြာလိုက်သည်။**

“ငါးဖမ်းသင်္ဘောပေါ်မှာ အိန္ဒိယ၊ မြန်မာနဲ့ ထိုင်းသင်္ဘောသား ၃၉ ယောက်တွေ့တဲ့အထဲက မြန်မာ ၇ ယောက်က နိုင်ငံကူးလက်မှတ်နဲ့ ခိုင်လုံတဲ့အထောက်အထားတွေမပြနိုင်ဘူး”ဟုသြရီသပြည်နယ် ပါရာဒိရေကြောင်း ရဲကင်းစစ်ဆေးရဲမှူး မစ္စတာ ပက်တယ်က ဇူလိုင် ၁၂ရက်တွင် ပြောသည်။

အထက်ပါ ငါးဖမ်းသင်္ဘောသည် သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone ) အီးအီးဇက်တွင် ငါးဖမ်းဆီးခွင့်အား အိန္ဒိယပြည်ထောင်စု အစိုးရထံမှ ခွင့်ပြုချက်ရရှိထားပြီး နိုင်ငံခြားသားရေလုပ်သားများအား အလုပ်ခန့်ထားခွင့်ရှိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံ 7 Day News မှ ဆက်သွယ်မေးမြန်းရာတွင်၎င်းတို့ထံသို့ တစ်စုံတစ်ရာ ဆက်သွယ်အကြောင်းကြားထားခြင်း မရှိသေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇူလိုင် ၇ ရက်ကလည်း မြန်မာငါးဖမ်းစက်လှေ သုံးစီးနှင့် ရေလုပ်သား ၃၂ ဦးတို့အား ကပ္ပလီပင်လယ်ပြင်အတွင်း အိန္ဒိယရေပိုင်နက်ကျွန်းတစ်ကျွန်း၏ အနောက်ဘက်တွင် အိန္ဒိယလေယာဉ်တင်သင်္ဘောကြီး Dornier က ရဟတ်ယာဉ်ဖြင့် လိုက်လံဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် မတ် ၁၄ ရက်မှ ၁၇ ရက်အတွင်း မြန်မာ့ရေပိုင်နက် ရောဝတီငါးဖမ်းကွက် ဒီနိုင်းနှင့် ဒီတန်းတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့် မြန်မာ့ရေလုပ်သားများ ပင်လယ်အတွင်းသို့ မျောပါခံခဲ့ရသည်။

ထိုအခါ ယင်းတို့သည် မြန်မာ့ရေပြင်နှင့် ဆက်စပ်နေသော နိုင်ငံများသို့ ရောက်ရှိခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံသို့ရောက်ရှိခဲ့သော ရေလုပ်သား ၁၄ ဦးမှာ မြန်မာနိုင်ငံသို့ ဇွန် ၈ ရက်က ပြန်လည်ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ရောက်ရှိသွားသော မြန်မာ့ရေလုပ်သား ၁၃၅ ဦးနှင့် လွန်ခဲ့သည့် ၁၁နှစ်ကပင် ရောက်ရှိနေသော ရေလုပ်သား ၃ဦးမှာမူ ပြန်လည်ရောက်မလာသေးပေ။

ယခုဇူလိုင်အတွင်း ဖမ်းဆီးမိသည်ဆိုသော မြန်မာရေလုပ်သားများမှာ သဘာဝဘေး အန္တရာယ်ကြုံတွေ့ခဲ့ရသော ရေလုပ်သားများ ဟုတ်၊မဟုတ်ကိုလည်း မည်သူမျှ အတည်မပြုနိုင်ကြသေးပေ။ အထောက်အထား တစ်စုံတရာမပြနိုင်သောကြောင့် မြန်မာ ၇ဦးအား ဖမ်းဆီးထောင်ချလိုက်ကြောင်း News Kelara သတင်းဌာန၏ ကြေညာချက်တွင် နိုင်ငံခြားသားဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၄နှင့် နိုင်ငံကူးလက်မှတ်ဆိုင်ရာ အက်ဥပဒေပုဒ်မ၃အရ အရေးယူလိုက်ကြောင်း ဖော်ပြထားသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

# ဘောဂျင်းတွင် ပြုလုပ်မည့် မော်တော်ယာဉ်ပြပွဲသို့ စက်မှုဇုန်မှကားထုတ်သူများ သွားရောက်ပြသရန် ဆန္ဒမရှိ

ဇာဇာနီ

ရန်ကုန်၊
ဇူလိုင် - ၁၄

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဘောဂျင်းမြို့တွင် လာမည့် စက်တင်ဘာလ၌ ကျင်းပမည့် နိုင်ငံတကာ မော်တော်ယာဉ်ပစ္စည်းပြပွဲ ၂၀၁၁ သို့ မြန်မာ့စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သူများ အနေဖြင့်မိမိတို့ပစ္စည်းကိုသွားရောက်ပြသရန် အများစုက ဆန္ဒမရှိကြောင်း မော်တော်ယာဉ်ထုတ်လုပ်သူများထံမှသိရသည်။



ယခုနောက်ပိုင်း မြန်မာနိုင်ငံရှိ ကုန်စည်ပြပွဲများတွင် ပြည်တွင်းထုတ်ကားများကို ထည့်သွင်းပြသလာကြသည်

ဓာတ်ပုံ - အောင်အောင်

"သွားပြဖို့အစီအစဉ်ကတော့ မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီကကားတွေက တရုတ်နိုင်ငံက ကုန်ကြမ်းတော်တော်များများကို သွင်းပြီး ထုတ်တာဖြစ်တဲ့အတွက် သူတို့ရဲ့ ဈေးကွက်ကို မယှဉ်နိုင်ဘူး"ဟု နာမည်ရယာဉ်ထုတ်လုပ်ရေးတစ်ခုမှ အထွေထွေမန်နေဂျာတစ်ဦးကပြောသည်။

ပြည်တွင်းမှ မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် ယခုအခါမြန်မာ့အထွေထွေမော်တော်ယာဉ်အမည်ဖြင့် ကားထုတ်လုပ်သူလုပ်ငန်းရှင်များစုပေါင်း၍ ထရပ်ကားများနှင့် ဘတ်စ်ကားများကို ထုတ်လုပ်ရန် အစီအစဉ်ရှိသည့်အတွက် မိမိတို့ ကားများပြသရန်ထက် တရုတ်နိုင်ငံမှ နည်းပညာများရယူရန် ထိုပြပွဲကို တက်ရောက်ရန် ဆန္ဒရှိကြောင်း သိရသည်။

"ကားထုတ်တဲ့သူတွေအနေနဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်းရှင်တွေဖြစ်တဲ့အတွက် စက်မှုဇုန်ကော်မတီရဲ့ ပံ့ပိုးမှုအစီအစဉ်နဲ့ တစ်နှစ်ထက်တစ်နှစ် ကားတွေကို ပိုထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကားထုတ်သူတွေပူးပေါင်းဆောင်ရွက်မှာမို့ ကိုယ်နိုင်ငံနဲ့ သင့်တော်တဲ့ကားတွေကို သွားလေ့လာဖို့ပဲရှိပါတယ်။ ကိုယ်ထုတ်တဲ့ကားတွေပြဖို့ဆိုတာတော့ မဖြစ်နိုင်သေးပါဘူး"ဟု ရွှေပေါက်ကံစက်မှုဇုန်ရှိ ကားထုတ်လုပ်ရေးတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံဘောဂျင်းမြို့တွင် ကျင်းပမည့်နိုင်ငံတကာမော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းပြပွဲကို လာမည့် စက်တင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာဘက်မှ ကုမ္ပဏီ ၂၀ကျော်နှင့်အထက်တက်ရောက်မည်ဆိုပါက ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အတွက် အသွားအပြန်လေယာဉ်ခနှင့်ကုန်ကျစရိတ်အားလုံးကို ပြပွဲကျင်းပရေးကော်မတီက ကျခံပေးမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ နှိုးဆော်ထားသည်။

# ပေါင်းဆန်ကိုရုရှားသို့စတင်တင်ပို့

ပြည်သိမ်း

ရန်ကုန်၊ ဇူလိုင် - ၁၃

ဆယ်စုနှစ်တစ်ခုနီးပါးတင်ပို့မှု ရပ်နားခဲ့ရသော ပေါင်းဆန်ကို ပြည်ပ ဈေးကွက်သို့ဇွန်လမှ စတင်၍ တင်ပို့နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးသောင်းဝင်းက ပြောကြားသည်။

ပေါင်းဆန်ကိုပြည်ပဈေးကွက်သို့ တင်ပို့မှုကို စက်မှုပိုင်းနည်းပညာအခက်အခဲကြောင့် ၂၀၀၂ခုနှစ်မှစတင်ရပ်နားခဲ့ရသည်။ ၂၀၀၈နှစ်ကုန်ပိုင်းမှစတင်ပြီး ပေါင်းဆန်ထုတ်လုပ်မှုကို ပြန်လည် ကြိုးစားလာပြီး ၃နှစ်ကျော်ကြာ ၂၀၁၁ ဇူလိုင်လမှ စတင်၍ ပြည်ပဈေးကွက်သို့တင်ပို့နိုင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

"အခုတင်ပို့တာက ရုရှားကိုပါ။ တစ်လကို တန်ချိန် ၁၂၅တန်လောက်ပဲပို့နိုင်သေးတယ်"ဟု ရန်ကုန်တိုင်းဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌကရှင်းပြသည်။

ယခုတင်ပို့နေသည့် ပေါင်းဆန်ကို အိမ်မဲ၊ ဘိုကလေး၊ ကျိုက်လတ်တို့မှ ထုတ်လုပ်ပြီး ၂၀၁၁နှစ်ကုန်ပိုင်းလောက်တွင် တစ်လလျှင်တန်ချိန်၁၀၀၀ခန့်အထိတင်ပို့နိုင်ရန်မျှော်လင့်ထားကြောင်း သိရသည်။ မြန်မာ့ပေါင်းဆန်ကိုပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ရုရှားနိုင်ငံအပြင် ဩစတြေးလျ၊ အာဖရိက၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကလည်း ကမ်းလှမ်းနေမှုများရှိကြောင်း သိရသည်။

ယခုတင်ပို့နေသည့် ပေါင်းဆန်ကိုပြည်ပဈေးကွက်တွင် တစ်တန်လျှင်ကန်ဒေါ်လာ၄၈၀ရရှိပြီး သာမန် ၂၅ မတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)ဆန်မှာလက်ရှိ ကမ္ဘာ့ဈေးကွက်တွင် ကန်ဒေါ်လာ ၃၉၀ မှ ၄၀၀ ဝန်းကျင်ဈေးရှိကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## ၂၀၁၁ခုနှစ်၊ ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ

## ရက်သတပတ်အတွင်း မိုးလေဝသခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မုတ်သုံမိုးသက်လေပြင်းများ တစ်နာရီလျှင်မိုင်(၄၀)ခန့်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ လှိုင်းအမြင့် ၇ ပေမှ ၈ပေခန့်အထိရှိနိုင်ပါသည်။

**မုတ်သုံလေ အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပြီး ကျန်ဒေသတွေမှာ အားအနည်းငယ်သာ ရှိနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

ဖော်ပြပါကာလအတွင်း မိုးအားလျော့နည်းသွားနိုင်ပါတယ်။ အထူးသဖြင့် အလယ်ပိုင်းဒေသများမှာ မိုးဆက်လက်လျော့နည်းနေပါမယ်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများ၊ မုတ္တမကွေ့နှင့် မြောက်ပိုင်းဒေသများမှာ မိုးအသင့်အတင့်ရွာနိုင်ပါတယ်။ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ် ဒေသတွေမှာ မွန်းလွဲညနေပိုင်းတွေမှာ မိုးတိမ်တောင်တွေဖြစ်ထွန်းနိုင်ပြီး၊ မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းမှုအနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ (၅)ရက်ခန့်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီးတွေမှာ (၄)ရက်ခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်တွေမှာ(၃)ရက်ခန့်၊ အလယ်ပိုင်းဒေသတွေမှာ (၁)ရက်မှ (၂)ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ တစ်ပြည်လုံးမှာ နေ့အပူချိန်များ တိုးလာ နိုင်ပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတွေမှာ နေ့အပူချိန်များ အသင့်အတင့်တိုးလာနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့တွင် လက်ရှိရေအမှတ်များအထက် အနည်းငယ်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်ရာမရှိပါ။ အခြားသော မြစ်ငယ်များဖြစ်သည့် စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ဒုဋ္ဌဝတီမြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ငဝန်မြစ်တို့တွင်လည်း ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တိုင်းဖွန်းမုန်တိုင်း Ma-On သည် အနောက်ဘက်သို့ ဦးတည်ရွေ့လျားလာနေသော်လည်း နောက်ပိုင်းတွင် အရှေ့မြောက်ဘက်သို့ ပြန်လည်ကွေ့သွားမည်ဟု ခန့်မှန်းရသဖြင့် ယင်း၏အကျိုးဆက်များ မြန်မာနိုင်ငံသို့ အကျိုးသက်ရောက်နိုင်ဖွယ်ရှိနေပါသည်။

# ငါးထောင်ကျပ်တန်အတု ပေါ်ထွက်နေခြင်းကြောင့် ငွေပေးငွေယူကိစ္စများတွင် ကျပ်တစ်ထောင်တန်သာ လက်ခံနေကြဟုဆို

နေလင်းအောင်

ရန်ကုန်၊ ဇူလိုင် – ၁၆

**ယခုလပိုင်းအတွင်းရန်ကုန်မြို့အတွင်းရှိ ဘဏ်အချို့၏ အပ်ငွေများတွင် ငါးထောင်ကျပ်တန် ငွေအတုများထွက်ပေါ်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းများ ငွေကျပ်တစ်ထောင်တန်ကိုသာလက်ခံကာ အပေးအယူပြုလုပ်ကြကြောင်းစုံစမ်းသိရသည်။**

ယခုလအတွင်း မြန်မာနိုင်ငံသားများဘဏ် လီမိတက်နှင့် အခြားသော ပုဂ္ဂလိကဘဏ်များ၏ အပ်ငွေများတွင်ငွေကျပ်၅၀၀၀ တန်အတုများပါဝင်လာရုံသာမက ဈေးဝယ်စင်တာများ၊ ပုဂ္ဂလိကဘဏ်များတွင်ပါ တွေ့ရှိလာရကြောင်းသိရသည်။

"ကျွန်မတို့ကုမ္ပဏီဆို ငွေတစ်ခါလာသွင်းရင်အနည်းဆုံးနှစ်သောင်း၊ သုံးသောင်းလောက်အတုတွေပါလာတယ်။ တစ်ရွက်ချင်းလည်း စစ်ဖို့က မဖြစ်တော့နောက်ပိုင်းသိန်းရာနဲ့ ထောင်နဲ့ချီလာပြီဆိုရင် တစ်ထောင်တန်အုပ်တွေဖြစ်နိုင်သလောက်များများတောင်းရတယ်"ဟု အိတ်စ်ပို့ကုမ္ပဏီတစ်ခုမှ ဘဏ္ဍာရေးတာဝန်ခံတစ်ဦးက ပြောသည်။

"ဒီနောက်ပိုင်း ၅၀၀၀ တန်ရှိရင် အကြွေနဲ့လဲပစ်လိုက်တာများတယ်။ တစ်ခါတလေ ဈေးဝယ်သွားရင်တောင် ၅၀၀၀တန်တွေပေးရင် ဆိုင်ရှင်က မယုံသလိုမျိုးကြံုရတယ်"ဟု ၅၀၀၀တန်အတု ဂယက်နှင့်ပတ်သက်၍ ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးက ပြောသည်။

လူထုကြားရောက်ရှိနေသော ငါးထောင်ကျပ်တန် အတုများအား ဗဟိုဘဏ်သို့ ဘဏ်များမှ ပြန်လည်အပ်နှံလျက်ရှိပြီး ၅၀၀၀ တန် လက်ခံရာတွင် ရေစာမပါရှိခြင်း၊ လုံခြုံရေးအမှတ်အသား ငွေကြိုးပေါ်တွင် ငွေစက္ကူတန်ဖိုးပြစာသားမပါရှိခြင်း၊ စာရွက်စာသား ဖယောင်းကဲ့သို့ ချော်မွတ်နေခြင်း၊ ဆေးသားမှုန်နေခြင်း စသည့် အချက်များကို စိစစ်လက်ခံသင့်ကြောင်းသိရသည်။

# ကျောက်မျက်ပွဲမှ ရောင်းချရငွေ ထက်ဝက်ခန့်ကျဆင်း

အောင်သူရ

ရန်ကုန်၊ ဇူလိုင် – ၁၄



ဓာတ်ပုံ – အေပီ

**နေပြည်တော်ကျောက်မျက်ပွဲမှ ကျောက်ကုန်သည်များ**

ဇူလိုင်၁ရက်မှ၁၃ရက်အထိကျင်းပခဲ့သော ကျောက်မျက်ပြပွဲတွင် ရောင်းချရသော ငွေပမာဏမှာ ပြီးခဲ့သည့် မတ်လက ပြုလုပ်ခဲ့သော ကျောက်ပွဲရောင်းချငွေ၏ ထက်ဝက်ခန့်သာရရှိကြောင်း ကျောက်ကုန်သည်အချို့ကပြောသည်။

ယခုပြုလုပ်သော ကျောက်မျက်ပြပွဲတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ဖိုးသာ ရောင်းချခဲ့ရပြီး ပြီးခဲ့သည့် မတ်လက ပြုလုပ်သော ကျောက်ပွဲတွင် ၂ ဒသမ ၈ ဘီလီယံရောင်းချခဲ့ရသည်။

"သန်း ၃၀ အထက်ကျောက်တွေ သိပ်မရောင်းရဘူး။ နည်းသွားတာလဲပါတာပေါ့။ နောက်တရုတ်ဘက်လည်း အခွန်ကိုတိတိကျကျကောက်တာလည်း ပါမယ်ထင်တယ်" ဟု မန္တလေးမြို့ခံ ကျောက်ကုန်သည်တစ်ဦးကဆိုသည်။

ယခင်ကျောက်ပွဲများတွင် တရုတ်အစိုးရဘက်မှ သတ်မှတ်ကောက်ခံသော အခွန် ၃၀ ရာခိုင်နှုန်းအား စိစစ်မှု အားနည်းခဲ့သော်လည်း ယခုပြုလုပ်သောကျောက်ပွဲမှစ၍ စစ်ဆေးတော့မည်ဖြစ်ကြောင်း ကျောက်ကုန်သည်ကြီးများကဆိုသည်။

မတ် ၁၀ ရက်မှ ၂၂ ရက်ထိ ပြုလုပ်ခဲ့သော ကျောက်မျက်ပြပွဲတွင် ပြည်တွင်း ပြည်ပကျောက်ကုန်သည်ရှစ်ထောင်ကျော်လာရောက်ခဲ့သော်လည်း ယခုနှစ်ကျောက်မျက်ပွဲသို့ လေးထောင်ကျော်သာ လာရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ပင်စင်တစ်လစာအနိမ့်ဆုံး ကျပ် ၂၀,၀၀၀အောက်လျော့နိုင်

ကျော်သီဟ

ရန်ကုန်၊ ဇူလိုင် – ၁၈

တိုးမြှင့်ပင်စင်လစာများမှာ အမျိုးအစားအလိုက်ရှိပြီး လုပ်သက်၊လစာအပေါ် မူတည်ကာ ကွဲပြားမှုများရှိနိုင်ရာ ကျပ် ၂၀,၀၀၀အောက်လျော့နည်းသူများလည်းရှိနိုင်ကြောင်း ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူကပြောကြားသည်။

အဓိကအားဖြင့် ပင်စင်လစာများ တိုးမြှင့်ကြောင်းထုတ်ပြန်ချက်တွင် ကျပ် ၂၀,၀၀၀ မှ ကျပ်၁၁၀,၀၀၀အထိရရှိမည်ဆိုသော်လည်း မြို့ပြဝန်ထမ်းတစ်နည်းဆိုရသော်(ဝန်ကြီးဌာနဆိုင်ရာ)ဝန်ထမ်းများတွင် ရာထူး၊ လစာနှင့် လုပ်သက်အပေါ် အခြေခံတွက်ချက်ခြင်းဖြစ်သည့်အတွက် အနိမ့်ဆုံးပင်စင်လစာ ကျပ် ၂၀,၀၀၀အောက် လျော့နည်းနိုင်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ လုပ်သက်၊ ရာထူး၊ လစာများ အခြေခံတွက်ချက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်မှာ ၁၀ နှစ်တာဝန်ပြည့်ထမ်းဆောင်မှုအပေါ် စတင်ခံစားခွင့်ရှိပြီး၊ ဆေးပင်စင်၊ လုပ်သက်နှစ် ၂၀ပြည့်ပင်စင်၊ နှစ် ၃၀ပြည့် ပင်စင်နှင့် လုပ်သက် ၃၅နှစ်ပြည့် ပင်စင်စသဖြင့် နှစ်အလိုက်တွက်ချက်မှုနှုန်းထား ကွာဟသွားမည်ဖြစ်သည်။

"ပင်စင်က အနိမ့်ဆုံး ကျပ် ၂၀,၀၀၀ရမယ်ပြောပြီး ကျွန်တော်တို့က တွက်လိုက်တော့ ကျပ် ၁၅,၀၀၀ပဲရတော့ မေးစရာဖြစ်လာတယ်။ မြို့ပြအောက်ခြေဝန်ထမ်းဆိုရင် ကျပ် ၂၀,၀၀၀မပြည့်တဲ့သူတွေရှိတယ်"ဟု ပင်စင်လစာနှုန်းနှင့်ပတ်သက်ပြီး မီဒီယာများတွင် ထုတ်ပြန်ချက်နှင့် လက်တွေ့ကွာဟမှုကို ပင်စင်စားဝန်ထမ်းတစ်ဦးက ထောက်ပြပြောဆိုသည်။





# နယ်မြို့များမှ လူသုံးကုန်ပစ္စည်း မှာယူမှု လျော့ကျ

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၁၆**

နယ်မြို့အရောင်းဆိုင်များမှ လူသုံးကုန်ပစ္စည်းများမှာယူမှုသိသိသာသာကျဆင်းသွားကြောင်း ရန်ကုန်မြို့နှင့် နယ်စပ်မြို့များရှိလက်ကားကုန်သည်ကြီးများထံမှ သတင်းရရှိသည်။

"အဝတ်အထည်ဈေးကွက်မှာ နယ်မြို့က ကိုယ်စားလှယ်တွေရဲ့အမှာ ထက်ဝက်လောက် ကျသွားတယ်"ဟု ပြည်တွင်းထုတ်နာမည်ရ အင်္ကျီဘောင်းဘီကျောပိုးအိတ်ထုတ်လုပ်သော ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများအား မြို့နယ်များမှ မှာယူမှုမှာ ယခင်လကထက် ၂၀ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ရန်ကုန်မြို့ အခြေစိုက် လျှပ်စစ်ပစ္စည်း လက်ကားရောင်းချသူများကဆိုသည်။

ထို့ကြောင့် ယခင်အပတ်စဉ်ကြော်ငြာထည့်နေသော လူသုံးကုန်ပစ္စည်းကြော်ငြာအချို့မှာ ဇူလိုင်လလယ်မှစ၍ နှစ်ပတ်တစ်ကြိမ်သာ ကြော်ငြာထည့်ကြကြောင်း ပြည်တွင်းထုတ်ဂျာနယ်တစ်စောင်မှ ကြော်ငြာတာဝန်ခံတစ်ဦးကဆိုသည်။

ထို့အပြင် ထိုင်းနှင့်တရုတ်နယ်စပ်မှတစ်ဆင့်တင်သွင်းရောင်းချသော မော်တော်ဆိုင်ကယ်၊ တီဗီနှင့် ရေခဲသေတ္တာများ ရောင်းချမှုမှာလည်း သိသိသာသာ ကျဆင်းသွားကြောင်း ကုန်သည်များကဆိုသည်။

"ရာသီဥတု ဖျက်လို့သီးနှံတွေမရတာရယ်၊ ဈေးမကောင်းတာကြောင့်တောင်သူတွေ မဝယ်နိုင်ကြဘူးထင်တယ်"ဟု ရန်ကုန်မြို့ခံကုန်သည်တစ်ဦးကဆိုသည်။

ထို့အပြင် နယ်မြို့များရှိ ရွှေဆိုင်များတွင် ဝယ်ယူသူအလွန်နည်းပါးပြီး ပြန်လည်ရောင်းချသူများသာ များကြောင်း ပဲခူး၊ ဟင်္သာတ၊ ဝေါနှင့် မိတ္ထီလာမြို့မှ ရွှေရောင်းချသူများကဆိုသည်။

ယခုလက်ရှိ စပါးဈေးမှာ စပါးပေါ်ချိန်ကဈေးထက်ကျပ်ငါးသောင်းကျော် လျော့နည်းနေပြီး မတ်ပဲနှင့် ပဲတီစိမ်းဈေးများမှာလည်း ပဲစတင်ပေါ်သည့်အချိန်ကထက် ထက်ဝက်ခန့်လျော့နည်းနေသည်။

ထို့ကြောင့် ယခုရက်ပိုင်း မှစ၍ အိမ်ဆောက်ပစ္စည်းအပါအဝင် လူအသုံးအဆောင်ပစ္စည်းဈေးနှုန်းများမှာ ယမန်နှစ်ကဝယ်ယူမှုနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်ကျဆင်းသွားကြောင်း ကုန်သည်များကဆိုသည်။



# ဝက်နားရွက်ပြာရောဂါကြောင့် လှည်းကူးမြို့နယ်တွင်ဝက်၁၅၈ကောင်သေဆုံး

**အေးမြကျော်**

**ရန်ကုန် - ဇူလိုင်၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းတွင် ဝက်နားရွက်ပြာရောဂါကြောင့်ဝက်ခြံတစ်ခုမှဝက်အကောင်ရေ၁၀၀အပါအဝင်ဝက်၁၅၈ကောင် သေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦးက ဇူလိုင် ၁၆ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားသည်။

ဇွန် ၁၅ရက်မှ ဇူလိုင်၅ရက်နေ့အထိ စာရင်းဇယားများအရ လှည်းကူးမြို့နယ်အတွင်းရှိရွာ၃၇ရွာတွင်ဝက်နားရွက်ပြာရောဂါကူးစက်ခံခဲ့ရပြီး ဝက်၁၅၈ကောင်သေဆုံးခဲ့ကာရောဂါကူးစက်ခံရသောအခြားဝက်ကောင်ရေ ၁၄၆၁ကောင်ကို အချိန်မီဆေးကုသမှုပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသည့်အထဲတွင် လှည်းကူးမြို့နယ်မှ အမျိုးသမီးတစ်ဦးပိုင်ဆိုင်သော ဝက်မွေးမြူရေးခြံမှ အကောင်၁၀၀ပါဝင်ပြီး ထိုသို့သေဆုံးရခြင်းမှာ ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးကို စနစ်တကျမထိုးသည့်အတွက်ကြောင့်ဟု သိရှိခဲ့ရကြောင်းဦးဉာဏ်ထွန်းဦးက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်ဝက်နား ရွက်ပြာရောဂါသည် လှည်းကူးမြို့နယ်ရှိ ဝက်ခြံတစ်ခြံ၌စတင် ဖြစ်ပွားနေသည်ကိုတွေ့ရှိခဲ့ရကြောင်း တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနကသတင်းထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင်ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားနေကြောင်းကို ဖေဖော်ဝါရီလတွင်းကစတင်ကာ နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ခရိုင်၊ ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကူးစက်ပြန့်ပွားနေကြောင်းသတင်းထုတ်ပြန်ခဲ့သည်။

# အနှိပ်ခန်း၄၄ခုကို အရေးယူ

**အေးမြကျော်**

**ရန်ကုန် - ဇူလိုင်၁၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူခဲ့စဉ်ကာလတစ်လျှောက်တွင်အနှိပ်ခန်း၄၄ခုအပါအဝင်ကာရာအိုကေခန်း၃ခုနှင့်အခြား လောင်းကစားလုပ်ငန်းများကို စစ်ဆေးအရေးယူခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦးကဇူလိုင်၁၆ရက်ကသတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

အနှိပ်ခန်းများမှာ တရားဝင်ခွင့်ပြုထားသည့် လုပ်ငန်းများမဟုတ်ကြောင်းနှင့်တိုင်းဒေသကြီးအတွင်းတွင် လောင်းကစားမှုများ ပပျောက်အောင်ထိရောက်သောအရေးယူမှုများလည်းပြုလုပ်သွားမည်ဟု ၎င်းကပြောကြားသည်။

အစိုးရသစ်တက်လာပြီးသည့်နောက် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း လောင်းကစားမှုများ ပပျောက်စေရန် နှစ်လုံး၊ သုံးလုံးထိုးခြင်းများကိုတစ်စိုက်မတ်မတ်အရေးယူခဲ့ရာလောင်းကစားမှုများလျော့နည်းလာခဲ့ကြောင်း ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဒေသခံများထံမှ သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အနှိပ်ခန်းများကိုဇွန်လ ၂ရက်နေ့ မှစတင်ကာစီမံချက်ဖြင့်ဖမ်းဆီး အရေးယူခဲ့ပြီး လောင်းကစားမှုများဖြစ်သော နှစ်လုံး၊သုံးလုံးနှင့် ဘောလုံးလောင်းကစားများအပါအဝင် နောက်ဆုံးပေါ် လောင်းကစားနည်းတစ်မျိုးဖြစ်သော ဘင်ဂိုလောင်းကစားနည်းများကိုလည်း ဖမ်းဆီးအရေးယူခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေးရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## ပဲခူးမြို့တွင် လောင်းကစားနှင့် အနိုပ်ခန်းများ ဆက်လက်လုပ်ကိုင်နေ

ကျော်သီဟ

ရန်ကုန်၊ ဇူလိုင် – ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း လောင်းကစားနှင့် အနှိပ်ခန်းများ အထူးကြပ်မတ်၍ ဖမ်းဆီးချိန်တွင် ရန်ကုန်မြို့နှင့် အနီးဆုံး ပဲခူးမြို့တွင်မူ ပိုမိုတွင်ကျယ်နေကြောင်း ပဲခူးမြို့ခံများထံမှ စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီနှင့် အနှိပ်ခန်းများ တင်းကျပ်စွာ လိုက်လံဖမ်းဆီးနေခြင်းကို ပြီးခဲ့သည့်လဆန်းမှစတင်၍ အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့ရာ အနည်းငယ် ရပ်တန့်သွားခဲ့သည်။

"ရန်ကုန်မှာ အဲဒီဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီ၊ အနှိပ်ခန်းတွေ ခေါင်းမဖော်ရဲပေမယ့် ပဲခူးမှာတော့ လောင်းကစားနဲ့ အနှိပ်ခန်း၊ ကာရာအိုကေခန်းတွေကတော့ ပုံမှန်အတိုင်း ဖွင့်နေကြသေးတယ်" ဟု ပဲခူးမြို့ခံတစ်ဦးကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သက်ဆိုင်ရာက စံနမူနာအနေဖြင့် ဖမ်းဆီးမှုများဆောင်ရွက်နေပြီး အခြားမြို့ကြီးများတွင်မူ အနှိပ်ခန်းနှင့် လောင်းကစားများ လုပ်ဆောင်လျက်ရှိနေသေးကြောင်း နယ်ခံများထံမှသိရသည်။

"ပဲခူးမှာရှိတဲ့ အနှိပ်ခန်းတွေ လောင်းကစားဒိုင်တွေကိုလည်း ရန်ကုန်လိုမျိုး ဖမ်းပေးရင် သိပ်ကောင်းမှာပဲ" ဟု အထက်ပါမြို့ခံတစ်ဦးက ဆက်လက်ပြောကြားသည်။

## လသာမြို့နယ် သုံးထပ်တိုက်မီးလောင်မှု အဘိုးအိုတစ်ဦးသေဆုံး

အိဖြူလွင်

ရန်ကုန်၊ ဇူလိုင် – ၁၄

လသာမြို့နယ်၊ ၁၈ လမ်းအောက်လမ်း၌ယခုလ ၁၃ ရက်မွန်းလွဲ ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ အသက် ၇၇နှစ်အရွယ်အမျိုးသားကြီးတစ်ဦး သေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှသိရသည်။

မီးလောင်မှုသည် တိုက်အမှတ် (၄၉)၏ ပထမထပ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဂက်စ်အိုးများပေါက်ကွဲမှုကြောင့် အဆိုပါ သုံးထပ်တိုက်တစ်ခုလုံး မီးလောင်ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်တွင် ပထမထပ်၌ မီးလောင်သေဆုံးသွားသူ အဘိုးကြီးတစ်ဦးနှင့် အောက်ထပ်တွင် သားဖြစ်သူမိသားစုတို့


မီးလောင်နေသည့် သုံးထပ်တိုက်ကို မီးငြိမ်းသတ်နေစဉ် ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သာနေထိုင်ကြပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် ပထမထပ်မှ အဘိုးကြီးတစ်ဦးသာ ရှိနေသည်ဟု သိရသည်။

"မီးလောင်နေတဲ့ အချိန် အဘိုးကြီးကိုဝရန်တာမှာမြင်နေရသေးတယ်။ အောက်ကလူတွေ ခုန်ချခုန်ချလို့ပြောနေတဲ့အချိန်မှာ သူက ခုန်မချဘူး။ နောက်တော့ နောက်ပြန်လဲသွားတာပဲ။ လှေကားကလည်းကျဉ်းတော့ ဘယ်သူမှလည်းမတက်ရဲဘူး" ဟု ၁၈ လမ်းထဲတွင် နေထိုင်သူတစ်ဦးကပြောသည်။ မီးလောင်သေဆုံးသူ အဆိုပါအဘိုးအိုမှာ ပထမထပ်တွင်တစ်ယောက်တည်းနေထိုင်သူဖြစ်ပြီး ယင်းတိုက်၏ ပိုင်ရှင်လည်းဖြစ်ကြောင်းသိရသည်။

အောက်ထပ်တွင်နေသော မိသားစုမှာ မီးလောင်မှုဖြစ်ပွားသည်ကို ပတ်ဝန်းကျင်က လှမ်းအကြောင်းကြားမှသာ သိရှိရသဖြင့် မည်သည့်ပစ္စည်းမှ မရလိုက်ဘဲ မီးလောင်ဆုံးရှုံးသွားကြောင်းသိရသည်။ မီးလောင်မှုကို မီးသတ်ယာဉ် ၁၇ စီး၊ အုပ်ချုပ်မှုယာဉ် ၄ စီးဖြင့် လာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို လသာမြို့နယ်ရဲစခန်းကပုဒ်မ ၂၈၅/၃၀၄(က)၊ ပ ၁၄၃/ ၂၀၁၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

## KOICA က မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာသင်တန်းကျောင်းအား စက်မှု(၂)သို့လွှဲအပ်

သီဟ

ရန်ကုန်၊ဇူလိုင် – ၁၄


ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)ကအမေရိကန်ဒေါ်လာ သုံးသန်းအကုန်အကျခံ တည်ဆောက်ပေးသည့်မော်တော်ယာဉ်ထုတ်လုပ်မှု သင်တန်းကျောင်းလွှဲပြောင်းပေးအပ်ခြင်းအား သင်တန်းကျောင်းတည်ရှိရာ မကွေးစက်မှုဇုန်၌ ယခုလ ၁၀ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။


အဆိုပါ သင်တန်းကျောင်းတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးဘာသာရပ်၊ အင်ဂျင်ပြုပြင်ထိန်းသိမ်းရေး ဘာသာရပ်၊ မော်တော်ယာဉ်ကိုယ်ထည်ပြုပြင်ခြင်းနှင့် ဆေးမှုတ်ခြင်း ဘာသာရပ်၊ ကွန်ပျူတာသုံး ဒီဇိုင်းနှင့် ထုတ်လုပ်မှု ဘာသာရပ်များအား သင်ကြားပေးမည်ဖြစ်ပြီး တစ်နှစ်လျှင် သင်တန်းသား ၁၅၀ ခန့်သင်ကြားပေးရန် မျှော်မှန်းကြောင်း သိရသည်။

ယင်းစီမံကိန်းတွင် ကိုရီးယားနိုင်ငံမှလိုအပ်သည့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံမှ ဝန်ထမ်းများအားကိုရီးယားနိုင်ငံသို့ စေလွှတ်ပညာသင်ကြားပေးခြင်း၊ ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူများမှ လုပ်ငန်းလည်ပတ်မှုချောမွေ့စေရန် အကူအညီပေးခြင်းများ ဆောင်ရွက်ပေးကြောင်းသိရသည်။

မြန်မာဘက်ကလည်းအမှတ် (၂)စက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းစီမံကိန်းအား အမှတ် (၂)စက်မှုဝန်ကြီးဌာနနှင့် KOICA တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။





Life
7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကောင်းကင်ထက်က ခေါင်းလောင်းသံ

သူရအောင်ထက်

နှစ် ပေါင်း ၅၀ အတွင်း ပြောင်းလဲမှုမရှိသောတစ်ခုတည်းသော မြို့တစ်မြို့ မြန်မာနိုင်ငံတွင်ရှိသည်ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ဆိုသည်။ ထိုမြို့မှာ ကြိုးကြာ မသောက်ရေမနောက်၊ မပေါက်ရွှေကြာ မိတ္ထီလာစာဆိုနှင့် လာသောရေကန်ကြီး တည်ရှိရာ မိတ္ထီလာမြို့ ဖြစ်သည်။ အဆိုပါ မြို့၏ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် အပူချိန်နှင့် အအေးချိန်တို့မှာ နှစ် ၅၀ အတွင်း အပြောင်းအလဲမရှိဘဲ ရာသီဥတုတည်ငြိမ်သော မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့ရာသီဥတုမှန်သောမြို့တွင်ဇွန်လ ၂၀ရက်ကမိုးလေဝသနှင့် ပတ်သက်၍ ဟောပြောပွဲပြုလုပ်သဖြင့် အံ့သြမိကြောင်း ဦးထွန်းလွင်က ပြောသည်။ ထိုဟောပြောပွဲသို့လည်း ပရိသတ် ၈၀၀ခန့်လာရောက်နားထောင်ကြပြီး ပြုလုပ်ခဲ့သည့် ဟောပြောပွဲများထဲတွင် လူအများဆုံးလာရောက်သော ဟောပြောပွဲဖြစ်ခဲ့သည်။

“ဒီဒေသမှာရာသီဥတုတွေက အရင်နဲ့စာရင်ပြောင်းလဲမှုတွေဖြစ်လာတယ်။ ပြီးခဲ့တဲ့လကပဲ ညောင်ဦးတို့ပေါက်မြို့တို့မှာ လေပြင်းတွေတိုက်လို့ အဆောက်အအုံတွေပျက်သွားတယ်။ မိတ္ထီလာမှာတော့ မပျက်ဘူး။ လေပဲတိုက်တယ်”ဟု ထိုမြို့၏ မြို့ခံတစ်ဦးဖြစ်သော ဦးတင်ထွေးကပြောသည်။

ထို့အပြင် ယခင်က မိတ္ထီလာဒေသတွင်မိုးရွာသွန်းမှုနောက်ကျသဖြင့် ဇွန်လမှစ၍ ပဲနှင့်နှမ်းများ စိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် မိုးစောသဖြင့် နှမ်းနှင့် ပဲများအား ဇွန်လတွင် စိုက်ပျိုးပြီးဖြစ်နေပြီဟု မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၀ပြည့်နှစ်မေလဆန်းကလည်း အပူချိန်ကြီးမားသဖြင့် မိတ္ထီလာမြို့ရှိလူကြီးနှင့်ကလေးသူငယ်အချို့ အသက်ဆုံးရှုံးခဲ့ရပြီး ယခင်တစ်ခါမှမခန်းဖူးသောအနီးအနားရှိကျေးရွာများမှ သောက်ရေကန်များခန်းခြောက်သဖြင့်အခက်အခဲများရှိခဲ့ကြောင်း အဆိုပါတာဝန်ရှိသူကဆက်လက် ရှင်းပြသည်။

ထို့ကြောင့်မြို့မိမြို့ဖများစုပေါင်းကာ မိတ္ထီလာမြို့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကော်မတီအား ဇွန်လဆန်းမှ စတင်ဖွဲ့စည်းခဲ့သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပြောင်းလဲမှုနောက်ဆက်တွဲဖြစ်ရပ်များကိုလည်း မြန်မာနိုင်ငံတွင် ထိတွေ့ခံစားနေရသည်ကို သတင်းဂျာနယ်များ၊ သတင်းစာ၊ တီဗီနှင့်ရေဒီယိုလိုင်းများမှ သိရှိလာရာမှ ထိုကော်မတီအား ဖွဲ့စည်းလာရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌဦးတင့်ဆွေကဆိုသည်။

စာ(၁၁)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဈေးဝယ်ထွက်မယ်

# တော်ဝင်စင်တာက Perfume City

အိဖြူလွင်

အဆင်းရှိပြီးအချင်းမရှိရင် မိန်းမတို့အတွက် တန်ဖိုးမရှိဘူးဆိုသလိုပဲတစ်ကိုယ်လုံးကိုဘယ်လောက်ပဲတန်ဖိုးကြီးအလှကုန်ပစ္စည်းတွေ နာမည်ကြီးတံဆိပ် အဝတ်အစားတွေနဲ့ ဆင်ယင်ထားပါစေမွှေးရနံ့တစ်ခုသာမရှိရင် ပြည့်စုံတဲ့ ဆွဲဆောင်မှုတစ်ခုလို့ ပြောလို့မရနိုင်ပါဘူး။

အမျိုးသားပဲဖြစ်ဖြစ် ၊ အမျိုးသမီးပဲဖြစ်ဖြစ်ကိုယ်ပိုင်မွှေးရနံ့တစ်ခုကိုသာ ပိုင်ဆိုင်ထားမယ်ဆိုရင် မိမိကိုယ်ကို ယုံကြည်မှု အပြည့်နဲ့ နေရာတကာ ဝင်ဆံ့နိုင်သူတစ်ဦးအဖြစ်နေနိုင်မှာပါ။ ဒီလိုယုံကြည်မှု တစ်ဆင့် တိုးစေဖို့ အတွက်မရှိမဖြစ်လိုအပ်တာ တစ်ခုက ရေမွှေးလို့ပြောနိုင်ပါတယ်။

ဒီတစ်ခါတော့ ဈေးဝယ် ပရိသတ်တွေအတွက် ကမ္ဘာအရပ်ရပ်ကရေမွှေးထုတ်လုပ်တဲ့ နိုင်ငံစုံရဲ့ ရေမွှေးတံဆိပ်တွေ အားလုံးကို တစ်နေရာတည်းမှာရနိုင်ပြီး တံဆိပ်တစ်ခုရဲ့အမျိုးအစားစုံ၊ အရွယ်အစားစုံကိုပါ ရနိုင်တဲ့နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။

အီတလီ၊ ပြင်သစ် ၊အမေရိကန် စတဲ့နိုင်ငံတွေအားလုံးက ကမ္ဘာကျော်တံဆိပ်တွေဖြစ်တဲ့ Calvinklein,Bvlgari, Chanel, Estee Lauder, Kenzo, Elizabeth Arden, Tommy , Issey, Miyake , Dior, Gucci ,Armani, Hugo Boss, Dkny, Polo, Dunhill စတဲ့ ရေမွှေးအားလုံးကို သူ့အမျိုးအစားအလိုက် ပါဝင်တဲ့ ပမာဏ အရွယ်အစားစုံကို ဒီဆိုင်မှာရနိုင်တယ်လို့သိရပါတယ်။

လက်ဆောင်ပေးဖို့ပဲ ဖြစ်ဖြစ် ကိုယ်တိုင်သုံးဖို့ပဲဖြစ်ဖြစ် ရေမွှေးကောင်းကိုမှ သုံးစွဲချင်သူတွေအတွက် လူငယ်ကြိုက်၊လူကြီးကြိုက်၊ အမျိုးသား၊အမျိုးသမီးကြိုက်တွေ အစုံလင်ဆုံးကို Perfume City ဆိုတဲ့ဆိုင်မှာ ရနိုင်တယ်လို့သိရပါတယ်။

ဈေးနှုန်းတွေကလည်း အမျိုးအစားအလိုက်မျိုးစုံရှိပြီး နာမည်ကြီးတံဆိပ်တွေပဲဖြစ်လို့ထိုက်သင့်တဲ့တန်ဖိုးတစ်ခုတော့ပေးရမှာပါ။ ဒေါ်လာပေါက်ဈေးနဲ့တွက်တာဖြစ်လို့ တစ်ရက်နဲ့တစ်ရက်မှာ ဈေးနှုန်း အပြောင်းအလဲတော့ရှိတယ်လို့ သိရပါတယ်။


ပတ်ဝန်းကျင်မှာ သတိထားမိစေနိုင်ပြီး မိမိစိတ်ကိုလည်း လန်းဆန်းမှုတွေပေးနိုင်တဲ့ ဆွဲဆောင်မှုတွေအပြည့်ရှိနိုင်တဲ့ ယုံကြည်ချက်တွေ ပြည့်ဝစေဖို့ ရေမွှေးဝယ်ဖို့စဉ်းစားရင် ဒီဆိုင်က အကူအညီပေးနိုင်မယ်လို့မျှော်လင့်ပါတယ်။ လိပ်စာက တော်ဝင်စင်တာ၊ ပထမထပ် အမှတ်-၂၂၀၀ မှာဖွင့်လှစ်ထားတဲ့ Perfume City မှာပါလို့။



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## သစ်တိုသီးကြော်





ဒီတစ်ပတ်ဝိုက်ဖီရဲ့ဟင်းလျာကတော့သစ်တိုသီးကြော်ပဲဖြစ်ပါတယ်။ သစ်တိုသီးနဲ့ ပုစွန်ကို ခပ်ပေါ့ပေါ့နဲ့ အစပ်ကြော်တာမျိုးပါ။ သစ်တိုသီးကြော်အတွက် လိုအပ်တာတွေကတော့ သစ်တိုသီး ၃လုံး၊ ပုစွန် ၂၀ ကျပ်သား၊ ငရုတ်သီးခွဲခြမ်းတို့ပဲဖြစ်ပါတယ်။

သစ်တိုသီးကို ရေစင်အောင်ဆေးကာ အစေ့ထုတ် ပါးပါးလှီးထားပြီးထောင်းပါမယ်။ အချဉ်ကြိုက်တဲ့သူတွေအတွက် ဒီအတိုင်းထောင်းရုံပဲဆိုပေမယ့် အချဉ်မကြိုက်ရင်တော့ ထောင်းပြီးသားကို အရည်ညှစ်ပေးဖို့ လိုပါမယ်။ ပြီးတော့ ပုစွန်ကို ဒယ်အိုးပူပူမှာထည့်ပြီး လှော်ပါမယ်။ ပုစွန်အသေးလေးတွေဆိုပိုကောင်းပါမယ်။ ပုစွန်တွေရဲပြီး ခြောက်လာတဲ့အထိ လှော်ပြီးရင် မှုန့်ညက်သွားအောင် ပြန်ထောင်းပါမယ်။

သစ်တိုသီးစကြော်တော့မယ်ဆိုရင် ကြက်သွန်ဖြူနီနဲ့ ငရုတ်သီးခွဲခြမ်းကို မွှေးနေအောင် ဆီသပ်ပြီး ထောင်းထားတဲ့ ပုစွန်မှုန့်ကို အရင်ထည့်မွှေပါမယ်။ ပြီးရင် သစ်တိုသီးထောင်းကိုထည့်ပြီး အရသာထည့်မွှေပေးပါ။ အားလုံးရောမွှေနှံ့သွားပြီဆိုရင်ဆီပြန်ထွက်လာတဲ့အထိ မီးဖိုပေါ်မှာ မီးအေးအေးနဲ့ ဆက်ကြော်ရပါမယ်။ ဆီလေးပြန်ပြီး အရောင်တက်လာပြီဆိုရင် သစ်တိုသီးကြော်ရပါပြီ။ တကယ်လို့ ငရုတ်သီးစိမ်းအုပ်ချင်သူတွေလည်း ငရုတ်သီးစိမ်းအနည်းငယ်ကို မီးဖိုပေါ်ကမချခင် ထည့်လိုက်လို့ရပါတယ်။

ဒီတစ်ပတ်သစ်တိုသီးကြော်မှာ ဓာတ်ပုံနဲ့တကွ ခါတိုင်းလို စားချင်စဖွယ် ပြင်ဆင်မပေးနိုင်တဲ့အတွက် သည်းခံပေးပါလို့ ဝိုက်ဖီက မေတ္တာရပ်ခံပါတယ်။


ILBC
PRESCHOOL




for INFO
for INFO
Digital Receiver only


FASHION
Week

# ဆန်စပါးလုပ်ငန်းအသင်းက ရေဆင်းတက္ကသိုလ်ကျောင်းသားများကို ပညာသင်ကြေးထောက်ပံ့ရန် စီစဉ်

**အောင်သူရ**


**ရန်ကုန်၊ ဇူလိုင် – ၁၄**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကပျဉ်းမနားရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားအချို့အား ပညာသင်စရိတ်ထောက်ပံ့ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါ အသင်းမှ တာဝန်ရှိသူကပြောသည်။

"ပညာသင်ဖို့ လိုအပ်ချက်ရှိနေတဲ့ကျောင်းသားတွေနဲ့ ထူးချွန်တဲ့ ကျောင်းသားတွေကို ထောက်ပံ့ဖို့စီစဉ်နေပါပြီ" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်များအတွက် တစ်နှစ်လျှင် ပညာ သင်စရိတ်လိုအပ်သူ ၁၀ ဦးနှင့် အဆင့် ၁ မှ အဆင့် ၁၀ အတွင်း ရရှိသူများအား ထောက်ပံ့ရန် စီစဉ်ထားကြောင်းသိရသည်။

သို့သော် ငွေကြေးမည်မျှထောက်ပံ့မည်ကိုလေ့လာသုံးသပ်လျက်ရှိပြီး လိုအပ်ချက်ရှိနေသောကျောင်းသားများအားလုံးလောက်စရိတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



## ဝါဆိုလဆုတ် ၅ရက်၊ အနတ္တလက္ခဏသုတ်နှင့် ပထမဦးဆုံး သံဃာရတနာ . . .

ဝမှ

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

ဗုဒ္ဓမြတ်စွာဘုရားရှင်သည်မိမိရရှိသိမြင်ထားတော်မူသောတရားတော်ကိုပထမဦးဆုံးဟောကြားရန်အတွက်တရားနာပုဂ္ဂိုလ်များအား ကြည့်ရှုဆင်ခြင်ရတော်မူသောအခါ မိမိဆရာဖြစ်ခဲ့ဖူးသောအာဠာရနှင့် ဥဒကရသေ့တို့အား ရှေးဦးစွာဟောကြားရန်ဆင်ခြင်ဉာဏ်အမြင်၌ ထင်လာတော်မူသည်။ သို့ရာတွင် ယင်းရသေ့နှစ်ပါးမှာ မကြာမီကမှ ကွယ်လွန်ခဲ့ကြောင်း ထပ်မံသိရှိတော်မူသောအခါ ဒုက္ကရစရိယာအကျင့် ကျင့်စဉ်က လုပ်ကျွေးသမှုပြုခဲ့ကြသော ပဥ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာ တရားဟောရန် ဆင်ခြင်ဉာဏ်အမြင်၌ ထင်တော်မူလာပြန်သည်။ ထို့ကြောင့် ဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးရှိရာ မဟာဗောဓိပင်မှ ၁၈ယူဇနာ ဝေးသော သားသမင်တို့ကို ဘေးမဲ့ပေးရာ မိဂဒါဝုန်တောသို့ကြွရောက်တော်မူလျက် မဟာသက္ကရာဇ်၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ညနေအဝင်လအထွက်၌ပဥ္စဝဂ္ဂီငါးဦးတို့အား 'ဓမ္မစကြာတရားတော်' ကိုဟောကြားတော်မူသည်။

ဒေသနာတော်အဆုံး၌ ကောဏ္ဍညသည် အလျင်ဦးဆုံး သောတာပန်အဖြစ်သို့ရောက်ရှိခဲ့သည်။ နောက်ပိုင်း၌ ကျန်လေးပါးတို့သည် တစ်ရက်တစ်ပါးကျသောတာပန်ဖြစ်ခဲ့ပြီးနောက် ငါးရက်မြောက် ဝါဆိုလဆုတ် ၅ရက်၌ မြတ်စွာဗုဒ္ဓက 'အနတ္တလက္ခဏသုတ်' ကို ထပ်မံဟောကြားတော်မူသောအခါ ပဥ္စဝဂ္ဂီငါးပါးစလုံး ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ဟူသော အာသဝေါတရားလေးပါး၊ ကိလေသာအားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော အပူဓာတ်ကိလေသာ ၁၀ပါးတို့ အကြွင်းမဲ့ပြုတ်၍ ရဟန္တာအဖြစ်သို့ရောက်ရှိတော်မူပြီး မြတ်စွာဘုရားထံ ရဟန်းအဖြစ်သို့ ခံယူတော်မူခဲ့ရာ သာသနာတော်၌ 'သံဃာရတနာ' ပေါ် လာရတော့သည်။

ရည်ညွှန်း – "ကမ္ဘာ့ပတ်၍ ဘုရားရှာခြင်း" ဦးစိန်ထွန်း (မာမက – သုတေသီ)

## စာ-၉၊ ကောင်းကင်ထက်က ခေါင်းလောင်းသံ မှ

"၂၀၀၈ မှာ နာဂစ်ဖြစ်တယ်။ ၂၀၁၀ အောက်တိုဘာမှာ ဂီရိမုန်တိုင်းဖြစ်တယ်။ ဒီနှစ်မတ်လမှာ ရှမ်းပြည်နယ် တာလေမြို့အနီးကို ဇလှိုပြုပြီး ငလျင်လှုပ်တယ်။ အဲဒီအဖြစ်အပျက်တွေကမြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုရဲ့နောက်ဆက်တွဲ အကျိုးသက်ရောက်မှု သင်္ကေတတချို့ဖြစ်တယ်လို့ ကိုယ်ယုံကြည်တယ်"ဟု ဦးတင်ထွေးက ပြောသည်။

မြန်မာနိုင်ငံတွင် နှစ်လယ်ရာသီဥတု ပြောင်းလဲမှုမှာ ၂၀၀၆ ခုနှစ်မှ စတင်ဖြစ်ပေါ်ခဲ့ပြီး အစွန်းရောက်ရာသီဥတုများဖြစ်သော အယ်နီညိုနှင့် လာနီညာ ရာသီဥတုများနှစ်စဉ် သို့မဟုတ် တစ်နှစ်ခြား ဖြစ်ပေါ်လာခဲ့သည်။

ထို့အပြင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်ထိငါးနှစ်ဆက်တိုက်မြန်မာနိုင်ငံသို့မုန်တိုင်းဝင်ရောက်ခဲ့ပြီး ထိုဖြစ်စဉ်မှာ ရာသီဥတုပြောင်းလဲမှုများကြောင့်ဖြစ်သည်ဟု ဦးထွန်းလွင်ကပြောသည်။

ထို့အပြင် မေလဆန်းမှစ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် လေပြင်းတိုက်ခတ်မှု၊ လေဆင်နှာမောင်း တိုက်ခတ်မှု၊ ရေကြီးမှုနှင့် မြေပြိုမှု သတင်းများ မကြာခဏကြားလာရပြီး ပျက်စီးမှုအချို့လည်း ရှိခဲ့သည်။ မေလဆန်းမှ ဇွန်လကုန်အထိ ဂျာနယ်များတွင် ပါရှိသော မှတ်တမ်းများအရ မိုးကြိုးပစ်၍ သေဆုံးသူမှာလည်း ခုနစ်ဦးအထိ ရှိလာခဲ့သည်။

"လူတွေက မိုးလေဝသနဲ့ပတ်သက်ပြီးသိချင်တာတွေ ခုနောက်ပိုင်းများလာတယ်။ ကြည့်လေဒီနှစ်မှာ မိုးလေဝသပညာပေးဟောပြောပွဲလုပ်တာပွဲ ၅၀ ကျော်သွားပြီ"ဟု ဦးထွန်းလွင်က ရှင်းပြသည်။

ရန်ကုန်မြို့အပါအဝင် မိုးလေဝသနှင့်ပတ်သက်သောဟောပြောပွဲပြုလုပ်သည့် မြို့တိုင်းတွင်



လာရောက်နားထောင်သူများမှာ အခြားသောဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများထက် များပြားကြောင်းလည်းသိရသည်။

မြန်မာ့သြဘာလုပ်ငန်းစုက ဇွန်လဆန်းက ဟင်္သာတမြို့တွင် ပြုလုပ်သော ဟောပြောပွဲသို့ မော်တော်ဆိုင်ကယ်ဖြင့် လေးနာရီခန့် မောင်းရသော ငါးသိုင်းချောင်းမြို့နယ်မှ တောင်သူအချို့လာရောက်နားထောင်ခဲ့ကြသည်။

"သမားရိုးကျစိုက်ပျိုးလို့ကမရတော့ဘူး။ ရာသီဥတု အခြေအနေကို တွက်ရတော့မယ်။ ဒီနေ့ဆရာဦးထွန်းလွင်ဟောပြောတော့ သိသွားပြီ။ နောက်မိုးကောင်းနိုင်တယ်ဆိုတာဒါကြောင့်တစ်မျိုးပြန်စဉ်းစားရတော့မယ်။ ဒီနေ့လာရတာတန်ဖိုးရှိတယ်"ဟု ဟောပြောပွဲလာရောက်ခဲ့သူ ငသိုင်းချောင်းမြို့ခံတောင်သူတစ်ဦးက ပြောသည်။

ထို့အတူမိတ္ထီလာဟောပြောပွဲသို့ လာရောက်နားထောင်သူ သမုန်ကန်ကျေးရွာအုပ်စုမှတောင်သူဦးဆန်းလွင်ကလည်း "ဒီဟောပြောပွဲကနေ နောက်မိုးကောင်းမယ်ဆိုတဲ့အသိရလိုက်ပြီ။ အဲဒီလိုခန့်မှန်းလို့ရတော့အချိန်မီ အခါမီပြုပြင်လို့ရတယ်။ ချင့်ချိန် ပြီးလုပ်ရတော့မယ်။ မိရိုးဖလာလုပ်လို့ရတော့ဘူး"ဟု ပြောသည်။

ရာသီဥတုရိုက်ချက်ပြင်း သဖြင့် ထိချက်နာနေသော တောင်သူများအတွက် အထူးပြုကုမ္ပဏီအချို့ကလည်း သွင်းအားစုပံ့ပိုးပွဲများတွင် မိုးလေဝသပညာရှင်ကိုဖိတ်ကြား၍ ပညာပေးဟောပြောပွဲများပြုလုပ်လာခဲ့သည်။

ယခုဖြစ်ပေါ်နေသော ရာသီဥတုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဝေါမြို့ခံတောင်သူ ဦးတင်ဝင်းက "သဘာဝတရားနဲ့လူနဲ့တိုက်နေတဲ့အချိန်မှာ လူသားတွေညီညွတ်ဖို့လိုတယ်"ဟု မှတ်ချက်ပြုပြောဆိုသည်။

အများနှင့်ဆိုင်သောလုပ်ငန်းများဖြစ်သည့် ဥပမာ- သဘာဝဘေးအန္တရာယ်ကျရောက်မှု ကာကွယ်ရေး၊ရာသီဥတုပြောင်းလဲခြင်း လုပ်ငန်းများအားဘာသာရပ်ဆိုင်ရာနှင့်ပြောပါက လူမှုရေးသိပ္ပံဘာသာရပ်ဖြစ်သည်။ ထိုလုပ်ငန်းများတွင် လူမှုရေးဆိုင်ရာလုပ်ငန်းများနှင့် သိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းနှစ်ပိုင်းပါရှိသည်။ ထိုနှစ်ခုအားလက်တွေ့လုပ်သည့်အခါနှစ်ခုယှဉ်တွဲမလာပါက အောင်မြင်မှုမရနိုင်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ဆိုသည်။

"Social Secience ဖြစ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းကိုလုပ်တဲ့အခါမှာ ချဉ်းကပ်တဲ့နည်းကအရေးကြီးတယ်။ တစ်ခုကောင်း၊တစ်ယောက်ကောင်းနဲ့လုပ်လို့မရတော့ဘူး။ ဒီလုပ်ငန်းလုပ်လို့ရှိရင် ဌာနပေါင်းစုံပါရမယ်။ ဘက်စုံပါရမယ်။ ကဏ္ဍပေါင်းစုံပါရမယ်။ အဲဒီနည်းနဲ့လုပ်မှ အောင်မြင်မယ်လို့ ပညာရှင်တွေက သုံးသပ်ထားတယ်။အဲဒါသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ရာသီဥတုပြောင်းလဲခြင်း အဲဒီလိုဖြစ်ရတဲ့အကြောင်းရင်းဟာ လူမှုရေးလုပ်ငန်းတွေအများကြီးပါနေလို့။ တစ်နည်းပြောရရင် လူအများနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ အများကြီးပါနေလို့ဖြစ်တယ်။ လူအများပါဝင်ပြီး မလုပ်ရင် မအောင်မြင်နိုင်ဘူး" ဟု ဦးထွန်းလွင်က အကြံပြုသည်။

"ဆိုရှယ်ဆိုတာ လူမှုရေးအဖွဲ့တွေ၊ သတင်းဂျာနယ်တွေလည်း ပါတာပေါ့။ Science ဆိုတာက သိပ္ပံပညာရှင်တွေ ဒီနှစ်ခုပူးပေါင်းပြီးလုပ်ဖို့က အရမ်းအရေးကြီးတယ်။ သိပ္ပံပညာရှင်ဆိုတာဘာဖြစ်မယ်၊ ပြောတတ်တာ။ ဒါကိုလူထုထဲရောက်အောင် လူမှုရေးအဖွဲ့တွေက လုပ်နိုင်တာ"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်နေထိုင်သောတောင်သူများအပါအဝင်အားလုံးအတွက်ကောင်းကင်ကြီးက ခေါင်းလောင်းထိုးနေပေပြီ။ ယခုပင်အချက်ပေးနေသလိုရှိနေသည်။ တစ်နှစ်လျှင်ပျမ်းမျှ မုန်တိုင်း ၆ လုံးဖြစ်သောဘင်္ဂလားပင်လယ်အော်တွင် ယခုအချိန်ထိ မုန်တိုင်းတစ်ခုမှ မဖြစ်သေးပေ။ ထို့အပြင် ပူပြင်းခြောက်သွေ့သော အစွန်းရောက်အယ်နီညိုရာသီဥတုမှာ နိုဝင်ဘာလတွင်ဖြစ်နိုင်ခြေရှိနေပေပြီ။ သို့သော် အဆိုပါခေါင်းလောင်းသံအား ကြားမိသူများ ရှိသလိုမကြားမိသူများလည်း ရှိနေပေသည်။ ထို့ကြောင့် အဆိုပါခေါင်းလောင်းသံများအား သက်ဆိုင်သူအားလုံး ကြားနိုင်ကြပါစေ . . ။

## မောင်နေခြည်ကဗျာနှင့် စာပေဆုပေးပွဲကျင်းပ

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇူလိုင် – ၁၃**

မောင်နေခြည်အမည်ဖြင့် ကဗျာ နှင့်စာပေဆုပေးပွဲတစ်ရပ်ကို ယခုလ ၁၂ ရက်က ရန်ကုန်မြို့၊ စီးတီး စတားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ကဗျာဆုလေးဆုနှင့် ဝတ္ထုတိုဆုလေးဆုတို့ အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

ဆုများမှာ ၂၀၁၀ ခုနှစ်ထုတ် မဂ္ဂဇင်းများမှ ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ကဗျာဆုကို ၂၀၁၀ ဇန်နဝါရီလထုတ်မဟေသီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ကဗျာဆရာ သစ်ခက်အိမ်၏ နံရံမှာ ချိတ်ထားတဲ့ ကင်မရာကဗျာ၊ ဇွန်လထုတ် မဟေသီမဂ္ဂဇင်းမှ ဘိုသစ်နိုင်၏ ကြံချောင်းကဗျာ၊ စက်တင်ဘာလထုတ် ပန်းအလင်္ကာမဂ္ဂဇင်းမှ စိုးရိမ်၏ ဤမှန်သောသစ္စာကဗျာ၊ နိုဝင်ဘာလထုတ် ပေဖူးလွှာ မဂ္ဂဇင်းမှ ခင်မောင်နိုင်ဦး၏ နှစ်အုပ်ကွာက ကဗျာတို့က အသီးသီးရှိခဲ့ကြသည်။

ဝတ္ထုတိုဆုများမှာ မတ်လထုတ်ရွှေအမြုတေမဂ္ဂဇင်းမှ မကျည်းတန်(လှိုင်ကော်)၏ ရိက္ခာယူကြသူများ၊ ဧပြီလထုတ်မဟေသီမဂ္ဂဇင်းမှ ကြူးနစ်၏ ပြိတ္တာ၊ စက်တင်ဘာလထုတ် ပေဖူး လွှာမဂ္ဂဇင်းမှ နတ်မှူး၏ လှောင်အိမ်ကြိုက်တဲ့ငှက်၊ နိုဝင်ဘာလထုတ်ရွှေအမြုတေမဂ္ဂဇင်းမှ ကိုကောင်းသော်(ကျောက်ဆည်)၏ မီးခိုးနဲ့ လွှမ်းတဲ့ကြိုး ဝတ္ထုတိုများမှ အသီးသီးရရှိသွားခဲ့ကြောင်းသတင်းရရှိသည်။

## စာအုပ်မိတ်ဆက်ပွဲများ ကျင်းပ

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇူလိုင် – ၉**

တရားခွင်မှ တိုက်ပွဲများ စာစဉ်(၁)အနေဖြင့် ထုတ်ဝေလိုက်သော မောင်ကိုနီ(တရားရုံးချုပ်ရှေ့နေ) ရေးသားသည့် **"လက်ဗွေရှင်ဘယ်သူလဲ"** စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယခုလ ၈ ရက်က ရန်ကုန်မြို့၊ စီးတီးစတားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

စိတ်ကူးယဉ်အချစ်ဇာတ်လမ်းထက်တန်းကြယ်သော ဖြစ်ရပ်မှန်ဇာတ်လမ်း၊ အမှုမှန်ဖော်ထုတ်ပုံ၊ တရားသူကြီးများ၏ စိတ်ဝင်စားဖွယ်အတွေးအမြင်များ၊ ရှေ့နေပညာမိတ်ဆက်စသည်တို့ကို ရေးဖွဲ့တင်ပြထားကြောင်း သိရသည်။

အလားတူပဉ္စမအကြိမ်မြောက်ရွှေအမြုတေစာပေဆုပေးပွဲတွင် ဝတ္ထုရှည်ဆု ရရှိခဲ့သော စာရေးဆရာသင်းရီ၏ **"အပေါင်းသည်လည်းကောင်း၊ အနတ်သည်လည်းကောင်း၊ တစ်ခဏအတွင်း၌"** နှင့် အခြားမဂ္ဂဇင်း ဝတ္ထုရှည်များကို စာအုပ်အဖြစ် စုစည်းထုတ်ဝေခြင်း မိတ်ဆက်ပွဲ အခမ်းအနားကို ယခုလ ၁၃ရက်က ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ အင်းဝ စာအုပ်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

Wisdom House စာအုပ်တိုက်၏ ငါးနှစ်မြောက် အထိမ်းအမှတ်အနေဖြင့် **Wisdom House စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုရှည်များ** စာအုပ်မိတ်ဆက်ပွဲကိုလည်း ယခု၉ ရက်က ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ အင်းဝစာအုပ်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ခင်လှိုင်ကြူ၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မစန္ဒာ၊ မနှင်းဖွေး၊ ရွှေသဥ္ဇာ၊ ခင်မြဇင်၊ စိန်ဥမယ်၊ ခင် နှင်းဦး၊ ကေကေ(ဓာတုဗေဒ-လှိုင်နယ်မြေ) စသည့် စာရေးဆရာမ ကိုးဦး၏ မဂ္ဂဇင်းဝတ္ထုရှည်များကို စုစည်းထုတ်ဝေထားသော စာအုပ် ဖြစ်သည်။ **ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့**ဟု အမည်ပေးထား သော စာအုပ်မိတ်ဆက်ပွဲကိုလည်း ယခုလ ၁၈ ရက်က ပန်းဆိုးတန်းရှိ အင်းဝစာအုပ်တိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါစာအုပ်ကို ယဉ်ထွန်းက စုစည်းပြုစုခြင်းဖြစ်ပြီး ယဉ်မျိုးစာအုပ်တိုက်မှ ဖြန့်ချိမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## မျက်နှာဖုံး-နေပြည်တော် အထူးစီမံကိန်းရှိ ဆောက်လုပ်ရေးလုပ်ငန်းအချို့ ခေတဆိုင်းငံ့ မှ

ယင်းကဲ့သို့ ပြုလုပ်ရခြင်းမှာ စီမံကိန်းအတွက် သုံးစွဲရမည့်ဘတ်ဂျက်ငွေအခက်အခဲကြောင့် ဖြစ်ကြောင်းနှင့် အဆိုပါစီမံကိန်းများမှာ လက်ရှိကာလ၌ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ဆက်လက်လုပ်မည်ဆိုပါက ၂၀၁၁ နှစ်ကုန်တွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်ငန်းများသို့ ငွေပေးချေမှုခေတ္တရပ်နားထားစဉ်ဆောက်ပြီးသမျှ ကုန်ကျစရိတ်များကိုမူ တွက်ချက်၍ သက်ဆိုင်ရာကပေးမည်ဖြစ်ကြောင်းဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့ကပြောသည်။

လက်ရှိ၌ ယင်းစီမံကိန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှသာ ဘတ်ဂျက် ထပ်မံချပေးရန်ရှိကြောင်းကို နေပြည်တော် တည်ဆောက်ရေးတွင် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်က ဆိုသည်။

ယခုရက်ပိုင်းအတွင်း နေပြည်တော်တွင် တည်ဆောက်နေဆဲ ပုဂ္ဂလိကဆောက်လုပ်ရေးစီမံကိန်းများသို့ အလုပ်ရှာနေသော ဆောက်လုပ်ရေးအလုပ်သမား အများအပြား ရောက်ရှိလာကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ ဟိုတယ် ဆောက်လုပ်ရေး စီမံကိန်းထဲဆိုရင် လုပ်သား ၃၀၀လောက်ရောက်လာတယ်။ အကုန်လုံးက အစိုးရဆောက်လုပ်ရေးစီမံကိန်းတွေမှာ လုပ်ခဲ့တဲ့သူတွေ။ အဲဒီစီမံကိန်းတွေရပ်ထားလို့ ရောက်လာတာ”ဟုပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အလားတူ အခြားသော ပုဂ္ဂလိကဆောက်လုပ်ရေးစီမံကိန်းများသို့လည်း အစိုးရဆောက်လုပ်ရေးစီမံကိန်းများမှ ဆောက်လုပ်ရေးအလုပ်သမားအများစု ယခုရက်ပိုင်းတွင် အလုပ်သွား၍ ရှာနေကြောင်းလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့က ပြောသည်။ ထိုသို့ နေပြည်တော်တွင် ဆောက်လုပ်ရေးလုပ်သားအများစု အလုပ်သစ် လိုက်လံရှာဖွေနေကြခြင်းမှာ ဇူလိုင်လဆန်းမှစ၍ ဆောက်လုပ်ဆဲနိုင်ငံတော်ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းအများစုမှာ ခေတ္တရပ်နားသွားခြင်းကြောင့်ဖြစ်သည်။

“ဆောက်လုပ်ရေးလုပ်သားတွေပြောတာတော့ သူတို့ကို သုံးလနားတယ်လို့ပြောတယ်။ ပြီးမှပြန်ဆောက်မှာပေါ့။ အဲဒါကြောင့် လုပ်သားတွေကလည်း မပြန်ကြတော့ဘူး။ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အလုပ်ရှာပြီးဝင်လုပ်နေကြတာ။ လုပ်သားပေါတော့ ယောကျ်ားလေးဆို တစ်နေကုန် ၃,၀၀၀(ကျပ်)နဲ့၊ မိန်းကလေးက တစ်နေကုန် ၂,၀၀၀(ကျပ်)။ နေပြည်တော်မှာ အသစ်ဆောက်နေတဲ့ဟိုတယ်တွေများတော့ တော်တော်များများအလုပ်ပြန်ရကြပါတယ်”ဟုဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ဆောက်လုပ်ရေးလုပ်သားများကို ပုံမှန်အားဖြင့် တစ်ရက်လျှင် အမျိုးသား ကျပ် ၃,၅၀၀၊ အမျိုးသမီး ကျပ် ၂,၅၀၀ ပေးချေရလေ့ရှိသည်။

နိုင်ငံတော်ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းများသည် ပုဂ္ဂလိကဆောက်လုပ်ရေးစီမံကိန်းများထက် အကျိုးအမြတ် ပိုများလေ့ရှိကြောင်း ဆောက်လုပ်ရေးလောကတွင်ပြောကြသည်။

အထူးစီမံကိန်း၌ ပါဝင်သော အဆောက်အအုံများမှာ အမျိုးသားပြတိုက်၊ မော်ကွန်းတိုက်တို့ကဲ့သို့ အဆောက်အအုံများပါဝင်သည်။ ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် တည်ဆောက်နေသောနိုင်ငံတော်ဧည့်ဂေဟာ၊ ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် တည်ဆောက်နေသော စီမံကိန်းများမှာမူ ဆက်လက်လုပ်ကိုင်နေကြောင်း သိရသည်။ ထို့အပြင် ပုဂ္ဂလိက တည်ဆောက်ရေးလုပ်ငန်းများမှာလည်း ဆက်လက်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်။ ၂၀၁၁ ဘဏ္ဍာနှစ်အတွက် မြန်မာတစ်နိုင်ငံလုံး တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက်လျာထားမှုမှာကျပ်ငွေ ၂၅ ဘီလီယံကျော်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြန်တမ်းအရ သိရှိရသည်။

အစိုးရသစ်၏ ပထမဆုံးဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရသုံးမှန်းခြေငွေစာရင်းလိုငွေကို လျှော့ချနိုင်ခဲ့ကြောင်းနိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကပြောကြားခဲ့သည်။ ယင်းသို့ လျှော့ချရခြင်းသည် နိုင်ငံတော်၏ အရေးကြီးသော စီမံကိန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လိုငွေဖြစ်ပေါ်မှုလျာထားသည်ထက် ကျပ် (၅၅၂ ဘီလီယံကျော်)ကျပ်သန်းပေါင်း၅၅၃,၂၀၂လျော့နည်းသွားသည်ဟု နိုင်ငံတော်ဒုတိယသမ္မတက နေပြည်တော်သမ္မတရုံးတွင် ဇွန် ၂၀ ရက်က ပြုလုပ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်ပြီး အစည်းအဝေးတွင် ပြောကြားသည်။

အသုံးစရိတ်လျှော့ချရန်အတွက် ဆောင်ရွက်ရာတွင်ပြည်ထောင်စုဝန်ကြီးဌာနများအတွက်ပေးရန် လျာထားသည့် ဘတ်ဂျက်များထဲမှ ၂၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းဝန်းကျင်ထိ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

## မြန်မာအိုင်စီတီ Master Plan လွှဲပြောင်းပေးအပ်

ကျော်ဇေယျ

နေပြည်တော်၊ ဇူလိုင် – ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Korea International Corporation Agency (KOICA) မှ ပညာရှင်များ ပူးပေါင်းရေးဆွဲခဲ့ကြသည့် Myanmar ICT Master Plan လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E.Mr. Kim Hae Yong က Myanmar ICT Master Plan ကို ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းထံသို့ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အထွေထွေမန်နေဂျာဦးကျော်ခိုင်လှနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံး၊ သံရုံးဌာနေကိုယ်စားလှယ် Ms. Kim Tae Eun တို့က 1st ICT Master Plan Myanmar (2005 to 2010) ပါဝင်သည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးကြသည်။

## စာ-၄၊ အိန္ဒိယရေပိုင်နက်အတွင်း ငါးဖမ်းသင်္ဘောတွင် ပါလာသည့်အထောက်အထားမဲ့ မြန်မာခုနစ်ဦးဖမ်းဆီးခံရ မှ

နိုင်ငံခြားသားဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၊ ပုဒ်မ ၁၄(က)နှင့် ပုဒ်မ ၁၄(ခ)များအရ အိန္ဒိယနိုင်ငံအတွင်းတားမြစ်ထားသည့် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း စသည့်ပြစ်မှုကျူးလွန်ချိုးဖောက်မှုများအတွက် အနည်းဆုံး ထောင်ဒဏ် ၂နှစ်မှ ၈နှစ်အထိကျခံရမည့်အပြင် ငွေဒဏ် ရူပီး ၁၀၀၀၀ထက်မနည်း ပေးဆောင်ရမည်ဖြစ်သည်။

အထက်ပါဥပဒေသည် ၁၉၄၆ခုနှစ် နိုင်ငံခြားသားဆိုင်ရာအက်ဥပဒေကို ၂၀၀၄ခုနှစ်တွင် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၆ ခုနှစ် နိုင်ငံခြားသားဆိုင်ရာ အက်ဥပဒေအရ အိန္ဒိယရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် ရေလုပ်သားများအား လှေသားရေလုပ်သားထောင်ဒဏ် ၆လနှင့် လှေသူကြီး ထောင်ဒဏ် ၆လမှ ၁၂လအထိသာ ပြစ်ဒဏ်ချမှတ်ခဲ့လေ့ရှိကြောင်း သတင်းရရှိသည်။



## တောင်ပြုံးပွဲရာသီ အစပြု၍ ပြည်တွင်းခရီး ပြန်လည်လှုပ်ရှား

ဇေယျလေ

ရန်ကုန်၊ ဇူလိုင် – ၁၆

သုံးလကြာ အေးစက်သွားခဲ့သောပြည်တွင်းဘုရားဖူးလုပ်ငန်းများမှာ ယခုလအတွင်းမှစတင်ကာတောင်ပြုံးပွဲလက်မှတ်များ ရောင်းချခြင်းမှပြန်လည်လှုပ်ရှားစပြုလာကြောင်း သတင်းရရှိသည်။

မိုးတွင်းကာလခရီးတိုများဖြင့်သာ ကျေနပ်နေရသော ဘုရားဖူးဂိတ်များမှာ လာမည့်လအတွင်းကျင်းပမည့် တောင်ပြုံးပွဲဖြင့် ခရီးသွားရာသီအား စတင်မည်ဖြစ်ရာ ယခုလမှစတင်၍ တောင်ပြုံးပွဲအပါအဝင် အဘဘိုးမင်းခေါင်ပူဇော်ပွဲ(ထွက်ပွဲ) ခရီးစဉ်များကို ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ်လည်း မနှစ်ကလောက် ကားခြောက်စီး၊ ခုနစ်စီးထွက်ရမယ်ထင်တာပဲ။ အခုတောင် တော်တော်ရောင်းရတယ်။ လက်မှတ်တွေလည်း မနှစ်ကလိုပဲလေ။ ထမင်းကျွေးတစ်ရက်တစ်သောင်းနှုန်းလောက်ပဲ”ဟု ရွှေကြေးစည်ဘုရားဖူးဂိတ်မှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

တောင်ပြုံးပွဲ ခရီးစဉ်များအား ဩဂုတ်လ ၅ ရက်နှင့် ၈ ရက် များတွင် ထွက်ခွာမည်ဖြစ်ပြီး အဘဘိုးမင်းခေါင်ပူဇော်ပွဲ ခရီးစဉ်အား စက်တင်ဘာ ၁၂ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ်လက်မှတ်နှုန်းထားများမှာ ထမင်းကျွေးတစ်ရက် ကျပ်တစ်သောင်းနှုန်းဖြင့် ရက်အနည်းအများပေါ်မူတည်၍ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံး-ရွှေဈေးမကစားရန် သက်ဆိုင်ရာက သတိပေးပြောကြား မှ

ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း လက်ရှိဈေးကွက်တွင်း၌ ဈေးကစားမှုနည်း၍ အသင်းရုံး၌ပြုလုပ်သော ရွှေအပိုင်းအရောင်းအဝယ်မှာ အေးနေကြောင်း ရွှေကုန်သည်များကပြောသည်။ သို့သော် ရွှေဆိုင်များ၏ အရောင်းအဝယ်ဈေးကွက်တွင် ရွှေပြန်ရောင်းမှု မြင့်တက်လာခဲ့ကြောင်း သိရသည်။

လတ်တလော အရောင်းအဝယ်ပြုလုပ်နေသော ပြည်တွင်းရွှေဈေးနှုန်းမှာ ပြင်ပရွှေပေါက်ဈေးနှင့်ယှဉ်လျှင် တစ်ကျပ်သားအပေါ်တွင် ကျပ်တစ်သောင်းကျော် နိမ့်နေသောကြောင့် ရွှေဈေးနှုန်းမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များကပြောသည်။

“ပုံမှန်အားဖြင့်တော့ ကမ္ဘာ့ဈေးနဲ့ ဒေါ်လာဈေးတွက်ရင် ပြည်တွင်းဈေးက ဒီ့ထက်မြင့်နေရမှာ။ အခုအပြင်ဈေးနဲ့ယှဉ်ရင် ဈေးကနည်းနေတော့ ပြန်ရောင်းတဲ့သူတွေက စောင့်ကြည့်နေတယ်။ ဝယ်အားတော့ တော်တော်တက်လာတယ်”ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာပြီးခဲ့သည့်တစ်ပတ်အတွင်း၌တစ်အောင်စလျှင် ၁,၅၁၁ ဒေါ်လာရှိချိန်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၅၅,၀၀၀ရှိခဲ့သည်။ ယခု ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၅၉၁ ဒေါ်လာထိ မြင့်တက်လာ၍ ပြည်တွင်းရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၆၃,၅၀၀ နှင့် ၁၅ ပဲရည်မှာ တစ်ကျပ်သားလျှင် ကျပ် ၆၂၃,၅၀၀ ထိ မြင့်တက်လာခဲ့သည်။

“ကမ္ဘာ့ရွှေဈေး ဒီလောက်ထိ တက်နေရင် ပုံမှန်အားဖြင့် ပြည်တွင်းရွှေဈေးက ကျပ် ၆၇၀,၀၀၀ ကျော်လောက်ဖြစ်ရမှာ။ အခုလေပတ်ကား မလုပ်ရတော့ဈေးက အတက်နည်းနေတယ်။ ကမ္ဘာ့ရွှေဈေးဆက်တက်ရင် ပြည်တွင်းဈေးက လက်ရှိဈေးသိပ်မပြောင်းပေမယ့် ဈေးကဆက်တက်နေဦးမှာပါ”ဟု ရွှေအရောင်းအဝယ်ပြုလုပ်သူတစ်ဦးကပြောသည်။

## မျက်နှာဖုံး-နိုင်ငံကူးလက်မှတ် သုံးပတ်နှင့်အပြီး ထုတ်ပေးမည်ဟုဆို မှ

ယင်းသို့ရုံးပြောင်းရွှေ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာမြန်မြန်ဆန်ဆန်နှင့်စနစ်တကျထုတ်ပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့်ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ပြောကြားထားပြီး၊ ရုံးအသစ်တွင် လက်ရှိ ကြုံတွေ့နေရသော ကားရပ်ရန် နေရာအခက်အခဲကို ပြေလည်စေရန် စက်မှု(၁)လမ်းဘက်မှ ကားများဝင်နိုင်အောင်နှင့် လမ်းထောင့်ရှိ ပန်းခြံမှ ကားဝင်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

“ပုံမှန်ဆိုရင်ပတ်စပို့လုပ်ရင် စလစ်ရပြီး တစ်လခြားပြီးချိန်းတယ်”ဟု မကြာသေးမီကနိုင်ငံကူးလက်မှတ်လျှောက်ထားခဲ့သူတစ်ဦးကပြောသည်။ နိုင်ငံကူးလက်မှတ်များကိုယခင်က တစ်လကြာသည့်နေ့တွင်မှ ထုတ်ယူရလေ့ရှိပြီးအရေးကြီးသဖြင့် ကြိုတင်ထုတ်ယူလိုသူများ အနေဖြင့် ပွဲစားများမှတစ်ဆင့် ငွေကြေးပိုမိုပေးကာ ထုတ်ယူရသည်များရှိခဲ့ကြောင်း သိရသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.18 · JULY 21, 2011


## ပြောင်းလဲလာသည့် စားသောက်မှုပုံစံနှင့် သွေးလေးဘက်နာ

ဝတ်ရည်

လူများနေ့စဉ်စားသောက်သော အစားအစာများက လူတို့အား အစာအာဟာရများဖြစ်စေနိုင်သကဲ့သို့ တစ်ချိန်တည်းမှာပင် ရောဂါဝေဒနာများဖြစ်ပေါ်ခံစားကြရသည်မျိုး ရှိလာပြီဖြစ်သည်။

ယခင်က မြန်မာလူမျိုးများ နေ့စဉ်စားသောက်သော အစားအစာများ၊ နေထိုင်မှုပုံစံများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ရောဂါဖြစ်ပွားမှုနည်းပါးခဲ့သည်ဆိုသော်လည်း ယခုအချိန်တွင် နေ့စဉ်စားသောက်သော အစားအစာများထဲတွင် ဆိုးဆေးများ၊ တာရှည်ခံစေရန် အသုံးပြုသည့်ဓာတုဗေဒ ပစ္စည်းများ၊ ပိုးသတ်ဆေးများမှာ အစားအစာတိုင်းလိုလိုတွင် ပါဝင်နေပြီး ရှောင်လွှဲမရနိုင်သည့် အခြေအနေမျိုးဖြစ်လာသည်။

ထိုကဲ့သို့သော ဓာတုပစ္စည်းများကြောင့် ရောဂါဖြစ်ပွားမှုများပြားလာပြီး ထိုအထဲမှ ငယ်ရွယ်သူများ၌ အဖြစ်များကြ၍ လူတစ်ရာတွင် တစ်ယောက်ခန့်ဖြစ်ပွားနေသည့်သွေးလေးဘက်နာကဲ့သို့ ရောဂါများပါ ပါဝင်လာသည်။

ရာသီဥတုအေးလာလျှင် အဆစ်အမြစ်ကိုက်သည့် ဝေဒနာအား ခံစားကြရသူများပြားလာပြီး အချို့မှာ အကိုက်အခဲပျောက်ဆေးများသောက်သုံးခြင်းဖြင့် သက်သာသွားကြသူများရှိသကဲ့သို့ စာ(၁၄)သို့





ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် သက်ဆိုင်ရာမှ ပုဂ္ဂလိက ဆေးရုံများ ဖွင့်လှစ်ခွင့်ပြုလိုက်သည့်အချိန်မှစ၍ ယခင်က အထူးကုဆေးခန်းဟု အမည်တပ်ဖွင့်လှစ်ထားသော ပုဂ္ဂလိကအထူးကုဆေးခန်းကြီးများသည် နေ့ချင်း ညချင်းပင် အထူးကုဆေးရုံကြီးများအဖြစ်သို့ ပြောင်းလဲလာကြသည်ကို တွေ့ရသည်။

## ပြည့်စုံသည့်ဝန်ဆောင်မှုနှင့်အတူ လျှောက်လှမ်းရမည့် Medical Tourism လမ်းကြောင်း

သီဟ

ထိုသို့ ပြောင်းလဲလာရာတွင် အမည်သာပြောင်းလဲခြင်းလော၊ အသွင်သဏ္ဌာန်ပါပြောင်းလဲပါ၏လောဟူသည်မှာ အဆိုပါ အထူးကုဆေးရုံကြီးများ၌ တက်ရောက်ကုသမှုခံယူခဲ့ကြသူများ အသိပင်ဖြစ်ပါမည်။

ထိုကဲ့သို့အထူးကုဆေးရုံကြီးများအဖြစ်သို့အမည်ပြောင်းလဲဖွင့်လှစ်ကာ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တာဝန်ယူကုသမှုပေးနေကြသော်လည်း Medical Tourism ဟုခေါ်သည့် ပြည်ပသို့သွားရောက်ဆေးကုသမှုခံယူသူများလည်း ရှိနေဆဲပင်ဖြစ်သည်။

ယနေ့တွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်သည် အဆိုပါ Medical Tourism မှ ဝင်ငွေများစွာရရှိနေကြကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ထိုင်း၊စင်ကာပူ၊မလေးရှားနိုင်ငံများသည် ယင်းမှဝင်ငွေများစွာရရှိနေကြပြီး မြန်မာနိုင်ငံမှ ဆေးကုသသူများ၏ ဈေးကွက်သည်လည်း ယင်းနိုင်ငံရှိဆေးရုံကြီးများက ဂရုပြုဖွယ်ဈေးကွက်တစ်ခုဖြစ်လာနေကြောင်း သိရသည်။

Medical Tourism ၏အစဦးသည်ဆေးကုသစရိတ်ကြီးမားသည့်နိုင်ငံများမှ ဆေးကုသစရိတ်နည်းပါးသော်လည်း ဝန်ဆောင်မှုနှင့်ကုသမှုနည်းစနစ်များ စိတ်ချရသည့် နိုင်ငံများသို့ လှည့်လည်ကုသကြရာမှ စတင်လာခြင်းဖြစ်သည်ဟု သိရသည်။

သို့သော်မြန်မာနိုင်ငံတွင်မှ ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသမှုခံယူကြရာတွင် အများစုမှာ ပြည်တွင်း၌ ကုသသည့်စရိတ်ထက် များစွာအကုန်အကျခံကာ သွားရောက်ကုသနေကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက်ကုသသူများသည်မြန်မာနိုင်ငံ၏ လူဦးရေပမာဏနှင့် နှိုင်းယှဉ်ပါကရာခိုင်နှုန်းအနည်းငယ်ပင်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြားကို ဆေးသွားကုတယ်ဆိုတာက မတတ်သာလို့သာ သွားရတာများတယ်။ တချို့က လည်း ဒီအတိုင်း နိုင်ငံခြားကို အထင်ကြီးလို့သွားတာ၊ နိုင်ငံခြားက ဆေးရုံတွေက ပိုကောင်းလို့၊စိတ်ချရလို့သွားတာတွေလည်းရှိတယ်" ဟု အထူးကုဆရာဝန်ကြီးတစ်ဦးကပြောသည်။

သို့သော် အချို့သောကုသမှုများသည်ပြည်တွင်းတွင် ကုသ၍မရနိုင်သောကြောင့်ပြည်ပနိုင်ငံများသို့ သွားရောက်ကုသနေရခြင်းများလည်းရှိကြောင်းသိရသည်။

"နိုင်ငံခြားကိုဘယ်လိုလူတွေကသွားတာလဲ၊ ဘာကြောင့်သွားကြတာလဲဆိုတော့ ကိုယ့်ဆီမှာက လူတွေကိုယုံတယ်၊ ဆရာဝန်ကြီးတွေကိုယုံတယ်၊ ဒါပေမယ့် ပစ္စည်းကိရိယာတွေကို မယုံသေးဘူး။ ဒါကြောင့်သွားနေကြတာလည်း ရှိသေးတယ်"ဟု အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

မြန်မာနိုင်ငံမှ လူနာအများစု သွားရောက်ကုသမှုခံယူနေကြသည့် ထိုင်း၊စင်ကာပူ၊မလေးရှား စသည့် နိုင်ငံများမှ ဆေးရုံများသည် အမေရိကန်နိုင်ငံရှိဆေးရုံအဆင့်အတန်း သတ်မှတ်သည့် အဖွဲ့မှ အသိအမှတ်ပြုထားသည့် Joint Commission International(JCI) လက်မှတ်ရဆေးရုံများအများစုဖြစ်ကြကြောင်း သိရသည်။

အဆိုပါလက်မှတ်ရဆေးရုံများ၏ အဆင့်အတန်းသည် အမေရိကန်နိုင်ငံတွင် ကုသသကဲ့သို့ ယုံကြည်စိတ်ချရမှုရှိသည်ဟုအသိအမှတ်ပြုခံရသည့် အဆင့်တွင်ရှိကြောင်းပြည်ပနိုင်ငံများရှိ ဆေးရုံများသို့ မကြာခဏသွားရောက်လေ့လာလေ့ရှိသည့် ဆရာဝန်တစ်ဦးကပြောသည်။ စာ(၁၄)သို့




7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## စာ – ၁၃၊ ပြောင်းလဲလာသည့်စားသောက်မှုပုံစံနှင့်သွေးလေးဘက်နာမှ

အချို့မှာလည်း အဆစ်အမြစ်များ ကိုက်ခဲရာမှ တခြားရောဂါဝေဒနာများပါခံစားကြရသည့်အခါမှ စစ်ဆေးခြင်းဖြစ်သော လေးဘက်နာရောဂါရှိနေကြောင်း သိရှိကြရခြင်းဖြစ်သည်။

"တခြားရောဂါတွေက ခန္ဓာကိုယ်ရဲ့ ခုခံအားတွေကျဆင်းလို့ ဖြစ်ပေါ်လာတဲ့ရောဂါတွေပါ။ ဒီသွေးလေးဘက်နာကတော့ အကြောင်းအမျိုးမျိုးကြောင့် ခုခံအားတွေများလာတာကနေဖြစ်လာတဲ့ရောဂါမျိုးပါ"ဟု ရန်ကုန်ဆေးရုံကြီးအရိုးကြောအဆစ်ပညာဌာနမှ ပါမောက္ခဒေါက်တာချစ်စိုးက ပြောသည်။

ခန္ဓာကိုယ်အတွင်းခုခံအားစနစ်ကို ဖြစ်ပေါ်စေသည့် သွေးဖြူဥများပြားလာခြင်းကြောင့်ဖြစ်ပွားသည့် အဆိုပါရောဂါတွင် ခုခံအားများပြားစေနိုင်သည့် အကြောင်းအရာများမှာ အဓိကအားဖြင့် ခန္ဓာကိုယ်အပြင်မှ ဝင်ရောက်လာသည့် ရောဂါများအား တိုက်ထုတ်ရာတွင်အရိုးအဆစ်များကိုပါတိုက်ထုတ်မိသောကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။ ခန္ဓာကိုယ်သည်ပုံမှန်ရှိနေသော အရာများမှ တခြားဝင်ရောက်လာသော အရာသစ်များကြောင့်ဇီဝဖြစ်စဉ်များပြောင်းလဲပြီး ခုခံအားစနစ်များ မျက်စိလည်ရာမှ ဝင်ရောက်လာသောရောဂါများအစား မိမိခန္ဓာကိုယ်အား ပြန်လည်တိုက်ခိုက်ခြင်းဖြစ်သည်။

ဗိုင်းရပ်စ်အသစ်များ၊ အစားအစာများထဲတွင်ပါဝင်သော ဓာတုပစ္စည်းများ၊လူအများနှင့်အကျွမ်းတဝင်ဖြစ်လာသည့် မိုက်ကရိုဝေ့ပစ္စည်းများ၊ တီဗီများ၊ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများစသည်များကို တွင်ကျယ်စွာအသုံးပြုလာကြပြီး ထိုအရာများမှ ဓာတ်ရောင်ခြည်များကြောင့်လည်း သွေးလေးဘက်နာအား ဖြစ်ပေါ်ခံစားရစေခြင်းဖြစ်ကြောင်း သိရသည်။

"လေးဘက်နာဆိုတဲ့အတိုင်း အနည်းဆုံးအဆစ်လေးဆစ်လောက်နာကျင်ကိုက်ခဲပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်း တုပ်ကွေးတွေကြောင့်လည်း အဆစ်အမြစ်တွေကိုက်လေ့ရှိတော့ လေးဘက်နာမှာ ကိုက်ခဲနာကျင်တာအပြင် လက်နဲ့ထိရင်နာကျင်တာမျိုး၊ ရောင်ရမ်းတာမျိုးတွေဖြစ်မှ လေးဘက်နာသတ်မှတ်လို့ရတာပါ"ဟု ဒေါက်တာချစ်စိုးကပြောသည်။ အဆစ်များသည် အနည်းဆုံး ၆ပတ်အထိ နာကျင်ရောင်ရမ်းခြင်း၊ စစ်ဆေးသည့်အခါတွင်လည်း သွေးပျစ်နှုန်းများပြားနေခြင်း၊ ခုခံအားစနစ်များအား စစ်ဆေးခြင်းနည်းလမ်းများဖြင့် လေးဘက်နာရောဂါရှိ၊ မရှိကို ခွဲခြားသိရှိစေနိုင်ကြောင်းသိရသည်။

လေးဘက်နာရောဂါသည် အဆစ်အမြစ်များနာကျင်ကိုက်ခဲရုံမျှမက ခန္ဓာကိုယ်အတွင်းရှိ ခုခံအားများမှ အဆစ်များအား တိုက်ခိုက်ပြီး အဆစ်များကောက်၍ အိမ်ရာထဲလဲသွားခြင်း၊ နှလုံးသွေးကြောများအား တိုက်ခိုက်ခြင်းကြောင့် နှလုံးသွေးကြောများ ရောင်ရမ်း၍ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောများ ရောင်ရမ်းပိတ်ဆို့ခြင်း ဝေဒနာများအား နောက်ဆက်တွဲခံစားရစေ၍ အသက်ပင်သေဆုံးစေသည့် ရောဂါများဖြစ်ကြောင်းသိရသည်။

"ဒီသွေးလေးဘက်နာကဖြစ်ရင် တဖြည်းဖြည်းနဲ့ထိခိုက်တမျိုးဖြစ်တဲ့အတွက် အချိန်တော့ ကြာကြာနေရတယ်။ ဒါကြောင့် ပိုးတွေ့ရှိနှုန်းများတယ်။ အရေပြားလေးဘက်နာဆိုရင် ပြင်းတော့ ဖြစ်ပြီး ၄၊ ၅ နှစ်ဆို အသက်သေဆုံးလေ့ရှိတယ်"ဟု ဒေါက်တာချစ်စိုးက ဆက်လက်ရှင်းပြသည်။ ၂၀၁၀ ပြည့်နှစ်အတွင်း ရန်ကုန်ဆေးရုံကြီး အရိုး၊ အကြောအဆစ်ပညာဌာနသို့လာရောက်ပြသသူတစ်ထောင်ကျော်အား စစ်တမ်းကောက်ယူထားရာတွင်သွေးလေးဘက်နာဝေဒနာရှင် သုံးရာကျော်အများဆုံးဖြစ်ပြီး အဆစ်များ ကိုက်ခဲခြင်းကြောင့် လာရောက်ပြသသူ ၂၀၀ ကျော်ဒုတိယအများဆုံး၊ အရေပြားလေးဘက်နာဝေဒနာရှင် ၁၀၀ ကျော်နှင့် အရေပြားထူလေးဘက်နာလူနာ ၁၀၀နီးပါးရှိကြောင်းသိရသည်။

လေးဘက်နာရောဂါအများစုသည် အမျိုးသမီးများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အရွယ်မရွေးဖြစ်ပွားနိုင်သည်ဟုဆိုသော်လည်း စတင်ဖြစ်ပွားနိုင်သည့် အရွယ်များမှာ လူငယ်လုပ်အားရှိသည့်အရွယ်များဖြစ်ကြောင်းသိရသည်။

"အဆစ်အမြစ်ကိုက်တာကြာပေမယ့် ဒီအတိုင်းလေးပဲ ထားလိုက်တာပါ။ နောက်တော့အဆစ်တွေရောင်လာတယ်။ တော်တော်လေးကို မခံနိုင်ဖြစ်တော့မှ လေးဘက်နာစစ်ဆေးကြည့်တဲ့အခါမှာ ပိုးရှိနေပြီး တစ်နှစ်လောက်အတွင်း နောက်ဆက်တွဲနှလုံးရောဂါနဲ့ အဆုတ်မှာ ရောဂါတွေပါဖြစ်လာလို့ ဆက်ကုရတယ်။ ၂ နှစ်လောက် အိပ်ရာထဲလဲနေတာ။ အခုမှကျောင်းတွေ၊ သင်တန်းတွေပြန်တက်နိုင်တယ်"ဟု အသက် ၂၄ နှစ်အရွယ်အမျိုးသမီးတစ်ဦးကပြောသည်။

လေးဘက်နာရောဂါသည်ခုနစ်မျိုးရှိပြီး ကလေးလေးဘက်နာ အသက် ၅နှစ်မှ ၁၀ နှစ်အတွင်း ပိုးလေးဘက်နာသည် အသက် ၁၀နှစ်မှ ၁၆ နှစ်အတွင်း(အာသီးရောင်ရာမှပိုးစတင်ဝင်ပြီး အဆစ်နာခြင်းနှင့် နှလုံး အားထိခိုက်ခြင်းများဖြစ်နိုင်သည်)၊ အရေပြားလေးဘက်နာသည် အသက် ၁၈ မှ ၄၀ နှစ်အတွင်း၊ သွေးလေးဘက်နာသည် အသက် ၃၀ မှ ၆၀ နှစ်အတွင်း၊ တုံ့ပြန်လေးဘက်နာသည် အသက် ၂၀ မှ ၄၀နှစ်အတွင်း အမျိုးသားများတွင် အဖြစ်များသည့် ခါးဆစ်ရောင်လေးဘက်နာသည် အသက် ၂၀ မှ ၅၀ နှစ်အတွင်း၊ အရေပြားထူလေးဘက်နာသည် အသက် ၁၆နှစ်မှ စတင်ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

သွေးလေးဘက်နာသည် ခုခံအားစနစ်များပြားခြင်းကြောင့်ဖြစ်ပွားခြင်းဖြစ်ပြီးဆေးကုသသည့်အခါ အကိုက်အခဲပျောက်ဆေး၊ ခုခံအားထိန်းဆေးနှင့် စတီးရွိုက်ဆေးများအသုံးပြု၍ ကုသရကြောင်း သိရသည်။

# နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့သည် ဝင်ငွေနှင့်ဆက်စပ်နေ

ဆန်ဖရန်စစ္စကို၊ ဇူလိုင် – ၁၂

နှလုံးရောဂါနှင့် လေဖြတ်ခြင်းဆိုင်ရာရောဂါများအကြောင်းကို နိုင်ငံပေါင်း ၁၉၂ နိုင်ငံအား နှိုင်းယှဉ်လေ့လာခဲ့ရာတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံမတူ ကွဲပြားခြားနားနေကြောင်း၊ သို့သော် ရောဂါဖြစ်ပွားမှုမှာ နိုင်ငံ၏ အမျိုးသားဝင်ငွေအပေါ်တွင်လည်း မူတည်နေကြောင်း အမေရိကန်သုတေသီများကပြောကြားသည်။



ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လေဖြတ်ခြင်းကြောင့် သေဆုံးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်း ပိုများသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများ၌ နှလုံးရောဂါကြောင့် သေဆုံးသူပိုများသည်ဟု ကယ်လီဖိုးနီးယားပြည်နယ်မှ ဒေါက်တာအန်သိုနီနှင့် ဒေါက်တာကလိုင်ဘွန်းတို့ကပြောကြားသည်။

ယေဘုယျအားဖြင့် နှလုံးရောဂါမှာ လူသေဆုံးခြင်းအကြောင်းရင်း နံပါတ်တစ်ရောဂါဖြစ်သော်လည်း ကွဲပြားခြားနားမှုရှိကြောင်းသိရသည်။ ဆီးရှဲလ်ကျွန်းနိုင်ငံလေးတွင် လူတစ်သိန်းလျှင် ၂၅ဦးသာ လေဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးသော်လည်း ကာဂျစ်စတန်နိုင်ငံတွင် လေဖြတ်ခြင်းကြောင့် သေဆုံးသူဦးရေ ၂၄၉ဦးရှိကြောင်းသိရသည်။

သို့သော် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ ဖြစ်ခြင်းအကြောင်းရင်းများမှာတူညီသည်။ ခန္ဓာကိုယ်အတွင်းပိုင်း အရေးကြီးသည့်အစိတ်အပိုင်းများသို့သွေးစီးဆင်းမှုလျော့ကျခြင်း(သို့မဟုတ်) သွေးအလုံအလောက် မစီးဆင်းခြင်းကြောင့်ဖြစ်သည်။ ရောဂါဖြစ်စေနိုင်သည့် အန္တရာယ်များလည်း ဆင်တူပြီး သွေးတိုးခြင်း၊ ဆီးချိုရောဂါဖြစ်ခြင်း၊ ကိုလက်စထရောဓာတ်များခြင်း၊ အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကြောင့် ယင်းရောဂါများ ဖြစ်ပေါ်နိုင်ကြောင်း သုတေသီများကပြောကြားသည်။ အာရှ၊ အာဖရိက၊ တောင်အမေရိကနှင့်တရုတ်နိုင်ငံတို့တွင်လေဖြတ်ခြင်းပိုများကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။

—Ref: UPI

## စာ-၁၃၊ ပြည့်စုံသည့်ဝန်ဆောင်မှုနှင့်အတူ လျှောက်လှမ်းရမည့် Medical Tourism လမ်းကြောင်း မှ

မြန်မာနိုင်ငံတွင်ရှိသည့် အထူးကုဆေးခန်းများမှ အမည်ပြောင်းထားသည့်အထူးကုဆေးရုံကြီးများနှင့် ယခင်ကပင်ရှိခဲ့သည့် အထူးကုဆေးရုံကြီးသည် အဆိုပါ JCI လက်မှတ်ရရှိထားခြင်း မရှိသေးဟုသိရသည်။

အလားတူ ပြည်ပနိုင်ငံရှိ ဆေးရုံကြီးများနှင့် ပြည်တွင်းရှိ အထူးကုဆေးရုံကြီးများ၏ ဝန်ဆောင်မှုသည်လည်း ကွာခြားမှုရှိနေသေးကြောင်းသိရသည်။

"တစ်ခါကအသိတစ်ယောက်က အခုမှအထူးကုဆေးရုံကြီးလို့ နာမည်ပြောင်းလိုက်တဲ့ပုဂ္ဂလိကဆေးခန်းကြီးတစ်ခုမှာကလေးမွေးလို့သွားကြည့်တော့ အဲဒီအချိန်မှာပဲ သူ့ကို မွေးပေးတဲ့အိုဂျီဆရာဝန်ကြီး round တဲ့အချိန်နဲ့ သွားတိုးတယ်။အထူးကုဆရာဝန်ကြီးကတော့ ချိုချိုသာသာနဲ့ ဝင်လာပြီး သမီးနေကောင်းလား ဘာလား ညာလားမေးနေတယ်။ ဒါပေမဲ့ သူ့နောက်ကပါလာတဲ့ ဆရာဝန်မအငယ်တစ်ယောက်က မဝင်လာခင်မှာပဲ တံခါးခေါက်တယ်။ ဖွင့်ပေးလိုက်တော့ဆရာကြီးလာတယ်ဆိုပြီး မျက်နှာတည်တည်နဲ့ ပြောတယ်။ လက်ထဲမှာလည်း လူနာမှတ်တမ်းပြားလေးကို ကိုင်ထားတယ်။ မျက်နှာက တစ်စက်မှပြုံးချိုတာမရှိဘူး။ ပြန်ထွက်သွားတော့လည်း သူ့လက်ထဲကိုင်ထားတဲ့ လူနာမှတ်တမ်းကတ်ပြားလေးကို အနီးက စားပွဲပေါ် ပစ်တင်သွားပြီး ထွက်သွားတာတွေ့လိုက်ရတယ်"ဟု ကိုယ်တိုင်ကြုံခဲ့ရသော အသက်သုံးဆယ်အရွယ် ကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ထို့အတူပင် အခြားပုဂ္ဂလိကဆေးရုံကြီး တစ်ခုတွင်လည်း ၎င်းသူငယ်ချင်း၏အမေ တက်ရောက်ကုသမှုခံယူစဉ်ကလည်း ညဥ့်နက်ပိုင်းတွင် လိုအပ်မှုတစ်ခုကြောင့်သူနာပြုခေါ်ရာတွင်သူနာပြုထံမှ အပြုံးတစ်စုံတစ်ရာမတွေ့ရှိခဲ့ရကြောင်း ထပ်မံပြောပြသည်။

"နိုင်ငံခြားက ဆေးရုံတွေကတော့ အထူးသဖြင့် ထိုင်းနိုင်ငံက ဆေးရုံတွေကတော့ လူနာရှင်ကအားနာရလောက်အောင်ကို ဝန်ဆောင်မှုကောင်းတာ တွေ့ရတယ်။ ဒါကြောင့်လည်း လူနာဘက်က ဘယ်လောက်ပဲကုန်ကုန် ပေးရတာ တန်တယ်ဆိုတဲ့အသံတွေထွက်လာတာဖြစ်ရမယ်"ဟု ဆရာဝန်တစ်ဦးကပြောသည်။

ပြည်ပရှိဆေးရုံကြီးများသည် Medical Torism လုပ်ကိုင်လာသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်သည့်အတွက်ဝန်ဆောင်မှုပိုင်းတွင် လူနာကျေနပ်သည်အထိပေးစွမ်းနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

"ဟိုမှာက လုပ်ကိုင်စားသောက်တတ်ပြီပေါ့နော်။ ဥပမာ အထူးဆေးစစ်ဆေးခြင်းလိုဟာမျိုးတွေ မြန်မာပြည်မှာ အကုန်လုပ်လို့ရတယ်။ ဒါပေမယ့် ဟိုမှာက ဝင်လာကတည်းက ဆေးရုံကြီးတွေကို ကြယ်ငါးပွင့် ဟိုတယ်လိုပြန်နေအောင်လုပ်ထားတယ်"ဟု အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင်လည်း ဆရာဝန်၊သူနာပြုအစရှိသည့် လူသားအရင်းအမြစ်များသာမက ကမ္ဘာလှည့်ခရီးသွားများအားဆွဲဆောင်နိုင်သည့် နေရာအများအပြားရှိသော်လည်း အဆိုပါ Medical Tourism အတွက်ဆွဲဆောင်နိုင်မှု မရှိသေးကြောင်းသိရသည်။

သို့သော် မကြာခင် အချိန်တွင်အဆိုပါအဆင့်သို့ ရောက်ရှိလာနိုင်မည်ဟု မျှော်မှန်းသူများလည်းရှိသည်။

"အခုတော့ ဆေးရုံအသစ်တွေလည်းစဖွင့်နေပြီ။ နိုင်ငံတကာစံချိန်မီတဲ့ ဆေးရုံတွေ မကြာခင်ဖြစ်လာတော့မယ်လို့ထင်တယ်၊ အချို့လည်းအခုကတည်းက လုပ်နေကြတာတွေရှိနေပြီ။ အဲဒီလိုဆိုရင်တော့မကြာခင်မှာဘဲ Medical Tourism အတွက် ဖြစ်လာတော့မယ်ထင်တယ်"ဟု ထိုင်းနိုင်ငံ ဆင်မီတာဝေ့ဆေးရုံကြီး၏ မြန်မာနိုင်ငံကိုယ်စားလှယ် ဦးချားစ်ကပြောသည်။

သို့သော်လက်ရှိအခြေအနေတွင်မူ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံအများစုသည် လူနာများကြိုက်နှစ်သက်သည့်ဝန်ဆောင်မှု၊ ဆေးရုံအဆောက်အအုံ စသည်များ မမီသေးကြောင်း အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

"လက်ရှိလည်ပတ်နေတဲ့ အထူးကု ဆေးခန်း၊ဆေးရုံတွေကအပြည်ပြည်ဆိုင်ရာ စနစ်ကိုမမီသေးဘူး အဆောက်အအုံမီချင်မီမယ် ဆေးရုံ အုပ်ချုပ်မှုစနစ်လိုသေးတယ်။ ဆေးရုံကြီးတွေအနေနဲ့ ပြုပြင်ဖို့က Over Load ဖြစ်နေတယ်။ အခန်းမလောက်ဘူး။ ဆရာဝန်မလုံလောက်ဘူး၊ စမ်းသပ်ခကိုလည်း သူ့အဆင့်နဲ့သူ သတ်မှတ်ရမယ်။ မတတ်နိုင်တဲ့သူကိုလည်း မတတ်နိုင်သလိုကြည့်ပေးရမယ်၊ တတ်နိုင်တဲ့သူကိုလည်း တတ်နိုင်သလိုကြည့်ပေးရမယ်။ အဲဒီလိုစနစ်တွေပေါ်လာသင့်တယ်" ဟု ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

ပေးဆပ်ရသည့် ကုန်ကျစရိတ်နှင့်ထိုက်တန်သည့်ဝန်ဆောင်မှုများရှိလာပါက ပြည်တွင်းရှိ ပုဂ္ဂလိက ဆေးရုံကြီးများသည်လည်း လူနာများ၏ အားကိုးမှုကို ပိုမိုရရှိလာကြမည်ဖြစ်ပြီး ပြည်ပမှ လူနာများ၏ လာရောက်ကုသမှုများလည်း ရှိလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

## မန္တလေးမြို့တော်စည်ပင်သာယာနယ်မြေအတွင်းအခြေအနေမဲ့ တောင်းရမ်းစားသောက်သူများကိုဖမ်းဆီးအရေးယူ


စိုင်းသာအောင်

**မန္တလေး၊ ဇူလိုင်- ၁၄**

မန္တလေးမြို့တော်ဧရိယာအတွင်း အခြေအနေမဲ့ တောင်းရမ်းစားသောက်သူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနနှင့်မြို့တော်စည်ပင်ရဲတပ်ဖွဲ့တို့က ဇူလိုင်လ ပထမပတ်အတွင်းဖမ်းဆီးဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိခဲ့ကြောင်း လမ်း ၃၀၊ ဘူတာကြီးအရှေ့ဘက်ရှိဆိုင်များမှသိရသည်။

ဘူတာကြီးအရှေ့ဘက်သည် လူစည်ကားသောနယ်မြေဖြစ်ပြီး တောင်းရမ်းစားသောက်သူအချို့က နိုင်ငံခြားသားများလာသော ဓာတ်ပုံဆိုင်၊ စတိုးဆိုင်များတွင် စောင့်ဆိုင်းပြီး ပိုက်ဆံတောင်းခြင်း၊ အချို့က ဆေးရုံကြီးရှေ့တွင် အနယ်နယ်အရပ်ရပ်မှလာသောသူများကိုပိုက်ဆံတောင်းရမ်းကြသည်ကိုတွေ့ရကြောင်း ဇူလိုင်လ ဒုတိယပတ်အတွင်းတောင်းရမ်းသူများကို မတွေ့ရတော့ကြောင်း လမ်း ၃၀၊ ၇၇×၇၈ ကြားဓာတ်ပုံဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။

အလားတူဘူတာကြီးအရှေ့ဘက် လမ် ၃၀၊ ၇၇×၇၈ ကြား လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက "ကျွန်တော်တို့ဆိုင်မှာ လာရောက်စားသောက်သူတွေကိုနေ့စဉ်တောင်းရမ်းသူ ဆယ်ဦးခန့်ရှိတယ်။ အသက်ငယ်သူရော၊ အသက်ကြီးသူရောပါတယ်။ ကိုယ်ရေပြားရောဂါသည်တွေလည်းပါတယ်။ ဆိုင်ထဲက စားသောက်သူတွေကို ဆိုင်အထွက်ကစောင့်ပြီး တောင်းတယ်။ အခုဒီရက်ပိုင်းတော့ တောင်းရမ်းစားသောက်သူတွေ မတွေ့ရတော့ဘူး။ မြို့တော်စည်ပင်က ဖမ်းဆီးအရေးယူထားတယ်လို့ သိရပါတယ်" ဟုပြောသည်။



*မန္တလေးမြို့၏ လူစည်ကားရာနေရာများမှ တောင်းရမ်းစားသောက်သူ ၂၉ ဦးအား ယခုလအတွင်း ဖမ်းဆီးရမိခဲ့သည်*

ဓာတ်ပုံ - အားမာန်

*စာ(၁၈) သို့*

## ဇနီးသည်ကိုသတ်ပြီး မိမိကပ်ပယ်အိတ်ကိုပါ လှီးဖြတ်သည့်အမှုဖြစ်ပွား

မင်းဒင်

**မန္တလေး၊ ဇူလိုင်- ၁၄**

အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးသည် မိမိထက်အသက်ထက်ဝက်ငယ်သည့် ဇနီးသည်နှင့် စကားများရန်ဖြစ်ရာက သတ်မိပြီး မိမိကပ်ပယ်အိတ်ကိုပါ ဓားနှင့်လှီးဖြတ်လိုက်သဖြင့် ဆေးကုသမှုခံယူခဲ့ရကြောင်း စုံစမ်းသိရသည်။

ဖြစ်ပွားပုံမှာ ဇူလိုင်လ ၉ ရက်က ငါးပြားပေးရပ်ကွက် စဥ့်ကူးမြို့နေသူ လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာမှ ဇနီးသည်အား ဓားနှင့်ထိုးသတ်ခဲ့ရာ ဇနီးသည်မှာ သေဆုံးသွားခဲ့သည်။ ထို့အပြင် ခင်ပွန်းသည်က မိမိကပ်ပယ်အိတ်ကိုပါ ဓားနှင့်လှီးဖြတ်ခဲ့ရာ ၎င်းဒဏ်ရာဖြင့်စဥ့်ကူးဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စဥ့်ကူးမြို့နယ် လက်ပံလှရဲစခန်းတွင် (ပ)၆၈/ ၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မန္တလေးရှိ ပွဲ့ုံများ အလုပ်သမားခတိုးမြှင့်ရန် သတ်မှတ်

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၁၆**

မန္တလေးကုန်စည်ဒိုင်နှင့် ချိတ်ဆက်လုပ်ကိုင်နေရသော မန္တလေးမြို့ရှိ ပဲနှမ်းပွဲရုံများ၊ ဆီစက်များတွင် အလုပ်သမားခနှုန်းထားများပြောင်းလဲရန် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

ယခင်က ကုန်ကျစ်ပစ္စည်းဟုခေါ်သည့်ပဲအမာများချခ၊ ချိန်ခ၊ သိမ်းခ၊ တင်ခ၊ ရောပုံခစုစုပေါင်းကို သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၊ တစ်တင်းခွဲဝင်တစ်အိတ်လျှင် ၁၅ကျပ်နှုန်းထားမှ ယခု သုံးတင်းဝင်တစ်အိတ်လျှင် ၅၀ ကျပ်၊ တစ်တင်းခွဲဝင်တစ်အိတ်လျှင် ၂၅ ကျပ်သို့လည်းကောင်း၊ ကုန်ပွပစ္စည်းဟုခေါ်သည့် နံနံ၊ ဆီနေကြာ၊ လှော်နေကြာ၊ ငရုတ်၊ မြေပဲတောင့်၊ ကြက်ဆူစေ့ အစရှိသည်များ ချခ၊ ချိန်ခ၊ သိမ်းခ၊ တင်ခစုစုပေါင်းကို သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၊ တစ်တင်းခွဲဝင် တစ်အိတ်လျှင် ၁၅ ကျပ်နှုန်းမှ ယခု သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀၊ တစ်တင်းခွဲဝင် တစ်အိတ်လျှင် ၂၅ ကျပ်သို့လည်းကောင်း၊ မှို့ဂွမ်းပိဿာ ၁၀၀ အတွက်ချခ၊ ချိန်ခ၊ တင်ခစုစုပေါင်း ၁၅၀ ကျပ်မှ ယခု ၂၀၀ ကျပ်သို့လည်းကောင်း၊ ဆီကြိတ်ဖတ်များပိဿာ ၁၀၀ အတွက်ထည့်ခ၊ ချိန်ခ၊ တင်ခစုစုပေါင်း ၇၅ကျပ်မှ ၁၀၀ ကျပ်သို့လည်းကောင်း အသီးသီး တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လုပ်သားခတွေ တက်ပေးတာ ကောင်းပါတယ်။ ခုလို အရောင်းအဝယ်ပါးတဲ့ကာလမှာ တိုးပေးတော့ အလုပ်သမားတွေလည်း အဆင်ပြေတာပေါ့"ဟု မန္တလေးမြို့ရှိပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

## ဆိုင်ကယ်သီးသန့်လမ်းကြောင်းများ သတ်မှတ်ရန်စီစဉ်

ထူးသန့်

**နေပြည်တော်**
**ဇူလိုင်-၁၄**


ယာဉ်မတော်တဆမှုများတွင် အရေအတွက် အများဆုံးနေရာမှပါဝင်နေသော မော်တော်ဆိုင်ကယ်များအတွက် သီးသန့်လမ်းကြောင်းများ သတ်မှတ်သွားရန် စီစဉ်နေကြောင်း ယနေ့ကျင်းပသော ယာဉ်စည်းကမ်းအစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

"လမ်းမကြီးတွေရဲ့ ညာဘက်ဆုံးလမ်းကြောကို မျဉ်းဝါဆွဲပြီး ဆိုင်ကယ်သီးသန့် လမ်းကြောအဖြစ် သတ်မှတ်ဖို့ ဒီနေ့အစည်းအဝေးမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ဆွေးနွေးခဲ့တယ်။ ဒီအစီအစဉ်က ကောင်းပါတယ်။ အဲဒါကို ထပ်ပြီး ဆွေးနွေးသွားလိမ့်မယ်လို့လည်း ထင်တယ်" ဟု ၎င်းက ပြောကြားသည်။

တရားမဝင် ပြေးဆွဲလျက်ရှိသော ကယ်ရီဆိုင်ကယ်များနှင့် ပတ်သက်၍လည်း နည်းလမ်းရှာဖွေလျက်ရှိကြောင်းယခင် ကျင်းပခဲ့သည့်အစည်းအဝေးများမှ သိရသည်။

"ကယ်ရီကိစ္စက ဥပဒေအရ တရားမဝင်တော့ အသင်းဖွဲ့ပေးလို့လည်း မရဘူး။ လုံးဝပိတ်ပင်တားမြစ်လို့ကလည်း မရပြန်ဘူး။ ခရီးသွားအတော်များများက ကယ်ရီကိုပဲ အားကိုးနေရသေးတယ်။ ဒါပေမဲ့ ကယ်ရီသမားတွေအနေနဲ့ စည်းကမ်းတကျလေးဖြစ်နေရင်တော့ အားလုံးအဆင်ပြေတာပေါ့"ဟူ၍ ယာဉ်စည်းကမ်းအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ်အတွင်း ယာဉ်မတော်တဆမှု ၃၁၀ ကျော်ဖြစ်ပွားခဲ့ပြီး ၁၇၀ ဦးသေဆုံးခဲ့ကာ မော်တော်ဆိုင်ကယ်ဖြင့် ပါဝင်ပတ်သက်မှုက အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ - ဂျော့မောင်မောင်(အမရပူရ)




7DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

# ဓာတ်မြေဩဇာဈေးကွက်သို့ ပြင်ပလုပ်ငန်းရှင်များဝင်ရောက်

**ထူးသန့်**
**နေပြည်တော်၊ ဇူလိုင်-၁၃**

တစ်နှစ်လျှင် ယူရီးယား(ပုလဲ) ဓာတ်မြေဩဇာတန်ချိန် ခြောက်သိန်းခန့် လိုအပ်နေသော မြန်မာနိုင်ငံဓာတ်မြေဩဇာဈေးကွက်အတွင်းသို့ စိုက်ပျိုးရေးနှင့် မသက်ဆိုင်သောပြင်ပစီးပွားရေးလုပ်ငန်းရှင်များလည်း ဝင်ရောက်လုပ်ကိုင်လာကြကြောင်းသတင်းရရှိသည်။

“အခု ဒန်ပေါက်လုပ်ငန်း၊ နာရီဆိုင်၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ နာမည်ရတဲ့ လုပ်ငန်းကြီးတစ်ခုကလည်း ဓာတ်မြေဩဇာတင်သွင်းဖို့ လုပ်နေတယ်။ သူတို့က မလေးရှားကနေ တင်သွင်းမယ်လို့ သိရတယ်။ ပစ္စည်းမှန်၊ ဈေးမှန်ဆိုရင်တော့ ဝမ်းသာစရာပါပဲ”ဟူ၍ စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောကြားသည်။


မြန်မာနိုင်ငံ၏ ဓာတ်မြေဩဇာသုံးစွဲမှုနှုန်းထားမှာ လာအိုနှင့် ကမ္ဘောဒီယားနိုင်ငံများမှလွဲလျှင် အနိမ့်ဆုံးဖြစ်နေပြီး ဧက ၂၀ လျှင် တစ်အိတ်နှုန်းထားရှိနေသေးကြောင်း သိရပြီး လက်ရှိအခြေအနေတွင် ပစ္စည်းရှားပါးနေပြီး တောင်သူများ အလုံအလောက်သုံးစွဲနိုင်ရန် ခက်ခဲနေကြောင်းလည်း နေပြည်တော်ဒေသခံလယ်သမားအချို့က ဆိုသည်။၎င်းအပြင် ပြည်တွင်းဖြန့်ဖြူးလျက်ရှိသော မြေဩဇာအမှတ်တံဆိပ်များမှာလည်း ယခင်က ၅၅၀ ခန့်သာရှိခဲ့သော်လည်း အရေအတွက် များပြားလာကာ လပိုင်းအတွင်း၌ပင် အရေအတွက် ၆၆၀ ကျော်အထိရှိလာကြောင်း သိရှိရသည်။ ဈေးကွက်အတွင်း ဇီဝမြေဩဇာ၊ သဘာဝမြေဩဇာ ဟူ၍ အမည်တပ်ရောင်းချနေသော မြေဩဇာများကိုလည်း သေချာစစ်ဆေးသင့်ကြောင်း စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

# မန္တလေးကုန်စည်ဒိုင်တွင် ညှော်ဝင်ကြေးများ ပြောင်းလဲ

**ညီညီဇော်**
**မန္တလေး၊ ဇူလိုင် – ၁၆**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင်ဧည့်ဝင်ကြေးနှုန်းထားများ ဇူလိုင် ၁၆ ရက်မှစ၍ ပြောင်းလဲကောက်ခံလျက်ရှိကြောင်းသိရသည်။

ယခင်က ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ဧည့်ဝင်ကြေးကျပ် ၂,၀၀၀ မှယခုကျပ်၅,၀၀၀ သို့လည်းကောင်း၊ယခင်က နိုင်ငံခြားသားဧည့်သည်တစ်ဦးလျှင်ကျပ် ၁၀,၀၀၀ မှ ယခု ကျပ် ၁၅,၀၀၀ နှုန်းသို့လည်းကောင်း ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မန္တလေးကုန်စည်ဒိုင်အတွင်းသို့ ပြည်တွင်း ပြည်ပဧည့်သည်များ ကုန်စည်ဒိုင်ဖွင့်ရက်တိုင်း ဝင်ရောက်လေ့ရှိပြီးနိုင်ငံခြားဧည့်ဝင်ရောက်မှုမှာ ပုံမှန်မရှိဘဲပြည်တွင်းဧည့်သည်မှာမူ တစ်ရက်လျှင် ၁၅ ယောက်ဝန်းကျင်ဝင်ရောက်ကြောင်း ကုန်စည်ဒိုင်ဧည့်အဝင်စိစစ်သည့် တာဝန်ရှိသူကပြောသည်။















7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# နွေစပါးစိုက်ခင်းအချို့အနှံခြောက်ရောဂါကျရောက်


**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင်-၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ နွေစပါးစိုက်ခင်းအချို့ စပါးအနှံထွက်လာသော်လည်း စိုက်ခင်းများအတွင်း အနှံခြောက်ရောဂါကျရောက်မှုများရှိနေကြောင်း ဒေသခံလယ်သမားအချို့ကပြောသည်။ "တစ်ခါမှ မကြုံဖူးဘူး။ အနှံ ထွက်လာခါမှ ထွက်လာတဲ့အနှံ ကလည်း အနှံခြောက်ဖြစ်သွားတော့ စိတ်ဓာတ်ကျတယ်။ ဘာပဲပြောပြော အထွက်နှုန်းကတော့ လျော့မှာပဲ"ဟူ၍ လယ်သမားတစ်ဦးကပြောကြားခဲ့ပြီး ထိုကဲ့သို့ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းကိုလည်း မသိရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး နေပြည်တော် ပျဉ်းမနားနှင့် လယ်ဝေးမြို့ကြားရှိ လယ်ကွက်များတွင် တွေ့ရခြင်းဖြစ်ပြီး၊ မြေဩဇာသုံးစွဲမှု မမျှတခြင်းကြောင့်ဖြစ်နိုင်ကြောင်းလည်း စိုက်ပျိုးရေးဘွဲ့ရဆန်စက်လုပ်ငန်းရှင်တစ်ဦးက၎င်း၏အမြင်ကိုပြောကြားသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝါရင့်ပညာရှင်တစ်ဦးကမူ "နှံစုပ်ပိုး ကျရောက်တာလည်း ဖြစ်နိုင်တယ်။ မှိုကျတာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ဝတ်မှုန်ကူးချိန် မိုးရွာလို့ အနှံမအောင်တာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ဆီကို အနှံယူလာပြီးပြရင်တော့ သေချာပြောနိုင်ပါတယ်" ဟူ၍ရှင်းလင်းပြောကြားသည်။



# မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးရေးသင်တန်း ထိုင်းပညာရှင်ပို့ချ

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်- ၁၄**

မြန်မာနိုင်ငံတွင် မြေငလျင်လှုပ်ရှားမှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးရေးစီမံကိန်းအတွက် မန္တလေးမြို့တွင် ထိုင်းနိုင်ငံမှ ပညာရှင်တစ်ဦးက ဇူလိုင်လ ဒုတိယပတ်အတွင်းက သင်တန်းလာရောက်ပို့ချခဲ့ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး) ဥက္ကဋ္ဌဦးထွန်းကြည်က 7Day News သို့ပြောသည်။

ယင်းသင်တန်းသို့မြို့တော်စည်ပင်မှ အင်ဂျင်နီယာ ၁၀ ဦး၊ မန္တလေးငါးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)မှ စာရင်းကောက်ယူရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မြေငလျင်အန္တရာယ်ဖြစ်ပေါ်ပါက အားနည်းချက်များအား လေ့လာဆန်းစစ်လေ့လာမည့်လုပ်ငန်းများဖြစ်သော အဆောက်အအုံ အမျိုးအစားအဆောက်အအုံလျှောက်ထားမှုနှင့် အခြေခံ အဆောက်အအုံများ၏သက်တမ်းများကို စာရင်းကောက်ယူပြုစုမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ထိုင်းနိုင်ငံ Asian Disaster Preparedness Centre မှ စီမံကိန်းမန်နေဂျာ Dr. Peeraman Townshinapnim က စစ်တမ်းကောက်ယူရမည့် အဆောက်အအုံအခြေအနေတို့ကို စာတွေ့လက်တွေ့ပို့ချသင်ကြားခဲ့ကြောင်း သိရသည်။

# မြင်းမူ၊ ချောင်းဦးမြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် - ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်အတွင်း မျက်စိဝေဒနာရှင် ၄,၈၉၆ဦးအား ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၈ ရက်အထိ မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ကုသပေးရန်စီစဉ်ထားကြောင်း သိရှိရသည်။

"စက္ခုဒါန မျက်စိအလင်းရောင်အလှူတော်အဖြစ် မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်အတွင်း မျက်စိကုသမှုခံယူမည့် မျက်စိဝေဒနာရှင် ၄,၈၉၆ ဦးကို ဇူလိုင်လ ၃၀ ရက်မှာ မျက်စိ ကုသမှုအစီအစဉ်ဖွင့်ပွဲအခမ်းအနားနဲ့အတူ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ ပူးပေါင်းကုသပေးသွားမှာဖြစ်ပါတယ်။ ဆေးဝါးကုသမှုခံယူမယ့် မျက်စိဝေဒနာရှင်တွေ နားနေရေး၊ ဆက်သွယ်ရေး၊ သွားလာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ဒေသခံတာဝန်ရှိသူများပံ့ပိုးကူညီမှုဖြင့် အခမဲ့ဆေးဝါးကုသပေးမှာဖြစ်တယ်။ မျက်မှန်နဲ့ဆေးဝါး အခမဲ့ပေးဝေသွားဖို့ စီစဉ်ထားပါတယ်။ မျက်စိဝေဒနာရှင်တွေ ဆေးဝါးကုသမှုခံယူချိန်မှာ စားသောက်ရေးအတွက် ကုသရေးအဖွဲ့က တာဝန်ယူသွားမှာဖြစ်ပါတယ်။ စက္ခုဒါန မျက်စိအလင်းရောင်အလှူတော်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၅၀၀ ကျော်ကုန်ကျနိုင်တယ်" ဟု စက္ခုဒါနမျက်စိအလင်းရောင်အလှူတော်တာဝန်ခံ အကျိုးတော်ဆောင်ဆရာတော် အရှင်ဝေပုလ္လသီရိက မိန့်ကြားသည်။

မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ မျက်စိဝေဒနာမှ ကင်းလွတ်စေရေးနှင့် အမြင်အာရုံပြန်လည်ကောင်းမွန်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ စက္ခုအလှူအား အထူးကုဆရာဝန်ကြီးများ ခွဲစိတ်ကုသမှုလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မျက်စိဝေဒနာရှင်များကုသပေးရန် ကြိုတင်စာရင်းများ ကောက်ခံထားကြောင်း သိရှိရသည်။

အဆိုပါစာရင်းများအရမြင်းမူမြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ ခုမှ ကျား ၉၂၉ ဦး၊ မ ၁,၉၃၃ ဦး၊ ပေါင်း ၂,၈၆၂ ဦး၊ မြောင်မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ ခုမှ ကျား ၅၃၆ ဦး၊ မ ၁,၂၂၀ ဦး၊ ပေါင်း ၁,၇၅၆ ဦး၊ ချောင်းဦးမြို့နယ်ရပ်ကွက်၊ ကျေး ရွာအုပ်စု ၃၂ ခုမှ ကျား ၁၁၃ ဦး၊ မ ၁၆၅ ဦး၊ ပေါင်း ၂၇၈ ဦး၊ စုစုပေါင်း မျက်စိဝေဒနာရှင် ၄၈၉၆ ဦး ဆေးဝါးကုသမှုခံယူမည်ဖြစ်ကြောင်း သိရသည်။

# ဓာတ်အားခွဲရုံများတိုးချဲ့မှုကြောင့် မော်လမြိုင်နှင့် သထုံမြို့တို့တွင် လျှပ်စစ်ဓာတ်အားပိုကောင်းလာ

**မိုင်ခရိုင်စကုပ်**

**မော်လမြိုင်၊ ဇူလိုင်- ၅**

လျှပ်စစ်မီးပြတ်တောက်မှုနည်းပါးစေရေးဗို့အားပြည့်မီရေးနှင့် တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ၂၀၁၀ စက်တင်ဘာလအတွင်း မောင်ငံရပ်ကွက်၊ အထက်လမ်းမကြီး၌ (33/11)kv (5) MVA မြောက်ခွဲရုံနှင့် ဈေးကြိုရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်းတွင် ၂၀၁၀ ဒီဇင်ဘာလက (33/11)kv (5)MVA တောင်ခွဲရုံတို့၌ ထရန်စဖော်မာ အသစ်များတိုးချဲ့တပ်ဆင်ပေးခဲ့သဖြင့် ယခုအခါ မော်လမြိုင်မြို့တွင် ဗို့အားပြည့်ပြည့်နှင့် လျှပ်စစ်မီးရရှိမှု အချိန်တိုးတက်လာသည်ဟုဒေသခံများထံမှ သိရသည်။

ထို့ပြင် သထုံမြို့အားဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရေးနှင့် ဗို့အားကောင်းမွန်စေရေးအတွက် (33/11)kv (5)MVA (မိန်း)ထရန်စဖော်မာအစား (33/11)kv (10) MVA ထရန်စဖော်မာအသစ်အား ဇူလိုင်လ ၂ ရက်တွင် အစားထိုးလဲလှယ်တပ်ဆင်ပေးခဲ့သဖြင့် ယခုအခါ သထုံမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးနေပြီးဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းလမ်းတစ်လျှောက် လျှပ်စစ်မီးတိုင်နှင့် ဓာတ်အားလိုင်းများတွင် Earth Ring, Earth Bar နှင့် Over Head Earth wire များ ကြံ့ခိုင်မှုပြုလုပ်ခြင်းနှင့် ဖြည့်စွက်တပ်ဆင်မှုလုပ်ငန်းများအား လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အသစ်တည်ဆောက်ပြီးစီးသော ဓာတ်အားခွဲရုံများ ဓာတ်အားလိုင်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နေမှုလုပ်ငန်းများအား ဇူလိုင်လ ၉ ရက်က ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်သန်းတို့က လိုက်လံစစ်ဆေးကြီးကြပ်ကွပ်ကဲမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါမိုးရာသီကျရောက်လာပြီဖြစ်သောကြောင့် ပြည်သူများ လျှပ်စစ်သတိရှိစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ဗီနိုင်းနှင့် ပိုစတာများ၊ နံရံကပ်ပိုစတာများစိုက်ထူခြင်းလုပ်ငန်းအား မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ချင်းတွင်းမြစ်အထက်ပိုင်း မိုးကောင်းသည်ဆိုသော်လည်း မုံရွာဒေသစိုက်ပျိုး ရေမရရှိသေးဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်-၁၅**

ယခုနှစ်ဇွန်လဆန်းမှစ၍ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လာခဲ့သော်လည်း မုံရွာဒေသစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေလုံလောက်အောင် မရရှိသေးသဖြင့် မြေအောက်ရေဖြင့်သာ အဓိကထားစိုက်ပျိုးနေရကြောင်း ချင်းတွင်းရေဝင်ဒေသတောင်သူများကပြောသည်။



ဓာတ်ပုံ - မျိုးမင်းဦး

**နန်းတင်ရေနုရသည်အထိ ရေမတိုးသေးသည့် ချင်းတွင်းမြစ်**

"ချင်းတွင်းမြစ်အထက်ပိုင်းဒေသတွေမှာ ဇူလိုင်လဆန်းပိုင်းနေ့ရောညပါမိုးကောင်းနေတယ်။ ချင်းတွင်းမြစ်အောက်ပိုင်းမှာ နေရာကွက်ကျားမိုးရွာတယ်ဆိုပေမယ့် နေ့အပူချိန်ရော သိသိသာသာမြင့်တက်လာတယ်။ အပူချိန်မြင့်တက်နေတဲ့ ချင်းတွင်းမြစ်အောက်ပိုင်းမှာ အထက်ပိုင်းက သည်းသည်းထန်ထန် ရွာတဲ့မိုးကြောင့် ချင်းတွင်းမြစ်ရေ တရိပ်ရိပ်တက်လာပြီး မြစ်လုံးပြည့်လာတယ်။ မြစ်လုံးပြည့် ချင်းတွင်းမြစ်ရေတက်ပေမယ့် ချင်းတွင်းရေဝင်ဒေသစိုက်နိုင်ပျိုးနိုင်လောက်အောင် စိုက်ပျိုးရေ မရသေးဘူး။ ချင်းတွင်းမြစ်ရေဝင်တဲ့အခါ စိုက်ခင်းတွေအတွက် မြေဩဇာစရိုက်သက်သာပြီး သဘာဝနုန်းတင်မြေနုကြောင့် စိုက်ခင်းအထွက်တိုးတဲ့အတွက် တောင်သူတွေချင်းတွင်းမြစ်ရေတက်ချိန်ကိုမျှော်နေတယ်" ဟု ချင်းတွင်းမြစ်ရေဖြင့် အဓိက စိုက်ပျိုးသော မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာဒေသခံ တောင်သူတစ်ဦးကပြောသည်။

မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဝင်ဒေသ စိုက်ပျိုးရေလုပ်ငန်းသည် ချင်းတွင်းမြစ်ရေကျချိန်နုန်းတင်မြေနုတွင် စိုက်ပျိုးရသဖြင့် သီးနှံအထွက်နှုန်းကောင်းမွန်ခဲ့ပြီး လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ ချင်းတွင်းမြစ်ရေလုံလောက်စွာ မရရှိသဖြင့် စိုက်ခင်းများတွင် ဓာတုမြေဩဇာများ လိုအပ်သည်ထက်အလွန်အကျွံသုံးစွဲခဲ့ရကြောင်း သိရှိရသည်။

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## မွန်ပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းကျဆင်း

မိုင်ခရိုစကုပ်

**မော်လမြိုင်၊ ဇူလိုင်- ၁၂**

မိုးဦးကာလတွင် သွေးလွန်တုပ်ကွေးရောဂါစတင်ဖြစ်ပွားလေ့ရှိသော်လည်း ၂၀၁၁ ခုနှစ်၊ မေလ ဆန်းမှစတင်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မွန်ပြည်နယ်(၁၀)မြို့နယ်အတွင်း ကျန်းမာရေးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်းသွေးလွန်တုပ်ကွေးအဖြစ်များလေ့ရှိသည့် မော်လမြိုင်၊ သံဖြူဇရပ်၊ ချောင်းဆုံ၊ မုဒုံနှင့် ပေါင်မြို့နယ်များတွင် ပိုးလောက်လန်းသတ်ဆေး(အဘိတ်ဆေး) ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့်ကြိုတင်ကာကွယ်မှုများပြုလုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်အထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုမှာ မော်လမြိုင်မြို့တွင်(၃၈)ဦး၊ သံဖြူဇရပ်တွင် (၅၉)ဦး၊ ချောင်းဆုံတွင် (၉)ဦး၊ မုဒုံတွင်(၃၂)ဦး၊ ပေါင်တွင်(၂၉)ဦး၊ ရေးတွင်(၁၈)ဦး၊ ကျိုက်ထိုတွင်(၁)ဦး၊ ဘီးလင်းတွင်(၂)ဦး၊ သထုံတွင်(၂)ဦး၊ ကျိုက်မရောတွင်(၂၇)ဦး၊ စုစုပေါင်း(၂၁၇)ဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး အဖိတ်အစဉ် မရှိခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ၂ နှစ်(သို့မဟုတ်)၃ နှစ်တွင် တစ်ကြိမ်ဖြစ်ပွားမှုနှုန်းကြီးမားလေ့ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပွားမှုနှုန်းများပြားခဲ့ခြင်း ကျန်းမာရေးဦးစီးဌာနမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်ခဲ့ကြခြင်းကြောင့် မွန်ပြည်နယ်အတွင်းယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းနည်းပါးခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဆိုင်ကယ်အချို့တွင် တပ်ဆင်ထားသောဟွန်းသံများကြောင့် အများပြည်သူထိတ်လန့်ဖွယ်ရာ ကြုံတွေ့

မျိုးမင်းဦး

**မုံရွာ၊ ဇူလိုင်-၁၆**

မုံရွာမြို့တွင် မောင်းနှင်လျက်ရှိသည့် မော်တော်ဆိုင်ကယ်အချို့၌ တပ်ဆင်ထားသော ဟွန်းသံများကြောင့် အများပြည်သူများ ထိတ်လန့်ဖွယ်ရာကြုံတွေ့ခဲ့ရကြောင်း မုံရွာဒေသခံယာဉ်မောင်းများ၏ပြောပြချက်များအရ သိရှိရသည်။



ဓာတ်ပုံ-အားမာန်

"မုံရွာမြို့ပေါ် လမ်းမကြီးတွေမှာ မောင်းနှင်လျက်ရှိတဲ့ ဆိုင်ကယ်တွေမှာ သာမန်ဆိုင်ကယ်ဟွန်းသံသာမကဘဲ အများပြည်သူများ ထိတ်လန့် တုန်လှုပ်မှုဖြစ်စေတဲ့ ဟွန်းသံတွေပါ တပ်ဆင်မောင်းနှင်လာတဲ့အတွက် ယာဉ်မောင်းတွေပါ အန္တရာယ်ကြုံတွေ့ခဲ့ရတယ်။ အချို့ဆိုင်ကယ်တွေဆို အရေးပေါ် အချက်ပြဟွန်းသံတွေပါ တပ်ဆင်မောင်းနှင်တဲ့အတွက် အခြားယာဉ်မောင်းတွေ ဘေးကပ်ရပ်ပေးရတဲ့အထိ ဖြစ်ခဲ့ရတယ်။ လူငယ်တွေလွဲမှားစွာ တပ်ဆင်ထားတဲ့ ဟွန်းသံကြောင့် အများပြည်သူတွေနဲ့ အခြားယာဉ်မောင်းတွေ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့အတွက် သက်ဆိုင်ရာက ထိထိရောက်ရောက် အရေးယူသင့်တယ်" ဟု မုံရွာဒေသခံ ယာဉ်မောင်းတစ်ဦးက ပြောသည်။

အရေးပေါ် အချက်ပေးအသံများပါဝင်သော ဟွန်းများကို တရုတ်နိုင်ငံမှ တင်သွင်းလာပြီး မုံရွာမြို့ပေါ် ဆိုင်ကယ်အပိုပစ္စည်း အရောင်းဆိုင်များတွင် အလွယ်တကူရောင်းချပေးလျက်ရှိရာနောက်ပိုင်း လူငယ်အများစုဆိုင်ကယ်များ၌ တပ်ဆင်သူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အများပြည်သူများ ထိတ်လန့်စေသော ဆိုင်ကယ်အိပ်ဇောဖွင့် မောင်းနှင်ခြင်း၊ အရေးပေါ်ဟွန်း၊ အဲယားဟွန်း တပ်ဆင်မောင်းနှင်သော ဆိုင်ကယ်များအား သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူငယ်အချို့ ဆိုင်ကယ်များတွင် တပ်ဆင်မောင်းနှင်သူများရှိနေဆဲဖြစ်ကြောင်း မုံရွာဒေသခံယာဉ်မောင်းများ ပြောပြချက်အရ သိရသည်။

## *စာ(၁၅) မန္တလေးမြို့တော် စည်ပင်သာယာနယ်မြေအတွင်းအခြေအနေမဲ့ တောင်းရမ်းစားသောက်သူများကို ဖမ်းဆီးအရေးယူ မှု*

မန္တလေးမြို့ ဈေးချိုတော်ဈေးသည်တစ်ဦးက "ဈေးချိုတော်ဧရိယာ ၈၄ လမ်း၊ ၂၆×၂၈ လမ်းကြားမှာ အကြောင်းကြောင်းနဲ့ တောင်းရမ်းစားသူတွေ တွေ့ရတယ်။ အချို့က အသက်ကြီးတယ်။ အချို့က အသက်ငယ်တယ်။ ကိုယ်အရေပြား ရောဂါသည်တွေလည်း တွေ့ရတယ်။ ပိုဆိုးတာက နိုင်ငံခြားဧည့်သည်တွေဆိုရင် နောက်ကလိုက်ပြီး ကပ်တောင်းနေကြတယ်။ မခွာတော့ဘူး။ နိုင်ငံခြားသားတွေကသူတို့ကို ဓာတ်ပုံရိုက်ယူသွားတယ်။ ပိုက်ဆံပေးတာတော့ သိပ်မတွေ့ရဘူး။ ဒီလိုတောင်းရမ်းသူတွေကြောင့် နိုင်ငံ့သိက္ခာကျတာတွေသိရတော့ စိတ်မကောင်းဘူး။ အသက်ကြီးတဲ့တောင်းရမ်းသူတွေကိုတော့ ပိုက်ဆံပေးပါတယ်။ အချို့ အသက် ၇၀ ကျော် ၈၀ ကျော် အခြေအနေမဲ့ တောင်းရမ်းသူတွေကိုတွေ့တော့ သနားပြီး ကျပ်နှစ်ရာကနေကျပ်ငါးရာအထိပေးပါတယ်။ အခုတော့ ဈေးဝန်းကျင်မှာ တောင်းရမ်းသူတွေမတွေ့ရတော့ဘူး။ မြို့တော် စည်ပင်ကအရေးယူဆောင်ရွက်ထားတယ်ဆိုတာ သိရပါတယ်"ဟု 7Day News သို့ ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဇူလိုင်ပထမပတ်အတွင်းက မြို့တော်ဧရိယာအတွင်း တောင်းရမ်းစားသောက်သူ ၈၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး ကိုယ်အရေပြားရောဂါသည် တောင်းရမ်းစားသောက်သူ ၅၀ ခန့်ကို ရေနံ့သာအနာကြီး ရောဂါကုဆေးရုံသို့ပို့ခဲ့သည်။ ကိုယ်လက်အင်္ဂါကောင်းမွန်ပြီး တောင်းရမ်းစားသောက်သူ ၂၉ ဦးကို စည်ပင်ဥပဒေပုဒ်မ ၂၆ အရ မြို့တော်စည်ပင်အထူးတရားရုံး (စည်ပင်သာယာ)သို့ ဇူလိုင် ၁၃ ရက်က တရားစွဲဆိုတင်ပို့ခဲ့ရာ ကျား ၁ ဦး၊ မ ၉ ဦးစုစုပေါင်း ၁၀ ဦးအား ဒဏ်ငွေ ၁၀,၀၀၀ ကျပ်တပ်ရိုက်ပြီး နောင်တောင်းရမ်းစားသောက်ခြင်းမပြုရန် ခံဝန်ချက်ရေးထိုးစေခဲ့ကြောင်း ကျန်ကျား ၁၃ ဦးနှင့် မ ၆ ဦးအား ထောင်ဒဏ် ၇ ရက် အပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း မြို့တော် စည်ပင်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့အတည်ပြုပြောကြားသည်။

## အတက်အကျကြမ်းသည့် ကောက်ပဲသီးနှံဈေးကွက်တွင် ရွှေဝယ်ယူသူပိုများဟုဆို

မျိုးမင်းဦး

**မုံရွာ၊ ဇူလိုင်-၁၆**

ယခင်နှစ်အတွင်း ကောက်ပဲသီးနှံဈေးကွက်တွင် ပြည်တွင်း ပြည်ပဝယ်လိုအားအပေါ် မူတည်၍ ဈေးကွက်အတက်အကျ ကြမ်းသည်ဟု ဆိုသော်လည်း မုံရွာမြို့ပေါ်ရှိ ရွှေရတနာဆိုင်များတွင် အရောင်းအဝယ်များဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း မုံရွာဒေသခံ ရွှေရတနာရောင်းဝယ်ရေး လုပ်ငန်းရှင်များက ပြောကြားသည်။

"ဒီနှစ် ကောက်ပဲသီးနှံဈေးကွက်မှာ ပေါ်စဈေးကောင်းရပြီး ကောက်ပဲသီးနှံ ဈေးကွက်မှာ ပြည်ပဝယ်လိုအားပေါ် မူတည်ပြီး ဈေးအေးနေတယ်။ ကောက်ပဲသီးနှံဈေး မကောင်းဘူးဆိုပေမယ့် တောင်သူတော်တော်များများ ဒီနှစ်ဝင်ငွေနည်းပေမယ့် ရွှေစုသူတွေ ပိုများလာတယ်" ဟု မုံရွာဒေသခံရွှေပန်းတိမ်ပညာရှင်ဦးမြင့်ဦးကပြောသည်။

လွန်ခဲ့သော နှစ်များအတွင်း ကောက်ပဲသီးနှံဈေးများ မြင့်တက်ခဲ့သော်လည်း စိုက်ပျိုးစရိတ်မြင့်တက်ခြင်း သီးနှံအထွက်နည်းခြင်းကြောင့် တောင်သူအချို့ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရပြီး ရွှေဝယ်ယူစုဆောင်းသူနည်းပါးခဲ့ကြောင်း သိရှိရသည်။ ယခုနှစ်အတွင်း ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်ကြေးနီတူးဖော်ရေးလုပ်ငန်း စီမံကိန်းနယ်မြေအတွင်း လယ်ယာစိုက်ခင်း၇၀၀၀ ကျော်အား တောင်သူများနစ်နာကြေးအဖြစ်ပေးလျော်ခဲ့သည့်နောက်ပိုင်း မုံရွာမြို့တွင်ရွှေဝယ်ယူစုဆောင်းသူပိုမိုများပြားလာခဲ့ကြောင်း သိရှိရသည်။ မုံရွာမြို့မှ ရွှေရတနာဆိုင်များသည် ခေတ်မီနည်းပညာများဖြင့် လက်ဝတ်ရတနာများ ပြုလုပ်ရောင်းချခဲ့ပြီး မုံရွာမြို့ ရွှေရတနာအရောင်းဆိုင်ကြီး နှစ်ဆိုင်ဖြစ်သော သိန်းတစ်ရာ ရွှေဆိုင်သည် နေပြည်တော်နှင့် မုံရွာပေါ် ဦးရွှေဆိုင်အား မန္တလေးမြို့တွင် တိုးချဲ့ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရှိရသည်။

"အရင်နှစ်တွေတုန်းက သီးနှံဈေးကောင်းပြီး တောင်သူတွေအမြတ်နည်းတော့ ရွှေမစုနိုင်ဘူး။ ဒီနှစ်သီးနှံဈေးမကောင်းပေမယ့်တောင်သူတွေရသလောက် အမြတ်ကိုရွှေဝယ်စုသူတွေရှိတယ်" ဟု မုံရွာဒေသခံရွှေရတနာလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ချင်းတွင်းမြစ်အတွင်း ယခင်ကသဲသောင်များတွင် ရွှေကျင်လုပ်ငန်းများသာ လုပ်ကိုင်ခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ချင်းတွင်းမြစ်ဖျားပိုင်းဒေသများရှိ မြစ်ကမ်းတွင် ရွှေတူးဖော်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်သူများကြောင့် မုံရွာရွှေဈေးကွက်အတွက် လိုအပ်သော ကုန်ကြမ်းအဖြစ် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

## မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်များ အခမဲ့လာရောက်ဆွေးနွေးမည်

**ရန်ကုန်၊ ဇူလိုင်- ၁၃**

မလေးရှားနိုင်ငံ Sime Garvy ဆေးရုံကြီးမှ အစာအိမ်နှင့်အူလမ်းကြောင်း အသည်းရောဂါနှင့် ကင်ဆာဓာတ်ရောင်ခြည်နှင့်ပတ်သက်သည့် အထူးကုဆရာဝန်ကြီးများ ရန်ကုန်ရှိဝေဒနာရှင်များအား အခမဲ့လာရောက်ဆွေးနွေးပေးရန်ရှိကြောင်း သိရသည်။

ယခုလ ၂၃ ရက်နှင့် ၂၄ ရက်များတွင် အဆိုပါဆရာဝန်ကြီးများမှာ ရွှေဂုံတိုင်ရှိ SML Medical and Diagnostic Center တွင် အခမဲ့ကြည့်ရှုစစ်ဆေးပေးမည်ဖြစ်ပြီး လိုအပ်သည့်အကြံဉာဏ်များ ရယူနိုင်ကြောင်း ယင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြသဆွေးနွေးလိုသူများ အနေဖြင့် ရွှေဂုံတိုင်လမ်းဆုံရှိ SML ဓာတ်ခွဲခန်းတွင် ၂၃ ရက်ညပိုင်းနှင့် ၂၄ ရက်နေ့လယ်တို့မှစတင်၍ ပြသနိုင်ပြီး ဖုန်းနံပါတ် ၅၄၄၄၆၃၊ ၅၄၄၄၆၄ တို့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

JOB VACANCY
Programmer (C# .Net) M/F (5) posts
► University degree in Computer Science or other related field relevant to above duties
► At least 1 year of experience in a similar role
► Able to work under pressure
► Good team building
Please submit your CV to:

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011



## အာဆီယံ-တောင်ကိုရီးယား e-Learning Center မြန်မာနိုင်ငံတွင် တည်ထောင်မည်

ယုဇနကိုကို

**ရန်ကုန်၊ ဇူလိုင်- ၁၆**

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိရတနာပုံဆိုက်ဘာစီးတီးတွင် အာဆီယံ-ကိုရီးယား e-learning စင်တာတစ်ခုကိုမြန်မာအစိုးရနှင့်ပူးပေါင်းပြီး တည်ထောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။အာဆီယံ-တောင်ကိုရီးယားဆိုက်ဘာတက္ကသိုလ်တစ်ခုတည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံအဖွဲ့၏နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံတွင် ယခုကဲ့သို့e-Learning Center တစ်ခု တည်ထောင်ရန်ဆောင်ရွက်ရခြင်းဖြစ်ပြီးနည်းပညာဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများကို နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ e-Learning Center ကိုရင်းနှီးမြှုပ်နှံမှုပမာဏကန်ဒေါ်လာ တစ်သန်းဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံများအချင်းချင်း သတင်းအချက်အလက်ဆက်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများကို အပြန်အလှန်အားဖြင့် ပိုမိုတိုးတက်လာအောင် ပူးပေါင်းဖလှယ်သွားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။အဆိုပါနှစ်နိုင်ငံသဘောတူညီချက်စာချုပ်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့်ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ယခုလအတွင်း အပြန်အလှန်ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

## စီမံခန့်ခွဲမှု အကျိုးဆက်များခေါင်းစဉ်ဖြင့် ဟောပြောမည်

သန်းဌေး

**ရန်ကုန်၊ ဇူလိုင်- ၁၃**

“စီမံခန့်ခွဲမှုအကျိုးဆက်များ”ခေါင်းစဉ်ဖြင့် ဒေါက်တာခင်မောင်ညိုက (စနေနေ့)နေ့လယ် ၂နာရီတွင်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ဟောပြောမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်၊ ဘုရင့်နောင် လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမတွင်နှစ်ပတ်တစ်ကြိမ်ကျင်းပပေးလေ့ရှိသော အဆိုပါဟောပြောပွဲများသို့ မည်သူမဆိုအခမဲ့တက်ရောက်နားထောင်နိုင်ပြီး ဟောပြောသူနှင့် ဆွေးနွေးမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

## ချက်ထရီယံ ဟိုတယ်တွင် ဧည့်လမ်းညွှန်နေ့ ပြုလုပ်မည်

အောင်သူရ

**ရန်ကုန်၊ ဇူလိုင်-၁၆**

ထိုင်းနိုင်ငံသားပိုင်သော ချက်ထရီယံဟိုတယ်တွင် Tour Guide Day ကိုဩဂုတ်လ ၂ရက်နေ့ည ၇ နာရီမှ ၁၀ နာရီထိ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ ဟိုတယ်က သတင်းထုတ်ပြန်သည်။

အဆိုပါပွဲတွင် အစားအသောက်နှင့် နာမည်ကျော် အဆိုတော်များ၏ ဖျော်ဖြေမှုအစီအစဉ်ပါရှိပြီး ဝင်ကြေးတစ်ဦးလျှင် ၁၀ ဒေါ်လာနှင့်အတူပါလာသူတစ်ဦးလျှင် ၁၅ ဒေါ်လာသတ်မှတ်ထားကြောင်း သိရသည်။



**နိုင်ငံခြားသားဧည့်သည်များနှင့် မြန်မာဧည့်လမ်းညွှန်တစ်ဦး** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတွင်ဧည့်လမ်းညွှန်သုံးထောင်ကျော်ရှိပြီး ယခုအခါမြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း MTGA ၏အမှုဆောင်များ ရွေးချယ်ရန်စီစဉ်နေကြောင်း သိရှိရသည်။

## ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီးသူများကို အလုပ်လျှောက်လွှာစတင်လက်ခံ

ကျော်သီဟ

**ရန်ကုန်၊ ဇူလိုင်-၁၄**

ကိုရီးယားနိုင်ငံသို့တရားဝင်လုပ်သားစနစ်ဖြင့် သွားရောက်လုပ်ကိုင်ရန်စာမေးပွဲဖြေဆိုပြီးသူ မြန်မာလုပ်သားများကို အလုပ်လျှောက်လွှာလက်ခံနေပြီဖြစ်ကြောင်း ကိုရီးယား H.R.D ဌာနမှ သတင်းရရှိသည်။

ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းတွင် ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲအား ကျင်းပခဲ့ရာ ဖြေဆိုသူပေါင်း ၄,၅၀၀ ကျော်ရှိခဲ့ပြီး ယင်းစာမေးပွဲတွင် အောင်မြင်သူ ၄,၀၀၀ ကျော်အထိ ရှိခဲ့သည်။

ယခုဖြေဆိုအောင်မြင်ပြီးသောသူများအား ကိုရီးယား (H.R.D) ဌာနမှအလုပ်လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကဆိုသည်။ ယင်းအရည်အချင်းစစ် စာမေးပွဲအောင်မြင်၍ ကိုရီးယားဘက်မှ အလုပ်ရှင်က ကြိုက်နှစ်သက်သဖြင့် အလုပ်အကိုင်ရရှိသူပေါင်း ယခုဇူလိုင်လဆန်းအထိ ၁,၀၀၀ ကျော် ပေးပို့ပြီဖြစ်သည်။

ဒေါ်လာဈေးကျဆင်းမှုကြောင့် အခြားနိုင်ငံများသို့ အလုပ် သွားရောက်လုပ်ကိုင်မည့်အစားကိုရီးယားတရားဝင်လုပ်သားစနစ်ကိုမြန်မာလုပ်သားများ ပိုမိုနှစ်သက်လျက်ရှိပြီး တွက်ခြေကိုက်သော အလုပ်တစ်ခုအဖြစ် ရပ်တည်နေလျက်ရှိကြောင်း ကိုရီးယားနိုင်ငံသို့ အလုပ်လျှောက်ထားသူတစ်ဦးက ဆိုသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

အလိုရှိသည်
အဲယားကွန်း-အကူအလိုရှိသည်။
အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ရေပူ/ရေအေးစက်ကျွမ်းကျင်သူ အလိုရှိသည်။
ဖုန်း-၀၉-၄၉၂၉၅၆၃၈၊
၀၉-၉၉၇၃၀၇၀

--------------------------

အလိုရှိသည်
Accountant Supervisor
မ-၂ဦး အလိုရှိသည်။
B.Com, LCCI (3)
ဖုန်း-၅၅၆၀၀၁၊ ၅၅၆၃၁၆

--------------------------

အမြန်အလိုရှိသည်
1. Marketing Supervisor
ကျား-၁ဦး၊ အသက် ၂၅နှင့် ၃၅ နှစ်ကြား၊ လုပ်ငန်းအတွေ့အကြုံ ၂နှစ်။ ဖုန်း-၀၉-၈၆၂၆၄၇၄

--------------------------

အလိုရှိသည်
1. Marketing - M/F(5)Post
2. Office Staff - M/F(5)Post
SPECIAL TRIP TRAVEL & TOURS
ဖုန်း-၂၁၀၆၅၆၊ ၀၉-၄၉၃၀၃၃၈၅

--------------------------

အလိုရှိသည်
စတိုတာဝန်ခံ-ကျား/မ(၁)ဦး
ရုံးဝန်ထမ်း(စီမံ)-ကျား/မ(၁)ဦး
ဖုန်း-၀၉-၅၀၁၀၁၃၇

--------------------------

အလိုရှိသည်
၁။ Engineer in Charge (ဓာတ်ခွဲခန်း) - ၁ဦး
၂။ Assistant Engineer (ဓာတ်ခွဲခန်း) - ၂ဦး
၃။ Maintenance Engineer - ၁ ဦး
၄။ Computer Operator - ၁ဦး
၅။ Training Assistant - ၁ ဦး
ဖုန်း-၅၁၉၆၇၅၊ ၀၉-၅၁၄၁၃၂၂

--------------------------

အလိုရှိသည်
မန်နေဂျာ(၂)ဦး
ယာဉ်မောင်း(၂)ဦး
Global Asia Trading Co.,Ltd
No.78, Daw Thein Tin St,
Mingalar Taung Nyunt Tsp,
**Tel:385070, 394563**

--------------------------

အလိုရှိသည်
(၁) အရောင်းဝန်ထမ်း စာရင်းကိုင်နိုင်ရမည်။
ဖုန်း-၃၉၃၃၈၂၊ ၀၉-၇၃၁၇၂၀၉၇

--------------------------

အလိုရှိသည်
(၁) အရောင်းဝန်ထမ်း (ကွန်ပျူတာကျွမ်းကျင်) - မ ၃ ဦး
(၂) Hardware & Networking ကျွမ်းကျင် - ကျား ၃ ဦး
(၃) စာရင်းကိုင် - မ ၃ ဦး
ဖုန်း-၂၄၃၀၄၉(IT CITY)

--------------------------

အလိုရှိသည်
ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် မ(၁)ဦး
လစာ-၆၀,၀၀၀ ကျပ်
ဖုန်း-၀၉-၅၁၄၈၅၂၄

--------------------------

အလိုရှိသည်
အသက်အရွယ်ကြီးသူတစ်ဦးအား ပြုစုစောင့်ရှောက်ရန် သူနာပြုအမျိုးသမီးတစ်ဦးအလိုရှိသည်။
တရုတ်စကား (သို့) အင်္ဂလိပ်စကား အသင့်အတင့်ပြောနိုင်သူ
ဖုန်း-၆၆၀၉၉၆၊ ၆၆၇၇၇၀

--------------------------

အလိုရှိသည်
1. Officer (International Trading) (Japanese) - 3 Posts
B.A(Japanese) (UFL)
**Tel: 09-73048302, 227638**

--------------------------

အလိုရှိသည်
၁။ Marketing Manager - မ (၁)ဦး၊
၂။ Asst Marketing - မ (၁)ဦး၊
၃။ Computer Designer - မ (၁)ဦး
ဖုန်း-၀၉-၈၀၃၂၅၅၀

--------------------------

အမြန်အလိုရှိသည်
၁။ ထမင်းချက်/အကြော်ဆရာ - ကျား(၁)ဦး
၂။ လက်ထောက်ထမင်းချက်/အကြော်ဆရာ-ကျား(၁)ဦး
၃။ ယာဉ်မောင်း(၃၅-၄၅နှစ်) - ကျား(၁)ဦး
၄။ အဆောင်မှူး (၃၀-၄၅နှစ်)- မ(၄)ဦး(ဘွဲ့ရ)
၅။ Marketing Executive - ကျား/မ(၁)ဦး(ဘွဲ့ရ)
ဖုန်း-၀၉-၅၁၁-၈၂၅၃

--------------------------

အလိုရှိသည်
၁။ မန်နေဂျာ-၁ဦး
၂။ အိမ်ခြံမြေကျွမ်းကျင်-ကျား/မ ၁၀ ဦး
ဖုန်း-၇၀၀၃၃၁၊
၀၉-၇၃၀၉၂၀၂၁

--------------------------

အလိုရှိသည်
၁။ ယာဉ်မောင်း - ကျား(၁)ဦး (၂၅-၄၅နှစ်)
၂။ လုံခြုံရေးဝန်ထမ်း-ကျား(၅)ဦး (၂၅-၄၅နှစ်)
ဖုန်း-၂၀၁၃၂၆၊ ၂၉၃၃၈၄

--------------------------

အလိုရှိသည်
ဆရာ/ဆရာမ တစ်ဦးအလိုရှိသည်။ Japanese Language School တွင် ဂျပန်စာသင်ရန် ဂျပန်လူမျိုးအလိုရှိသည်။
အမှတ်-၇၉၊ဒုတိယထပ်၊၇၁လမ်း၊ ၃၄×၃၅လမ်းကြား၊မန္တလေးမြို့။
ဖုန်း-၀၉-၉၁၀၄၂၉၀၆

--------------------------

အလိုရှိသည်
ဂျပန်-မြန်မာ(စကားပြန်) M(1)
Warehouse Keeper - M/F(1)
Cutter - M/F(1)
Sewing - M/F(2)
Trimming - M/F(2)
အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိဝန်ထမ်း- M/F(6)
ဖုန်း-၂၅၀၃၈၈(လိုင်းခွဲ-၃၃၅)

--------------------------

အလိုရှိသည်
Marketing Executive - ကျား (၇)ဦး၊ ၂၀- ၂၅နှစ်၊ဘွဲ့ရ။
ဖုန်း-၀၉-၇၃၀၉၈၅၉၃

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


BRANDS
၁၀၀% ငှက်သိုက်အစစ်က
ခန္ဓာကိုယ်တွင်း သန့်ရှင်းကျန်းမာစေပြီး
ထာဝရ နုပျိုလှပသည့်အသွင်ကိုရရှိစေပါသည်
နုပျိုလှပ....ကျန်းမာ ထာဝရ

# Education

7DAY NEWS JOURNAL

Vol.1 … 21, 2011




# လုပ်ငန်းခွင်ထဲကသူတွေ စီမံခန့်ခွဲမှုဘာသာရပ်ကို ပိုစိတ်ဝင်စားလာတယ်

## ဦးအေးကျော်နှင့်တွေ့ဆုံခြင်း

**နေလင်းထွန်း**

ပညာရေးဆိုင်ရာ စစ်တမ်းတစ်ခုအရ ယခုနှစ်ပိုင်းများအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်ကြသော မြန်မာကျောင်းသားအများစုသည် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်များကို ဦးစားပေးသင်ယူကြလျက် ရှိသလို ပြည်တွင်း၌လည်း စီးပွားရေးစီမံခန့်ခွဲမှုဆိုင် ရာ သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားမှု မြင့်တက်လာလျက်ရှိသည်။ သင်တန်းကျောင်းများ တိုးပွားလာခြင်းနှင့် ကျောင်းသားများ၏ အခွင့်အလမ်းဖြစ်တည်မှု၊ ပုဂ္ဂလိက ပညာရေးကဏ္ဍနှင့် သက်ဆိုင်ရာ ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်လာနိုင်မှု အလားအလာတို့ကိုဗြိတိန်နိုင်ငံမှ နိုင်ငံတကာ အသိအမှတ်ပြု ABE စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များအား ၁၃နှစ်ကျော်ကြာ သင်ကြားပို့ချနေခဲ့သော MHR သင်တန်းကျောင်းတည်ထောင်ထားသူ ဦးအေးကျော်နှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ကျောင်းသားတွေရဲ့ ပညာသင်ယူမှုဆိုင်ရာ ရည်မှန်းချက် အခြေအနေကိုပြောပြပေးပါ။**

ရှေ့နှစ်ဝက် သက်တမ်းမှာ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ထိ နိုင်ငံခြားမှာ ကျောင်းတက်ချင်လို့ရယ်။ ဒီ ဒီပလိုမာရရင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီမှာ လစာကောင်းကောင်းရမယ်လို့ မျှော်လင့်ပြီး တော့ တက်ကြတယ်။ ဘွဲ့ရပြီးအလုပ်မရှိသေးတဲ့သူ၊ ဘွဲ့မရသေးတဲ့သူ။ အဲဒီအုပ်စုများတယ်။ ဒီလက်မှတ်ဟာ အလုပ်ခွင်ဝင်လို့ရတာမကဘဲနဲ့ နိုင်ငံတကာ တက္ကသိုလ်တွေရဲ့ဝင်ခွင့်ရလက်မှတ်လည်း ဖြစ်တဲ့အတွက် ကျောင်းလျှောက်ဖို့တက်ကြတဲ့ အုပ်စုလည်း ရှိတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်ကစပြီးတော့ ခုနစ်ဆယ်ရာခိုင်နှုန်းလောက်က အလုပ်ရှိပြီးသား အလုပ်ခွင်ထဲက ဝန်ထမ်းတွေ တက်ကြတယ်။ တော်တော်များများက ဒီလက်မှတ်တွေရထားရင် လုပ်ငန်းခွင်မှာ သူများထက် ရာထူးတက်တာမြန်မယ်။ ရာထူးကောင်းကောင်း၊ နေရာကောင်းရမယ်ဆိုတာ မြင်လာတဲ့ အတွက် လာတက်ကြတယ်။ ကျန်တဲ့ရာခိုင်နှုန်းက လုပ်ငန်းခွင်ထဲက လူတွေပဲ၊ သူတို့က သင့်တင့်လျောက်ပတ်တဲ့ လုပ်သက်ရှိပြီး မိတ်ဆွေအပေါင်းအသင်းရှိပြီ၊ နက်ဝ့ါခ်ရှိပြီ။ ဒါပေမဲ့ သူတို့ယူထားတဲ့ ဘွဲ့တွေက ဝိဇ္ဇာသိပ္ပံဘာသာရပ်တွေဖြစ်နေတယ်ဆိုရင် စီးပွားရေးစီမံခန့်ခွဲမှုရဲ့ အခြေခံစည်းမျဉ်းစည်းကမ်းတွေ၊ သဘောတရားတွေနဲ့ လုပ်သက်ပေါင်းစပ်ပြီး ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ကြမည့်သူတွေပါ။ အဲ့လို လူတွေရောက်လာတယ်။ အခုဆိုရင် အမြင့်ဆုံးဒီပလိုမာတန်းမှာ ကျောင်းသား ၄၄ ယောက်လောက်ရှိတာ ၆၅ ရာခိုင်နှုန်းက အလုပ်ရှိပြီးသားပါ။ လုပ်ငန်းထဲမှာ ရာထူးတက်တာ မြန်ဖို့နဲ့ သူတို့ လုပ်ငန်းအဆက်အသွယ်၊ လုပ်သက်ကို အခြေခံပြီး ဒီပညာနဲ့ ပေါင်းလိုက်ပြီး ကိုယ်ပိုင် လုပ်ငန်းငယ်လေးတွေထူထောင်ဖို့ရှိတယ်။ ဆရာတို့က ဘာရည်ရွယ်ချက်နဲ့ တက်တာလဲလို့ မေးတဲ့အခါ အပြောင်းအလဲလေး ဖြစ်လာတယ်။

**တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးစ ကျောင်းသားတွေ တက်ရောက်လာတာရော တွေ့ရပါလား။**

အဲဒ့ါလည်း ရှိတယ်။ နည်းနည်းပိုများလာတယ်။ အရင်တုန်းက အကြမ်းဖျင်းပြောရင် အဝေးသင်တက်တယ်ဆိုတာ ဒေးတက်ဖို့ အကြောင်းကြောင်းကြောင့် အဆင်မပြေကြတာ ပါလေ့ရှိတယ်။ အခုက ကျောင်းမှာလာတက်တဲ့ ကျောင်းသားတွကိုမေးတော့ မိဘလည်း အရမ်းအဆင်ပြေတယ်။ ဒေးတက်ရင်လည်း ငွေကြေးတတ်နိုင်ပါရဲ့နဲ့ တမင်သက်သက် ဒေးမတက်ဘဲ အဝေးသင်ယူတယ်။ ဘာလို့လဲဆို ဒေးသွားတက်ရတဲ့ အချိန်တွေမှာ နိုင်ငံတကာအသိအမှတ်ပြု သင်တန်းတွေကို တက်ချင်နေလို့။ တချို့ဆို အမှတ်တွေ တော်တော်ကောင်းကြတယ်။ ဂုဏ်ထူးခြောက်ခု၊ ငါးခု၊ လေးခုအထိ ပါကြတယ်။ အဝေးသင် တက်တယ်။ ဒီလက်မှတ်တွေယူတယ်။

**ပြင်ပစီးပွားရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွေကို တက်ရောက်ဖို့ စိတ်ဝင်စားတဲ့ သင်တန်းသားများလာစေတဲ့ အချက်ကို သိချင်ပါတယ်။**

တစ်ချက်က အလုပ်ရှင်တွေရဲ့ လက်ခံမှုပေါ့။ အရင်တုန်းက ဆိုရင် အလုပ်တွေခေါ်တဲ့အခါ ဘွဲ့တစ်ခုခုရထားရမယ်။ အင်္ဂလိပ်ဘာသာစကားရေးတတ်၊ ဖတ်တတ်ရမယ်။ ကွန်ပျူတာ တတ်ရမယ်။ ဒါတွေနဲ့ ပြီးသွားတယ်။ အခုကတော့ အလုပ်ခေါ်စာမှာ MBA၊ ဒါမှမဟုတ် Abe ဒီပလိုမာရထားရင် ပိုပြီးသဘောကျတယ်ဆိုပြီး ရေးထားတာ တွေ့ရတယ်။ နောက်တစ်ချက်က နိုင်ငံခြားတက္ကသိုလ်တွေရဲ့ ဝင်ခွင့်လိုအပ်ချက်ပေါ့။ သူတို့ဆီမှာ ကျောင်းတက်မယ်ဆိုရင် ကျောင်းလျှောက်တဲ့အခါ ကျောင်းသားမှာပါလာရမယ့် နဂိုအရည်အချင်းသတ်မှတ်ချက်တွေရှိတယ်။ မြန်မာကျောင်းသားအနေနဲ့ အထင်ကရ တက္ကသိုလ်တွေမှာ တက်ရောက်ဖို့ ဝင်ခွင့်အတွက် နည်းနည်းအခက်အခဲရှိတယ်။ အဲ့ဒီကျောင်းသားက နိုင်ငံတကာ အသိအမှတ်ပြုဒီပလိုမာတစ်ခုခုရလိုက်ပြီဆိုရင် တက္ကသိုလ်ကြီးတွေက ကျောင်းဝင်ခွင့်အတွက် ပိုပြီးဦးစားပေးတယ်။ အဲ့ဒီနှစ်ခုကြောင့်တက်လာတာများတယ်။

**Abe သင်တန်းရဲ့ကာလကြာမြင့်မှုနဲ့ ငွေကြေးကုန်ကျနိုင်မှုကို ပြောပြပေးပါ။**

အသက်၁၆နှစ်မှာဆယ်တန်းအောင်မြင်တဲ့ ကလေးတက်တဲ့ ဒီပလိုမာက ခြောက်လပဲကြာတယ်။ အဲ့ဒါ Level-4ပါ။ ဒါနဲ့ပဲ လုပ်ငန်းခွင်ဝင်မယ်ဆိုလည်းရတယ်။ ရာထူးနိမ့်နိမ့် လစာနည်းနည်းပဲရမယ်။ ပညာတစ်ခုကို ဆုံးခန်းတိုင်အောင် သင်မယ်ဆိုရင်တော့ Level-4 အပြီးမှာ Level-5 ဖြစ်တဲ့ Higher Diploma ကို တစ်နှစ် တက်ရမယ်။ Graduate Diploma ဖြစ်တဲ့ Level-6 ကို ခြောက်လထပ်တက်ရမယ်။ ဒီကလေးဟာ နှစ်နှစ်တက်လိုက်ပြီဆိုရင် တက္ကသိုလ်အဆင့်ဘာသာရပ်တွေကို သင်ယူပြီးတာဖြစ်သလို စီးပွားရေးစီမံခန့်ခွဲမှုပညာမှာ ဘွဲ့ရပြီးသလို ဖြစ်သွားတယ်။


**စာ(၂၂)သို့**


## ACCA Part I ပြီးဆုံးသူများ စာရင်းအင်းနှင့် စီးပွားရေးဆိုင်ရာဒီပလိုမာကို အွန်လိုင်းမှ ဖြေဆို ရယူနိုင်

**သီဟ**

ရန်ကုန်၊ဇူလိုင် - ၁၄

အဆင့်မြင့် စာရင်းကိုင်ဘာသာရပ်များဖြစ်သည့် Association of Chartered Certified Accountants (ACCA)၏ Part I ဘာသာရပ်များဖြစ်သည့် F1,F2,F3 ဘာသာရပ်များကို ဖြေဆိုအောင်မြင်ပြီးသူများသည် အွန်လိုင်းစာမေးပွဲတစ်ခုဖြေဆို၍ Diploma in Accounting and Business အား ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြားစာရင်းကိုင်ဘာသာရပ်တစ်ခုဖြစ်သည့် Certified Accounting Technician ၏ဘာသာရပ်များထဲမှ T5,T6 နှင့် T7 ဘာသာရပ်များကို ဖြေဆိုအောင်မြင်သူများသည်လည်း အထက်ပါ ဒီပလိုမာအား အွန်လိုင်းမှ စာမေးပွဲဖြေဆိုရယူနိုင်ကြောင်း သိရသည်။

အထက်ပါဘာသာရပ်နှစ်ခုလုံးအတွက် စာမေးပွဲဖြေဆို၍ ဒီပလိုမာ ရယူနိုင်ခြင်းအား ယခုနှစ်ဒီဇင်ဘာမှစတင်၍ အကျုံးဝင်မည်ဖြစ်ကြောင်း စာရင်းကိုင်ဘာသာရပ်များအား သင်ကြားလျက်ရှိသော Nay Lin Aung Finance & Accountancy Training Center မှ သိရသည်။

ACCA ဘာသာရပ်ကို သင်ယူသူများသည် Part I တွင်ဒီပလိုမာကို ဖြေဆိုရယူနိုင်ပြီး Part II တွင်အဆင့်မြင့် ဒီပလိုမာကိုဖြေဆိုရယူနိုင်သည်။ Part III ပြီးဆုံးပါက Project တစ်ခုတင်ကာ မဟာဘွဲ့ကိုရယူနိုင်ကြောင်း သိရသည်။

## LCCI Level III ပြီးဆုံးသူများကို အင်္ဂလန်ရှိ တက္ကသိုလ်သုံးခုက ပထမနှစ်သို့ တက်ရိုက်ဝင်ခွင့်ပြု

**သီဟ**

ရန်ကုန်၊ဇူလိုင် - ၁၄

နိုင်ငံတကာ အသိအမှတ်ပြု စာရင်းကိုင်ဒီပလိုမာတစ်ခုဖြစ်သည့် LCCI Level III အောင်မြင်ပြီးသူများအား အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်သုံးခုက ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုကြောင်း သိရသည်။



တိုက်ရိုက်တက်ရောက်ခွင့်ပြုသည့် တက္ကသိုလ်သုံးခုမှာ University of Gloucestershire, Manchester Metropolitan University, Middlesex University တို့ဖြစ်ကြောင်း သိရသည်။


ပထမနှစ်သို့တိုက်ရိုက်တက်ရောက်ခွင့်ပြုသည့် အထူးပြုဘာသာရပ်များမှာ စီးပွားရေးနှင့် စာရင်းအင်းဆက်စပ်ဘာသာရပ်များဖြစ်သည့် Accounting and Business Economics, Accounting and Finance, Banking and Finance, Business Accounting, Financial Economics အစရှိသည့် ဘာသာရပ်များဖြစ်ကြောင်း သိရသည်။LCCI Level III ပြီးဆုံးသူများအနေဖြင့်လည်း အထူးပြုဒီပလိုမာများဖြစ်သည့် Accounting and Finance, Managerial Accounting, Cost Accounting, Business Management and Accounting ဖြင့်အောင်မြင်ထားသူများလျှောက်ထားနိုင်ကြောင်း သိရသည်။

ကျောင်းများ၏ ဝင်ခွင့်လိုအပ်ချက်များအနေဖြင့် အထက်ပါ Level III ဒီပလိုမာအပြင် အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6.5 သို့မဟုတ် 7.0 ရရှိရမည်ဖြစ်သည်။သို့သော် ကျောင်းအလိုက် ဝင်ခွင့် လိုအပ်ချက်များ အနည်းငယ်ကွဲလွဲနိုင်ကြောင်း သိရသည်။









7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

# လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲပြုလုပ်မည်



သီဟ

ရန်ကုန် - ဇူလိုင် - ၁၃

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA) က ဩဂုတ်လ ၂၃ မှ ၂၅ ရက်အထိ အလုပ်ရုံဆွေးနွေးပွဲတစ်ခု အားပွဲခ်ရှိုင်ရယ်ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်း မှ သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ပက စာရင်းအင်းပညာရှင်နှစ်ဦး Workshop Faclitators များအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသည့် စာရင်းကိုင်အလုပ်လုပ်ကိုင်နေသူများ တက်ရောက်နိုင်ကြောင်းနှင့် ယခုလ ၂၀ ရက်နောက်ဆုံးထားကာ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရပြီး မှတ်ပုံတင်ကြေးမှာ ကျပ်တစ်သိန်းငါးသောင်းဖြစ်ကြောင်း သိရသည်။

အလားတူ စာရင်းကိုင်ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခုကိုလည်း ဩဂုတ်လ ၁၃ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများသည်လည်း မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသို့ ယခုလ ၂၀ ရက်နောက်ဆုံးထား၍ စာရင်း ပေးသွင်းရမည်ဖြစ်ပြီး မှတ်ပုံတင်ကြေးမှာ ကျပ်တစ်သောင်းနှစ်ထောင်ဖြစ်ကြောင်း သိရသည်။

## စာ - ၂၁၊ ဦးအေးကျော်နှင့်တွေ့ဆုံခြင်းမှ

ဒါဆို အလုပ်ဝင်တဲ့အခါ သူတော်တော် အဆင်ပြေသွားပြီ။ အောက်ဆုံးအဆင့် ဒီပလိုမာက တစ်ဘာသာကိုတစ်သိန်းဝန်းကျင်ဆိုတော့ လေးဘာသာဆို ကျပ်လေးသိန်းကျော်ကျော်လောက်ကုန်မယ်။ ခြောက်လအတွက် ကျောင်းကကောက်တဲ့ သင်တန်းကြေးပေါ့။ Higher ဒီပလိုမာကလည်း တစ်ဘာသာကို ကျပ်တစ်သိန်းနှစ်သောင်းဆိုတော့ ရှစ်ဘာသာကို ကျပ်ဆယ်သိန်းလောက်ကုန်မယ်။ နောက်ပြီး Graduate ဒီပလိုမာက တစ်ဘာသာကို ကျပ်တစ်သိန်းခွဲယူတယ်။ ငါးဘာသာဆိုတော့ ကျပ်ခုနစ်သိန်းလောက်ရှိမယ်။ အဲ့ဒီတော့ ကျပ်သိန်းနှစ်ဆယ်ဆို နိုင်ငံတကာ အသိအမှတ်ပြုတဲ့ အဆင့်ရှိတဲ့လက်မှတ်ကို အလုပ်ပဲလုပ်လုပ်၊ အဆင့်မြင့် မဟာတွဲ့ပဲ ဆက်တက်တက် အဆင်သင့်ဖြစ်အောင် ပညာထည့်ပြီးသွားပြီ။ ဟိုဘက်ကိုစာမေးပွဲကြေးသွင်းရမှာက စုစုပေါင်း ဒေါ်လာ ၅၀၀ လောက်ကုန်မှာပေါ့။

**သင်တန်းကျောင်းတွေ များလာနေတဲ့အပေါ် အားနည်းချက်၊ အားသာချက် ဆရာ့အမြင်လေး ပြောပြပါ။**

ဘာသာရပ်တူညီတဲ့ သင်တန်းကျောင်းတွေပေါ်လာတော့ ကျောင်းသားတွေအတွက် ပိုပြီး ရွေးချယ်ခွင့်ရတာတာပေါ့။ ကျောင်းတွေဘက်ကတော့ ကျောင်းသုံးလေးခုပေါ်လာပြီဆိုရင် ဘာပဲပြောပြောပြိုင်ဘက်လို သဘောထားထား၊ မထားထားအဓိကဘာကိုပြရမလဲဆိုရင် ကိုယ့်ဆီမှာတက်တဲ့ကျောင်းသားရဲ့ ထူးချွန်မှုကိုပေါ် အောင်လုပ်ရတော့မယ်။ အားနည်းချက်တွေက တခြားလက်မှတ်တွေပေါ်လာတဲ့အတွက် တက်မယ့်သင်တန်းသားတွေရယ်၊ ငွေကြေးထောက်ပံ့ပေးမယ့် မိဘတွေက မတူညီတဲ့ သင်တန်းတွေက ပေးတဲ့၊ မတူညီတဲ့ လက်မှတ်တွေကိုဘယ်လောက်ထိအရည်အသွေးမြင့်လဲ၊ ဘယ်လောက်ထိ နိုင်ငံတကာ အသိအမှတ်ပြုလဲဆိုတာ စစ်ဆေးတိုင်းတာတဲ့နေရာမှာ ဗဟုသုတရှိဖို့လိုလာတယ်။ နိုင်ငံခြားကပေးတဲ့လက်မှတ်တိုင်း နိုင်ငံတကာ အသိအမှတ်ပြုလားဆိုတဲ့မေးခွန်းပါပဲ။ မြန်မာကျောင်းသားနဲ့ မိဘစိတ်ထဲမှာက မြန်မာက ပေးတာမဟုတ်ဘဲ နိုင်ငံခြားက ပေးတာဆိုရင် နိုင်ငံတကာ အသိအမှတ်ပြုတယ်ပဲ ထင်နေကြတယ်။ အဲ့ဒါမဟုတ်ဘူး။

**နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းကျောင်းတွေ ပြည်တွင်းမှာ တရားဝင်ရပ်တည်ခွင့်မရသေးတဲ့အပေါ် သုံးသပ်ပေးပါ။**

ကျောင်းတွေဘက်ကလည်း ကိုယ်ပိုင်ဒီပလိုမာတွေ ပေးချင်ပါတယ်၊ ခွင့်ပြုပေးပါဆိုတာမျိုး တရားဝင်ဝိုင်းပြီးတော့ စုပေါင်းတောင်းဆိုတာလည်း မရှိသေးဘူး။ ဒီကိစ္စကို ဆရာကစပြီး ဆောင်ရွက်ဖို့တော့ စဉ်းစားထားတယ်။ ပညာရေးဌာနဘက်က လူကြီးတွေ စိတ်ပူစရာလေးတွေ နည်းနည်းတော့ အမှန်တကယ်ရှိနေတယ်။ အဲ့ဒါဘာလဲဆိုတော့ ပညာရေးကို ဦးစားမပေးဘဲနဲ့ ဆရာစိတ်အပြည့် မရှိဘဲနဲ့ စီးပွားရေးလုပ်ငန်းတစ်ခု အနေနဲ့ သင်တန်းကျောင်း ထောင်တာကိုက်တယ်ဆိုပြီး ဝင်လာတဲ့ ကျောင်းလေးတွေ နည်းနည်းတော့ရှိနေတယ်။ အဲ့လို ကျောင်းတွေကတော့ ဥပဒေထွက်လာရင် ပပျောက်သွားလိုက်မယ်။

**ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းကကိုယ်ပိုင် ကျောင်း၊ ပညာရေးဝန်ဆောင်မှုတွေနဲ့ပတ်သက်တဲ့ ဥပဒေတွေကို လွှတ်တော်ကိုတင်ပြဖို့ ပြင်ဆင်နေတယ်လို့ ပြောထားတယ်။ သက်ဆိုင်ရာ ပညာရေး ဌာနတွေနဲ့ ပုဂ္ဂလိက သင်တန်းကျောင်းတွေ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာ ဘယ်လိုဖြစ်လာနိုင်မယ်လို့ ထင်ပါသလဲ။**

ပညာရေး အရည်အသွေးကို စစ်ဆေးတဲ့အဖွဲ့ မြန်မာနိုင်ငံမှာ လိုအပ်နေတယ်။ သူသည် ပညာရေးဝန်ကြီးဌာနအောက်က ဝန်ထမ်းမဖြစ်ရဘူး။ သီးခြားဘုတ်အဖွဲ့ဖြစ်ရမယ်။ အဲ့ဒီအဖွဲ့က တက္ကသိုလ်တွေပါ စစ်ရမယ်။ ပုဂ္ဂလိကကဏ္ဍက သင်တန်းတွေကိုလည်း စစ်၊ တန်းတူဆရာတို့အစစ်ခံမယ်။ နိုင်ငံတော်က ဘုတ်အဖွဲ့တွေ၊ အရည်အသွေးစစ်ဆေးတဲ့ ကောင်စီ အနေနဲ့ ဆရာတို့ ပုဂ္ဂလိကသင်တန်းကျောင်းတွေကို မှတ်ပုံတင်တာမျိုး၊ အရည်အသွေးစစ်ဆေးတာမျိုးလုပ်လာရင်ဆရာတို့ကျောင်းတွေကလည်း သူတို့သတ်မှတ်ထားတဲ့ စည်းမျဉ်းဘောင်နဲ့ ညီအောင်၊ တိုးတက်အောင် လုပ်တဲ့အတွက် ကျောင်းတွေ အရည်အသွေးလည်း မြင့်လာလိမ့်မယ်။ အရင်တုန်းက ပေတံမရှိဘူး။ အဆင်ပြေသလိုဆရာတို့နေကြတယ်။ ကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်၊ နောက်ပြီး ဆရာတွေရဲ့ အရည်အသွေး၊ သင်ရိုးညွှန်းတန်းတွေ သတ်မှတ်တာ မရှိသေးဘူး။ အာဆီယံမှာ ခေတ်စားနေတဲ့ စကားလုံးရှိတယ်။ Public, Private, Partnership(PPP)ပါ။ ပညာရေးဝန်ကြီးဌာနနဲ့ အပြင်သင်တန်းကျောင်းတွေ၊ အင်္ဂလိပ်စာဌာနနဲ့ အင်္ဂလိပ်စာသင်တန်းကျောင်းတွေ၊ ကွန်ပျူတာတက္ကသိုလ်နဲ့ကွန်ပျူတာသင်တန်းကျောင်းတွေ အဲ့ဒါမျိုး ပူးပေါင်းဆောင်ရွက်တာပါ။ အာဆီယံမှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ခေတ်စားနေတာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာကျတော့ အခုထိ ဆရာတို့ပုဂ္ဂလိကက လူတွေကို အစိုးရဘက်က လိုလိုလားလား ပူးပေါင်းခေါ်ယူမှုမျိုး မတွေ့ရသေးဘူး။

**အချိန်ပေးဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်ဆရာ။**






# Technology

7DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

## ဖိုက်ဘာအင်တာနက်စနစ်(FttH) ရန်ကုန်တွင် ယခုလအတွင်း ရမည်ဟုဆို

**ယုဇနကိုကို၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် - ၁၆**

ဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သည့် FttH (Fiber to the Home) ဝန်ဆောင်မှု ရန်ကုန်မြို့တွင် ချထားပေးရန်အတွက် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က အခြားပုဂ္ဂလိကကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

ရန်ကုန်မြို့၏ ဖိုက်ဘာအင်တာနက်ကွန်ရက်စနစ်ကို တာဝန်ယူတပ်ဆင်မည့် အဆိုပါကုမ္ပဏီနှစ်ခုမှာ လက်ရှိကာလတွင် မိုဘိုင်းဆက်သွယ်ရေးနှင့်သက်ဆိုင်သောနည်းပညာဝန်ဆောင်မှုများကို ရောင်းချနေကြသည့် E-Lite Tech ကုမ္ပဏီနှင့် Fortune International ကုမ္ပဏီတို့ဖြစ်ကြသည်။

ထို့အတွက် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ မြို့နယ်များတွင် FttH အင်တာနက်စနစ်ကို ယခုလအတွင်း တပ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

အိမ်အရောက် ဖိုက်ဘာဆက်ကြောင်း ဝန်ဆောင်မှုစနစ်ဖြစ်သည့် FttH စနစ်ကို ရန်ကုန်မြို့တွင်း တပ်ဆင်နိုင်မည်ဆိုပါက အင်တာနက်ဆက်သွယ်မှုကို အဓိကမှီခိုလုပ်ကိုင်နေရသည့် စီးပွားရေးလုပ်ငန်းများအတွက် ယခုလက်ရှိအချိန်ထိ ကြုံတွေ့နေရသည့် အင်တာနက်မြန်နှုန်းကျဆင်းမှု၊ နှေးကွေးမှု အစရှိသည့် ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

မကြာမီအချိန်အတွင်း ရန်ကုန်မြို့၌ တပ်ဆင်သုံးစွဲနိုင်တော့မည်ဟုဆိုသည့် ဖိုက်ဘာအင်တာနက်စနစ်နှင့်ပတ်သက်ပြီး အိုင်တီဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "ဖိုက်ဘာရတော့မှာမို့ အင်တာနက်နှေးတဲ့ ပြဿနာတွေမရှိတော့ဘူးလို့ပြောလို့မရဘူး။ ဖိုက်ဘာဆက်ကြောင်းစနစ်ကိုသုံးတဲ့သူပဲ ဆက်သွယ်မှုမြန်နှုန်းတွေကောင်းမှာဖြစ်တယ်။ ဒါကြောင့် အရင် ADSL တွေ၊ Wi Max တွေ အစရှိသည်ဖြင့် အဲဒီလိုင်းတွေကိုပါ ဒီထက်ပိုပြီး အရည်အသွေးတွေတက်လာအောင် လုပ်ပေးဖို့လိုတယ်"ဟု သုံးသပ်ပြောကြားသည်။

အဆိုပါ ဖိုက်ဘာဆက်ကြောင်းအင်တာနက်ဆက်သွယ်မှုစနစ်ကို ယခုအချိန်ထိ ရန်ကုန်မြို့တွင် အသုံးမပြုနိုင်ရသည့် အဓိကအကြောင်းရင်းမှာ မြို့၏ မြေမျက်နှာပြင်ပေါ်၌ လမ်းကြောင်းများ ရှုပ်ထွေးခြင်း၊ အဆောက်အအုံနှင့် အိမ်ရာများ များပြားခြင်း အစရှိသည့် လမ်းကြောင်းမရှင်းလင်းခြင်းတို့ကြောင့် တပ်ဆင်ရန်ခက်ခဲရခြင်းဖြစ်ကြောင်းသိရှိရသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ ပထမဦးဆုံး ရောင်းချခဲ့သည့် FttH စနစ်ကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်း စတင်အသုံးပြုခဲ့ပြီး ယင်းနောက် မန္တလေးမြို့တွင် တပ်ဆင်ခဲ့ရာ ယခုအချိန်ထိ ဖိုက်ဘာဆက်ကြောင်း မိုင်ပေါင်း ၈,၀၀၀ ကျော် (ကီလိုမီတာ ၁၀,၀၀၀ ကျော်) တပ်ဆင်ခဲ့ပြီးဖြစ်သည်။

## ဂျီအက်စ်အမ် မိုဘိုင်းလိုင်းသစ်များအတွက် တာဝါတိုင်များ ထပ်မံတည်ဆောက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင် - ၁၀**

ယခုနှစ်မကုန်မီ ချထားပေးမည်ဟုဆိုသည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း လေးသန်းပမာဏအတွက် ဆက်သွယ်ရေးတာဝါတိုင်ပေါင်း တစ်ထောင့်လေးရာကျော်ကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ထပ်မံတည်ဆောက်မည့် ယင်းဂျီအက်စ်အမ်တာဝါတိုင်အရေအတွက်အတိအကျမှာ ၁၄၅၀ ဖြစ်ပြီးတစ်နိုင်ငံလုံးအတိုင်းအတာအသုံးပြုနိုင်ရန်အတွက် နေရာအနှံ့ဖြန့်ကြက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုလက်ရှိ ဂျီအက်စ်အမ် တာဝါတိုင်ပမာဏက နောက်ထပ်ချပေးမယ့် လေးသန်းနဲ့ဘယ်လိုမှ မလောက်ဘူး။ တာဝါတိုင်ပေါင်း တစ်ထောင့်ငါးရာနီးပါးလောက်စိုက်နိုင်မှလေးသန်းပမာဏရဲ့ဆက်သွယ်မှုကွန်ရက်အတွက် တစ်နိုင်ငံလုံးသုံးနိုင်မှာပါ" ဟု ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်ဦးသိန်းဦးက ပြောသည်။

အစိုးရသစ်အနေဖြင့် ၄င်းတို့၏ အထူးစီမံကိန်းကြီးများတွင်ပါဝင်သည့် ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍအတွက် မိုဘိုင်းဖုန်းသန်းသုံးဆယ်ကိုထပ်မံချထားပေးမည်ဟု နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ကြေညာခဲ့သည်။

"အရင်ဆုံးချထားပေးမယ့် လေးသန်းအတွက် တာဝါတိုင်တွေဆောက်ပြီးရင်နောက်ထပ်အများကြီးထပ်ဆောက်ဖို့လိုပါသေးတယ်။ တစ်နိုင်ငံလုံးလူဦးရေရဲ့ တစ်ဝက်နှုန်းနီးပါးအရေအတွက်ကို ချထားပေးမှာဖြစ်တဲ့အတွက် နောက်ထပ်တာဝါတိုင်ပေါင်း အများကြီးဆောက်ဖို့ရှိပါတယ်" ဟု ဦးသိန်းဦးက ဆက်လက်ပြောသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် သုံးစွဲနေသည့် ဂျီအက်စ်အမ်ဖုန်းပမာဏကို ကွန်ရက်အပြည့်အဝ အထောက်အပံ့ မပေးနိုင်သေးကြောင်း သိရသည်။

## အင်တာနက် ပိတ်ထားသော်လည်း ဂျီအက်စ်အမ်ဖုန်းများ ဝယ်လိုအားမြင့်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် -၁၆**

ဂျီအက်စ်အမ်ဖုန်းများ၏ အင်တာနက်လိုင်း ပိတ်ထားသော်လည်း အဆိုပါဖုန်းများ၏ ဖုန်းကတ်ဝယ်လိုအားမှာ ဆက်လက်မြင့်တက်နေကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ စုံစမ်းသိရသည်။

ဖုန်းကတ်ဝယ်လိုအား မြင့်တက်နေသည့်အပြင် ဟန်းဆက်ဈေးကွက်၌လည်း ဂျီအက်စ်အမ်ဟန်းဆက်များသည် အခြားဟန်းဆက်များထက် သုံးဆ ၇၅ ရာခိုင်နှုန်းဝန်းကျင်ထိ ဝယ်လိုအားမြင့်တက်နေကြောင်း သိရသည်။

ဂျီအက်စ်အမ်ဖုန်းဝယ်လိုအား မြင့်တက်ခြင်းကြောင့် ဟန်းဆက်ဈေးကွက်အတွင်း၌လည်း Touch Screenဟန်းဆက်၏ ရောင်းအားသည် အခြားဖုန်းများထက် ၅၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း လူကြီးမင်းမိုဘိုင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် လက်ရှိကာလ၌ အမေရိကန်ငွေဈေးနှုန်းများမှာလည်း ကျဆင်းနေ၍ ဟန်းဆက်ဈေးနှုန်းများမှာလည်း မော်ဒယ်အလိုက် ကျပ်ထောင်ဂဏန်းမှ ကျပ်သုံးသောင်းခွဲမှ လေးသောင်းထိ ကျဆင်းနေကြောင်း သိရသည်။

ဂျီအက်စ်အမ်ဟန်းဆက်ဈေးကွက်တွင် Nokia 5800, C7 နှင့် Ericsson မှ E15i တို့မှာ ဝယ်လိုအားကောင်းသော မော်ဒယ်အမျိုးအစားများဖြစ်ကြောင်း သိရသည်။

## အွန်လိုင်းမှ ဖုန်းဘီလ်ဆောင်သည့်စနစ်များ အခိုက်အတန့်သာဖြစ်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင် -၁၀**

အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဘီလ်ဆောင်နိုင်သည့် Online Billing စနစ်သည်မိုဘိုင်းဖုန်းများအားလုံးအားကြိုတင်ငွေဖြည့်သည့်စနစ်သို့ပြောင်းလဲလိုက်သည့်အချိန်တွင်ရပ်တန့်သွားမည်ဖြစ်ကြောင်း ယင်းဝန်ဆောင်မှုကိုပေးမည့်ရတနာပုံတယ်လီပို့ကုမ္ပဏီမှ သတင်းရရှိသည်။

ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများနှင့် ကြိုးဖုန်းများအတွက် ယခုကဲ့သို့ အွန်လိုင်းမှတစ်ဆင့်အလွယ်တကူ တယ်လီဖုန်းဘီလ်ဆောင်နိုင်ရန် ဆောင်ရွက်ထားရခြင်းဖြစ်၍ နောက်ပိုင်းကာလများတွင် အဆိုပါOnline Billing စနစ်ကို ဆက်လက်အသုံးပြုမည်မဟုတ်ကြောင်း ယင်းစနစ်အား ဝန်ဆောင်မှုပေးနေသည့်ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သို့သော် တယ်လီဖုန်းလိုင်းများအားလုံး ကြိုတင်ငွေဖြည့်ပြောဆိုနိုင်သည့် Prepaid Card စနစ်သို့ပြောင်းလဲသွားပါက Auto Payment Systme ဟူသော ဝန်ဆောင်မှုအသစ်တစ်ခုကို အစိုးရနှင့်ပုဂ္ဂလိကဘဏ်များက ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

Online Billing စနစ်အား ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ www.billing.yatanarpon.com.mm ပေါ်မှတစ်ဆင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ကနဦးစုငွေကျပ်တစ်သောင်း ပေးသွင်းကာတယ်လီဖုန်းနံပါတ်တစ်ခုအတွက်ပေးသွင်းခကျပ်ငါးရာဖြင့် နေ့ချင်းပြီးပေးသွင်းနိုင်ပြီဖြစ်သည်။










POND'S
flawless white

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝနှင့် ကျောင်းသားလူငယ်ဘဝ

အောင်သန်း

**ကလေးဘဝ**

ကျွန်တော် သုံးနှစ်ခြောက်လငါးရက်သား အရွယ်ရောက်သောအခါ ညီကလေးတစ်ယောက်ရပါသည်။ ထိုနေ့ကို ကောင်းစွာမှတ်မိပါသေးသည်။ ကျွန်တော်သည် ခါတိုင်းညများတွင် မိခင်နှင့်တူ အိပ်ရာထဲ၌ သေးပါလေ့ရှိပါသည်။ ထိုညတွင်ကား ဖခင်နှင့်အတူ အိပ်ရ၍ ဆီးသွားလိုသဖြင့် နိုးလာကာ "ဖေဖေ၊ သေးပေါက်ချင်တယ်"ဟု ပြောရာ ဖခင်က "ထပေါက်"ဟု ပြန်ပြောပါသည်။ ထိုညမှစ၍ ကျွန်တော်သည် အိပ်ရာထဲ၌ သေးမပါတော့ပါ။ ဆီးသွားလိုက နိုးလာပါသည်။

မိုးလင်းသောအခါ ဇန်းကြီးထဲ၌ သိပ်ထားသော ညီကလေးကို မြင်၍ ကိုင်မည်ပြုရာ အစ်ကိုကြီး(ဦးဘဝင်း)က "ဟေ့. . . မကိုင် နဲ့၊ လက်ပြတ်တတ်တယ်"ဟု ပြောသဖြင့် မကိုင်ဘဲ ကျွန်တော့်လက်ကို ပြန်ဆုတ်လိုက်ပါသည်။ အစ်ကိုကြီးကား ဟက်ဟက်ပက်ပက်ရယ်ပစ်လိုက်ပါသည်။ သို့တစေလည်း ကျွန်တော်သည် ညီကလေးကိုမကိုင်ရဲဘဲ ဘေးမှလှည့်ပတ်၍ ကြည့်ရှုံသာကြည့်ဝံ့ပါသည်။

ညီကလေး တစ်နှစ်ကျော်အရွယ်ရောက်သောအခါ နာမည်ပေးရန် စဉ်းစားကြပါသည်။ ကျွန်တော်က "ကျုပ် အောင်သန်းဆို၊ သူအောင်ဆန်းပေါ့ဗျာ"ဟု ပြောလိုက်ရာ အားလုံးက လက်ခံကြပါသည်။ စနေသားဖြစ်သည့်အတိုင်း ဇာတာထဲ၌ 'ထိန်လင်း' ဟု နေ့နာမ်အလိုက်မှည့်ထားသော်လည်း၊ 'အောင်ဆန်း' ဟုသာ တွင်နေပါတော့သည်။ ထိန်လင်းသည် ဇာတာဖွဲ့သူပေးသော နာမည်မျှသာဖြစ်သည်။ အချို့ထင်နေသကဲ့သို့ ငယ်နာမည် မဟုတ်ပါ။ မည်သည့်အခါမျှ ထိန်လင်းဟု မခေါ်ခဲ့ကြပါ။

ကျွန်တော်နှင့် အောင်ဆန်းမွေးဖွားခဲ့သော အိမ်ကြီးသည် မရှိတော့ပါ။ ရှေးအိမ်ကြီးဖြစ်၍ ကျွန်တော်တို့ ဘေးလက်ထက်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြပါသည်။ ယခုနတ်မောက်၌ရှိသောအိမ်သည် အောင်ဆန်းမွေးပြီးနောက် နှစ်နှစ်လောက်ရှိမှ ပြောင်းရွှေ့နေထိုင်သော အိမ်ဖြစ်သည်။ ကျွန်တော်တို့ဘေး ဦးရွှေနီသည် နတ်မောက်မြို့သူကြီးဖြစ်၍ ကျွန်တော်တို့ အဘိုးဟု ရေးသားပြောဆိုနေကြသော ဦးမင်းရောင်ခေါ် ရွှေလရောင်သည် ဘေးမကြီးမယ်စိုး၏တူ၊ အဘွား မယ်သူဇာ၏ မောင်တစ်ဝမ်းကွဲ ဖြစ်ပါသည်။ ကျွန်တော်တို့ ဘေးဘိုးဘီဘင်များသည် အလောင်းဘုရား၏ ရဲဘော်ခြောက်ကျိပ်ရှစ်အပါအဝင် ပင်းမင်းကြီးဦးမြ(ဦးမြတ်)မှ ဆင်းသက်ကြသည်ဟု လူကြီးသူမများ ပြောသံကြားဖူးပါသည်။

အောင်ဆန်းသည် နာမည်နှင့်လိုက်အောင် 'ဆန်း' သူဖြစ်ပါသည်။ အမေးအမြန်းထူ၍ လူကြီးတွေ ပြန်မဖြေနိုင်သည့် မေးခွန်းများကို မေးလေ့ရှိပါသည်။ မိုးတွင်း၊ ဆောင်းတွင်းဟု ခေါ်ကြသော်လည်း နွေရာသီကို အဘယ့်ကြောင့် 'နွေတွင်း' ဟု မခေါ်ကြသလဲဟုမေးရာ လူကြီးများသည်ပြန်၍မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ "ညီအစ်ကိုတစ်ဝမ်းကွဲရှိသော်လည်း ဘာကြောင့်လင်မယားတစ်ဝမ်းကွဲ မရှိသလဲ" မေးပြန်ရာ လူကြီးများသည် ယခင်ကကဲ့သို့ပင် ပြန်မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ အမေးအမြန်းထူသလောက် အောင်ဆန်းသည် စဉ်းစားတွေးတော ငေးမောနေတတ်ပါသည်။ အငယ်ဆုံးဖြစ်သည့်အတိုင်း မိဘနှစ်ပါးကသာမက အစ်ကို၊ အစ်မများကပါ အလိုလိုက်ကြသည်ဖြစ်ရာ အောင်ဆန်းသည် ကလေးဆိုးကြီးကဲ့သို့ ဖြစ်နေပါသည်။ လိုချင်သည်ကိုမရမနေ ငိုယိုတောင်းဆိုတတ်ပါသည်။ ရလည်းရပါသည်။ ကြီးလာသည့်တိုင်အောင် မိမိပြောလိုရာဇွတ်၍ ပြောတတ်ခြင်း၊ လုပ်လိုရာကို ဇွတ်လုပ်တတ်ခြင်းတို့သည် ငယ်စဉ်ကအလိုလိုက်ခံခဲ့ရခြင်းကြောင့်ဖြစ်သည်ဟုထင်ပါသည်။

(မှတ်ချက် ။ ။ တစ်ချိန်က မိတ်ဆွေတစ်ယောက်က "ကျွန်တော်တို့ ဗိုလ်ချုပ်နဲ့ပတ်သက်ပြီး သုံးသပ်ကြည့်ကြတယ်။ ဗိုလ်ချုပ်ဟာ မိမိပြောလိုရာ လုပ်လိုရာကို ဇွတ်ပြောဇွတ်လုပ်တတ်တယ်။ ဒါဟာ အသက်ငယ်ရွယ်ရွယ်နဲ့ အာဏာရလို့ရယ်လို့ သုံးသပ်မိကြတယ်"ဟု ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော်က "ဒါတင်မကဘူး၊ ဗိုလ်ချုပ်ဟာ မွေးကတည်းက အလိုလိုက်ခံခဲ့ရတယ်" ပြောရာထိုမိတ်ဆွေက "ကျွန်တော်တို့ အဲဒါတွေသိလည်း မသိခဲ့ဘူး၊ ထည့်လည်းမသုံးသပ်မိခဲ့ဘူး" ပြန်ပြောပါသည်။

စိတ်ဘက်ဆိုင်ရာ ပါရဂူများ၏ အဆိုအရ လူတစ်ယောက်၏စိတ်ဓာတ်သည်မိမိ၏ဘဝပေးအတိုင်းဖြစ်တတ်သည်။ ဥပမာလူတစ်ယောက်သည်ငယ်စဉ်ကဆိုးသောမိဘများ၏ နှိပ်စက်ခြင်းကိုသော်လည်းကောင်း၊ အခြားသူများ၏ နှိပ်စက်ခြင်းကိုသော်လည်းကောင်းခံခဲ့ရလျှင် ကြီးလာသောအခါ မယုံသင်္ကာဖြစ်တတ်ခြင်း၊ ကြောက်ရွံ့တတ်ခြင်းတို့ဖြစ်တတ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ထိုပုဂ္ဂိုလ်မျိုးတွင် 'အရှုံးပေးတတ်သော စိတ်ဓာတ်' မျိုး ဝင်နေတတ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးသည် မိမိနိုင်လှည့်ကြုံလာသောအခါ ရက်ရက်စက်စက် ပြုကျင့်တတ်သည်။ ငယ်စဉ်က အလိုလိုက်ခံခဲ့ရပြီး မိမိလုပ်လိုရာ လုပ်ခွင့်ရခဲ့လျှင် ကြီးပြင်းလာ



မိခင်ဒေါ်စုနှင့်အတူ နတ်မောက်မြို့ နေအိမ်တွေ့ရသော ဗိုလ်ချုပ်အောင်ဆန်း

သည့်အခါမိမိလုပ်ချင်သည့်အတိုင်းလုပ်ဝံ့သည်။ လုပ်တတ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ထိုပုဂ္ဂိုလ်မျိုးတွင် 'မိမိကိုယ်ကို မိမိယုံကြည်ကိုးစားမှု' ရှိတတ်သည်။ ထိုပုဂ္ဂိုလ်မျိုးသည် ရန်သူကို အထင်သေးတတ်သဖြင့် နောက်ဆုံး၌မိမိပင် ခံရတတ်သည်။

နိုင်ငံရေးခေါင်းဆောင်များ ၏ စိတ်နေသဘောထားနှင့်ပတ်သက်၍ သုံးသပ်လိုပါက ကလေးဘဝက နေထိုင်ခဲ့ရပုံကိုပါ ထည့်သွင်းစဉ်းစားလျှင် မမှားနိုင်ဟု ကျွန်တော်ယုံကြည်ပါသည်။)

အလိုလိုက်ခံရသော်လည်း အောင်ဆန်းမှာ မတရားလုပ်ချင်သည့်စိတ်၊ မတရားအခွင့်အရေးလိုချင်သည့် စိတ်ဓာတ်မျိုးမရှိပါ။ မိမိကိုယ်ကို မိမိယုံကြည်သူဖြစ်သည့်အ



နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်

တိုင်းသူများအား မနာလိုသည့်စိတ် မရှိပါ။ မိမိထက်ကြောသွားမည်ကို စိုးသည့်အတွက်သူများအား ခြေထိုးလိုသည့် စိတ်မျိုးလည်း အလျဉ်မရှိပါ။ အောင်ဆန်းနှင့် အချို့နိုင်ငံရေးခေါင်းဆောင်များကွာခြားခြင်းသည် ထိုစိတ်ဓာတ် အခြေခံကြောင့်ပင်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

အောင်ဆန်းသည် အလွန်ရိုးသား၍ စားချင်လျှင်စားချင်သည်၊ လိုချင်လျှင် လိုချင်သည်၊ ကြောက်လျှင် ကြောက်သည်စသည်ဖြင့် ဖွင့်ဟဝန်ခံတတ်ပါသည်။ မည်သည့်အခါမှလိမ်မပြောတတ်ပါ။ ကျွန်တော်တို့ငယ်စဉ်က နတ်မောက်ဆွမ်းကြီးလောင်းအသင်းက ကြီးမှူး၍ ဝါတွင်း၌အပတ်စဉ် အိုးစည်ဗုံမောင်းဖြင့် အလှူခံထွက်ပါသည်။ လူတစ်ယောက်က ဖိုးသူတော် အရုပ်ကြီးထဲဝင်ပြီးကပါသည်။ ထိုအရုပ်ကြီးကိုအောင်ဆန်းအလွန်ကြောက်ပါသည်။ အရုပ်ကိုကြောက်ရကောင်းလားဟု ဖခင်က ဆူပူပြစ်တင်သောအခါ "ဖင်ခေါင်းထဲသွင်းထား ဘယ့်နှယ်လုပ်မလဲဗျာ့" ဟု ပြန်ဖြေပါသည်။ ခေါင်းတုန်တုန်၊ လည်တုန်တုန်ဖြစ်နေသော မယ်ရွှေမယ်ဆိုသည့် အမယ်ကြီးကိုလည်း သူကြောက်၍၊ ကြောက်ကြောင်းကိုလည်းသူဝန်ခံပါသည်။ ညအိပ်လျှင်မိခင်ကိုဖက်အိပ်လေ့ရှိ၍ မိခင်ကို သူ့ဘက်သို့ အမြဲလှည့်အိပ်စေချင်သည်။ အိမ်နားရှိကာကာဆိုင်သို့လည်း သူမသွားရဲပါ။ တစ်နေ့သ၌ ကာကာဆိုင်သို့သွား၍ ဘီဒီဆေးလိပ်များ ဝယ်ပြီးလျှင် ချိုးကြည့်ပါသည်။ မိခင်သိသောအခါ ကလေးအားဆေးလိပ်ရောင်းလိုက်သော ကုလားထံသွား၍ ဆူပူပြစ်တင်ပါသည်။ ဆိုင်ရှင်ကာကာက မိခင်ကို တောင်းပန်၍ အောင်ဆန်းဘက်လှည့်ကာ "နောက်တစ်ခါလာရင် ဘန်းဘူးပေးမယ်"ဟု ပြောလိုက်ရာ အောင်ဆန်းက "ဘန်းဘူးဆိုတာဘာလဲ"ဟု မိခင်ကို မေးပါသည်။ မိခင်က "ဘန်းဘူးပေးမယ်ဆိုတာ ရိုက်မယ်လို့ပြောတာ"ဟု ပြောလိုက်ရာ အောင်ဆန်းသည် ထိုနေ့မှစ၍ ကာကာဆိုင်သို့ မသွားတော့ပေ။

နေမကောင်းလျှင် ပိုက်ဆံပေးမှ ဆေးသောက်မည်ဟု အကြပ်ကိုင်တတ်သဖြင့်အောင်ဆန်းသည်နေမကောင်းတိုင်း မိခင်ထံမှ ငွေဒင်္ဂါးလေးငါးဆယ်ရပါသည်။ (ထိုခေတ်ကငွေစက္ကူပေါ် သေးဟန် မတူပါ)

နတ်မောက်၌ တစ်ဆိုင်တည်းသာရှိသော ကာကာဆိုင်သို့မသွားရဲသဖြင့်သူလိုချင်သည့်ပစ္စည်းများကိုကျွန်တော် ဝယ်ပေးရပါသည်။ ကျွန်တော်လိုချင်သည်တို့ကိုလည်း သူ့ငွေဖြင့်ပင် ဝယ်ခွင့်ပေးပါသည်။ ညီအစ်ကိုရန်ဖြစ်သောအခါသူ့ငွေပြန်ပေးရန် တောင်းတတ်ပါသည်။ မိခင်က "နင်အစကဘာလို့ပေးသလဲ"ဟု မေးသောအခါ "အို . . သူက ညီအစ်ကိုချင်းပဲကွာ၊ ဘာညာနဲ့ ပြောတာကိုးဗျာ့"ဟုပြန်ဖြေသဖြင့် ကျွန်တော်တို့ ရယ်ကြရပါသည်။ အောင်ဆန်းသည် မည်သည့်အခါမှ လုပ်ကြံ၍ လီဆယ်၍ မပြောတတ်ပါ။ ပေးခဲ့လျှင်ပေးခဲ့သည်။ လုပ်ခဲ့လျှင်လုပ်ခဲ့သည်ဟု ပွင့်ပွင့် လင်းလင်း ဖွင့်ဟဝန်ခံတတ်ပါသည်။

ကျွန်တော်တို့မိခင်သည် အလွန်ပညာလိုလားရကား ကျွန်တော်တို့ငါးနှစ်၊ ခြောက်နှစ်အရွယ်ရောက်လျှင် ကျောင်းထားပါသည်။ အောင်ဆန်းသည် ကျောင်းနေရမှာ ကြောက်သဖြင့် "အမနေမှနေမယ်" ဟု မိခင်ကို ပြောပါသည်။ (ကျွန်တော်တို့မိခင်ကို ကျွန်တော်တို့က 'အမ' ဟု ခေါ်ကြပါသည်) အထွေးဆုံးသားကလေးကို အလွန်ချစ်သော မိခင်ကလည်း အောင်ဆန်းကိုကျောင်းမပို့ရက်ဘဲခွင့်လွှတ်ထားရပါသည်။

ကျွန်တော် ၁၁ နှစ်သားအရွယ် ရောက်သောအခါ ရှင်ပြု၍ ကိုရင်ဝတ်ပါသည်။ ခုနစ်နှစ်ကျော်၊ ရှစ်နှစ်သားရှိနေပြီဖြစ်သော အောင်ဆန်းသည် ကျောင်းမနေသေးသော်လည်း ကျွန်တော့်ထံ နေ့စဉ်လာပါသည်။ ထိုသို့လာရင်း ကိုရင်ဝတ်ချင်စိတ်ပေါက်လာသဖြင့် ကိုရင်ဝတ်ပေးရန် မိခင်ကိုပူဆာပါသည်။ ချက်ကောင်းကို ယူတတ်သော မိခင်က "ကိုရင်ဝတ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူးကွ၊ စာတတ်မှ ဝတ်ရတာ၊ မင်းလိုစာမတတ်တဲ့ လူက ကိုရင်ဝတ်လို့ ဘယ်ဖြစ်မလဲ"ဟု ဆွပေးလိုက်ပါသည်။ "ဒီလိုလား၊ ဒီလိုဆို ကျောင်းနေမယ်"ဟု ပြောပြီး အောင်ဆန်းသည် ထိုအချိန်မှစ၍ ကျောင်းနေပါတော့သည်။



စာရေးစာဖတ်ခဲ့ရာ နေရာ

(မှတ်ချက်။ ။ ၁၉၃၂-၃၃ ခုကောလိပ်ကျောင်းရောက် စပထမနှစ်၌လည်း အောင်ဆန်းသည် သင်္ကန်းဝတ်၍ အီတာလျံ ဘုန်းတော်ကြီးဦးလောကနာထနှင့် အတူလိုက်ကာ သာသနာပြုလိုစိတ်ဖြစ်ပေါ်လာသဖြင့် မိခင်ထံ ခွင့်တောင်းဖူးပါသည်။ မိခင်ကခွင့်မပြုသဖြင့် မလိုက်ဖြစ်ခဲ့ပေ။)

ဤသို့ဖြင့် အောင်ဆန်းသည် နတ်မောက်ရှိ ဒီပက်ရာကျောင်းခေါ် ဦးသောဘိတကျောင်းသား ဖြစ်လာပါသည်။ ဦးသောဘိတကျောင်းသည် ဘုန်းကြီးကျောင်းဖြစ်သော်လည်း အတန်းကျောင်းဖြစ်ပါသည်။ ထိုခေတ်ကထိုကျောင်းမျိုးကို 'လောကဓာတ်ကျောင်း' ဟုခေါ်ကြပါသည်။ ရှေးဟာသက်သက်သင်သည့် ဘုန်းကြီးကျောင်းနှင့် ခြားနားစေရန်အတွက် ဤသို့ခေါ်ခြင်းဖြစ်ဟန်တူပါသည်။ လက်ထောက်ဆရာများသည် ဝတ်ကြောင်များဖြစ်ရာ အချို့ဆရာဖြစ် စာမေးပွဲအောင်မြင်ကြ၍ အချို့မအောင်မြင်ကြပါ။ ကျွန်တော်တို့ငယ်စဉ်က ထိုလက်ထောက်ဆရာများသည် လခမရကြဘဲ နှစ်ကုန်မှ ဆုငွေရကြပါသည်။ နှစ်စဉ်ပညာရေးဌာနမှ ပညာအုပ်တစ်ယောက်ယောက်လာ၍ စစ်ဆေးပြီးလျှင် ကျောင်းသားများကိုအတန်းတင်ပေးခြင်း၊ အတန်းချခြင်းများကို ပြုလုပ်ပါသည်။ ကျောင်းအုပ်ဘုန်းတော်ကြီးကသော်လည်းကောင်း၊ လက်ထောက် ဆရာများကသော်လည်းကောင်း အတန်းတင်ပေးခြင်း၊ ချခြင်း မပြုနိုင်ကြပေ။

အောင်ဆန်းသည် ကျောင်းနေသည့်အချိန်မှစ၍ အတန်းထဲ၌ ပထမရပါသည်။ ကျောင်းအုပ်ဘုန်းတော်ကြီးနှင့်တကွ ဆရာ၊ ဆရာမများကို အလွန်ကြောက် ရွံ့ ရိုသေ၍ အလွန်အပိုးသေပါသည်။ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ လုံ့လဝီရိယရှိခြင်းတို့သည် အောင်ဆန်း၏ဗီဇပင်ဖြစ်ပါသည်။

ထိုဗီဇကို မိဘများထံမှရသည်ဟု ဆိုချင်ကလည်း ဆိုနိုင်ပါသည်။ ကျွန်တော်တို့ ဖခင်နှင့်မိခင်မှာ အလွန်ရိုးသားသူများဖြစ်၍ မတရားလုပ်ရန် ဝေးစွ၊ မတရား လုပ်သည်ဟု အထင်ခံရမည်ကိုပင် အလွန်ကြောက်သူများဖြစ်ကြပါသည်။ တာဝန်ကို အလွန်သိတတ်၍ တာဝန်မဲ့ပြောဆိုလုပ်ကိုင်မှုကို အလွန်စက်ဆုပ်ရွံ့ရှာကြပါသည်။

စိတ်နေသဘောထားအားဖြင့်အောင်ဆန်းသည်ဖခင်နှင့် ပို၍ တူပါသည်။ ကျွန်တော်တို့ဖခင်သည် ရှာမှရှားသော လူအေး တစ်ယောက်ဖြစ်၍ မည်သူ့ကိုမျှ ရန်မပြု။ မိမိကိုရန်ပြုကြလိမ့်မည်ဟုလည်း မထင်သူဖြစ်ပါသည်။ အိမ်၌လည်းကောင်း၊ ခရီးသွားလာရာ၌လည်းကောင်း မိမိကိုယ်ကို ကာကွယ်ရန် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်လေ့မရှိပါ။ ကျွန်တော်မှတ်မိသလောက် မည်သူနှင့်မျှလည်း ရန်မဖြစ်ဖူးပါ။ မှတ်မိပါသေးသည်။ ပထမ ကမ္ဘာစစ်ကြီး ၁၉၁၄-၁၉၁၈ အတွင်းက ကျွန်တော်တို့ ဖခင်သည် စစ်သည်တော်များ သက်သာချောင်ချိရေးအဖွဲ့တွင် ငွေထိန်းအဖြစ် ဆောင်ရွက်ရပါသည်။ တစ်နေ့သ၌ လူတစ်ယောက်သည် (နာမည်ကို မှတ်မိသော်လည်း ထိုသူ၏ အဆက်အနွယ်များကို ငဲ့ညှာသောအားဖြင့်မဖော်ပြတော့ပါ) အတွင်းရေးမှူးလက်မှတ် လိမ်ဖြင့်ငွေထုတ်ရာ ကျွန်တော်တို့ဖခင်က ထုတ်မပေးဘဲငြင်းဆိုလိုက်ပါသည်။ ထိုလူသည် ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်သဖြင့်အရက်သောက်၍ အိမ်ပေါ် သို့တက်လာကာ "ခင်ဗျားက စစ်ကြေးထိန်းရလို့ မောက်တာလား" စသည်ဖြင့် ရန်စစော်ကားပါတော့သည်။ ကျွန်တော်တို့ဖခင်ကား မိမိအိမ်ပေါ် သို့တက်လာ၍ မိမိအားစော်ကားသူကို ဘာမျှမလုပ်ပါ။ လှည့်၍ပင် မကြည့်ပါ။ ဤမျှ သည်းခံနိုင်စွမ်းရှိသူပေတည်း။ ထက်သော မိခင်ကမူကား "နင်ဘာလုပ်ဝါးဝတာလဲ"ဟု ပြောကာဖိနပ်ဖြင့် ရိုက်မည်ပြုရာ အမူးသမားလူရမ်းကားသည်



အိပ်စက်ခဲ့သော ခုတင်

ထိုင်ရှိုး၍ တောင်းပန်သောကြောင့်သာ သက်သာခွင့်ရသွားပါသည်။မိခင်သည်မည်သည့်အခါမျှအမှုမဲ့ အမှတ်မဲ့နေတတ်သူ မဟုတ်ပါ။ ခရီးသွားလာရာတွင် နှုတ်က သမ္ဗုဒ္ဓေရွတ်လျက် လက်ကလည်း ဓားကိုင်ထားလေ့ရှိပါသည်။ အောင်ဆန်းသည် ဖခင်ကဲ့သို့ အမှုမဲ့၊ အမှတ်မဲ့ နေတတ်ပါသည်။ ထို့ကြောင့်ပင် ငယ်စဉ်က သူတစ်ပါး၏ ရိုက်နှက်ခြင်းခံရ၍ ကြီးလာသောအခါ၌လည်း ရေတိမ်တွင် အနစ်ခံရပါသည်။ မိခင်ကဲ့သို့သတိဝီရိယရှိပါမူကား ရေတိမ်တွင် အနစ်ခံရမည် မဟုတ်ပါ။

ငယ်စဉ်က ဆိုင်းတီးနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသော အောင်ဆန်းကိုကောင်ကလေးတစ်ယောက်က ခဲဖြင့်ပေါက်၍ ထွက်ပြေးရာ အောင်ဆန်းမှာ နဖူး၌ ဒဏ်ရာရသွားပါသည်။ အခြားအဖြစ်အပျက်ကလေးတစ်ခုကိုလည်းမှတ်မိပါသေးသည်။ တစ်နေ့တွင် သူ့ထက်အနည်းငယ်ကြီးသော 'အေးမောင်' ဆိုသူက အောင်ဆန်းကိုထိုးကြိတ်ရိုက်နှက်လိုက်ပါသည်။ ကျွန်တော်သိသောအခါချက်ကောင်းစောင့်၍ ထိုကောင်ကလေးကိုလက်သီးဖြင့်ထိုး၊ ခြေဖြင့်လည်းကန် စသဖြင့်အတော်ကလေးနှံ့လိုက်ပါသည်။ ထိုကောင်ကလေးက "တော်တော့ကွ၊ မင်းညီ ဒီလောက်မနာဘူး"ဟု ပြန်ပြောသည်ကိုယခုစာရေးနေရင်းကြားယောင်မိလာသဖြင့်ပြုံးမိပါသည်။ အောင်ဆန်းကား ငယ်စဉ်မှစ၍ကျဆုံးသည့်နေ့အထိမည်သူ့ကိုမျှ မနှိပ်စက်လို။ မနှိပ်စက်ခဲ့။ မိမိကိုလည်း မည်သူကမျှ နှိပ်စက်ရန်ရှာလိမ့်မည်ဟု မထင်သူဖြစ်ပါသည်။ "လုပ်ရဲတာ သတ္တိမဟုတ်ဘူး၊ ခံရဲတာမှသတ္တိပါ"ဟု ကြီးလာသောအခါမိမိနှင့်ရင်းနှီးသူများကို မကြာခဏပြောလေ့ရှိပါသည်။

စာ(၃၀)သို့

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

တစ်ခါတစ်ရံလသာတဲ့ညမှာ ဆိုအတူတူတစ်ယောက်ကို တစ်ယောက်မှီပြီး အရသာခံဖို့ ချစ်သူကိုအောက်မေ့ကြတယ်။ မိုးအုံ့တဲ့ညနေပိုင်းတွေကျ အထူးသဖြင့်အိမ်နဲ့အဝေးကြီးမှာရောက်နေတဲ့အခါဆို အမေ့ရင်ခွင်မှာ ပြန်ခိုချင်တဲ့စိတ်ဖြစ်မိတယ်။ ဆီးနှင်းတွေ ပိန်းပိတ်မှောင်ပြီး တကယ်ခိုက်ခိုက်တုန်အောင် ချမ်းတဲ့ဆောင်းညတွေမှာကျ ဘဝကြင်ဖော်ရဲ့ ရင်ငွေ့ကို လှုံချင်ကြပြန်တယ်။ အားလုံး အားလုံး ပျော်ရွှင်ကခုန်လေ့ရှိတဲ့ မီးပုံပွဲတွေကျပြန်တော့ အိမ်က ကလေးတွေ၊ ညီအစ်ကိုဆွေမျိုးတွေကို သတိရပြန်တယ်။

ဘာအတွက်နဲ့ ဘယ်နေရာဘယ်အချိန်မှာ ဘာတွေလုပ်နေနေ လူ့သဘာဝအရ အရင်ကပတ်သက်ဆက်စပ်ခဲ့ဖူးတဲ့ အခြားသူတွေကို အမှတ်တရရှိကြတာချည်းပဲ။ ။

*(တေးရေးစိုင်းခမ်းလိတ်၏ ကိုမောင်မောင်(မဖျိုမလှိုင်း) သို့ ဂုဏ်ပြုခြင်းစာစုမှ)*

(၁)

ယခုနှစ်ပိုင်းအတွင်း တစ်ခါတလေ ပေါ်ထွက်လာသော ကိုယ်ပိုင်သံစဉ် သီချင်းကောင်းအချို့ကြားရသည့်အခါ တစ်စုံတစ်ခု လိုအပ်နေသလို ခံစားရပါသည်။ ထိုတစ်စုံတစ်ခုကို တွေးတောကြည့်သောအခါ သီချင်းတွင် ပါဝင်သော (Music)ဂီတအသံပိုင်းကို စဉ်းစားမိပါသည်။ ရံဖန်ရံခါပေါ်ထွက်လာသောကိုယ်ပိုင်သံစဉ် သီချင်းကောင်းလေးတွေမှာ(Vocal)အဆိုပိုင်းအားကောင်းသော်လည်း (Instrument) တူရိယာပိုင်း အားနည်းနေသည်ဟု ခံစားမိပါသည်။ ဆိုရလျှင် ဂီတတူရိယာပေါင်းစုံ အသံစုစည်းမှုအားနည်းခြင်း(ဥပမာ-လေမှုတ်တူရိယာမပါဝင်ခြင်း) နှင့် သီချင်းတစ်ပုဒ်လုံးအား စီမံပေါင်းစပ်မှု(Agreement) အားနည်းခြင်းတို့ကိုကြားသိခံစားရပါသည်။ ထိုအခါမျိုးမှာ သူ့ကို အထူး သတိရမိလေသည်။ သူဆိုသည်မှာ အများက ခေါ်ကြသော အဥ္ဂလီမောင်မောင်. . . ။

(၂)

၁၉၈၀ ဝန်းကျင်နှစ်များမှာ ခိုင်ထူးသီချင်းများ အလွန်အောင်မြင်နေပါ၏။ **မင်းသိပါ၏၊ သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်၊ လေးမြားတစ်လက်နဲ့ သီချင်းသည်၊ အဥ္ဂလီ၊ နေညိုချိန်အတွေး၊ အိမ်အလွမ်း** ခိုင်ထူး၏ အားပါသော ဆိုဟန်မှာ လူငယ်ထုကို လွှမ်းမိုးသွား၏။ ထို့နောက် မရှေးမနှောင်းမှာပင် အဆိုတော် ခင်မောင်တိုး၏ သီချင်းများ ဆက်တိုက်ပျံ့လွင့်လာပြန်သည်။ **အဥ္ဂလီအတွက် ဂီတဥ္ဂလီ၊ စောင်းကြိုးရှိုက်သံ၊ ကြိုးမဲ့ချည်တိုင်.** . သီချင်းတွေ နားထောင်ရင်း တေးရေးသူ မောင်မောင်ဆိုသူကို ဦးညွှတ်လေးစားနေမိသည်။ သည်လိုနဲ့ မောင်မောင်ရေးသော သီချင်းတွေကို ဂရုတစိုက် နားထောင်ဖြစ်ခဲ့သည်။ သိပ်မကြာပါ။ **သကြ်န်မိုး** ဇာတ်ကားရုံတင်သည်။ ဇာတ်လမ်းစပြတော့ စာတန်းထိုးသည့်အခါ မင်းသမီး၊ မင်းသားအမည်ကို အရင်မထိုး၊ ဇာတ်ကားကို ဖန်တီးသော ဂီတမှူးများ၏အမည်ကိုအရင်ထိုး၏။ သည်မှာ ကိုမောင်မောင့်နာမည်ကိုမြင်ရသည်။ အမျိုးသားယဉ်ကျေးမှုကို ဖော်ကျူးသော တေးသံစုံဇာတ်ကားမို့ဂီတမှူးတွေအမည်ဦးစားပေးရေးထိုးပုံရသည်ဟုနားလည်ခဲ့သည်။ သင်္ကြန်မိုးဇာတ်ကားနှင့် အတူ ကိုမောင်မောင်ရေးသော သင်္ကြန်မိုးသီချင်းမှာ မြန်မာပြည်တစ်ဝန်း ပျံ့လွင့်သွားပါတော့သည်။ လူတိုင်း ပါးစပ်ဖျားမှာ“မိုးပြေးလေးရေသင်္ကြန်မိုးပြေးရေ စိုရုံဖျန်းပက်ဦး” ဖြစ်ကုန်ပါသည်။ သည့်နောက် ခင်သန်းနုနှင့် ဇင်ဝိုင်းပါဝင်သော မမစိမ်း ဇာတ်ကား၊ မေသန်းနုနှင့် ဇင်ဝိုင်းပါဝင်သော ဒဏ္ဍာရီဇာတ်ကားကြည်နူးဆွတ်ပျံ့ဖွယ် လူငယ်တို့၏ ချစ်ခြင်းမေတ္တာဖွဲ့ကို ရိုက်ကူးထားသော ဤဇာတ်ကားများက ရင်ကိုတစ်ခါတည်း စွဲသွားစေပါသည်။ ထိုဇာတ်ကားများနှင့်အတူ ကိုမောင်မောင်ရေးဖွဲ့သော ရိုးရိုးလေး၊ နှင်းဆီပန်သူ၊ ပန်းချစ်သူ၊ မဖြေသာပါဘူး။ ရွာမယ်ဆိုရင်လေ၊ ဒဏ္ဍာရီ၊ သစ္စာတော်ဦး သီချင်းတွေက ရင်ကို လှုပ်ခတ်စေခဲ့သည်။

အော်. . ဂီတအနုပညာရှင် ကိုမောင်မောင်၊ ဂီတအသံအသစ်တွေဖန်တီးဖို့ သီချင်းကောင်းတွေရေးသားဖို့ဤမြေကမ္ဘာမှာ လူဖြစ်လာသည်ဟုဆိုထိုက်သော ကိုမောင်မောင်၊ သူ၏ အနုလက်ရာတွေထဲမှာ လူငယ်ဘဝများ ယစ်မူးခဲ့ရသည်။ ငြိမ့်ငြိမ့်မူးမူး ကြည်နူးဆွတ်ပျံ့ဖွယ်သံစဉ်များ. . . .

၈၈ မတိုင်ခင်ကာလတွေမှာ ကိုမောင်မောင်အပါအဝင် မဖျိုမလှိုင်းအဖွဲ့သားတွေကို အင်းလျားတံတားဖြူဘက်မှာ တွေ့ရတတ်သည်။ ခရမ်းပြာအဆောင်မှာနေကြမှန်းသိရသည်။ တစ်ခါတစ်ခါ တဲပုတ်ကြီးပမာ ဖွင့်လှစ်ထားသောမြေမေတ္တာခြံထဲက လက်ဖက်ရည်ဆိုင်မှာ စုဖွဲ့ထိုင်နေကြတာမြင်တွေ့ရပါသည်။ သည်အချိန်မှာ မဖျိုမလှိုင်းသည် အထင်ကရ တီးဝိုင်းကြီးဖြစ်နေပါပြီ။ ကိုခင်မောင်တိုး၏ အသံသြရှရှနဲ့ ကိုရဲလွင်၊ ကိုနေဝင်း၊ ကိုမောင်မောင်တို့၏ တေးသီချင်းများ လူငယ်ထု၏ ရင်ထဲအရှိန်အဟုန်ပြင်းစွာ စီးဆင်းနေရာယူထားခဲ့ပါပြီ။ **မဟာဆန်သူ၊ ကြိုးကြာသံ၊ မျက်သွယ်၊ ရောင်စဉ်ခုနစ်သွယ်** စီးရီးတွေက ချည်နှောင်တုပ်ဖွဲ့ထားကြသည်။ အထူးသဖြင့် သံစဉ်ဖန်တီးမှု ဆန်းသစ်သော လှပထူးခြားသော ကိုမောင်မောင့်သီချင်းတွေကို စွဲလမ်းခဲ့ရပါ၏။ ကိုမောင်မောင့်သီချင်းများသည် မြန်မာရနံ့စကားလုံးတို့ဖြင့် ထုံသင်းကာ သံစဉ်ပိုင်းက ငြိမ့်ညောင်းပြေပြစ်ပြီး တီးကွက်များက ဆန်းသစ်မြူးကြွနေပေသည်။ သံစဉ်နှင့်စာသား တစ်ထပ်တည်းကျသလို တီးကွက်တီးလုံးအရစာတစ်လုံးချင်း ခွင်ကျလွန်း၍ အံ့သြခဲ့ရသည်။ ကိုမောင်မောင်ရေးခဲ့သောသီချင်းများတွင် အကြောင်းအရာကို ဘောင်ခတ်မထား၊ အချစ်သီချင်းများ သာမက ဘဝဒဿနပါဝင်သော၊ တရားဓမ္မနှင့်သက်ဆိုင်သော လူ့ဘဝမေးခွန်းများကို သီချင်းထဲ ထည့်သွင်းရေးဖွဲ့ထားပါသည်။ ကိုမောင်မောင်ရေးခဲ့သော အချစ်သီချင်းများတွင် စာသားနုရွမှုအပိုင်းကို အောက်ပါသီချင်းများ၌ မြင်တွေ့ရပါမည်။



( အနုပညာရှင်ရုပ်ပုံလွှာ )

မှုန်နံ့သာခြယ် မို့မို့ပါးပြင်ထက်မှာ ခိုတွယ်နိုင်စွမ်းမယ့် မျက်ရည်စမ်းရယ် ပျော်ရွှင်ဖွယ် နေ့ရက်လေးကိုနွမ်းအောင်ငိုသံနဲ့ အဆုံးမသတ်လိုက်ပါနဲ့

(ဂျက်မြသောင်းဆို-မကြားရက်လို့ပါလေ)

တကယ်ပဲ ဝမ်းနည်းမိတယ် တို့ရင်ထဲက ချစ်သူရယ် ခရမ်းပြာပန်းလေးတစ်ပွင့်မို့ ပန်းလို့ သူမမြင်ဘူးကွယ်

(မီမီဝင်းဖေဆို-မဖြေသာပါဘူး)

နှစ်ဦးသားတွေ့ရင် ကလေးလေးတစ်ယောက်လို တိုးဝှေ့ချွဲတတ်သူရယ် ချစ်တဲ့ရင်ခွင် ခေါင်းလေးဝှက်လို့ ပန်းမွှေ့ရာမှာ နားချင်သေးတယ်ဆိုသူရယ်၊ ချစ်သူ့မျက်နှာ အိပ်စက်တဲ့အခါ တရေးရေးစိုက်လို့ ကြည့်ရင်း သူ့ရဲ့ရင်ခွင် ချမ်းမြေ့သွားလို့ ပန်းသမျှခြေရာ အနွမ်းတွေ လွင့်ပြယ်ပါစေကွယ်

(မီမီဝင်းဖေဆို-တစိမ့်စိမ့်ရင်ထဲမယ်)

ဇာတိမ်ကန့်လွှာ ပိတ်ဆီးကာစေ မှိန်ပေမယ့် ထွင်းလို့ ထိုးဖောက်နိုင်ရုံလေး ကိုယ်ယောင်ပြသလို မထည်ဝါလည်းလေ အာရုံဝယ် ရှင်းရှင်း တို့က မြင်နေရင်း ချစ်သောသူရယ်မောင့်အနားမှာကွယ် ရင်ခွင်မှာ လွဲခို ယီးလေး ယိုနွဲ့လို့ ထိုစဉ်က ရွှန်းစိုလပြည့်ညဝန်းမို့ အခါခါ ပြန်တမ်းတ လွမ်းည မှတ်တမ်းအို

(ဒင်းနစ်ဆို-လမင်းသာချိန်)

“အဥ္ဂလီမောင်မောင်ဟာ စန္ဒရားဆရာမို့လို့လားမသိဘူး။ သူ့သီချင်းတွေကိုတီးရင် တစ်လုံးကျန်ရင် ကျန်သလို သိပ်သိသာတယ်။ တီးကွက်တစ်လုံးချင်းကို စာသားတစ်လုံးချင်းနဲ့ ချိတ်ဆက်ထားတာကြောင့် တစ်လုံးဆိုတစ်လုံး ကျန်ခဲ့ရင်သိသာပါတယ်”ဟု ဂီတနှင့် အကျွမ်းတဝင်ရှိသည့် မိတ်ဆွေတစ်ဦးက ပြောဖူးပါသည်။ ကိုမောင်မောင်သည် ယင်းသို့ စကားလုံးတစ်လုံးချင်း တွဲသီထားသော အချစ်သီချင်းများ သာမက. .

ရေစီးရဲ့သဘောလည်းစောကြောသေချာစွာ ငါမသိ လှိုင်းဝဲဂယက်အထာကိုလည်း မကျွမ်းသက်လုံကလည်း မစေ့နဲ့ သို့သော်လည်းလေ မြစ်ထဲကို ငါခုန်ချခဲ့၏

(နွေအိပ်မက်)

လူမှုရေးဘဝရဲ့ပျော့ကွက်တွေကို နင်းချေနေရင်း ဟန်ဆောင်ခြင်းညရဲ့ ထောင်ချောက်အတွင်းဝကို ငွေနဲ့ ဖုံးကွယ်လို့ ကွယ်ကာရယ် လောကငရဲကို ကွန်းခိုစခန်းယောင်ယောင်၊ ထင်အောင်မြင်အောင် ဖန်ဆင်းထားပြန်တယ်

(ရာပြည့်ဆို-ပြဋ္ဌာန်းချက်)

စိန်ခေါ်နေတဲ့လမ်း နက္ခတ်နဲ့ စီးချင်းထိုးကာ ပြန်လှန်ပစ်ပြီးတော့ အမေအို မျှော်မယ်မှန်းလည်း သိလျက်နဲ့ ခရီးကြမ်းဖျက်ကာ ပြန်မလာနိုင်သေးခင်

(ခိုင်ထူးဆို-အိမ်အလွမ်း)

မျိုးဆက်ရဲ့ အားမာန်တစ်ခုပါ လမ်းကြောင်းမှန် ရွေးချယ်ခြင်း အများနည်းတူ သက်လုံမကောင်းရင်မွေးဖွားရာအရပ်ဆီမိုင်ထောင် ချီပုံနေရင်း ကြိုးကြာငှက် တချို့လေ ချီလာစဉ်ကျန်ရစ်ပြီ

(ခင်မောင်တိုးဆို-ကြိုးကြာသံ)

အစရှိသည့် အတွေးအခေါ်ပါသည့် ဒဿနဆန်သော သီချင်းများကို ရေးခဲ့ရုံမက ပို၍နက်ရှိုင်းသော တရားဓမ္မဆန်သည့် သီချင်းများကိုလည်း ဆက်လက်ရေးဖွဲ့ခဲ့ပါသည်။

ဆည်းလည်းလေးများပြတဲ့တရားသံကို စမ်းချောင်းလေးတို့ ဖွဲ့နဲ့ အားမာန်နဲ့ပေါင်းစပ်ပြီး ကျင့်ခဲ့ရင် အေးငြိမ်းတဲ့သစ်ရိပ်မှာစွန့်လွှတ်မှုနဲ့ ခွင့်လွှတ်စဉ် ငြိမ်းသွားလိမ့်မယ်တဲ့

(ခင်မောင်တိုးဆို-ဆည်းလည်းလှိုက်သံ)

ရေဟာ တကယ်ဆို အရောင်အဆင်းမဲ့ ဆိုးတဲ့အရောင်အတိုင်း လိုက်လို့သာ စွန်းရစ်ထင်သလိုပဲ တွယ်တာငြိတဲ့ အာရုံနောက်လိုက်က လူရဲ့ သဘောလည်း ရေအတိုင်းပဲ ရောင်စုံစွန်းထင်းခဲ့တဲ့ စိတ်ကို ဖြူစင်အောင် ပြန်ဖွပ်ဦးမယ်

(ဒင်းနစ်ဆို-ငြိမ်သက်ခြင်း)

(၃)

၈၈ မုန်တိုင်းထန် ကာလနောက်ပိုင်း ၉၀ ဝန်းကျင်နှစ်တွေမှာ ဗိုလ်တထောင် Y.M.C.A အနီး ၄၇ လမ်း လက်ဖက်ရည်ဆိုင်မှာ နံနက်တိုင်းလိုလို ကိုမောင်မောင့်ကိုတွေ့ရတတ်သည်။ ကိုခင်မောင်တိုးနှင့် အတူ မြင်တွေ့ရသော ကိုမောင်မောင်မှာ ကျန်းမာရေးကောင်းပုံမရ၊ သို့ပါသော်လည်း လက်ထဲမှာ ဆေးပေ့ါလိပ်နှင့်၊ ပါဝါမျက်မှန်ထူထူအောက်မှ အမြဲတစေ တွေးတွေးဆဆကြည့်တတ်သော ကိုမောင်မောင့် မျက်လုံးတွေမှာ ရီဝေမှုန်မှိုင်းယှက်သန်းနေပါသည်။ စကားဝိုင်း၌ ကိုမောင်မောင်သည် စကားသိပ်မပြောတစ်စုံတစ်ရာကို အလေးအနက်ထား စဉ်းစားနေဟန်သာမြင်တွေ့ရလေ့ရှိသည်။ နောက်တော့ မန္တလေးပြန်သွားတာကြားသိရ၏။ သီချင်းအသစ်တွေလည်းမတွေ့ရ၊

၁၉၉၅ မတ်လ နေပူပူလောင်ကျွမ်းသောတစ်နေ့. . . သတင်းစာမှာ နာရေးကြော်ငြာ တွေ့ရ၏။

**ဦးမောင်မောင် (အဥ္ဂလီ) အသက် ၄၇ နှစ်**

နှမြောတသစိတ်ဖြင့် ကြေကွဲရလေသည်။

(၄)

တစ်စွန်းတစ်စ ပြန်လည်ကြားသိရသော သတင်းတွေအရ ကိုမောင်မောင် မကွယ်လွန်မီ နောက်ဆုံးနှစ်တွေအကြောင်း ရံဖန်ရံခါ စဉ်းစားနေမိပါသည်။ နောက်ဆုံး သုံး၊ လေးနှစ်တွေမှာ ကိုမောင်မောင် ဘယ်လိုနေထိုင်ခဲ့ပါသလဲ။ လူသူအပေါင်းအသင်းနဲ့ဝေးရာမှာ ဘာကြောင့် သူနေချင်ခဲ့တာလဲ။ သူ့ဂီတအနုပညာကို သူ ယုံကြည်မြတ်နိုးသလောက် ခွဲခြားဆက်ဆံခံရသောဝန်းကျင်ကို နာကြည်းခဲ့လေသလား။ ရန်ကုန်မှ မန္တလေးပြန်သွားတိုင်းပြန်သွားတိုင်းမှာ ခါးသီးနာကျင်မှုများနဲ့ကြုံခဲ့ရပါသလား။ အဥ္ဂလီသီချင်းကို ကျပ်သုံးရာ့ငါးဆယ်ဖြင့်သာ ရောင်းခဲ့ရပြီး သီချင်းရေးခ ထောင်ဂဏန်းမျှသာရသော သူ့ဘဝအခြေအနေနှင့် ဘဝရပ်တည်မှုကို ဂီတစာဆိုကြီး မြို့မငြိမ်း မကွယ်လွန်မီ နောက်ဆုံးခံစားမှုတွေနှင့်နှိုင်းယှဉ်နေခဲ့ပါသလား။ မြို့မငြိမ်း ဆုံးတော့ ၄၆ နှစ်၊ ကိုမောင်မောင်ဆုံးတော့ ၄၇ နှစ်၊ သမီးလေးတွေကို နေ့စဉ် ကျောင်းကြိုပို့လုပ်ကာ မိသားစုတာဝန် ဘာကြောင့် သူကျေပွန်ခဲ့ချင်တာပါလဲ။ ပဲလှော်ချောင်ထဲက တယောကိုထွန်းရဲ့ အိမ်လေးမှာ ဘာကြောင့် တစ်ယောက်တည်း သွားနေခဲ့ပါသလဲ။ အဖြေကတော့ ကာယကံရှင် ကိုမောင်မောင့်ထံမှာသာရှိပါလိမ့်မည်။

တကယ်တော့ဂန္ထဝင်သင်္ကြန်မိုး သီချင်းကိုရေးခဲ့သော ကိုမောင်မောင်သည် မူလတန်းကျောင်းသားဘဝတည်းက စန္ဒရားပညာကို နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် စနစ်တကျသင်ကြားခဲ့သူ၊ မြန်မာမှုအနုပညာအပေါင်း ခညောင်းရာ မန္တလေးရွှေမြို့တော်ကြီးမှာ ဂီတပညာရှင်များဖြစ်သော မြို့မငြိမ်း၊ ဓားတန်းဦးသန့်၊ စန္ဒရားဦးသိမ်းမောင်တို့၏ အနုပညာအမွေဆက်ခံသူ အနုပညာမျိုးဆက်၊ မြို့မတူရိယာတီးဝိုင်းကြီးမှာ စန္ဒရားတီးခဲ့သူ၊ ဂန္ထဝင် (Classical) ဂီတကို စန္ဒရားနှင့် ဂစ်တာ နှစ်မျိုးလုံး ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နိုင်သူ၊ မြန်မာသီချင်းကြီး၊ သီချင်းခန့်များကို ခေတ်ပေါ် ဂစ်တာနှင့် တီးခတ်နိုင်စွမ်းရှိသူ၊ သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏တူသားဖြစ်ရုံမက သစ်လွင် ဆန်းသစ်သော သီချင်းနှင့် ဂီတသံစဉ်မျိုးစေ့များကို ကမ္ဘာမြေပေါ် ကြဲပက်ထွန်ယက်ခဲ့သူပါရမီရှင် အနုပညာသည်ဖြစ်ပါသည်။

(၅)

လူအတော်များများက ကိုယ့်ကောင်းကင် ကိုယ်မြင်အောင်ကြည့်ရမှန်းမသိ ကြည့်နိုင်စွမ်းမရှိချိန်မှာ ကိုမောင်မောင်ကတော့ သူ့ကောင်းကင် သူပြန်မြင်ခဲ့ရုံမက ကိုယ်တိုင်ပင် စိတ်တိုင်းကျ ရောင်စုံခြယ်တက်ရေးဆွဲခဲ့သူဖြစ်သည်ကို သူ့ဂီတအနုပညာက သက်သေခံနေပါသည်။

(၆)

ကိုမောင်မောင်ဆုံးပြီးတော့ ဘာကြောင့်ရယ်မသိ၊ ကိုမောင်မောင့်ဇနီးက ကိုမောင်မောင့်အဆုတ်အား ရိုက်ထားသော ဓာတ်ပုံကို တေးရေးကိုနေဝင်းထံ ပေးအပ်ခဲ့ပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.18 • JULY 21, 2011

# စာအံလိုသည့်ကလေးငယ်များ၏ထွက်ပေါက်

နေလင်းထွန်း

**သစ်ပင်ရိပ်တို့ဖြင့် အေးချမ်း တိတ်ဆိတ်နေသည့် ကျောင်းဝင်း တစ်ခုသို့ ရောက်ရှိသွားချိန်တွင် စာသင်ခန်းကျယ်တစ်ခုအတွင်း မတိုးမကျယ်အသံဖြင့် ကလေးငယ်အချို့စာအံနေကြသည်ကို မြင်တွေ့ရသည်။ မန္တလေးမြို့မှ တစ်နာရီကျော်ကြာ ခရီးနှင်ပါက ရောက်ရှိနိုင်သည့် တံတားဦးမြို့နယ်၊ ရေကမိုးကျေးရွာရှိ ရတနာမိုးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မူလတန်းနှင့် အလယ်တန်းအဆင့် အခြေခံပညာများကို ကျောင်းသားငယ်လေး များ သင်ယူဆည်းပူးနေကြခြင်းဖြစ်သည်။**

မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များသည် အခြေခံပညာရေး သိကျွမ်းတတ်မြောက်စေရန် အစိုးရကျောင်းများ၊ အင်တာနေရှင်နယ်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ပညာသင်ယူလျက်ရှိကြသည်။ ငွေကြေးချို့တဲ့သော ကလေးငယ်များ၊ အစိုးရကျောင်းများနှင့် အလှမ်းကွာသော ကျေးရွာများမှ ကလေးငယ်များအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် အဓိက အားထားရာ ပညာရေးဌာနတစ်ခုဖြစ်လာနေသည်။

ယနေ့ခေတ်တွင်နေထိုင်စားသောက်စရိတ်ကြီးမားလာမှုနှင့် အတူပညာသင်စရိတ်အချို့လည်း မြင့်တက်လာခဲ့သည်။ အခမဲ့နှင့် မသင်မနေရမူလတန်းပညာတတ်မြောက်ရန် ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာအုပ်စာတမ်းကြေးနှင့်အထွေထွေကုန်ကျစရိတ်များအား အခက်အခဲဖြစ်နေသော မိဘများအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာခဲ့သည်။

ကျောင်းအပ်နှံမှုနှုန်းကောင်းမွန်နေသကဲ့သို့ မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခွာမှုနှုန်းမြင့်မားလျက်ရှိသော အခြေအနေတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည်ပညာသင်ကြားရန် အခက်အခဲရှိသော ကလေးငယ်များအတွက် အားကိုးမှီခိုရာဖြစ်လာကြောင်း ပညာရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခဟောင်းဖြစ်သူ ဦးမျိုးတင့်ကသုံးသပ်သည်။

"မြန်မာနိုင်ငံမှာ ကျေးလက်တောရွာပေါင်း ခြောက်သောင်းခွဲရှိတယ်။ အကြမ်းဖျင်းအားဖြင့် ရွာငါးရွာမှာ အစိုးရကျောင်းတစ်ကျောင်းပဲရှိတယ်။ ဘက(ဘုန်းတော်ကြီးသင်ပညာရေးကျောင်း) ကျောင်းတွေက စာမတတ်တဲ့ ကျွန်တော်တို့ကလေးတွေအတွက် ထွက်ပေါက်တစ်ခုပါပဲ" ဟု ၎င်းကပြောသည်။

ကျောင်းနေအရွယ် ကလေးငယ်များ စာသင်ခန်းပြင်ပရောက်ရှိနေခြင်းသည် ၎င်းကလေးငယ်များ၏ အနာဂတ်ကို ခြိမ်းခြောက်နေသကဲ့သို့ လူမှုအဖွဲ့အစည်းအတွက်လည်း အန္တရာယ်ရှိလာစေနိုင်ကြောင်း ကလေးသူငယ်ပညာသင်ယူခွင့်ဆိုင်ရာ ဆောင်ရွက်နေသူအချို့က ဝေဖန်ထောက်ပြကြသည်။



**ရတနာမိုး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးဉာဏဝံသနှင့်တပည့်လေးများ**

ဓာတ်ပုံ - နေလင်းထွန်း

ငွေကြေးတတ်နိုင်သူများ တက်ရောက်ကြသည့် အင်တာနေ ရှင်နယ်ကျောင်းနှင့် လူများစု တက်ရောက်သည့်အစိုးရကျောင်းတို့တွင် ပညာသင်ကြားခွင့်ရရန် အခြေအနေမပေးသော ကလေးငယ်များအတွက် ကွက်လပ်များစွာကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများက ဖြည့်ဆည်းလျက်ရှိကြသည်။

ဗုဒ္ဓသာသနာပြန့်ပွားစေရန်ရည်ရွယ်၍ အစပြုခဲ့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ပုဂံခေတ်ကပင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ပါဠိဘာသာစကားကို အခြေခံသင်ကြားပို့ချခဲ့ကြသည်။ ကိုလိုနီခေတ်တွင် အနောက်တိုင်း ပညာထွန်းကားလာသည်နှင့်အမျှ ကျောင်းသားကလေးငယ်များ နည်းပါးလာခဲ့ရာ ၁၈၉၂-၉၃ ခုနှစ်မှ ၁၉၃၃-၃၄ ခု နှစ်ထိ ၄၁ နှစ်တာ ကာလတွင် မှတ်ပုံတင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၄,၆၁၉ ကျောင်းမှ ၉၂၈ ကျောင်းထိ ကျဆင်းသွားခဲ့ကြောင်း ဦးမျိုးတင့်က ဆိုသည်။

လွတ်လပ်ရေးရပြီးခေတ်တွင် ပြည်တော်သာစီမံကိန်း၏ ကဏ္ဍတစ်ခုအနေဖြင့်ဆောင်ရွက်ခဲ့မှုကြောင့် မှတ်ပုံတင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၄,၂၃၉ ကျောင်းထိ ပြန်လည်မြင့်တက်ခဲ့ပြီးကျောင်းပေါင်း၈,၀၀၀ အထိတိုးချဲ့ဖွင့်လှစ်ရန်ရည်မှန်းခဲ့ကြောင်း ပညာရေးတက္ကသိုလ်၊ ပါမောက္ခအငြိမ်းစား ဦးသန်းထွတ် ရေးသားပြုစုသော မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းစာအုပ်တွင်မှတ်တမ်းတင်ထားသည်။

လက်ရှိအချိန်တွင် ကျောင်းသားကလေးများအား အစိုးရသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပို့ချနေသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအရေအတွက်သည် ခန့်မှန်းခြေ ၂,၅၀၀ ကျော်ရှိမည်ဖြစ်ပြီး ပညာသင်ယူနေကြသော ကျောင်းသားနှစ်သိန်းကျော် ရှိနိုင်ကြောင်း ကျောင်းသားခြောက်ထောင်ခန့်ကို ပညာသင်ကြားပေးနေသော မန္တလေးမြို့ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်း တည်ထောင်ထားသည့် ဆရာတော်ကမိန့်ကြားသည်။

"စာရင်းအတိအကျတော့ မရသေးဘူး။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေ တိုးလာတယ်လို့တော့ ပြောလို့ရတာပေါ့။ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရှမ်းပြည်နယ်တွေအားကောင်းတယ်။ မြို့ပေါ်ပဲ နယ်ဘက်တွေမှာ အားနည်းတယ်။ ကရင်၊ မွန်နဲ့ ကချင်ပြည်နယ်တွေမှာ အားနည်းတယ်။ ချင်းမှာဆို မရှိသလောက် အားနည်းတာပါ"ဟု ဆရာတော်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏အခြေအနေကို မိန့်ကြားသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခန်းကဏ္ဍ အရေးပါလာချိန်တွင် အခက်အခဲနှင့် စိန်ခေါ်မှု များစွာကလည်း ဆီးကြိုလျက်ရှိသည်။ စနစ်ကျနသော ဆရာဖြစ်သင်တန်းများ ပို့ချနိုင်မှုမရှိခြင်း၊ သင်ကြားမှုနည်းပညာနားလည်မှု အားနည်းခြင်း၊ ဆရာများနှင့် ကျောင်းသားများသည် စဉ်းစားဆင်ခြင်မှုနှင့် စိစစ်သုံးသပ်နိုင်မှုကဲ့သို့သော အရည်အသွေးများမရှိခြင်းကြောင့် စိတ်တက်ကြွမှုကျဆင်းစေခြင်း၊ သင်ထောက်ကူပစ္စည်း ပံ့ပိုးရရှိမှုအားနည်းခြင်း၊ ဒေသခံများ၏ အလှူငွေကို အဓိက အားပြုရပ်တည်နေရခြင်း၊ ကျောင်းများနှင့် ပတ်သက်၍ စံချိန်စံညွှန်းနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်နိုင်မှု မရှိသေးခြင်းနှင့် လူမှုအသိုင်းအဝိုင်း၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်းတို့သည် ထိုးနှက်ချက်များဖြစ်နေကြောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအားပံ့ပိုးမှု အစီအစဉ်ဆောင်ရွက်နေသူတစ်ဦး ကထောက်ပြသည်။

ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပို့ချနေသော ဆရာမများသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကဆရာဖြစ် သင်တန်းများတွင် တက်ရောက်ရန် အခွင့်အလမ်းရရှိမှု နည်းပါးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူနှင့် ဘွဲ့လက်မှတ်တစ်ခုရရှိထားသူများဖြစ်ကြသည်။ ယခုအခါ အင်န်ဂျီအိုအဖွဲ့အစည်းအချို့သည် ကလေးဗဟိုပြုသင်ကြားမှုစနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအချို့ကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ တာဝန်ရှိသူများအားသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

"ကျောင်းဆရာမ လုပ်တာ ခုနစ်နှစ်ရှိပြီ။ ဆယ်တန်းဖြေပြီးတာနဲ့တန်းလုပ်တာဖြစ်တယ်။ ဘွဲ့ရပြီးပြီ။ သင်တန်းနှစ်ခုတက်ပြီးသွားပြီ။ ဘယ်လောက်ထိ ဆက်လုပ်နေဖြစ်မလဲဆိုတာတော့ မသိသေးဘူး။ လစာက သိပ်တော့ မဖူလုံဘူး"ဟု ရတနာမိုးပရဟိတဘုန်းတော်ကြီးပညာသင်ကျောင်းမှ ဆရာမတစ်ဦးကပြောသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကလေးငယ်များ စာသင်ခန်းပြင်ပရောက်ရှိစေနိုင်သောအကြောင်းရင်းတစ်ခုမှာ မိဘများ၏ စီးပွားရေးနှင့် စားဝတ်နေရေး အဆင်မပြေမှုကြောင့် လုပ်ငန်းခွင် စောလျင်စွာ ဝင်ရောက်ကြရခြင်းဖြစ်ကြောင်း သိရသည်။

"အတန်းထဲက ကလေးတွေ သူတို့အတန်းကြီးတဲ့အထိ မတက်နိုင်ကြဘူး။ အတန်းငယ်လေးတွေနဲ့ပဲ ထွက်တာပေါ့နော်။ တောမှာက မိဘတွေကလေးကို ထုတ်တာက များတယ်။ စီးပွားရေးအခြေအနေအရပေါ့။ အတန်းတက်နှုန်းကလည်း သူတို့ ထန်းတက်တဲ့အချိန်၊ အိုးကောက်တဲ့ အချိန်ဆို အပျက်များနေတယ်။ နောက်ကျတာလည်း ရှိတော့ သူတို့ကို စာသင်ရတာ နည်းနည်းတော့ အခက်အခဲရှိတာပေါ့။ မိဘတွေနဲ့တွေ့ပြီးတော့ သူတို့ရဲ့ ပညာရေးကို တိုးတက်စေချင်တဲ့ အကြောင်း ပူးပေါင်းပြီးတော့ လုပ်ရင်တော့ ကျောင်းထွက်တဲ့နှုန်း လျော့မယ်လို့ထင်တယ်"ဟု တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီး ဘုန်းကြီးတော်သင် ပညာရေးကျောင်းမှ ဆရာမကဆိုသည်။

ဘုန်းတော်ကြီးကျောင်းများ ရေရှည် တည်တံ့ခိုင်မာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးဆုံးအချက်မှာ ကျောင်းဆရာမများ၏လစာနှင့် ကျောင်း၏ အထွေထွေအသုံးစရိတ်တို့ဖြစ်သည်။ လက်ရှိ ဆရာမများ၏ လစာငွေနှင့် ကျောင်းလည်ပတ်နိုင်ရန် ကုန်ကျစရိတ်များကို ဘုန်းတော်ကြီးများ၏ နဝကမ္မအလှူငွေများမှတစ်ဆင့် ဖန်တီးနေရသည်။

"ဆရာမြဲနိုင်ဖို့အတွက် ငွေရေးကြေးရေး ခက်ခဲတာပေါ့။ ကျောင်းစဖွင့်တာနဲ့ နှစ်သိန်းဖိုးလောက်ဝယ်ရတယ်။အဲ့ဒါပြီးတာနဲ့ ဆရာမတွေကိုမေးရတယ် ခဲတံ ကုန်ပြီလား၊ စာအုပ်ကုန်ပြီလား။ တစ်လ တစ်လကို ကျပ်ငါးသောင်းဖိုးလောက် ဝယ်ရတယ်။ ဆရာမတွေရဲ့လစာကတော့ တစ်လကို သုံးသိန်းပေါ့ (ဆယ်ဦးစာအတွက်)။ သားရှင်ပြု အလှူကြီးတစ်ခုလုပ်ရင် ရွာမှာ ပညာရေးရန်ပုံငွေ ကျပ်ငါးသောင်းအလှူငွေ သတ်မှတ်ပေးတယ်။ ဒီအလှူငွေတွေကို ဘုန်းဘုန်းဂေါပကကို အပ်ထားတယ်။ ရွာနှစ်ရွာရယ်၊ ဒီနားက ရွာသုံးလေးရွာက ထန်းလာတက်တဲ့မိဘတွေရဲ့ ကလေးတွေလာတက်ကြတယ်။ ဘုန်းဘုန်းတို့ရွာက မူလတန်းကျောင်းလည်း မရှိဘူး"ဟု ရတနာမိုးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

ဘုန်းတော်ကြီးကျောင်းများသည် ဒေသအသီးသီးရှိ ကျေးလက်တောရွာတိုင်းတွင် တည်ရှိနေခြင်းကြောင့် အစိုးရကျောင်းမတက်နိုင်သည့် ဆင်းရဲချမ်းသာ လူတန်းစားမရွေး အခမဲ့ပညာသင်ယူနိုင်ခြင်းနှင့် ကျောင်းမြေနေရာအတွက် အဆင်ပြေချောမွေ့ခြင်းကဲ့သို့သော အခွင့်အလမ်းများရှိနေသည်။ အခြားတစ်ဖက်တွင်လည်း ကိုယ်ပိုင်လုပ်ငန်းလည်ပတ်နိုင်မှုအခက်အခဲများ ရှိနေခြင်းကြောင့် ဆရာ၊ ဆရာမ လစာများ၊ ကျောင်းလုပ်ငန်း လည်ပတ်မှု ကုန်ကျစရိတ်များအတွက် အလှူရှင်များအပေါ် အလွန်အမင်း မှီခိုအားထားနေရကြောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများထံမှသိရသည်။

ယခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို ၄ ဒသမ ၁၃ ရာခိုင်နှုန်းအသုံးပြုရန် ကြေညာထားသည်။ သို့သော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်တည်ရှိနေခြင်းကြောင့် ပညာရေးအသုံးစရိတ်အတွက် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာရှင်အလှူရှင်တို့၏ ထောက်ပံ့မှုဖြင့်ရပ်တည်နေခြင်းဖြစ်ကြောင်း ဝါရင့် ပညာရေးဝန်ထမ်းဟောင်းတစ်ဦးကသုံးသပ်သည်။

"ပညာရေးကဏ္ဍမှာ လိုအပ်တဲ့ ကျောင်းတွေ အကုန်လုံးကို နိုင်ငံတော်က မဆောက်နိုင်ဘူး။ အဲ့ဒီတော့ ဘုန်းတော်ကြီးသင် ပညာရေးကို အားကိုးရမယ်။ ကျောင်းတွေ အကုန်လုံးကလိုအပ်တဲ့အခမဲ့နဲ့မသင်မနေရပညာရေးက ဘယ်လောက်ထိဖြစ်နိုင်သလဲဆိုတာ ပြန်စဉ်းစားကြည့်ကြပါ။ အဲ့ဒါ ပညာရေးအတွက် လူတိုင်းမှာလည်း တာဝန်ရှိတယ်၊ လူမှုအသိုင်းအဝိုင်းကလည်း တာဝန်ရှိတယ်ဆိုရင် ဘယ်လောက်လုပ်ကြရမလဲ။ အဲ့ဒါလေးတစ်ချက် စဉ်းစားစေချင်တယ်"ဟု ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသော ပညာရေးကျွမ်းကျင်သူတစ်ဦးကဆိုသည်။

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# အာဇာနည်နေ့ အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ဆန်းဦးတို့ နှစ်ဦးစရ


လွမ်းသူ့ပန်းခြင်းများနှင့်အတူ အာဇာနည်ဗိမာန်သို့ရောက်ရှိလာသော ဗိုလ်ချုပ်အောင်ဆန်း၏သမီးငယ် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံ - AP


လွမ်းသူ့ပန်းခွေချရန် အာဇာနည်ဗိမာန်သို့ ဇနီးသည်နှင့်အတူရောက်ရှိလာသော ဗိုလ်ချုပ်အောင်ဆန်း၏သားကြီး ဦ

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇူလိုင် – ၁၉**

၆၄ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယခုလ ၁၉ ရက်နေ့က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပရာ ယခုနှစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ မိသားစုဝင်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏သားကြီး ဦးအောင်ဆန်းဦးနှင့် သမီးငယ် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦးစလုံး တက်ရောက်ဂါရဝပြုခဲ့ကြသည်။ အခမ်းအနားကို နံနက် ၈ နာရီတွင်စတင်ခဲ့ပြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်ဦးစွာတက်ရောက်ဂါရဝပြုကာ လွမ်းသူ့ပန်းခွေချခဲ့သည်။ ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားကြီးဦးအောင်ဆန်းဦးနှင့် ဇနီးက ဂါရဝပြုလွမ်းသူ့ပန်းခွေချကာ ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခြင်းသုံးခြင်းဖြင့် တစ်ဦးတည်း သီးသန့် တက်ရောက်ဂါရဝပြုခဲ့သည်။ ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသော သခင်မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့မိသားစုများက အလှည့်ကျ တက်ရောက်ဂါရဝပြုကြသည်။ ကျန်သော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများကလည်း လွမ်းသူ့ပန်းခွေများဖြင့် အသီးသီးတက်ရောက်ဂါရဝပြုခဲ့ကြသည်။ ယခုနှစ်တွင် အာဇာနည်ဗိမာန်သို့ ပြည်သူလူထုကိုပါ နံနက် ၁၀ နာရီနောက်ပိုင်းတွင် တက်ရောက်ဂါရဝပြုခွင့်ပေးခဲ့ရာ အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုသူများဖြင့် စည်ကားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၂ ခုနှစ်တွင် အာဇာနည်ဗိမာန်သို့ နောက်ဆုံးအကြိမ်တက်ရောက်ဂါရဝပြုခွင့်ရရှိခဲ့ပြီးနောက် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရသည်။ သူမသည် အာဇာနည်ဗိမာန်ကို စုစုပေါင်း ၈ ကြိမ်ဂါရဝပြုခဲ့ပြီးဖြစ်သည်။ ယမန်နှစ်နိုဝင်ဘာလက နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပြီး ယခုနှစ်တွင် အာဇာနည်နေ့ အခမ်းအနားသို့တက် ရောက်ရန် ဖိတ်ကြားခံရခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အာဇာနည်နေ့မတိုင်မီ ယခုလ ၁၂ ရက်က ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေသော သူမ၏သားငယ် ကိုထိန်လင်း(ခ)ကင်မ်အဲရစ်နှင့်အတူ အာဇာနည်ဗိမာန်နှင့် ရွှေတိဂုံတောင်ဘက်မုခ်ရှိ မိခင်ကြီးဒေါ်ခင်ကြည်၏ အုတ်ဂူတို့ကို သွားရောက်ကန်တော့ခဲ့ကြသည်။ ယခုနှစ် အာဇာနည်နေ့အခမ်းအနားသို့ သတင်းထောက် ၄၀ ခန့် တက်ရောက်သတင်းယူခွင့်ရခဲ့သည်။



အာဇာနည်ခေါင်းဆော
တိုင်းရင်းသ



7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011



ပုံး တက်ရောက်



ဦးအောင်ဆန်းဦး ဓာတ်ပုံ - ဉက္ကာကိုကို



င်ကြီးများအား ဂါရဝပြုရန် လမ်းလျှောက်ချီတက်လာသော ားစည်းလုံးညီညွတ်ရေးပါတီဝင်များ ဓာတ်ပုံ - ဉက္ကာကိုကို

# စစ်ကိုင်းတိုင်းဒေသကြီးတွင် အခြေခံလူတန်းစားများအတွက် ချေးငွေပေးရန် စတင်ဆောင်ရွက်

အားမာန်

ရန်ကုန်၊ ဇူလိုင် - ၁၈

**စစ်ကိုင်းတိုင်းဒေသကြီးတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများဖွံ့ ဖြိုး၍ အခြေခံလူတန်းစားများအတွက်ချေးငွေများပေးအပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒေသခံလုပ်ငန်းရှင်များကပြောသည်။**

နိုင်ငံတော်အဆင့် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး လုပ်ငန်းစဉ်ရှစ်ရပ်ကို စစ်ကိုင်းတိုင်းဒေသကြီး၌ စတင်အကောင်အထည်ဖော်ရန် စီမံနေပြီး၊ ဒေသခံအခြေခံလူတန်းစားများသို့ ချေးငွေပေးအပ်နိုင်ရန် ဖောင်ဒေးရှင်းတစ်ခုကို ဇူလိုင်လ ၁၂ ရက်အစည်းအဝေးတွင် တည်ထောင်ခဲ့ကြောင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သူအချို့ကပြောသည်။

ယခင်ရှိပြီးသော ဖောင်ဒေးရှင်းကို အသစ်ပြန်လည်ဖွဲ့စည်းထားသော ဇေယျာဖောင်ဒေးရှင်းဟု အမည်ပေးထားသော ဖောင်ဒေးရှင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များက မတည်ငွေထည့်ဝင်ကြရမည်ဖြစ်ပြီး၊ တိုင်းဒေသကြီးအစိုးရကလည်း မတည်ငွေထည့်ဝင်မည်ဟု သိရသည်။ ထိုငွေများဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ တောင်သူနှင့် လယ်သမားများ၊ မွေးမြူရေးလုပ်ကိုင်နေသူများ စသော ငွေကြေးအရင်းအနှီးလိုသော အခြေခံလူတန်းစားများကို ထိုဖောင်ဒေးရှင်းမှ ထောက်ပံ့မည်ဖြစ်ပြီး ငွေကြေးထည့်ဝင်ထားသူ လုပ်ငန်းရှင်များကို ဖောင်ဒေးရှင်းက အတိုးအဖြစ်တစ်ကျပ်ပေးရန် စီစဉ်ထားကြောင်း ဒေသခံလုပ်ငန်းရှင်များက ပြောသည်။

ထိုဖောင်ဒေးရှင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ သစ်လုပ်ငန်းရှင်များအသင်းမှ ကျပ်သိန်း ၆,၀၀၀၊ ရေနံနှင့် ဆက်စပ်လုပ်ကိုင်သောအသင်းသုံးသင်းမှ ကျပ်သိန်း၃,၀၀၀၊ ရွှေတူးဖော်ရေးလုပ်ငန်းရှင်များအသင်းမှ ကျပ်သိန်း၄,၀၀၀၊ ဆန်စပါးလုပ်ငန်းအသင်းမှ ကျပ်သိန်း ၁,၀၀၀၊ မုံရွာကုန်စည်ဒိုင်မှ ကျပ်သိန်း ၁,၀၀၀ စသဖြင့် ထည့်ဝင်မတည်ကြရန် သက်ဆိုင်ရာက သတ်မှတ်ထားကြောင်း လုပ်ငန်းရှင်များကပြောသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဒေသခံ အခြေခံလူတန်းစားသို့ ချေးငွေပေးအပ်ရာတွင် သမဝါယမအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ချေးငွေ၏ အတိုးနှုန်းကို လောလောဆယ်တွင် နှစ်ကျပ်တိုးပေးရန် လျာထားသော်လည်း အတည်မပြုရသေးကြောင်း သတင်းရရှိသည်။

"ဖောင်ဒေးရှင်းထဲမှာ ငွေစုထည့်ထားပြီး ဆင်းရဲနွမ်းပါးသူတွေကိုငွေချေးပေးမယ့် အစီအစဉ်ပါ။ ကျွန်တော် မြင်တာကတော့ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့က ငွေချေးပေးတာထက် အလုပ်အကိုင်အခွင့်အလမ်းတွေများလာအောင် လုပ်ပေးဖို့က ပိုအရေးကြီးတယ်ထင်တယ်။ ဆင်းရဲသားတွေကို ဒီအတိုင်း ငွေချေးလိုက်ရင် နှစ်လုံး၊ သုံးလုံးထိုးတာနဲ့ သုံးဖြုန်းပစ်လို့ ကုန်သွားမှာစိုးရိမ်တယ်"ဟု မုံရွာမြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

ဖောင်ဒေးရှင်းအတွက် စီးပွားရေးနှင့်သက်ဆိုင်သော အသင်းအဖွဲ့များကို ထည့်ဝင်ရန် ငွေသတ်မှတ်ပြီးနောက် အသင်းအဖွဲ့များကလည်း ၎င်းတို့၏ အသင်းဝင်များ ကိုယ်စီထည့်ဝင်ရန် ငွေပမာဏကိုလည်း သတ်မှတ်လိုက်ကြသည်။ ရွှေတူးဖော်ရေးလုပ်ငန်းများမှ ရွှေလုပ်ကွက်တစ်ကွက်လျှင် ကျပ်ခုနစ်သိန်းနှုန်း ထည့်ဝင်ရန်သတ်မှတ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေတူးဖော်သည့် ကုမ္ပဏီ ၁၃၀ကျော်ရှိသည်။

မုံရွာကုန်စည်ဒိုင်က အသင်းဝင်တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်း ထည့်ဝင်ရန်သတ်မှတ်သည်။ ပဲ၊ နှမ်းအရောင်းအဝယ်မကောင်းစဉ် ငွေကြေးအရင်းအနှီးနည်းပါးသူများအတွက် ကျပ်သုံးသိန်းမှာ ဝန်ထုပ်ဝန်ပိုးဖြစ်ရကြောင်း ပဲ၊ နှမ်းကုန်သည်အချို့ကပြောသည်။ ထို့အပြင် သီဟထွန်းသံရည်ကျိုစက်ရုံတည်ထောင်စဉ်ကလည်း စီးပွားရေးလုပ်ငန်းရှင်အသင်းအဖွဲ့များက မတည်ရင်းနှီးငွေ ထည့်ဝင်ကြရသည်။ ကုန်စည်ဒိုင်အသင်းဝင်များမှာလည်း ထိုစဉ်က ကျပ်သုံးသောင်း ထည့်ဝင်ရဖူးပြီး ဘာမျှပြန်မရ၍ ယခုအကြိမ် ကျပ်သုံးသိန်းထည့်ရန် လက်တွန့်သူများရှိနေကြောင်း ပဲ၊ နှမ်းကုန်သည်အချို့ကပြောသည်။

"ငွေချေးမယ်ဆိုရင် စနစ်တကျချေးသင့်တယ်။ Sustainable Development (စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင်)ဖြစ်အောင် ဖန်တီးပေးသင့်တယ်။ ကျေးရွာကလူတွေ ဒီအတိုင်း ငွေချေးလိုက်ရင် လောင်းကစားလုပ်လို့ ကုန်သွားမှာစိုးရိမ်ရတယ်။ ဒီအတွက် အသေအချာ စဉ်းစားပြီး စနစ်တကျလုပ်သင့်တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေပွင့်ဖို့က ပိုအရေးကြီးတယ်"ဟု မုံရွာမြို့မှ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ပါဝင်သော အခြားလုပ်ငန်းစဉ်များကိုလည်း အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# စာ(၂၅) ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝနှင့် ကျောင်းသားလူငယ်ဘဝ မှ

**ကျောင်းသားလူငယ်ဘဝ**

ရှေးခေတ်အခါက မြန်မာကျောင်း(Vernacular School)၊ အင်္ဂလိပ်-မြန်မာကျောင်း(Anglo-Vernacular School)၊ အင်္ဂလိပ်ကျောင်း(English School)ဟူ၍ ကျောင်းသုံးမျိုးရှိရာ နတ်မောက်ကျောင်းသည် မြန်မာကျောင်းဖြစ်ပါသည်။ အင်္ဂလိပ်ကျောင်းသည် ရန်ကုန်၊ မန္တလေးတို့ကဲ့သို့သော မြို့ကြီးများ၌သာရှိ၍ 'အင်္ဂလိပ်-မြန်မာကျောင်း'သည် မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီးတို့ကဲ့သို့သော မြို့ကလေးများ၌သာ ရှိပါသည်။ မြို့ပိုင်ရုံးစိုက်သော်လည်း ရွာကြီးမျှသာဖြစ်သော နတ်မောက်၌ 'မြန်မာကျောင်း'သာရှိပါသည်။

ကျွန်တော်တို့ ငယ်စဉ်က နတ်မောက်သည် ဆူးတပ်များကာရံထားသော ရွာကြီးဖြစ်၍ သင်္ဘောဆိပ်မြို့ဖြစ်သော မကွေးနှင့် ၃၆ မိုင်ဝေးသည်။ မီးရထားလမ်းလည်း မရှိသေးပါ။ ကားလမ်းလည်း မရှိသေးဖြစ်ပါသည်။ ထို့ကြောင့် ကြီးလာသောအခါ အောင်ဆန်းသည်ရင်းနှီးသော မိတ်ဆွေများအား "ကျုပ်ဂျင်ဂလီးဝါလား(တောသား)"ဟု ဂုဏ်ယူရယ်မော၍ ပြောဆိုလေ့ရှိပါသည်။ ခေတ်ပညာ(အင်္ဂလိပ်စာ) သင်လိုလျှင် နတ်မောက်၌ မသင်နိုင်ဘဲ မြို့တစ်မြို့သို့ သွားရပါသည်။ ၁၃ နှစ်ကျော်၊ ၁၄ နှစ်အရွယ်ရောက်ပြီဖြစ်သော အောင်ဆန်းသည် မြန်မာစာ ခြောက်တန်းအောင်မြင်ပြီးနောက် အင်္ဂလိပ်စာသင်လိုရကား အစ်ကိုကြီးနှင့် ကျွန်တော်တို့ ပညာရင်နို့သောက်စို့ခဲ့သော ရေနံချောင်းနေရှင်နယ်ကျောင်းသို့ သူ့ကိုပို့ရန် မိဘများကို ပူဆာပါတော့သည်။ မိဘများကသာမက အစ်ကို၊ အစ်မများကပါ သူ့ကိုကလေးဟု ယူဆထားကြသဖြင့် တစ်မြို့တစ်ကျေးသို့ ခွဲ၍ပို့ရန် သဘောမတူကြပါ။ အထူးသဖြင့် မိခင်သည် အချစ်ဆုံးသောသားကလေးကို မခွဲနိုင်ဖြစ်နေရာ အနည်းငယ် ကြီးလာသည့်တိုင်အောင် စောင့်ဆိုင်းရန် ဖျောင်းဖျပြောဆိုပါသည်။ လုပ်လိုရာကို မဖြစ်မနေ လုပ်တတ်သော ဇွဲရှိသည့်အောင်ဆန်းသည်ငိုယိုပူဆာရုံမက "ရေနံချောင်းကျောင်းကို မပို့လျှင် ထမင်းမစား"ဟု ကြေညာ၍ ထမင်းမစားဘဲနေပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အစာငတ်ခံတိုက်ပွဲဆင်နွှဲပါသည်။ သူ၏ စိတ်ဓာတ်ကို ကောင်းစွာသိသော မိဘများသည် နောက်ဆုံးတွင် သူ၏လိုလားချက်ကို လိုက်လျော၍ ရေနံချောင်းကျောင်းသို့ ပို့ရပါတော့သည်။ ဤသို့ဖြင့် ၁၉၂၈ ခုတွင် အောင်ဆန်းသည် ရေနံချောင်း နေရှင်နယ်ကျောင်းသားဖြစ်လာပါသည်။

ယခုခေတ် လူငယ်များသိကြမည်မဟုတ်သဖြင့် နေရှင်နယ်ကျောင်းများအကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။ ၁၉၂၀ ပြည့်နှစ် မတိုင်မီက နေရှင်နယ်ကျောင်းများ မရှိသေးပါ။ အစိုးရက တိုက်ရိုက်အုပ်ချုပ်သော အစိုးရကျောင်းများနှင့် ခရစ်ယာန်သာသနာပြုကျောင်းများသာ ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ ကြီးမှူးဖွင့်လှစ်သော ကျောင်းများလည်း အနည်းငယ်ရှိပါသည်။

၁၉၂၀ ပြည့်နှစ်မတိုင်မီက မြန်မာပြည်၌ တက္ကသိုလ်ဟု မရှိဘဲ'ရန်ကုန်ကောလိပ်'နှင့် အမေရိကန်သာသနာပြု ဆရာကြီးဂျပ်ဆင်(Judson)ကို အစွဲပြု၍ ဖွင့်လှစ်ထားသော 'ဂျပ်ဆင်ကောလိပ်'ဟူ၍ ကောလိပ်ကျောင်းနှစ်ကျောင်းသာရှိပါသည်။(အချို့စာအုပ်များတွင် ဆရာကြီး ဂျပ်ဆင်ကိုဆရာယုဒသန်ဟုလည်းကောင်း၊ ဂျပ်ဆင် ကောလိပ်ကို ယုဒသန်ကောလိပ်ဟုလည်းကောင်း ရေးသားကြပါသည်) ထိုကောလိပ်ကျောင်းများသည် ဘင်္ဂလားပြည်နယ်ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံဖြစ်ရာထိုတက္ကသိုလ်ကကြီးမှူးလျက်စာမေးပွဲများကျင်းပခြင်း၊ ဘွဲ့များပေးခြင်း စသည်တို့ကိုပြုလုပ်ပါသည်။

၁၉၂၀ပြည့်နှစ်ဝယ်'ရန်ကုန်တက္ကသိုလ်'ကို သီးခြားဖွင့်လှစ်ရန်ရည်ရွယ်လျက် ဗြိတိသျှ ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်(Sir Reginald Craddock)ကြီးမှူး၍ 'ရန်ကုန်တက္ကသိုလ် အက်ဥပဒေ'တစ်ရပ်ကို ရေးဆွဲကြပါသည်။ ဗြိတိသျှအစိုးရ၏ ရည်ရွယ်ချက်မှာ မြန်မာတို့ကိုအစစ်အမှန်ပညာတတ်စေလို၍ မဟုတ်ဘဲ မိမိတို့တိုင်းပြည်အုပ်ချုပ်ရာ၌ အကူအညီရစေရုံလောက်သာ ပညာသင်ပေးရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကိုလိုနီ နယ်ချဲ့သမားများပီပီ မိမိတို့လက်အောက်ခံ လူမျိုးများအား မိမိတို့၏ ကိုလိုနီစနစ်အတွက် အထောက်အကူဖြစ်စေမည့် ပညာရေးမျိုးကိုသာ ပေးလိုပါသည်။ တက္ကသိုလ်ပညာကို လူမြောက်မြားစွာ မတတ်မြောက်စေလိုဘဲ လက်တစ်ဆုပ်စာမျှသော အရာရှိကြီးများ၏ သားသမီးများနှင့် ဓနရှင်မြေရှင်များ၏ သားသမီးများကိုသာ တတ်မြောက်စေလိုပါသည်။ ယင်းသို့ဖြစ်ရာ သာမန်လူများ တက္ကသိုလ်ပညာမသင်နိုင်အောင် 'တက္ကသိုလ် အက်ဥပဒေ'ကို ရေးဆွဲကြပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုဥပဒေကို ကန့်ကွက်သောအားဖြင့် ကောလိပ်ကျောင်းသားကြီးများက ခေါင်းဆောင်ကာ မိမိတို့ကောလိပ်များကို သပိတ်မှောက်၍ ထွက်ခွာလာကြပါသည်။ ကောလိပ်ကျောင်းသားများ၏ နမူနာကိုယူလျက် အခြားကျောင်းများမှ ကျောင်းသားများသည်လည်း မိမိတို့ကျောင်းများကို သပိတ်မှောက်လိုက်ကြပါသည်။ ယနေ့တိုင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် 'အမျိုးသားနေ့'သည် ထိုကျောင်းသားသပိတ်ကို အစွဲပြု၍ ကျင်းပခြင်းဖြစ်သည်။

ကျောင်းသားသပိတ်ဖြစ်ပေါ်ပြီးနောက် ကျောင်းသားကလေးများ ပညာသင် မပျက်စေရန် သပိတ်မှောက်ကျောင်းသားကြီးများနှင့် မျိုးချစ်ပုဂ္ဂိုလ်များဦးစီးသော 'အမျိုးသားပညာရေးကောင်စီ'(Council of National Education)ဖွဲ့၍ ကျောင်းများဖွင့်လှစ်လျက် ပညာသင်ကြားပေးကြပါသည်။

ထိုကျောင်းများကို အမျိုးသားကျောင်း(ဝါ)နေရှင်နယ်ကျောင်းဟုခေါ်ကြပါသည်။ အမ်အေဦးမောင်ကြီး(ယခုဆာမောင်ကြီး)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဒီဒုတ်ဦးဘချိုစသည့်ပုဂ္ဂိုလ်ကြီးများကဦးစီးကာ နေရှင်နယ်ကောလိပ်ကျောင်းတစ်ကျောင်းကိုလည်း တည်ထောင်ခဲ့ကြပါသည်။ သို့သော်လည်း ထိုကောလိပ်သည် သက်ဆိုးမရှည်ခဲ့ပါ။

နေရှင်နယ်ကျောင်းများ၏ ကျေးဇူးကြောင့် ကျောင်းသားအရွယ် လူမမယ်ကလေးများသည် ပညာသင်မပျက်ရုံမက မျိုးချစ်စိတ်ဓာတ်လည်း ရလာကြပါသည်။ နောင်အချိန်၌ကျောင်းသားအရေးတော်ပုံများတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း ခေါင်းဆောင်ဖြစ်လာသူများသည် များသောအားဖြင့် နေရှင်နယ်ကျောင်းထွက်များဖြစ်ကြပါသည်။ တိုင်းပြည်လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက်၌ နေရှင်နယ်ကျောင်းများသည် အရေးကြီးသော အခန်းမှ ပါဝင်ခဲ့သည်ကို မည်သူမျှငြင်းဆိုနိုင်မည် မဟုတ်ပါ။

ရေနံချောင်း နေရှင်နယ်ကျောင်းတွင်လည်း အောင်ဆန်းသည် အတန်းတိုင်း၌ပင် ပထမရပါသည်။ ၁၉၃၀ ပြည့်နှစ် ခုနစ်တန်းစာမေးပွဲတွင် စကောလားရှစ်ရ၍ 'ဦးရွှေခိုဆု' ကိုလည်း ရပါသည်။ တစ်လလျှင်ငွေ ၁၀ ကျပ်ကျဖြင့် သုံးနှစ်အတွက် စကောလားရှစ်ဆုငွေချီးမြှင့်ခြင်းခံရပါသည်။ နောက်နှစ်နှစ်ကြာသောအခါ ၁၀ တန်းအောင်သဖြင့်ထိုစကောလားရှစ် ဆုငွေကို ကောလိပ်ရောက်သည့် ပထမနှစ်အထိရခဲ့ပါသည်။ ရေနံချောင်းနေရှင်နယ် ကျောင်းတွင်ကျောင်းသားများသည်လက်ရေးစာစောင်ဖြစ်သော 'ကျောင်းသားစာစောင်' တစ်ခုထုတ်ရာ အောင်ဆန်းသည် အယ်ဒီတာအဖြစ်ဆောင်ရွက်ရပါသည်။

အောင်ဆန်း၏ 'ဆန်း'ပုံကို နေရှင်နယ်ကျောင်းသားဘဝ၌လည်း တွေ့ရှိရပါသည်။ ၁၉၃၁ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်အတွင်း မေလ ၁၈ ရက်တွင် ကျွန်တော်တို့ဖခင်သည် နှစ်လမျှနာမကျန်းဖြစ်ပြီးနောက် ကွယ်လွန်သွားပါသည်။ ကျောင်းပိတ်ရက်အတွင်း အိမ်ပြန်လာသော အောင်ဆန်းနှင့်ကျောင်းဆရာဖြစ်နေသော အစ်ကိုဦးဘဝင်းကြီးတို့သည် ဖခင်အလောင်းကို သင်္ဂြိုဟ်ပြီးမှ ရေနံချောင်းသို့ပြန်နှင့်ကြသဖြင့် ကျောင်းရောက်နောက်ကျနေကြပါသည်။ ဆရာတစ်ယောက်က "မင်းတို့ဘာလို့ နောက်ကျနေသလဲ"ဟု မေးရာ အောင်ဆန်းက "အဖေ မမာလို့"ဟု ဖြေပါသည်။ "အခု မာသွားပြီလား" ဟု ဆရာက ဆက်မေးရာ "ဆုံးပြီ" ဟု အောင်ဆန်းက ပြန်ဖြေပါသည်။ ထိုသို့ ဖြေကြောင်းကို ထိုဆရာက အစ်ကိုကြီးအားပြော၍ အစ်ကိုကြီးက ကျွန်တော့်အားတစ်ဆင့်ပြန်ပြောသဖြင့် ကျွန်တော်တို့ရယ်ကြရပါသည်။

သို့သော်လည်း ယနေ့ စဉ်းစားကြည့်သောအခါ အောင်ဆန်း၏ အဖြေမှာ အလွန်တိကျသည်ကို တွေ့ရပါသည်။ သူဖြေသည့်အတိုင်း သူကျောင်းပြန်အရောက်နောက်ကျရခြင်းသည် ဖခင်ဆုံးသွားသောကြောင့်မဟုတ်ဘဲ မမာနေသော ဖခင်ကိုပြုစုနေရသောကြောင့်ဖြစ်သည်မှာမှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဆုံးပြီးသည့်နောက်အလောင်းကိုသင်္ဂြိုဟ်ရုံမှတစ်ပါး အခြားလုပ်ရန် မရှိသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်က အောင်ဆန်းသည် ၁၆ နှစ်ကျော်၊ ၁၇ နှစ်သား အရွယ်မျှသာ ရှိပါသေးသည်။ ထိုအရွယ်ကပင် သူသည်ကျောင်းပြန်နောက်ကျရခြင်း ပြဿနာ၏အကြောင်းရင်းကို ရှင်းရှင်းပြတ်ပြတ်မြင်သူဖြစ်ပါသည်။ နောက်ပိုင်း၌ သူ၏ လုပ်ဆောင်ချက်များ အောင်မြင်ခြင်းသည် ပြဿနာတစ်ရပ်၏ အကြောင်းရင်းကို ရှင်းရှင်းပြတ်ပြတ် ထိုးထွင်းသိမြင်တတ်သော အရည်အချင်းကြောင့်ဟုဆိုလျှင် မှားမည်မထင်ပေ။ ။

***(ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း ရေးသားသော အောင်သန်း၏ အောင်ဆန်းစာအုပ်မှထုတ်နုတ်ဖော်ပြပါသည်။)***

TRADEMARK CAUTION

REGIO

PROGUARD

ECOCARAT

SATIS

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# မဏိပူရတံခါး

မောင်သာချို

(တစ်)

မြင်းမနီသား
မြင်းကျားခွာမဲ(မည်း)
တစ်လုံးထဲ(တည်း)နှင့်
အုံးလွှဲပစ်တင်
တိမ်မိုးမည်းနှင့်
ကသည်းစစ်သို့
နှစ်မည်ဝင်
သံလျင်ကိုရောက်ဖူးပါစရှင်။
သံလျင်ငယ်မှမက
မုတ္တမနှင့်
ဒလတစ်သွယ်
ထားဝယ်တခြား
ယိုးဒယားတစ်ဝိုက်
ကမန်ပိုက်ကို
တိုက်လေသောခါ
ဓားကိုသို့ကိုင်
လှံကိုသို့နှတ်
စစ်မြေပြင်မှာ
ဝင်ကာခုတ်၍ . . . . . . . တဲ့။

အိုင်ချင်းကဗျာတစ်ပိုင်းတစ်စကို ချ,ရေးလိုက်ခြင်းပင်ဖြစ်ပါသည်။ ညောင်ရမ်းခေတ်၏ စာပေအသီးအပွင့်ရတနာအိုင်ချင်း။ ကျောင်းသုံးစာအုပ် တချို့တလေ၌ “ဆီမလူးတဲ့ ပေဖူးလွှာ”ဟု အမည်တပ်ထားခဲ့လေသည့် အိုင်ချင်း။ သည်အိုင်ချင်းကလေးကဖြင့် ညောင်ရမ်းခေတ်၏ အနှစ်ချုပ်ပင် ဖြစ်ပါလေသည်။ ဘုရင့်နောင် မင်းတရားကြီး၏ တောင်ငူခေတ်ပျက်သုဉ်းသွားပြီးနောက် ဘုရင့်နောင်၏ သားတော်ညောင်ရမ်းမင်းတရားမှ စကာ မဟာဓမ္မရာဇာဓိပတိခေါ် ဟံသာဝတီပါမင်းအထိ မင်းဆယ်ဆက်အုပ်ချုပ်ခဲ့သော ညောင်ရမ်းခေတ်တစ်ခေတ်လုံးက စစ်မက်ထူပြောပါသည်။ သံလျင်၊ ကသည်း၊ မုတ္တမ၊ ဒလ၊ ထားဝယ်၊ ယိုးဒယား၊ ရှမ်း၊ တရုတ်စသည်ဖြင့် မြန်မာတို့နှင့် မသင့်မတင့်ဖြစ်ရသည့်အကြောင်းခြင်းရာအစုံအလင်ကိုရာဇဝင်သမိုင်းစာအုပ်ထူထူကြီးများထဲ၌ ပြည့်ပြည့်စုံစုံ ဖတ်ရှုနိုင်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အိုင်ချင်းကဗျာကလေးထဲတွင်ကား အကျဉ်းမျှတွေ့နိုင်ပါ၏။ မြင်းမအနီကြီး၏သား ခွာမည်းမည်းနှင့် မြင်းကျားကလေး၏ ကိုယ်လုံးပေါ်သို့မြင်းကုန်းနှီးခေါ် အုံးကို ပစ်တင်လိုက်ကြောင်း၊ မိုးသားတို့ညို့မည်းနေသော ကာလကြီးထဲ၌ ကသည်းစစ်မြေပြင်သို့ ချစ်သူမောင်ထွက်ခွာသွားရရှာကြောင်း၊ အခြားလုလင်ပျိုတို့သည် ကသည်းကိုအသာထား၍ သံလျင်ကိုမှ လိုက်ပါတိုက်ခိုက်ဖူးပါစဟု မေးမြန်းလိုကြောင်း၊ မိမိချစ်သူမောင်ကမူ သံလျင်သာမက မုတ္တမ၊ ထားဝယ်၊ ဒလ၊ ယိုးဒယား စသည်ဖြင့် သွားရောက်စစ်မှုထမ်းခဲ့ဖူးပါကြောင်း ဖွဲ့နွဲ့ထားသည့် ကဗျာကောက်နုတ်ချက်ကလေးပင်ဖြစ်ပါသည်။

ကသည်း . . . တဲ့။

ဘယ်လို အရပ်ဒေသပါလိမ့်။ ဘယ်လိုလူမျိုးတွေပါလိမ့်။ ဘယ်လောက်များ ဝေးလံခေါင်ဖျားတဲ့ ဒေသကပါလိမ့်။ အော်စာတွေ့နှင့် မှန်းဆကြည့်ခဲ့ရသည့် နေ့ရက်များ။

(နှစ်)

ကုန်းဘောင်ခေတ်က နာမည်ကျော်ဆရာတော်တစ်ပါးဖြစ်သည့် ဇန်းမော်ဆရာတော်အကြောင်းကို ဖတ်မိလေသောအခါ ဆရာတော်နှင့် အပြန်အလှန်စာချိုးခဲ့ကြသည့် သီလရှင်မယ်ကင်းအကြောင်းကိုလည်း ကြုံကူးရေပါဆိုသလို ဖတ်ခွင့်ရပါသည်။ ထိုသီလရှင်မယ်ကင်းဟူသည်မှာ ကသည်းအမျိုးသမီးတစ်ယောက်ဖြစ်သည်ဆိုပါ့လား။ ကုန်းဘောင်ဘုရင်ဘကြီးတော်မင်းတရားလက်ထက် အာသံမဏိပူရသို့ စစ်ချီ၍အပြီး အပြန်တွင် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် ကသည်းမင်းမျိုးမင်းနွယ်များထဲက အမျိုးသမီးတစ်ယောက်ဖြစ်ပါလေသတဲ့။ နောင်တွင်မူ စာတတ်ပေတတ်သီလရှင်တစ်ပါးဖြစ်သွားခဲ့ကာ မင်းတုန်းမင်း၏ ရိက္ခာတော် ထောက်ပံ့မှုကိုပင် ရရှိခဲ့သောသူအဖြစ် သီလရှင်မယ်ကင်းက ထင်ရှားပါသည်။ ထား . . . .

ဟိုယခင် မန္တလေးမြို့၌ အမေလူထုဒေါ်အမာရှိစဉ်တုန်းကမူ နိုဝင်ဘာ ၁၉ ရက် အမေမွေးနေ့သို့ ရောက်လေတိုင်း တောင်သမန် တောင်လေးလုံးကျောင်းတိုက်၌ အမှတ်တရ စားရသည့် ဟင်းမှာ ဝက်သားကသည်းချက်ဟင်းဖြစ်လေရာကသည်းဆိုသော စကားလုံးက မထိတထိနှင့်လာ၍ ငြိနေပြန်ပါသည်။

ကသည်း . . တဲ့။ မရောက်ဖူးစဉ်ကဖြင့် စိတ်အတွေးမျှင်ထဲမှာ ဝေးကွာလွန်းလိုက်တာ။ စိတ်ရှိလို့ထသွားလိုက်တော့လည်း နေ့ဝက်ခရီး။

(သုံး)

ကသည်းလူမျိုး အများစုနေထိုင်ရာ မဏိပူရ(Manipur)ပြည်နယ်က ချင်းပြည်နယ်နှင့်သာမက စစ်ကိုင်းတိုင်း၏ အနောက်မြောက်ဘက်အဖျားနှင့်ပါထိစပ်နေသော ဒေသဖြစ်ပါသည်။


ဓာတ်ပုံ-မောင်သာချို

လေယာဉ်က ရန်ကုန်နှင့် ကလေးကို နှစ်နာရီတိတိ ပျံသန်းပါသည်။ ကလေးကနေ တမူးအထိက ကားမောင်းချိန် လေးနာရီဝန်းကျင်။ ကလေးတမူးလမ်းတစ်လျှောက်ဝဲဘက်ကိုလှမ်းမျှော်လိုက်တော့တောင်တန်းတွေကနိမ့်ချည်၊ မြင့်ချည်။ ရွာကလေးတွေက နီးလာလိုက် ဝေးသွားလိုက်။ အဲဒါ အိန္ဒိယနိုင်ငံ ဘက်အခြမ်းက တောင်တန်းတွေနဲ့ ရွာတွေတဲ့။ သွပ်မိုးတွေက ပြောင်ပြောင်လက်လက်။ ရုပ်မြင်သံကြားတိုင်တွေက ထိုးထိုးထောင်ထောင်။

ကလေး-တမူးကားလမ်းက အိန္ဒိယဘက်က အကူအညီဖြင့် ခင်းထားသောလမ်းဖြစ်ရာ တော်တော်ကလေးကောင်းမွန်ပါသည်။ ကလေး-ကလေးဝ-တမူး လမ်းဆုံတစ်နေရာ၌ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ကျောက်တိုင်တစ်ခုကို စိုက်ထားသည်။ ကလေး-တမူးကားလမ်းကမူ အိန္ဒိယ-မြန်မာနယ်စပ်မျဉ်းအတိုင်း ပွတ်ကာသီကာဖြင့် ဖောက်လုပ်ထားခြင်းဖြစ်ရာ အိန္ဒိယအလံ ထွင်းထားသည့် ကျောက်တိုင်ပုတိုတိုကလေးတွေက ကားလမ်းအစပ်မှာ တစ်တိုင်ပြီးတစ်တိုင် ရပ်နေကြလေသည်။ လမ်းဘေးဝဲယာတစ်နေရာရာ၌ တွေ့ရတတ်သည်ကလမ်းထိန်းသိမ်းပြုပြင်ရေး စခန်းကလေးတွေနှင့် လုပ်ငန်းခွင်ကားများ။ ဒါကလည်း အိန္ဒိယ၏ အစီအမံ။

တမူးမြို့ အထွက်မှာက ချောင်းတစ်ချောင်း ဖြတ်သန်းစီးဆင်းနေသည်။ ပါဟဲချောင်းတဲ့။ ချောင်းပေါ်က တံတားကိုတော့ ဆေးဖြူတစ်ခြမ်း၊ ဆေးနီတစ်ခြမ်း သုတ်ထားသည်။ တစ်ခြမ်းက မြန်မာပိုင်၊ တစ်ခြမ်းက အိန္ဒိယပိုင်။ ချောင်းရေကလည်း သူတစ်ဝက်ကိုယ်တစ်ဝက်။ တံတားကလည်း သူတစ်ဝက်ကိုယ်တစ်ဝက်။

ဥပုသ်နေ့တွင် ပိတ်သော နန့်ဖာလုံဈေးက တမူးမြို့အထွက်မှာရှိသည်။ သည်ဈေး၏ ခြံစည်းရိုးအစပ်တည့်တည့်ဆီ၌ ယခင်က ရှိခဲ့ပုံရသော နယ်စပ်ခြံစည်းရိုးကို စိတ်ထဲက မှန်းပြီးကျော်လိုက်သည်နှင့် တစ်ဘက်မှာက မိုရေး (Moreh)မြို့။

မိုရေးမြို့က ကုန်းဆင်းကုန်းတက်တွေ များပါသည်။ မြို့တွင်း သယ်ယူပို့ဆောင်ရေးက သုံးဘီးဆိုင်ကယ်များ။ လက်ဝဲကပ်မောင်းစနစ်။ အညာမြို့ကလေးတစ်မြို့နှင့်တူပြီး အိမ်သုံးဆေးဝါး၊ အဝတ်အထည်။ အိန္ဒိယအစားအစာ၊ သံလွင်ဆီ၊ စွန်ပလွံယို၊ ရေမွှေးပေါင်ဒါကအစ ဆိုင်တိုင်းမှာတည်ခင်းထားသည်။ အိန္ဒိယစစ်သားတွေကတစ်နေ့ကို သုံးကြိမ်လောက်မြို့ထဲကို ကင်းလှည့်သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကသေ့သေ့ခြောက်ခြောက်။ မြေကြီးတွေက နီနီရဲရဲ။ အညာမြို့ပေါက်စကလေးတစ်မြို့နှင့်ပင် တူနေသေးတော့။

ကသည်းမြို့မို့ ကသည်းယောကျာ်း၊ မိန်းမတွေကိုတော့ နေရာတိုင်းမှာ တွေ့နေရသည်။ ကသည်းအမျိုးသမီးတိုင်းလိုလိုက မာဖလာအရှည်ကြီးများကို လည်ပင်းမှာပတ်ကာ အစနှစ်ဖက်ကိုချထားသည်။ အိန္ဒိယမနွယ်ဘဲမြန်မာတိုင်းရင်းသားနှင့် ပိုတူသည့် ကသည်းအမျိုးသမီးတွေက ကွင်းထိုးဖိနပ်၊ စကတ်(သို့မဟုတ်) ဘောင်းဘီကိုဝတ်ပြီး မာဖလာနှစ်စလွှင့်ချ၍ထားပုံမှာ ကြည့်ကောင်းလှပါသည်။

(လေး)

“ကသည်း”ဟူသောအမည်က မြန်မာနှင့် မစိမ်းပါ။ ညောင်ရမ်းမင်းဆက် (၁၀)ဆက်၌ ခုနစ်ဆက်မြောက် မင်းရဲကျော်ထင်လက်ထက်တွင် ကသည်းသံတို့အင်းဝသို့လာရောက်ကြောင်း၊ နောင်အခါ မြန်မာပိုင်သောင်သွပ်မြို့ကိုလာရောက် ထိပါး၍ ကသည်းသို့စစ်ချီခဲ့ရကြောင်း၊ ရှစ်ဆက်မြောက်စနေမင်းလက်ထက်၌မူ ကသည်းစော်ဘွား၏ သမီးကိုပင် လာရောက်ဆက်သကြောင်း၊ ကိုးဆက်မြောက် တနင်္ဂနွေမင်းလက်ထက်တွင်မူမဏိပူရကသည်းစော်ဘွားက စစ်ကိုင်းကောင်းမှုတော်ဘုရား မြောက်ဘက်ကစာရေးရွာအထိ လာရောက်ထိပါးနှောင့်ယှက်ကြောင်းစသည်စသည်ဖြင့် ညောင်ရမ်းခေတ် ကသည်းမြန်မာဆက်ဆံရေးကို သမိုင်းစာမျက်နှာတွေပေါ်မှာ တွေ့နိုင်ပါသည်။

ကုန်းဘောင်ရွှေဘိုဘုရင်အလောင်းဘုရားကတော့ မဏိပူရကသည်းကို ညက်ညက်ကြေအောင်တိုက်သည်။ ဖမ်းဆီးခေါ်ဆောင်လာသည့် ကသည်းတို့ကိုလက်ဝဲလက်ယာလမိုင်းလယ်တွေထဲမှာ ဖြန့်ချတာဝန်ပေးသည်။ အလောင်းဘုရား၏ ဒုတိယသားတော်ဆင်ဖြူရှင် ဗဒုံမင်းလက်ထက်၌လည်း မဏိပူရသို့စစ်ချီခဲ့ရပြီး အပြန်တွင် ခေါ်ဆောင်လာသည့် ကသည်းတို့ကို ခဲတူးစု၊ လက်နက်ကိုင်စု၊ မြင်းစု၊ လှေစု၊ ကျေးစု၊ ကျွန်စု၊ ကျောက်တော်တူးအစု စသည်ဖြင့် တာဝန်ပေးရုံမက ၁၈၀၇ ခု ဇင်းမယ်သို့ ချီရာ၌ပင် ကသည်း ၅၀၀၀ တပ်တစ်တပ်ပါဝင်ခဲ့ပါသေးသည်။ ထို့နောက် ဘိုးတော်ဘုရား ဘကြီးတော်မင်းများလက်ထက်အထိ မဏိပူရအာသံ ကသည်းနယ်မြေက မြန်မာမင်း၏ သြဇာကိုခံကာ မြန်မာမင်းအား ပဏ္ဏာဆက်ရသည့် ဒေသဖြစ်ခဲ့ပါသည်။

အင်္ဂလိပ်-မြန်မာပထမစစ်အပြီး ရန္တပိုစာချုပ် ၁၈၂၆ အလွန်မှာတော့ အာသံ(Assam)၊ ကချာ(Cahar)၊ ဂျိန်တိယ(Jaintia)တို့နှင့်အတူ မဏိပူရ(Manipur)ကိုပါ နောင်မထိပါးတော့ပါဟူသော စာချုပ်ကတိဖြင့် လက်လွှတ်လိုက်ရပါတော့သည်။

အခုတော့ဖြင့်သည်မှာဘက် နန့်ဖာလုံတမူးဈေးနှင့် ဟိုမှာဘက် မိုရေး(Moreh) မြို့တို့က ခြေလှမ်း အလှမ်းနှစ်ဆယ် အစိတ်နှင့် ရောက်သွားနိုင်သော မြို့များဖြစ်နေပါပြီ။ သူဝင်ကိုယ်ထွက် ရောင်းကြ၊ ဝယ်ကြ။ တမူးမြို့အဝင်၌ မဏိပူရဘက်က ကားတစ်စီးစ၊ နှစ်စီးစရပ်ထားသည်ကိုပင် လှမ်းတွေ့နေရသည်။ ညနေစောင်းစောင်း၌မူ ပါဟဲချောင်းရေကြည်စပ်စပ်မှာ ရေချိုးနေသူတွေက တပုံတပင်။ မြန်မာတွေရောကသည်းတွေရော။

အိန္ဒိယက ခင်းပေးထားသည့် တမူး-ကလေးလမ်းအတိုင်း မပြန်မီ ပါဟဲချောင်းပေါ်ကနေ မဏိပူရဒေသကို လှမ်းမျှော်ငေးမိသည်။ ဘာကြောင့်မှန်းမသိ။ ကိုယ့်ဘိုး ကိုယ့်ဘွားတို့၏ ရာဇဝင်သမိုင်းစာမျက်နှာဟောင်းများရှိရာဆီ စိတ်ကရောက်သွားပြီး အတိတ်ကို လွမ်းသောခံစားမှုဖြင့် ရပ်နေမိခဲ့ပါလေသည်။

**မဂျူး၊ မသန်းမြင့်အောင်၊ ကိုအောင်ပီကျယ်၊ ကိုစိန်ဝင်း(ပုတီးကုန်း)နဲ့ ကိုမြင့်ဇော်သို့ . . .**

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011



# ပေးသူယူသူ ကြည်ဖြူသော်ငြား

ဇေထွန်း

မိမိတို့ဝန်းကျင်ဓလေ့တွင်လူမှုရေးအခြေခံပေါင်းသင်းဆက်ဆံမှုများပြားသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီလိုစိတ် ရှိကြသည်။ ရှေးဘုရင်များ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လက်ဆောင်ပဏ္ဏာပို့ဆောင်ဆက်သခြင်းများ ရာဇဝင်များတွင် တွေ့နိုင်သည်။ ထိုသို့သော လက်ဆောင်ပဏ္ဏာ ဆက်သခြင်းများ မည်သည့်ခေတ်က စတင်ခဲ့သည် မသိရသော်ငြားယခုကာလ မိမိတို့ဝန်းကျင်ဓလေ့တွင်လက်ဆောင်ပဏ္ဏာပေးပို့ခြင်းများ ရှိသေးသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင် ခင်မင်မှုအတိုင်းအတာအရ လက်ဆောင်များပေးတတ်ကြသေးသည်။

မိသားစုများ အကြား၊ မိတ်ဆွေသူငယ်များအကြား လက်ဆောင်ပေးခြင်းက အနှောင်အဖွဲ့ကင်းနိုင်မည် ထင်ရသည်။ ဒါတောင် အချို့မှာ သူက ဘာလေးပေးထားလို့ မိမိကဘာလေးပြန်ပေးလိုက်ဦးမည်ဆိုသော စိတ်ဓာတ်အခံလေးများ ရှိတတ်သည်။ ထိုစိတ်ဓာတ်အခံလေးကို လိမ္မာပါးနပ်စွာအသုံးချတတ်သူများက လာဘ်ပေး၊ လာဘ်ယူမှု သဏ္ဌာန်ဖော်ဆောင်လာကြသည်။

လာဘ်ပေး၊ လာဘ်ယူကိစ္စများ ပပျောက်အောင် လုပ်ဆောင်မည်ဆိုသည်နှင့် အကျင့်ပျက်ဝန်ထမ်းများကို မည်သို့ အရေးယူတော့မည်လဲဟု လူအများ စိတ်ဝင်တစားရှိကြသည်။ တကယ်တော့ လာဘ်ယူသူသည် လာဘ်ပေးသူရှိမှ ဖြစ်ပေါ်လာနိုင်သည်။ ထို့အတွက် လာဘ်ပေးသူများကိုရော မည်သို့အရေးယူမည်နည်း။ လုပ်ငန်းကိစ္စများတွင် လာဘ်ယူသူတစ်ယောက်အတွက် လာဘ်ပေးသူက တစ်ယောက်မက ရှိနေတတ်သည်။ လာဘ်ပေးသူချင်း အခွင့်အရေးအသာစီးရရန် သူ့ထက်ငါ သာအောင်ပေးကမ်းကြသည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်ဆံရသော နေရာများတွင်ယင်းအဖြစ်ကပိုမိုမြင်သာသည်။ လုပ်ငန်းဖော်ဆောင်နိုင်မှု အခွင့်အရေးရှိသူအား ဝင်ထွက်သွားလာခွင့်ရအောင် နည်းမျိုးစုံသုံးကြသည်။ ရင်းနှီးကျွမ်းဝင်မှုရရန် အခွင့်အရေး များစွာပေးကြသည်။ လာဘ်ပေးမှု အမျိုးအစားစုံလင်လှသည်။

မိမိတို့ဝန်းကျင်ဓလေ့ကလည်း မိမိလုပ်ငန်းကိုင်ငန်း အဆင်ပြေစေရန် ငွေစကြေးစ အတန်အသင့် ပိုမိုကုန်ကျရခြင်းကို သမားရိုးကျ ကုန်ကျမှုဟု လက်ခံလာကြသည်။ လုပ်ငန်းအကြီးအသေးအရ ပမာဏအနည်းအများသာ ကွာခြားသွားသည်။ မိမိအနေဖြင့် ရထားလက်မှတ်တစ်စောင်အတွက် ငွေကြေးအတန်အသင့် အပိုကြေးပေးခဲ့ဖူးသည်။ လက်မှတ်ရောင်းသူက ဘယ်ရွေ့ဘယ်မျှပေးပါဆိုခြင်းမဟုတ်ဘဲ မိမိလက်မှတ်ရလိုမှုအတွက် ၎င်းနည်းကို ကျေနပ်စွာအသုံးပြုခဲ့ဖူးသည်။ မိမိတို့တွေ စိတ်ထဲမှာကိုက ဌာနဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရချိန် မိမိအလုပ် အဆင်ပြေချောမွေ့က ကျေနပ်မိတတ်သည်။ လုပ်ဆောင်ပေးသူဝန်ထမ်းအတွက် လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးပေးကမ်းမိတတ်ကြသည်။ တစ်ခါက မိမိစာမူလေးတစ်ပုဒ် အမြန်ချောထည့်ရန် မုံရွာစာတိုက်ကြီးသို့ ရောက်သွားသည်။ အချိန်က နံနက် ၆ နာရီခွဲခန့်၊ မိမိက ခရီးဆက်စရာရှိ၍ စာတိုက်မဖွင့်ခင် ပေးထားခဲ့ချင်သည်။ စာတိုက်ရောက်တော့ သန့်ရှင်းရေးလုပ်နေသည့်ဝန်ထမ်းနှစ်ဦးအနီးတွင် ဝန်ထမ်းဟု ယူဆရသူတစ်ဦးရှိနေသည်။ မိမိအနားရောက်သွားတော့ အမြန်ချောထည့်ချင်ကြောင်း ပြောရာ ထိုသူက လက်ခံထားလိုက်သည်။ လက်ခံထားသူက အမြန်ချောတာဝန်ခံကို သေချာပေးလိုက်မည်ဖြစ်ကြောင်းပြောရာ မိမိကကျေးဇူးတင်လွန်း၍ အမြန်ချောထည့်ခအပြင် အနည်းငယ်သော ငွေစပိုပေးဖြစ်သည်။ ထိုသူက မယူပေ။ မိမိကလည်း ငွေစက္ကူလေးကို အိတ်ထဲပြန်ထည့်ပြီး ကျေးဇူးတင်ကြောင်းပြောကာ ပြန်ထွက်ခဲ့သည်။ အမှန်ပင်ကျေးဇူးတင်မိပါသည်။ အလုပ်ကိစ္စများကို ဌာနဆိုင်ရာများနှင့် ဆက်ဆံပတ်သက်လုပ်ကိုင်ရချိန်မျိုးတွင် အသေးအဖွဲ့ကိစ္စဖြစ်ပါစေ၊ မိမိလုပ်ငန်းလုပ်ရမည့် လုပ်ငန်းပိုင်းမှ ဝန်ထမ်းမရှိပါက အခြားဝန်ထမ်းက ၎င်းစွမ်းဆောင်နိုင်တောင် မသိလိုက်မသိဘာသာနေတတ်ကြသည်။

အချို့သော လာဘ်ပေး၊ လာဘ်ယူ ကိစ္စရပ်များသည် လာဘ်ပေးသူဘက်မှ စတင်ဖော်ဆောင်မှုကြောင့် လာဘ်ယူသူက လက်ခံကြရသည်။ အချို့က လုံးဝလက်မခံ။ အချို့က လက်မခံချင်ခံချင်ပုံစံဖြင့် မူလအစက လက်ခံသည်။ တဖြည်းဖြည်းနှင့် အရသာသိကာ လက်ခံလာသည်။ နောက်ပိုင်းတွင် ပါးစပ်မှ ဖွင့်ဟတောင်းသည့်အဆင့်ထိ ရောက်ရှိသွားသည်။ ထိုအဆင့်ရောက်ချိန်တွင် လာဘ်ပေးသူများက ငြိုငြင်လာသည်။ သို့ရာတွင် ထိုသို့ ယူတတ်၊ တောင်းတတ်အောင် လမ်းစပေးသူမှာ ၎င်းတို့ဖြစ်ကြောင်း သတိမထားမိကြတော့ပေ။

မိမိဝန်းကျင်တွင် ပြည်တွင်းအလုပ်အကိုင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ဘွဲ့ရလူငယ်များကို တွေ့ဖူးသည်။ မိမိက အလုပ်အကိုင် စာမေးပွဲဝင်ရောက်ဖြေရန် မေးခွန်းပုံစံများ လမ်းညွှန်ပေးသည်။ ၎င်းတို့က အားလျော့သော လေသံဖြင့် "ရေးဖြေအောင်လည်း လူတွေ့မှာက လိုက်မှရတာတဲ့" ဟု စကားဆိုကြသည်။ အချို့က လိုက်ရင် ဘယ်လောက်ရှိလဲဟု စုံစမ်းနေကြသည်။ ကွင်းအတွင်း ဆင်းပြီးမကန်ခင်က အရှုံးပေးထားသော ဘောလုံးအသင်းနှင့် တူနေသည်။ ထိုလူငယ်များသည် ယင်းစာမေးပွဲကို တစ်ခါမျှပင် ဖြေကြည့်ဖူးခြင်းမရှိပါ။ မိမိအရည်အသွေးကိုမှတ်ကျောက်တင်မကြည့်ဖူးဘဲ အခြားနည်းဖြင့် လျှောက်လှမ်းရန် အားသန်နေကြခြင်းဖြစ်သည်။ ပြည်တွင်းဘွဲ့ရအလုပ်အကိုင် စာမေးပွဲများတွင် ခေါ်ယူသည့်နေရာ နှစ်နေရာ၊ သုံးနေရာပင်ဖြစ်စေ ဖြေဆိုသည့်အရေအတွက်ထောင်ဂဏန်း၊သောင်းဂဏန်းရှိတတ်ပေသည်။ ထိုအထဲမှ နှစ်ဦး၊ သုံးဦးသာ အောင်မြင်မည်ဖြစ်၍ ဖြေဆိုသူတို့အနေဖြင့် အရည်အချင်းရှိဖို့က ဦးစားပေးဖြစ်လာသည်။ မိမိကိုယ်တိုင်က ထောင်ဂဏန်းရှိသော အရေအတွက်ထဲတွင် သာလွန်သူဖြစ်နေရမည်။ အချို့က အတန်းပညာတွင် သာလွန်နေသော်လည်းပြည်တွင်းပြည်ပ ဗဟုသုတ၊ ကိုယ်ဟန်အမူအရာတွင် တစ်ပါးသူအား မယှဉ်နိုင်ပြန် ဖြစ်တတ်ပေသည်။ မိမိအားနည်းချက်ကိုပြုပြင်ရန် မကြိုးစားဘဲ အခြားသော နည်းလမ်းကို ရှာဖွေတတ်ကြသည်။ အခြားသော နည်းလမ်းဖြင့် အောင်မြင်သွားသူရှိ၊မရှိမိမိတပ်အပ်မပြောနိုင်သော်ငြား အခြားသော နည်းလမ်းရှိက လျှောက်လှမ်းရန် ဟန်ပြင်နေသူများကိုက လာဘ်ပေးရန်တွက်လမ်းစထွင်နေကြခြင်းဖြစ်ပေသည်။ ထိုလမ်းကို လျှောက်ရန်အတွေးစ ရှိနေသူများ အလုပ်အကိုင်ရရှိခဲ့ပါက လာဘ်ပေး၊ လာဘ်ယူမှုနှင့် ခပ်စိမ်းစိမ်းမနေတော့ပေ။

လက်ခုပ်သံသည် လက်နှစ်ဖက်တီးမှ မြည်နိုင်သကဲ့သို့ လာဘ်ပေး၊ လာဘ်ယူမှုများသည်လည်း ပေးသူ၊ ယူသူ နှစ်ဦးရှိမှ ဖြစ်မြောက်နိုင်ပေသည်။ ဝိသမလောဘကြောင့်ဖြစ်စေ၊ အတ္တအတွက်ဖြစ်စေ ပေးသူဘက်မှ ပေးကမ်းမှုရှိစေကာမူ တာဝန်ရှိသူကယူငင်မှုမပြုကလာဘ်ပေး၊ လာဘ်ယူအထမမြောက်နိုင်ပေ။ သို့ပေမယ့် လာဘ်ပေးမှုကြောင့် ရရှိလာမည့် အမြတ်အစွန်းကို ခန့်မှန်းတွက်ချက်တတ်သော စီးပွားရေးသမားအနေဖြင့် တာဝန်ရှိဝန်ထမ်းအား "ရော့၊ အင့်" ဟုဆိုကာ ပေးသည့်ပုံစံမျိုးဖြင့် ဝင်မည်မထင်ပေ။ ရင်းနှီးမှု၊ အကြိုက်ဆောင်မှုတို့ဖြင့်သာ ဝင်ရောက်လုံးပန်းပေမည်။ မိမိတို့လူမျိုးများကလည်း အားနာတတ်၊ ဘဝင်လေဟပ်တတ်ပြန်တော့ လုံးပန်းရတာ ခက်ခဲမည် မထင်ပေ။ လာဘ်ပေး၊ လာဘ်ယူမှုသည် အချိန်ကိုက်ဗုံးကြီးကဲ့သို့ အချိန်မရွေးထပေါက်ကွဲနိုင်သော်ငြား အသပြာရည်လူးထားခြင်းဖြစ်၍ ယူငင်မိတတ်ကြသည် ထင်ပါသည်။ ဘာမှမဖြစ်လျှင် ဘာမှမဖြစ်ဘူး၊ ဖြစ်လျှင် ဘာမှမတတ်နိုင်ဘူးဟုသော စကားကို ဆိုခဲ့ဖူးကြပြီ။ ဘာမှမဖြစ်အောင် အားလုံးရှောင်သင့်ပေပြီ။ လာဘ်ပေး၊ လာဘ်ယူမှု ပပျောက်ရေးသည် ပေးသူယူသူ နှစ်ဦးနှစ်ဖက် ပပျောက်အောင် ဆောင်ရွက်နိုင်မှ ကင်းစင်သွားမည်ဟု ထင်မိပါသည်။ တောင်းသူ၊ ယူသူ ပပျောက်အောင် ပြုလုပ်ခြင်းက မြင်သာသော်ငြား ပေးသူပပျောက်စေခြင်းတွင်ပြည်သူလူထုတစ်ရပ်လုံး အသိအမြင် ဗဟုသုတရှိရန် လိုအပ်ပါသည်။

## JOKE

### စမ်းသပ်ခ

အမျိုးသမီးတစ်ယောက်သည် သူ၏ အချစ်တော်ခွေး ဘာဖြစ်မှန်းမသိ လဲကျသွား၍ တိရစ္ဆာန်ဆရာဝန်ထံသွားပြသည်။ တိရစ္ဆာန်ဆရာဝန်က ခွေးကိုကြည့်ပြီး စမ်းသပ်မှုလုပ်ရမည်ဆိုကာ အခန်းတစ်ခုထဲ သယ်သွားသည်။ စမ်းသပ်ခန်းတွင် ကြောင်တစ်ကောင်ကို လှောင်အိမ်ထဲမှထုတ်၍ ခွေးပေါ် ဖြတ်လျှောက်ခိုင်းသည်၊ ခွေးကတုပ်တုပ်မျှ မလှုပ်။

"ခင်ဗျား ခွေးသေသွားပြီ" ဆရာဝန်ကပြောလိုက်သည်။

အမျိုးသမီးက ခွေးကိုပြန်ယူလာပြီး အပြင်ထွက်၍ ဆေးခန်းပြသရှင်းရန်ပြင်သည်။

"၃၂၅ ဒေါ်လာကျပါတယ်ရှင်" ဟု စာရေးမက ပြောသည်။

အမျိုးသမီးက "ဘာဖြစ်လို့ အဲလောက်ကျတာလဲရှင့်" ဟု မေးရာ

"၂၅ ဒေါ်လာက ဆရာဝန်ပြခပါ။ ဒေါ်လာ ၃၀၀ ကတော့ Cat စမ်းသပ်ခပါ" ဟူ၍ စာရေးမကပြောပါသည်။

### ယောက်ျားကောင်း

လူတစ်ယောက်ညဘက်အမူးလွန်၍ ပြန်လာရာ အမြော်အမြင်ကြီးစွာပင် ကားကိုလမ်းဘေးတွင်ရပ်၊ သော့ခတ်ကာ အိမ်သို့ လမ်းလျှောက်ပြန်လာသည်။

ထိုအချိန်တွင် ရဲတစ်ယောက်နှင့် သွားတိုးရာ

"ည ၂နာရီထိုးပြီ။ ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"ဟု မေးရာ မူးလာသူက. . .

"ဩဝါဒပေးတာ သွားနားထောင်မလို့ပါ"ဟုဖြေ၏။

ဤတွင် ရဲက "ခင်ဗျားကို ဘယ်သူက ဒီအချိန်ကြီး ဩဝါဒပေးမှာလဲ"ဟုမေးရာ. .

"ကျွန်တော့်မိန်းမပေးမှာပါ" ဟုဆိုကာ ယောက်ျားက လမ်းဆက်လျှောက်သွားပါလေသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# နေပြည်တော်ကျောက်မျက်ပြပွဲနှင့်အပြိုင် ရန်ကုန်စျေးကွက်တွင်ပါ ရောင်းအားတက်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် –၁၆**

နေပြည်တော်တွင် ကျင်းပနေသော ကျောက်မျက်ရတနာပြပွဲ ပြုလုပ်နေချိန်ကာလအတွင်း ရန်ကုန်မြို့တွင်ပြုလုပ်သော ကျောက်မျက်စျေးကွက် ရောင်းအားများလည်း မြင့်တက်နေကြောင်း ကျောက်ကုန်သည်များက ပြောသည်။

"လောလောဆယ်တော့ အရောင်းအဝယ်ကောင်းနေတယ်။ အရည်အသွေးကောင်းတဲ့ကျောက်တွေ အရောင်းအဝယ်ပိုဖြစ်တယ်" ဟု ကျောက်ကုန်သည်တစ်ဦးက ပြောသည်။



နေပြည်တော်ကျောက်မျက်ပြပွဲမြင်ကွင်း။ ဓာတ်ပုံ - Daylife.com

လက်ရှိ ကျောက်မျက်ရတနာ စျေးကွက်တွင်း၌ ကျပ်သိန်း ၁၀၀ နှင့်သိန်း ၅၀ ကြားရှိကျောက်များမှာ အရောင်းအဝယ်အများဆုံးဖြစ်နေကြောင်း သိရသည်။

မိုးတွင်းကာလသည် နှစ်စဉ်အားဖြင့်လည်း ကျောက်အရောင်းအဝယ်ကောင်းလေ့ရှိပြီး လက်တလောစျေးကွက်တွင်း၌ တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံများမှ ဧည့်သည်များ၏ ဝင်ရောက်ဝယ်ယူမှုမှာလည်း များနေကြောင်း ကျောက်ကုန်သည်များက ပြောသည်။

စျေးကွက်တွင်း ကျောက်မျက်ရောင်းဝယ်အား ကောင်းနေသော်လည်း ကျောက်စျေးနှုန်းများ မြင့်တက်ခြင်းမရှိကြောင်းကျောက်ကုန်သည်များက ပြောသည်။

"ဒီရာသီက ကျောက်စိမ်းမှာဆို နေထွက်မထွက်ပေါ် မူတည်ပြီးတော့ အရောင်ပြောင်းတဲ့ကျောက်တွေရှိတယ်။ အရောင်ရင့်တဲ့ကျောက်တွေတော့ ရောင်းအားနည်းတယ်။ အစိမ်းနုနဲ့ စိမ်းဝါတွေ ပိုပြီးအရောင်းအဝယ်ကောင်းတယ်" ဟု ကျောက်ကုန်သည်တစ်ဦးကပြောသည်။

လက်ရှိကာလတွင် အရောင်းအဝယ်ကောင်းနေသော်လည်း ကျောက်မျက်ပြပွဲပြီး၍ ကျောက်များ ပြည်တွင်းစျေးကွက်များသို့ ပြန်လည်ဝင်ရောက်လာပါက အရောင်းအဝယ် အေးသွားနိုင်ကြောင်း ကျောက်ကုန်သည်တစ်ဦးကပြောသည်။

## အိန္ဒိယမှ ဝယ်လိုအား နည်း ပဲစျေးငြိမ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် –၁၆**

အိန္ဒိယနိုင်ငံဘက်မှ ပဲဝယ်လိုအား လျော့နည်းသွားခြင်းကြောင့် ပြည်တွင်း ပဲမျိုးစုံစျေးကွက်တွင် ပဲစျေးနှုန်းငြိမ်နေသည့်အပြင် အရောင်းအဝယ်မှာလည်း ကျဆင်းနေကြောင်း ကုန်စည်ဒိုင်၌ နေ့စဉ်အရာင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်များက ပြောသည်။

ပဲအရောင်းအဝယ်ကျဆင်းနေခြင်းသည် ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံဘက်တွင် ပဲစျေးနှုန်းကျဆင်းနေခြင်းနှင့် ၎င်းနိုင်ငံဘက်မှ ဝယ်လက်နည်းသွားခြင်းကြောင့်ဖြစ်သည်ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

"သင်္ဘောတင်စျေး Free on Board (FOB)စျေးကလည်း အရင်ရက်ထက်စာရင် ၁၀–၁၅ ကျပ်လောက်ကျတယ်။ ကုန်သည်တွေကလည်း ဟိုဘက်က စျေးအေးနေလို့ မဝယ်ချင်ကြတာ။ ငွေစျေးကျတာကြောင့်လည်း ပါတယ်" ဟု ပဲကုန်သည်တစ်ဦးက ပဲအရောင်းအဝယ် အေးနေခြင်းအပေါ် သုံးသပ်ပြောသည်။



အိန္ဒိယနိုင်ငံဘက်မှ ဝယ်လိုအားကျဆင်းခြင်းမှာ ၎င်းနိုင်ငံဘက်တွင် စိုက်ပျိုးနိုင်သောပဲစိုက်ဧက ပြည့်သွားခြင်းကြောင့် ပဲဝယ်လိုအားနည်းသွားခြင်းကြောင့်ဖြစ်သည်ဟု ပဲကုန်သည်တစ်ဦး ပြောသည်။

"ပြည်တွင်းမှာကလည်းစျေးက ထပ်ချလို့ မရတော့ဘူး။ စျေးထပ်ချရင် နယ်က အရောင်းမထွက်တော့ဘူး။ လာမယ့်လမှာ သီးနှံသစ်ပေါ်တဲ့အချိန် ငွေဖော်ရမှာမို့နယ်ကုန်သည်တွေက ထုတ်ရောင်းရင်တော့ စျေးကဆက်အေးနိုင်တယ်" ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

လက်ရှိကာလတွင် ပဲကုန်သည်များမှာ ယခင်ဝယ်ထားသော ပဲများကိုသာ တင်ပို့မှုပြုနေကြပြီး ဝယ်လိုအား နည်းနေကြကြောင်း သိရသည်။

လတ်တလောကာလ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်နေသောပဲစျေးနှုန်းများသည် မတ်ပဲ RC မှာ တစ်တန်လျှင် ၅၅၀,၀၀၀ ကျပ်၊ SQRC မှာ တစ်တန် ၆၁၅,၀၀၀ ကျပ်၊ ပဲ စင်းငုံနီ RC မှာ တစ်တန် ၄၃၀,၀၀၀ ကျပ်ရှိပြီး ခရမ်းရွှေဝါ ပဲတီစိမ်းမှာ တစ်တန်လျှင် ၇၀၀,၀၀၀ ကျပ်ရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၈၉ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၁၈ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၅၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၉၈ | ကျပ် |

၂၀၁၁ ဇူလိုင် ၁၆ ရက် ပေါက်စျေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၉၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၆၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၁၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၆၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၅၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၈၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၈. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၀၄ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၂၉. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၅၃၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၃၈၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၈၂၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၈. ၀၇၂၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (ယူအေအီး) |

## အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၉၀. ၀၀ |
| ရေနံ | စည် | ၁၁၇. ၂၆၀ |
| ငွေ | ၁ အောင်စ | ၃၉. ၀၇၁ |
| ကြေးနီ | ပေါင် | ၄၄၁. ၃၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၅၄၆ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇူလိုင် ၁၆ ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။





7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်-ပုသိမ်လမ်းပိုင်းတွင် ကုန်တန်ဆာခ ကျဆင်း

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဇူလိုင်-၉

အာဆီယံသတ်မှတ်ချက်အတိုင်း ကုန်တင်ဆောင်ရမည်ဟုဆိုသော်လည်း ရန်ကုန်-ပုသိမ်လမ်းပိုင်းတွင် ယခုရက်ပိုင်း၌ ကုန်တန်ဆာခများ ကျဆင်းသွားကြောင်း အဆိုပါလမ်းကြောင်းသွားလာသော ကုန်တင်ယာဉ်နှင့် ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ယင်းလမ်းကြောင်းတွင် ကုန်တန်ဆာခကျဆင်းခြင်းသည် ကားဖြင့် တင်ဆောင်သည့် ကုန်နည်းနေခြင်းကြောင့်ဖြစ်သည်ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“တန်ဆာခတွေကျတာက ကုန်နည်းနေလို့ပါ။ ရန်ကုန်က အဆင်းမှာဆိုလည်း ကုန်ပွတွေပဲရှိတယ်။ ကုန်ကျစရိတ်က တင်မယ့်သူနည်းနေလို့ ဈေးချပေးရတဲ့သဘောပဲ”ဟု ကားပိုင်ရှင်တစ်ဦးက ပြောသည်။

ရန်ကုန်-ပုသိမ်လမ်းကြောင်း၏ အဓိကတင်ပို့ကုန်များဖြစ်သော ဘိလပ်မြေနှင့် မြေဆီတို့အား သင်္ဘောများဖြင့် ပို့ဆောင်နေကြပြီး ကုန်တင်ကားများတွင် အောက်ခံကုန်ကျစ်တင်ဆောင်မှု နည်းနေသောကြောင့် ယခုကဲ့သို့ ကုန်တန်ဆာခကျဆင်းနေရခြင်း ဖြစ်သည်ဟု အဆိုပါလမ်းကြောင်းသွားကားပိုင်ရှင်နှင့် ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။


ထို့အတူ ပုသိမ်မှ အတက်ကုန်ဖြစ်သော ဆန်နှင့် ဓာတ်မြေဩဇာများ၏ တန်ဆာခများလည်း ကျဆင်းနေကြောင်း သိရသည်။

ရန်ကုန်မှ ပုသိမ်အဆင်း ဘိလပ်မြေတန်ဆာခမှာ တစ်အိတ်လျှင် ၄၅၀ ကျပ်မှ ယခုရက်ပိုင်းတွင် ၃၇၅ ကျပ်၊ မြေဆီတစ်အိတ်လျှင် ယခင် ၅၀၀ ကျပ်မှ ၄၀၀ ကျပ်သို့ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ပုသိမ်မှ ရန်ကုန်အတက် ကုန်ဖြစ်သော ဆန်တန်ဆာခမှာလည်း ယခင် ၇၅၀ ကျပ်မှ ၆၅၀ ကျပ်သို့ ကျဆင်းလာသကဲ့သို့ ဓာတ်မြေဩဇာတန်ဆာခမှာလည်း ယခင် ၉၀၀-၁၀၀၀ ကျပ်ရှိနေရာမှ ၈၀၀-၇၅၀ သို့ တန်ဆာခများကျဆင်းလာခဲ့ကြောင်း ပုသိမ်ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

“အာဆီယံသတ်မှတ်ချက်က တင်ရတော့မယ်ဆိုပေမယ့်တကယ်တမ်း တိတိကျကျလုပ်ဆောင်တာ အရေးယူတာတွေမရှိသေးဘူး။ ပြီးတော့တင်တဲ့ကုန်နည်းနေလို့တန်ဆာခက ကျနေတာ။ တကယ်လို့ အာဆီယံ တကယ်အရေးယူလာရင်တော့ တန်ဆာခတွေက အရင်တုန်းက တက်တဲ့နှုန်းတွေအတိုင်း ပြန်တက်သွားနိုင်တယ်”ဟု ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။





# 7DAY BOOK REVIEW

## အပေါင်းသည်လည်းကောင်း၊ အနုတ်သည်လည်းကောင်း၊ တစ်ခဏအတွင်း၌

(သင်းရီ)



မြှားနတ်မောင်၊ ပန်းအလင်္ကာ၊ ရွှေအမြုတေ၊ ရန်ကုန်သစ်မဂ္ဂဇင်းများတွင် စာရေးသူသင်းရီရေးသားခဲ့သော ဝတ္ထုရှည်ငါးပုဒ်ကို စုစည်းကာ မဂ္ဂဇင်းဝတ္ထုရှည်များ (အမှတ်-၁) အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ **ဘီစကွတ်မုန့်စားသူများ** ဝတ္ထုတွင်နာဂစ်မုန်တိုင်းကြောင့်ဘဝပြိုလဲခဲ့သူနှစ်ဦးအိမ်ထောင်ဖက်အဖြစ်ပေါင်းသင်းကြသော်လည်း ကြုံခဲ့ရသည့်ဖြစ်ရပ်ဆိုးကြီးကို မထွေးနိုင်၊ မအန်နိုင်အောင်ဖြစ်ပြီး တစ်နှစ်ကြာပေမယ့်စိတ်ဒဏ်ချက်များ မပျောက်ပျက်နိုင်ခြင်းကို ထမင်းနှင့် ဘီစကွတ်နှိုင်းယှဉ်ကာ သိမ်မွေ့စွာ ရေးဖွဲ့ထားပါသည်။ **အသည်းအိမ်ထဲ ကြွေခဲ့ပေါ့ပန်းခရေ** တွင် စာရေးသူက သူပြောလိုသည်ကို ဝှက်ထားကာ တက္ကသိုလ်တက်စဉ် မမျှော်လင့်သော အဖြစ်အပျက်ကြီးတစ်ခုကြောင့် ဘဝလမ်းကြောင်းပြောင်းသွားသူနှင့် ချစ်သူမိန်းကလေးတို့ကြား အယူအဆ မတူမှုများကို ချပြထားသည်။ ထိုအဖြစ်အပျက်ကြီးကြောင့် လူငယ်ဘဝ အိပ်မက်များ ထိခိုက်ခဲ့ရပြီး ဘဝတစ်ဆစ်ချိုးကွေ့ခဲ့ရသော်လည်း သေသည်အထိ ယုံကြည်မှုခိုင်မြဲသူတစ်ဦး၏ အယူအဆကို ဖတ်ရှုစဉ်းစားနိုင်ကြမည် ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ရွှေအမြုတေဆုရ **အပေါင်းသည်လည်းကောင်း အနုတ်သည်လည်းကောင်း တစ်ခဏအတွင်း၌** ဝတ္ထုတွင် မာန်မာနတရားကိုကိုင်စွဲလေ့ရှိသော မိဘတို့ကား သားသမီးများ မြေဇာပင်ဖြစ်ကာ စိတ်ဒဏ်ရာရပုံကို လက်တွေ့ဘဝနှင့် ကိုက်ညီအောင် တစ်သားတည်း ရေးသားထားသည်ကို ဖတ်ရှုရမည်ဖြစ်ပါသည်။ မိသားစု ဘဝများတွင် ကြုံတွေ့ရတတ်သော အိမ်ထောင်ပြုလွဲမှုများကို စာရေးသူက စေ့ငုပိုင်းခြားကာ ဝတ္ထုအဆုံးသတ်၌ မထင်မှတ်ဘဲ စာဖတ်သူကို ပြုံးစိစိဖြစ်စေအောင် ပေါ့ပေါ့ပါးပါး ရေးပြသွားသည်မှာ စာရေးသူ၏ လှည့်ကွက်ကလေးဖြစ်ပါသည်။ **ကမ်းပါးစွန်း၌ ရပ်လျက်၌ပင်** တွင် မိမိနှင့်မသက်ဆိုင်သော ရပိုင်ခွင့်မရှိသည့်အမွေအနှစ်များကို မိမိ၏ ဒုက္ခိတသားငယ်အား တရားဝင်လွှဲပြောင်း၍ ရအောင်တရားဥပဒေမဲ့ဆောင်ရွက်မှုကို ရေးဖွဲ့ထားပါသည်။

ဦးဝင်းငြိမ်း၏ အမှာစာတွင် "ဆရာသင်းရီ၏ စာအများစုသည် ယင်းကဲ့သို့သော နက်နဲသည့် အဓိပ္ပာယ်များကိုဆောင်ယူထားသော်လည်း ပေါ့ပေါ့ပါးပါး ဖတ်လိုသူများအတွက်လည်း အဆင်ပြေစွာ ဖတ်နိုင်ကြသည်သာဖြစ်သည်။ ထို့ကြောင့် ယခုစုစည်းမှုကိုဖတ်ရှုကြမည့်စာရှုသူများသည်စာရေးသူ၏ ဆိုလိုရင်းကို အမိအရဖမ်းဆုပ်နိုင်မည်ဆိုလျှင် ဆရာသင်းရီ၏ဝတ္ထုများသည်ပေါ့ပေါ့တန်တန်မဟုတ်သည်ကိုသတိပြုကြမည်ဖြစ်ကြောင်း ကျွန်တော်ကြိုတင်သတင်းစကားပါးလိုက်ပါသည်" ဟု ဖော်ပြပါရှိသည်။

ရသဝတ္ထုကောင်းများဖတ်ရှုလိုသူများအတွက် ယခုစာအုပ်သည် ချဉ်ခြင်းပြေစေမည်ဖြစ်ပြီး တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ခါကာဘိုစာပေမှ ထုတ်ဝေဖြန့်ချိပါသည်။

# Knowledge ဗဟုသုတ

## အမျိုးသမီးတို့ရဲ့ အလှအပနဲ့ သစ္စာတရားကို ဖော်ညွှန်းတဲ့အရာ

ကြီးကျယ်မြင့်မြတ်လှစွာသော အဆောင်အယောင်တစ်ခုဖြစ်သည့် သရဖူတွင် စိန်ပွင့်များနှင့်အတူ နေရာယူလေ့ရှိသည်မှာ ပြာလဲ့လဲ့အရောင်ရှိသည့် နီလာကျောက်များပင်ဖြစ်သည်။ နီလာကျောက်သည် မင်းမျိုးမင်းနွယ်များ၊ ချစ်ခြင်းမေတ္တာများနှင့်အတူတကွကာလရှည်ကြာရှိခဲ့ပြီး တော်ဝင်မိသားစုများက စေ့စပ်လက်စွပ်အဖြစ်ပြုလုပ်ကြကာ ကြွယ်ဝချမ်းသာစေရန်နှင့် အာဏာတည်မြဲစေရန်အတွက် ရာစုနှစ်ပေါင်းများစွာသုံးစွဲခဲ့ကြသည်။

ပြာလဲ့လဲ့အရောင်ရှိသည့်နီလာကျောက်များမှာ လူသိများထင်ရှားပြီး ဖန်စီနီလာကျောက်များအဖြစ် ပန်းရောင်၊ အဝါ၊ အညိုနှင့်အစိမ်းရောင်များလည်းရှိသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် အပြာရောင်နီလာများကို ကျောက်စုဆောင်းသူများက ဈေးကောင်းပေးကာ ဝယ်ယူစုဆောင်းလေ့ရှိကြသည်။ နီလာကျောက်ကို အမေရိက၊ အာရှ၊ အာဖရိကနှင့်ဥရောပတွင် တွေ့ရတတ်သော်လည်း အများစုမှာ ကျောက်မျက်ဈေးကွက်တန်းမဝင်သည့် ကျောက်တွင်းများဖြစ်သည်ဟုသိရသည်။ အရည်အသွေးအကောင်းဆုံးနီလာကျောက်ကို ကမ္ဘာပေါ်တွင်မြန်မာ၊ သီရိလင်္ကာနှင့် မဒါဂတ်စ်ကာ သုံးနေရာ၌သာတွေ့ရှိနိုင်သည်ဟုသိရသည်။ နီလာကျောက်များသည် အမျိုးသမီးများ၏ အလှအပနှင့်သစ္စာတရားကို ဖော်ညွှန်းသည့် ကျောက်အဖြစ်ယူဆကြပြီး ယနေ့ခေတ်တွင်နီလာကျောက်ဝတ်ဆင်မှုအနေအထားလည်း များပြားလာသည်ဟုသိရသည်။ "နီလာကျောက်က ရှားပါးအဖိုးတန်ပြီးတော့ ဂန္ထဝင်ဆန်တယ်။ စိန်ကမိန်းကလေးရဲ့မိတ်ဆွေကောင်းလို့ရည်ညွှန်းတယ်ဆိုရင်၊ နီလာကျောက်က မိန်းကလေးကိုယ်တိုင်ကို ရည်ညွှန်းတာဖြစ်ပါတယ်" ဟု Natural နီလာကုမ္ပဏီအမှုဆောင်အရာရှိ မိုက်ကယ်အာန်စတိန်းကပြောကြားသည်။

*—Source:Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၂၀ ရက် မှ ၂၆ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အတားအဆီးများရှိမည်။ အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ ဦးတည်ချက်လမ်းကြောင်းပြောင်းလဲမည်။ လုပ်ဆောင်နေသည့်ကိစ္စ အဝဝပေါ် တွေးတောပူပင်ခြင်းရှိတတ်သည်။ ရုတ်တရက်ဖြစ်ပေါ်လာသည့်ပြဿနာများကို လေ့လာစူးစမ်းခြင်းမပြုဘဲ အလောတကြီးဖြေရှင်းခြင်း မပြုရ။ တစ်ပါးသူစကားကို နားယောင်ခြင်းမပြုရ။ သူတစ်ပါးယုံလွယ်သောကြောင့် စိတ်ညစ်ရမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ရည်ရွယ်ချက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အငြင်းပွားရခြင်း၊ ပြဿနာဖြေရှင်းရခြင်း ရှိမည်။ ကျန်းမာရေးဂရုစိုက်ပါ။ မိဘအကြီးအကဲများအတွက် အချိန်ပေးသင့်သည်။ အပြိုင်အဆိုင်များ အခက်အခဲများကြားမှ တိုးတက်မှုအဆင့်ဆင့် ဖန်တီးနိုင်မည်။ မိသားစုပိုင်လက်လွှန်ထားသည့် ငွေကြေးများကိစ္စ ပြောဆိုဆောင်ရွက်အဆင်ပြေမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

သတိနှင့်ယှဉ်ပြီး တိုးတက်မှုရှာဖွေရမည်။ မူလလုပ်နေသည့် အရှိန်အဟုန်အနည်းငယ်လျှော့ပြီး ဆောင်ရွက်ပါ။ ကာလအတန်ကြာနှောင့်နှေးနေသည့် ကိစ္စများကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ရုတ်တရက်ပေါ် လာသည့် အခြေအနေကို အသုံးချပြီး အလိုရှိရာပြည့်စုံမည်။ ပစ္စည်းလျှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ ကျန်းမာရေးဂရုစိုက်ပါ။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ဖရိုဖရဲ ကစဉ့်ကလျားလုပ်ရင်းဖြင့် တိုးတက်မည်။ ရန်အားလုံးကိုဖြေရှင်းနိုင်လိမ့်မည်။ အပျောက်အရှများတတ်သည်။ လက်လွှန်ထားသော ငွေအတွက် စကားပြောဆိုအောင်မြင်မည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ လွယ်လင့်တကူပြီးမြောက်နိုင်သည့်ကိစ္စများ ကြန့်ကြာနေမည်။ ငွေကြေးများစွာရရှိမည့် ကိစ္စများမှ နှောင့်နှေးနေမည်။ မွေးရပ်မတူသူလူမျိုးကွဲနှင့် ဆက်ဆံ၍ အလုပ်လုပ်က အောင်မြင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အတိုက်အခံများမည်။ ရန်များမည်။ စကားများရမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူအရေးအတွက် ကြားဝင်ကူညီရမည်။ ရေရှည်လုပ်ရန် စဉ်းစားထားသောကိစ္စများလုပ်ရန် မသင့်ပါ။ ကာလ အတန်ကြာလက်တွဲခဲ့သော မိတ်ဟောင်းများနှင့် လမ်းခွဲရကိန်းရှိသည်။ အိမ်ထောင်သည်များ စကားများရကိန်းရှိသည်။ လုပ်ငန်းခွင်မှသူများ လက်အောက်ငယ်သားများ အာခံ၊ အမိန့် မနာခံသဖြင့် စိတ်ရှုပ်ဒေါသထွက်ရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

စုပေါင်းတွဲဖက်သောကိစ္စများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ မိသားစုနှင့်ပတ်သက်သော လုပ်ငန်း၊ စီးပွားများ အထူးကောင်းသည် ရည်မှန်းထားသည်များ ဆောင်ရွက်အောင်မြင်မည်။ အလုပ်၊ အကြံအစည်များ အကောင်အထည်ဖော်ရာတွင် အမျိုးသမီးမိတ်ဆွေလုပ်ငန်းရှင်တစ်ဦးထံမှ ထူးခြားသော အကူအညီရရှိမည်။ မိတ်ကောင်း၊ ဆွေကောင်း တိုးပွားသောကာလဖြစ်သည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အဘက်ဘက်မှ ကောင်းနေသည်။ မိတ်ကောင်း၊ ဆွေကောင်း အထောက်အကူရမည်။ ခက်ခဲသော ပြဿနာများဖြေရှင်းနိုင်မည်။ စီးပွားတက်၍ ဘဝအောင်မြင်မည်။ ပညာတစ်ဖက်၊ လုပ်ငန်းတစ်ဖက်၊ တွဲဖက်၍ လုပ်သောသူများ အကြံအစည်အောင်မြင်၍ တက်လမ်းရရှိမည်။ လူယုံဒုက္ခပေးတတ်သည်။ သူတစ်ပါးစကားကို ယုံခြင်းထက် ကိုယ်တိုင်လေ့လာသုံးသပ်ပြီးမှ ဆောင်ရွက်ပါ။ ငွေကြေးကံကောင်း မည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အပြောင်းအလဲနှင့် တိုးတက်မည်။ ရန်နှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ အပြိုင်အဆိုင်များမည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ ဦးတည်ချက်ပြောင်းပြီး ဆောင်ရွက်လိုက်သည်များမှ ကောင်းသော အကျိုးဆက်များရရှိမည်။ အပျောက်အရှများမည်။ သူခိုး၊ သူဝှက်၊ ခါးပိုက်နှိုက်ကအစ သတိရှိပါ။ အဖိုးတန်ပစ္စည်းများ၊ စာရွက်စာတမ်းများကို စနစ်တကျသိမ်းပါ။ ခက်ခဲသောပြဿနာများကို ဖြေရှင်းနိုင်မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အခွင့်အလမ်းနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ နှစ်ခုမကသော လုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ရမည်။ ပြဿနာအမှုအခင်းနှင့် ရင်ဆိုင်နေရသူများ အနိုင်ရမည်။ ကိုယ်တိုင်ဖြေရှင်းနိုင်မည်။ ငွေကြေးကိစ္စများ စကားများရမည်။ ထိပ်တိုက်ရင်ဆိုင်လာသူကို အနိုင်ယူနိုင်မည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးကံကောင်းမည်။ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အရာရာသတိနှင့် ဆောင်ရွက်ပါ။ ကျန်းမာရေးကို မပေါ့ဆပါနှင့် မတော်တဆ ထိခိုက်မှုကို သတိပြုပါ။ ခရီးအသွားအလာဆင်ခြင်ပါ။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။ စိတ်ရှည်စွာလုပ်ကိုင်သင့်သည်။ ဖြစ်ပေါ်လာသော ပြဿနာများဖြေရှင်းရာတွင် တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့မွေးသူများနှင့် မတိုင်ပင်သင့်ပါ။ ပိုဆိုးသွားမည်။ တနင်္လာ၊ သောကြာ၊ စနေနေ့မွေးသောသူများနှင့် တိုင်ပင်ဖြေရှင်း၍ အညံ့ကင်းမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အလုံးစုံကောင်းသည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများ အောင်မြင်မည်။ ရုတ်တရက်ပေါ် လာသော အခွင့်အရေးကို အသုံးချ၍ အောင်မြင်မှုအနေအထားရောက်ရှိသည်။ ယခုကာလအတွင်း အတိတ်ကဖြေရှင်းစရာ ပြဿနာများ ဖြေရှင်းနိုင်မည်။ ငွေကြေးကိစ္စပြောဆိုမှုများတွင် အမျိုးသမီးမိတ်ဆွေတစ်ဦး၏ အကူအညီနှင့် အလုံးစုံအဆင်ပြေမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

တိုးတက်အောင်မြင်ခြင်းနှင့် ရည်ရွယ်ထားသည်များ အဆင်ပြေစွာဖြစ်ထွန်းခြင်းကို ကြုံရမည်။ ငွေကြေးကံကောင်းမည်။ မိသားစုအတွင်း၊ အလုပ်စီးပွားတိုးတက်ခြင်းများ ကြုံမည်။ ခက်ခဲသောအရာများကို ကျော်လွှားဖြေရှင်းအောင်မြင်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ် နေသည့် ပြဿနာများကိုလည်းပြီးမြောက်အောင် ဖြေရှင်းနိုင်မည်။ သူတစ်ပါး၏ မနာလိုဘေးခြေထိုးမှုများ ကြုံတွေ့ရမည်။

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# အာဖဂန်နစ္စတန်ကို ပစ်သွားတော့မှာလား အမေရိကန်



**ကြည်နေဝင်းမင်း**

အာဖဂန်နစ္စတန်နိုင်ငံသည် ဒီမိုကရေစီစံများကို အခြေခံပြီး ဗဟိုမှ ချုပ်ကိုင်ထားသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာရန် အကြောင်းကံမပါလာခြင်းဖြစ်နိုင်ပါသည်။ အမှန်တကယ်တော့ ယင်းသို့ဖြစ်လာရန် လူ့အသက်ပေါင်း ၁,၆၀၀ ကျော်ရင်း၍ ကန်ဒေါ်လာ ၄၄၄ ဘီလီယံကျော် အကုန်အကျခံပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလမှစ၍ အမေရိကန်က ကြိုးပမ်းခဲ့သော်လည်း လမ်းဆုံးမရောက်နိုင်သေးပေ။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံအား ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုအားလုံးကို စွန့်လွှတ်လိုက်ခြင်းမှာလည်း အန္တရာယ်များဖြင့် ရောပြွမ်းနေသည်။ ထိုအစား အမေရိကန် လုပ်ရမည်မှာ လမ်းကြောင်းပြောင်းရေးဖြစ်သည်။

အာဖဂန်နစ္စတန်အား အနောက်နိုင်ငံတစ်နိုင်ငံကဲ့သို့အတင်းအကျပ် ပုံသွင်းနေမည့်အစား အမေရိကန်ပေါ်လစီချမှတ်သူများသည် တစ်ချိန်က အာဖဂန်လူ့အဖွဲ့အစည်းတွင် အလုပ်ဖြစ်ခဲ့သော အခြင်းအရာများကို အာရုံစူးစိုက်၍ ပြန်လည်တည်ဆောက်ရေးကိုလုပ်ဆောင်သင့်ပါသည်။ ယင်းနည်း ကျင့်သုံးပါက လက်ရှိ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရေးအစီအစဉ်ကိုထိခိုက်နိုင်သော်လည်း ရေရှည်လုံခြုံရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက်မူ ယင်းမှာ တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

အာဖဂန်နစ္စတန်မှ အမေရိကန်များ ဆုတ်ခွာမည့်အချိန်ဇယားကိုလည်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဇွန်လအတွင်းချပြခဲ့သည်။ ၂၀၁၄ ခုနှစ်အရောက်တွင် အာဏာလွှဲပြောင်းရေးအစီအစဉ်ပြီးဆုံးမည်၊ အာဖဂန်ပြည်သူများက ၎င်းတို့၏ ကိုယ်ပိုင်လုံခြုံရေးအတွက်တာဝန်ရှိလိမ့်မည်ဟုပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်တွင် အမေရိကန်ပါဝင်ပတ်သက်မှုကို အမေရိကန်နိုင်ငံသားများကအမြင်မကြည်ကြဟူသော စစ်တမ်းတွေ့ရှိချက်များကို သမ္မတက တုံ့ပြန်ခြင်းလည်း ဖြစ်ပါလိမ့်မည်။ CNN စစ်တမ်းအရ ၆၃ ရာခိုင်နှုန်းက မထောက်ခံကြတော့။ Pew စစ်တမ်းအရ ၂၀၁၁ ခုနှစ် ဇွန်လတွင် ယင်းရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းရှိသည်။ သမ္မတအိုဘားမား၏ စကားများအရလည်း ယခုအခါ ဝါရှင်တန်၏ပေါ်လစီများသည် စစ်သွေးကြွများအပေါ် လက်နက်ဖြင့် တိုက်ခိုက်အနိုင်ယူခြင်းထက် စစ်ပွဲဆင်နွှဲနေသောအုပ်စုများအကြား ညှိနှိုင်းအဖြေရှာရေးကိုသာ အာရုံစိုက်မည်ဆိုသည်မှာ ထင်ရှားပါသည်။

သို့သော် စစ်မြေပြင်မှ ပြန်လည်ဆုတ်ခွာခြင်းသည် ၉/၁၁ တိုက်ခိုက်မှုနောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဝင်ရောက်ကိုင်တွယ်ခြင်းမှနေ၍ အပြုသဘော နိုင်ငံရေးရလဒ် ထွက်ပေါ်လာရေး သဲထဲရေသွန်ဖြစ်စေနိုင်ပါသည်။ အိုဘားမားနှင့်ကာဇိုင်းအစိုးရတို့ ပူးပေါင်းအဖြေရှာ၍ တာလီဘန်များနှင့် သဘောတူညီမှုတစ်ရပ် ရရှိခဲ့လျှင်ပင် ငြိမ်းချမ်းရေးဖြစ်ပေါ်လာမည် မဟုတ်ပေ။ ဗီယက်နမ်နိုင်ငံတွင် အမေရိကန်နိုင်ငံ၏ အင်နှင့်အားနှင့် နိုင်ငံခြားစွန့်စားမှုကြီး၏ နောက်ဆုံးအဆင့်ကိုသုံးသပ်ကြည့်လျှင် ယင်းအချက်မှာ ထင်ရှားပါသည်။ ၁၉၇၂ ခုနှစ် ပါရီငြိမ်းချမ်းရေးသဘောတူညီချက်ပြိုကွဲခဲ့ပြီးနောက်ပိုင်း အမေရိကန်မှာ အရှေ့တောင်အာရှမှ ၁၉နှစ်ကြာ စစ်ကြောင့် နွမ်းနယ်လာပြီး နောက်ဆုံးတွင် အိမ်ပြန်ခဲ့ကြသည်။ မကြာမတင်မှာပင် အမေရိကန်နှင့် မဟာမိတ်ပြုထားသော တောင်ဗီယက်နမ်အစိုးရမှာ မြောက်ပိုင်းဟနွိုင်းမှ စစ်သားများလက်ထဲ ကျရောက်ခဲ့ရသည်။

၁၉၇၀ ပြည့်နှစ် မြောက်ဗီယက်နမ်များကဲ့သို့ပင် မူလာအိုမာနှင့် ၎င်း၏ တပ်ဖွဲ့များသည် ဘက်မမျှသောစစ်ပွဲတွင် အမေရိကန်အပေါ် တန်ဖိုးကြီးကြီး ပေးဆပ်စေ၍ ၎င်းတို့အချိန်ကိုစောင့်နေပုံရပါသည်။ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရေး အိုဘားမား၏ ပြောကြားမှုများကြောင့် မူလာအိုမာတို့အဖွဲ့ပို၍ အားတက်လာပါလိမ့်မည်။ သာမန် အာဖဂန်ပြည်သူများအတွက်မူ စစ်သွေးကြွများ တောင်းဆိုသမျှ လိုက်လျောခြင်းမှလွဲ၍ အခြား ရွေးချယ်စရာမရှိပေ။ သမ္မတဟာမစ်ကာဇိုင်းသည်လည်း နိုင်ငံတွင် ထောက်ခံမှုရရှိရန်ခက်ခဲပြီး ဝရုန်းသုန်းကားအခြေအနေများတွင် နောက်ဆုံး အမေရိကန်စစ်သားနှင့် အတူ ကဘူးလ်မြို့မှထွက်ခွာရလိမ့်မည်။

မှန်ပါသည်။ သမ္မတအိုဘားမား မှတ်ချက်ပြုပြောကြားသကဲ့သို့ပင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့အင်အား တစ်သိန်းကျော်တိုးတက်လာခဲ့ပါပြီ။ သို့သော် အာဖဂန်နစ္စတန်၏ ကျဆုံးမှုများကို သတိပေးမှုများ နေ့စဉ် နေ့တိုင်း ထွက်ပေါ်လာနေပါသည်။ အစိုးရ၊ ဗျူရိုကရေစီ၊ စစ်ဘက်နှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များ၏ စွမ်းဆောင်မှုမှာ ထိရောက်မှုမရှိသလိုခြစားမှုများသည်။ တိုတိုပြောရလျှင် ယခုအချိန်ထိ ဝါရှင်တန်သည် အာဖဂန်နစ္စတန်တွင် ပုံမှန်လည်ပတ်သည့် အစိုးရတစ်ရပ်မဖန်တီးနိုင်သေးသလို စစ်သွေးကြွများ၏ ပျံ့နှံ့မှုကိုလည်း မရပ်တန့်နိုင်ပေ။

အိုစမာဘင်လာဒင်နှင့်အခြား အယ်လ်ကိုင်ဒါခေါင်းဆောင်များကို သတ်ဖြတ်နိုင်ခဲ့ခြင်းမှာ အမေရိကန်များအား စိတ်ကျေနပ်မှုရစေမည်ဖြစ်သော်လည်း အာဖဂန်နစ္စတန်မှ အကြမ်းဖက်များ၏ ခြိမ်းခြောက်မှုကို တုံးတိမဖြစ်နိုင်သေးပေ။ ယင်းကို အာမခံနိုင်သည်မှာ အမှန်တကယ် တည်ငြိမ်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရေးပင်ဖြစ်သည်။ အာဖဂန်နစ္စတန်၏ ပြဿနာများကို ဖြေရှင်းနိုင်ခဲ့ပါက ပါကစ္စတန်နိုင်ငံတွင်လည်း မတည်ငြိမ်မှုများလျော့ပါးသွားပါလိမ့်မည်။ နယ်စပ်တစ်ဖက်တစ်ချက်အဖြစ်အပျက်များမှာ တိုက်ရိုက် ဆက်နွှယ်နေသောကြောင့်ဖြစ်သည်။ သို့မှသာ လုံခြုံရေး၏ အကျိုးကျေးဇူးများ အိန္ဒိယတိုက်ငယ်တစ်ဝန်း ပဲ့တင်ထပ်ပြီး ယေဘုယျအားဖြင့် ကမ္ဘာတစ်ဝန်းသို့လည်း ပျံ့နှံ့သွားပါလိမ့်မည်။

အပြုသဘော ပြောင်းလဲမှုများ ဖြစ်ပေါ်ရေးအတွက် ကိုးနှစ်ကြာ စောင့်နေရသည်မှာ အလွန်ရှည်ကြာသည်ဟု ထင်စရာဖြစ်သည်။ သို့သော် သမိုင်းအရကြည့်လျှင် အချိန်တိုလေးသာဖြစ်ပါသည်။ အာဖဂန်နစ္စတန်မှာလည်း ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံက ကျူးကျော်ချိန်အထိ နှစ်ပေါင်း ၄၀ ခန့် သွေးထွက်သံယိုမှုများ၊ မငြိမ်မသက်မှုများ၊ စစ်ပွဲများ ကြုံတွေ့ခဲ့ရသည့်နိုင်ငံဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် မိုဟာမက်ဆာဒါဒေါက်ခန်၏ အာဏာသိမ်းမှု၊ ၁၉၇၈ ခုနှစ်တွင် မာ့ခ်နှင့် လီနင်ဝါဒခံ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းသည့် ဆားတော်လှန်ရေး။ ၁၉၇၉ ခုနှစ်မှစ၍ ကဘူးလ်မှ ကွန်မြူနစ်အစိုးရအား ထောက်ပံ့ရေး ဆိုဗီယက်တို့၏ ဆယ်စုနှစ်တစ်ခုကြာ သိမ်းပိုက်မှု။ ယင်းမှ စစ်ဘုရင်များ၏ အာဏာလုပွဲ ပြည်တွင်းစစ်နှင့် နောက်ဆုံး ၁၉၉၆ ခုနှစ် အစွန်းရောက် တာလီဘန်များ အာဏာရလာမှုနှင့်အတူ အာဖဂန်နစ္စတန်တွင် လူ့အဖွဲ့အစည်း တစ်ရပ်၏ နောက်ဆုံးလက်ကျန် အစအနများ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်ကို အရှုပ်အထွေးများ ဖြစ်ပေါ်စေခဲ့ရာ အမေရိကန်တွင်လည်း တာဝန်ရှိပါသည်။ ဆိုဗီယက်လက်ထက်က ကွန်မြူနစ်ဝါဒကို တန်ပြန်ရန် အမေရိကန်က မူဂျာဟစ်ဒင်တိုက်ခိုက်ရေးသမားများကို လက်နက်တပ်ဆင်ခဲ့သည်။ ၎င်းတို့၏ သားစဉ်မြေးဆက်များက အနောက်နိုင်ငံများအား ဆန့်ကျင်လာချိန်တွင် လက်ရှိ ဟာမစ်ကာဇိုင်းအစိုးရကို တင်မြှောက်ထားသည်။ အကြမ်းဖက်ခေါင်းဆောင်ပိုင်းကို ချေမှုန်းနိုင်၍ အောင်ပွဲရပြီဟု ကြွေးကြော်ကာ ဖုတ်ဖက်ခါထွက်သွားခဲ့လျှင် အာဖဂန်နစ္စတန်သည် စစ်သွေးကြွများ၏ လွတ်မြောက်နယ်မြေ တစ်ဖန်ပြန်ဖြစ်လာပါလိမ့်မည်။ ထို့အတွက် အာဖဂန်နစ္စတန်တွင်အမေရိကန်တာဝန်များ မပြီးဆုံးသေးပါဟု ဆိုရမည်ဖြစ်သည်။ —*Ref: RFE/RL*




Knorr
ခနောဆန်ပြုတ်

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,545 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,770 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,600 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 153,755 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,525 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,105 |
| MSI H55M-E32 (1156) Motherboard | 76,475 |
| MSI P67A-GD55 (B3) (1155) Motherboard | 122,360 |
| ASUS P5G41T-MLX (775) Motherboard | 49,910 |
| ASUS P7H55-MLX (1156) Motherboard | 72,450 |
| ASUS P7H55M/USB3 (775) Motherboard | 96,600 |
| Gigabyte G41MT-S2P (775) Motherboard | 49,910 |
| Gigabyte H55M-S2V (1156) Motherboard | 80,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,835 |
| 1 GB DDR2 (800) Kingston Memory | 14,490 |
| 2 GB DDR2 (800) Kingston Memory | 23,345 |
| 4 GB DDR3 (1333) Kingston Memory | 29,785 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 24,955 |
| HP DVD Writer (SATA) | 24,955 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇူလိုင် (၁၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sharp (LCD) | Lc22L50M-BK | 205,000 |
| Toshiba | LZE 21-28 | 120,000 |
| SamSung | CS21C5/BCL | 115,000 |
| LG | 20F/BG | 118,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 25,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT223 | 270,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇူလိုင် (၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄၈၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄၂၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄၈၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၆) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၅၀၀၀-၆၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇူလိုင် (၁၅) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၈၀၀-၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂၅၀၀-၅၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၆၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၆၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၅၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၈၀၀-၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၃၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂၀၀၀ |

ဇူလိုင်(၁၆)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၇၀ |
| တောင်းအော့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈၀ | ၂၂၀ |
| စူဇူကီး R- (2Way) | - | ၂၀ | ၁၅၅ |
| တိုယိုတာ(လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄ဂ | ၇၇၅ |
| ဆပ် | ၉၇ | ၄ဂ/၅ဂ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၂၀ |

ဇူလိုင် (၁၅) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | July (9) | July (10) | July (11) | July (12) | July (13) | July (14) | July (15) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856),

09-8034582, 09-73037776

**အခြေခံဓာတ်ပုံပညာသင်တန်း**

အမှတ်စဉ်(၂)

Basic Digital Photography, Basic Lighting, Composition, Photo Editing (Intro). သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဖုန်း- ၀၉-၈၆၃၂၃၁၃

**U WIN KYAW**

B.Ed (English.D)

Text, Grammar, Writing & Speaking, 5,6,7,8,9,10 & University Classes, TOEFL, IELTS & SAT.

PH: 09-73132279

**အင်္ဂလိပ်ချုပ်သင်တန်း**

ဂျပန်စင်တီမီတာနည်း၊ လက်မနည်းများဖြင့်အခြေခံမှစ၍ ဘာသာစုံသင်ကြားပေးပါသည်။

ဖုန်း- ၀၉-၇၃၀၅၁၈၆

**S.O.E Lady Fashion**

Design Training Class

အမျိုးသမီး(သီးသန့်) Basic- 35,000, Adv-35,000, Skirt-35,000. အိမ်အရောက်သင်တန်းများလည်းရှိသည်။

ဖုန်း- ၀၉-၇၃၁၇၇၂၅၄

**ဝန်ဆောင်မှု**

MP4 JXD Firmware များ ဝယ်ယူနိုင်သော၊ ဆွေးနွေးနိုင်သော sunpluszone မန်ဘာ ၆ လလျှင် ငါးသောင်းကျပ်၊ Rapidshare, Filesonic, Hotfile တို့ကို လကန့်သတ်ချက်မဟုတ်ဘဲ GB အလိုက်သုံးစွဲနိုင်သော Zevera= 16,000 ကျပ်။

ဖုန်း- ၀၁-၉၆၉၀၀၃၁

**Dynamic Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။

ဖုန်း- ၀၉-၇၃၀၁၂၄၆၉၊ ၇၃၀၆၆၁၉၄

**ရောင်းရန်ရှိသည်**

အိမ်သုံး ADSL Internet Line (Bagan) 256 MB ရောင်းရန်ရှိသည်။

ဖုန်း- ၅၃၆၅၈၃

**E-D form အိမ်အရောက်ပို့သည်**

ဖုန်း- ၅၂၆၉၀၁၊ ၀၉-၇၃၀၃၉၅၉၁

**ဘာသာစုံ Guide လုပ်သည်**

G.T.C (Civil) 1st year to BE.

ဖုန်း- ၀၉-၇၃၀၃၇၁၅၄

**လိုအပ်သူများ ဆက်သွယ်နိုင်သည်**

သီချင်းအသုံးပြုလိုအပ်သူများအတွက် စတီရီယိုခေတ်ဦးမှစ၍ ၂၀၀၅ ခုနှစ်အထိ သီချင်းများစီးရီးအလိုက် စုဆောင်းထားသည်။ ဖုန်း- ၀၉-၇၃၁၄၇၉၀၄

**အိမ်အရောက်သင်သည်**

မူလတန်းမှအလယ်တန်းအထိကလေးများနှင့် International School မှ ကလေးများအား English 4 skills သင်သည်။ ဖုန်း- ၀၉-၅၀၈၀၇၂၀

**ရွှေစကားကွန်ပျူတာ**

i-Office, Basic Course, Advanced Excel Course, DTP Course, MYOB Software, Peach Tree Software, Multimedia Course, Window Shortcut Course အိမ်လိုက်သင်သည်။

ဖုန်း-၀၉-၉၁၀၀-၄၉၈၈

**အသင့်နေတိုက်ခန်းငှားမည်**

ဗဟန်း၊ မင်းလမ်း၊ ၅လွှာ။ ပေ ၂၀ နှင့်ပေ ၄၀ 2BR, ပါကေး၊ ကြွေပြား၊ AC+ ရေမီး (Full facilities) တစ်လ ၁. ၂သိန်း။

ဖုန်း- ၀၉-၅၀၃၀၂၁၉၊ ၅၈၆၈၅၃

**တိုက်ခန်းငှားရန်ရှိသည်**

ရေကျော်လမ်းမကြီး၊ ပထမထပ်၊ ရေမီးစုံ။ ဖုန်း- ၀၉-၅၀၃၉၇၄၆

**အိမ်လိုက်သင်သည်**

သက်ပြည့်အငြိမ်းစား ဆရာ (စာသင်နှစ် ၃၈ နှစ်)ကိုယ်တိုင်၊ မူလတန်းနှင့် အလယ်တန်း English Grammar ကို အထူးအိမ်လိုက်သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၀၅၄၁၈၈

**အမျိုးသမီးအဆောင်ငှားမည်**

ကျောက်တံတားမြို့နယ်အတွင်း (၃)ဦး တစ်ခန်းစီနှင့် (၁)ဦး (၁)လစီ ငှားရမ်းနိုင်ပါသည်။ ဖုန်း- ၀၁-၂၅၃၈၇၀

**MAGNETIC MUSIC TRAINING**

Announcer and RADIO DJ ဝင်ခွင့်အထူးသီးသန့်သင်တန်း ဇူလိုင် ၃၁ ရက်စမည်။ ဘာသာရပ် ၉ ခုပါဝင်ပါသည်။

ဖုန်း- ၀၉-၂၂၂၈၃၂၈၀

**DJ သင်တန်း**

DJ ဖြစ်လိုသူများအတွက် DJ သင်တန်း Mixing, Electro Mixing, Hip-Hop Mix, Rock Chopping စသည့် ဘာသာရပ်များကို စနစ်တကျ တတ်မြောက်သည်အထိတာဝန်ယူသင်ကြားပေးပါသည်။ ဖုန်း- ၀၉-၅၄၁၇၆၅၈

**Computer Free Service**

(TLCC Computer Centre)

လူကြီးမင်းတို့၏ ကွန်ပျူတာဆိုင်ရာ Problem များကိုအောက်ပါဖုန်းနံပါတ်သို့ SMS ပို့ရုံဖြင့် စာလုံးရေ ၁၀၀ Free ပြန်ပေးပါမည်။ ဖုန်း-၀၉-၅၁၉၆၀၆၇

**ဈေးကောင်းပေးဝယ်မည်**

လေအေးပေးစက် (Air Con) တစ်ပတ်ရစ်များ၊ အဟောင်းအပျက်များကို ဈေးကောင်းပေးဝယ်မည်။

ဖုန်း- ၀၉-၇၃၀၅၈၄၁၂

**Language & Art**

Study in Tokyo 2011/October Intake (Enroll-Now)

JLPT N1,N2,N3,N4,N5 preparation course. K&Q Language & Arts, PH: 09-73112075

**Study Guide လုပ်ပေးသည်**

၅ တန်းမှ ၁၀ တန်းထိ Study Guide လုပ်ပေးသည်။ တက္ကသိုလ်ဝင်တန်း (ဇီဝဗေဒ)အထူးသင်သည်။

ဖုန်း- ၅၅၁၉၆၆၊ ၅၄၈၀၃၃(ဗဟန်း)

**COMPUTER COURSE**

လူကြီးမင်းတို့၏ Computer များကို Error မတက်အောင် Hardware ပိုင်း OS ပိုင်းများကို ရုံး/အိမ်လိုက်သင်ပေးသည်။ ဖုန်း- ၀၉-၄၉၂၂၇၃၆၅

**လုံးချင်းတိုက်သစ်လချုပ်ဖြင့် ငှားမည်**

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်း၊ ခရေပင်ရိပ်မွန် (၂)၊ ၈၀×၆၀ ပေ၊ မြေတွင် ၂ ထပ်၊ လုံးချင်းတိုက်သစ်။ နေထိုင်ရန်အသင့်။ ဖုန်း- ၀၉-၅၀၀၂၂၇၃

**ကားရောင်းမည်**

Toyota- SOARER 3.0, ဓာတ်ဆီ GT Limited 9A/......, 199/mdl ကားအသစ်။ ဖုန်း- ၀၉-၅၁၂၇၂၇၉

**J&B Joe & Brothers Group**

လူကြီးမင်းတို့၏ အိမ်၊ ခြံ၊ ရုံးခန်း၊ ဆိုင်ခန်း ပြုပြင်ခြင်း၊ အလှဆင်ခြင်းများကို စိတ်တိုင်းကျလုပ်ဆောင်ပေးနေပါသည်။

ဖုန်း- ၀၉-၇၃၀၁၇၇၆၁

**Our Services**

International & Domestic Flight Tickets, Passport, Visa, D-Form, Hotel Reservation, Car Rental Services များဝန်ဆောင်မှုပေးသည်။

ဖုန်း- ၀၉-၇၃၁၁၂၀၇၉

**Computer Basic**

အိမ်အရောက်သင်သည်။

ဖုန်း- ၀၉-၅၁၉၅၃၅၅

**အိမ်ခန်းငှားမည်**

ဆိပ်ကမ်းသာလမ်း ၁၂ ခွဲ×၆၀ ပေ၊ ၃ လွှာ၊ ဖုန်းပါ။ ကိုယ်ပိုင်ရေ/မီး၊ ကျူရှင်၊ ကျောင်းသင့်လျော်။

ဖုန်း- ၀၉-၅၀၀၉၁၅၆

**ကွန်ပျူတာတပ်ဆင်ပြုပြင်ခြင်း**

Software Installation, System Services, Virus clean & System clean, Network insallation & Services. PH: 09-73028190

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ဗိုလ်မင်းရောင်လမ်းမ ထောင့်ခန်း၊ ၁၂ ခွဲ ×၅၅ ပေ၊ 1BR အဆင့်မြင့်ပြင်ဆင်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်။ ပွဲစားမလို

ဖုန်း- ၀၉-၄၃၀ ၈၈၀ ၂၇

**IT Development Training**

ကွန်ပျူတာသင်တန်းအမျိုးအစား(၁၄) မျိုးအား စရိတ်မျှပေးစနစ်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဖုန်း- ၀၁-၄၀၀၁၆၃

**အထူးသီးသန့်သင်သည်**

C#.Net Programming Language နှင့် On Job Training with C#.Net.

ဖုန်း- ၀၉-၇၃၀၅၁၆၂၀

ရုံးချိန်ပြင်ပဖုန်း- ၀၁- ၃၈၇၄၆၀

**ဝန်ဆောင်မှု**

ဗိုလ်တထောင်၊ ကျောက်တံတားမြို့နယ်များအတွင်း Wireless Highspeed Internet ဝန်ဆောင်မှုပေးပါသည်။

ဖုန်း- ၀၉-၉၉၂၇၆၂၂

**ပွဲရုံဆိုင်ခန်းငှားမည်**

၂၅ ပေပတ်လည်အခန်း၊ အာသောကလမ်း၊ ဘုရင့်နောင်ပွဲရုံ။

ဖုန်း- ၀၉-၇၃၀၇၂၆၉၂

**ရောင်း/ဝယ်/ငှား များအတွက်**

ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားလိုလျှင်

ဖုန်း- ၀၉-၇၃၀၈၁၀၉၂

**သင်တန်း**

ရွှေပုပ္ပါး လက်တွေ့အသုံးချဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း။ အခြေခံပညာအထက်တန်း အဆင့်ရှိရုံဖြင့် ခိုင်မာမွန်မြတ်သော အသက်မွေးဝမ်းကြောင်းပညာကို ရရှိစေနိုင်သည်။ ဩဂုတ်- ၁ ရက်တွင် သင်တန်းစမည်။

ဖုန်း- ၀၁-၅၅၆၀၀၁

7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

## စာ(၄၁)သစ်တောပြုန်းတီးခြင်းကို စွမ်းအင်ချွေတာသည့် မီးဖိုများသုံးစွဲမှုဖြင့် လျှော့ချနိုင်မှ

ထိုစီမံကိန်း၏ရှေ့ပြေးစစ်တမ်းများအနေဖြင့် ထိုဒေသရှိ ကျေးလက်နေပြည်သူများ၏ထင်းသုံးစွဲမှုကို စစ်တမ်းကောက်ယူခဲ့ရာ အိမ်ထောင်စုတစ်စု၏ထင်းသုံးစွဲမှုမှာ တစ်နှစ်လျှင် ၄ တန်ရှိကြောင်း သိရသည်ဟုထိုအဖွဲ့အစည်းများက ပြောကြားသည်။

စွမ်းအင်ချွေတာသည့် မီးဖိုများကို အိမ်တိုင်းသုံးစွဲနိုင်မည်ဆိုလျှင် အိမ်ထောင်စုတစ်စု၏ထင်းသုံးစွဲမှုမှ သုံးပုံတစ်ပုံ လျှော့ချသွားနိုင်မည်ဟု စွမ်းအင်ချွေတာသည့် ရွှံ့မီးဖိုများ ဖြန့်ဝေပေးနေသော အဖွဲ့အစည်းများတွင် ပါဝင်သည့် Mercy Corp မှစီမံကိန်းမန်နေဂျာကပြောကြားသည်။

'စွမ်းအင်ချွေတာတဲ့ မီးဖိုကိုသုံးခြင်းနဲ့ မူလကထင်းသုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်တဲ့နည်းတူ ကာဗွန်ထုတ်လွှင့်မှုကိုလည်း ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်ပါတယ်' ဟု စွမ်းအင်ချွေတာမီးဖိုများကို ဖြန့်ဖြူးသည့်လုပ်ငန်းများလုပ်ဆောင်နေသည့် Mercy Corps မှစီမံကိန်းမန်နေဂျာဒေါက်တာမျိုးမြင့်အောင်က ပြောသည်။

ဒီရေတောပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းနှင့်မာစီကောစ်အဖွဲ့တို့နှင့်အတူသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ခုဖြစ်သော Eco Dev တို့ပူးပေါင်းကာ ကျေးရွာ ၇၀ ကျော်မှအိမ်ထောင်စုပေါင်း လေးရာနီးပါးကိုလောင်စာသုံးစွဲမှုနှင့် စွမ်းအင်လိုအပ်ချက်စစ်တမ်းများကောက်ယူခဲ့ရာအိမ်ထောင်စုတစ်စုလျှင်တစ်လထင်းဖိုးကုန်ကျငွေမှာနှစ်သောင်းမှလေးသောင်းကျပ်အထိကုန်ကျနေသည်ကိုတွေ့ရပြီးထိုငွေပမာဏမှာသူတို့ဝင်ငွေ၏သုံးပုံပုံ ဖြစ်နေသည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများမှ ဒေသခံများအတွက် ထင်းများ လိုသလောက်ထုတ်ပေးနေသောနေရာမှာ ဒီရေတောများဖြစ်သည်။ထင်းလိုအပ်လာသည်နှင့်လှေလှော်ကာဒီရေတောအတွင်းဝင်လိုက်သည်နှင့် အိမ်သုံးရန်ထင်းများ ရနိုင်လေသည်။

မြန်မာနိုင်ငံ၏အခြားနေရာဒေသတော်တော်များများတွင်လည်း ထင်းလိုအပ်လာလျှင်နေထိုင်ရာပတ်ဝန်းကျင်ရှိတောငယ်များမှသစ်ပင်များမှာ သက်တမ်းမရင့်ခင်ခုတ်လှဲခံရစမြဲဖြစ်သည်။ ထို့ကြောင့်သစ်တောတော်တော်များများမှာမစိမ်းခင်မှာပင် လူသားတို့၏လောင်စာလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ထင်းညိုရောင်များအဖြစ် ပြောင်းပေးရလေသည်။

"ကျေးလက်ဒေသမှာနေထိုင်သူ ၁၀၀ရာခိုင်နှုန်းဟာလောင်စာအတွက်ထင်းကိုသုံးစွဲနေကြဆဲပါ။ ကျွန်တော်တို့လုပ်နေတဲ့စီမံကိန်းမှ ရှေ့ကနမူနာတွေယူပြီးမီးဖိုတွေကို အလကားမပေးပါဘူး။အလကားပေးရင်တန်ဖိုးမရှိတော့ဘူး။ ဒါကြောင့် သူတို့အနေနဲ့ဝယ်နိုင်မယ့် ဈေးနှုန်းတစ်ခုကိုစစ်တမ်းကောက်ပြီးသက်သာတဲ့ဈေးနှုန်းနဲ့ ဖြန့်ပေးတယ်" ဟု ဒေါက်တာမျိုးမြင့်အောင်က ပြောသည်။

စစ်တမ်းအရ စွမ်းအားချွေတာရွှံ့မီးဖိုများကိုလူတိုင်းဝယ်ယူနိုင်သည့်ဈေးဖြစ်သော ၁,၅၀၀ ကျပ်သတ်မှတ်ကာဒေသခံများကိုကိုယ်တိုင်ထုတ်လုပ်ရောင်းချစေကြောင်း အဆိုပါအဖွဲ့အစည်းများထံမှသိရသည်။

မြန်မာနိုင်ငံ၏လူဦးရေသုံးပုံနှစ်ပုံမှာ ကျေးလက်ဒေသတွင်နေထိုင်ကြသူများဖြစ်ကာ တစ်နိုင်ငံလုံး၏ထင်းသုံးစွဲမှုပမာဏကိုသေချာတိုင်းတာထားခြင်း မရှိသေးသော်လည်း အိမ်ထောင်စုတစ်စုသုံးစွဲမှုနှုန်းနှင့်ပင်မှန်းဆကြည့်နိုင်ပါသည်။

မြန်မာနိုင်ငံ၏သစ်တောများ တဖြည်းဖြည်းလျော့နည်းလာနေခြင်းကို ကာကွယ်ပြီးသားရောက်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်းဆောင်ရွက်ပြီးသားဖြစ်နိုင်သည့်စွမ်းအင်ချွေတာသည့်မီးဖိုများကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင်သာမက ရခိုင်ပြည်နယ်အစ မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသများအလယ်၊သစ်တောများ အများစုကျန်နေသေးသည့် ကချင်ပြည်နယ်အဆုံးကျယ်ကျယ်ပြန့်ပြန့်သုံးစွဲသွားနိုင်မည်ဆိုပါက သစ်တောများပြုန်းတီးခြင်းကို အပြည့်အဝမဟုတ်ပင်ငြားတစ်ဖက်တစ်လမ်းမှတော့ အထောက်အပံ့ပေးနိုင်လိမ့်မည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးကမှတ်ချက်ပြုခဲ့သည်။ ။

## တရားမဝင်နှစ်လုံးထီ လောင်းကစားဒိုင်တစ်ဦးအား ဖမ်းမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်- ၁၃**

ယခု ၁၁ ရက်က သတင်းအရဝင်ရောက်ဖမ်းဆီးရာမှ တရားမဝင် နှစ်လုံးထီလောင်းကစားပြုသည်ဟုဆိုသော လူငယ်တစ်ဦးအား နေပြည်တော်ကောင်စီနယ်မြေတွင် ဖမ်းဆီးရမိကြောင်းသိရသည်။

နေပြည်တော်ကောင်စီနယ်မြေကောင်စီဒေသများတွင် လောင်းကစားမှုများပပျောက်ချုပ်ငြိမ်းရေးအတွက် စီမံချက်ဖြင့် နှိမ်နင်းဖမ်းဆီးလျက်ရှိရာ လောင်းကစားမှုများမရှိသလောက်ဖြစ်သွားသော်လည်း အချို့သော နေရာများတွင် ပုန်းလျှိုးကွယ်လျှိုးလုပ်ဆောင်နေကြောင်း သတင်းအရယခုလ ၁၁ ရက်က နေပြည်တော်ပျဉ်းမနား ရဲစခန်းမှတာဝန်မှူးတာဝန်ကျ ဒုရဲအုပ်တစ်ဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အသိသက်သေများသည် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းအား ကိုင်ဆောင်ပြီး လောင်းကစားသတင်းရရှိထားသော နေပြည်တော်ပျဉ်းမနားရွာကောက်အုပ်စု၊ ယန္တရားကုန်းရပ်ကွက်၊ အိမ်အမှတ် (ယ-၅၁) အား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။ အဆိုပါအိမ်၌နေသော နေအောင်(၃၂နှစ်) သည် အိမ်အဖီအောက် စားပွဲပေါ်တွင် တရားမဝင်နှစ်လုံးထီ လောင်းကစားဒိုင်ပြုလုပ်ရောင်းချနေကာ လောင်းကစားဒိုင်ပြုလုပ်ရာတွင် အသုံးပြုသောလောင်းကစားနှင့် ဆက်စပ်ပစ္စည်းသုံးမျိုးနှင့် လောင်းကြေးငွေဟု ယူဆနိုင်သော ငွေကျပ်ခြောက်သောင်း သုံးထောင့်ငါးရာကျပ်အား တွေ့ရှိခဲ့ရသည်ဟု သိရသည်။

နှစ်လုံးထီလောင်းကစားပြုသည်ဟုဆိုသော နေအောင်(၃၂နှစ်) အား တရားစွဲဆိုတင်ပို့ရေးအတွက် နေပြည်တော်ပျဉ်းမနားရဲစခန်းက (ပ)၄၃၀/၂၀၁၁ လောင်းကစားအက်ဥပဒေပုဒ်မ ၁၅(က) အရအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

TRADEMARK CAUTION

NIHON ICHI
Japanese Language & Business Training Center

Myan Shwe Pyi Tractors Ltd. (Your Caterpillar Dealer)

Certificate Course For
Mass Communication

Environment

7 DAY NEWS JOURNAL

Vol.10, No.18 · JULY 21, 2011

## သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာဟု အမေရိကန်အများစု ယုံကြည်

**နယူးယောက်၊ ဇူလိုင် - ၁၂**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု များပြားလာကြောင်း အမေရိကန်လူမျိုး ၇၅ ရာခိုင်နှုန်းက ယုံကြည်ကြသော်လည်း ကမ္ဘာကြီးပူနွေးလာသည်ဆိုခြင်းကိုမူ ယုံကြည်သူနည်းပါးလာကြောင်း လူထုစစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။ ထို့အပြင် စစ်တမ်းကိုဖြေကြားသူထက်ဝက်ခန့်က ဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါက အသုံးပြုရန် အစားအစာနှင့်ရေကိုသုံးရက်စာခန့် စုဆောင်းထားသည်ဟုပြောကြားသည်။

လေဆင်နှာမောင်း၊ ဟာရီကိန်းမုန်တိုင်းများနှင့်မြေငလျင်များဖြစ်ပေါ်လာမှုပိုများလာသည်ဟု ၆၇ ရာခိုင်နှုန်းက ပြောကြားပြီး ၂၃ ရာခိုင်နှုန်းက ပြောင်းလဲမှုမရှိဟု ပြန်ကြားကြသည်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းမှလူများက နှင်းမုန်တိုင်း၊ ရေခဲမုန်တိုင်းများ ဖြစ်ပေါ်မည်ကို ပိုမိုစိုးရိမ်ကြပြီး အနောက်ဘက် အလယ်ပိုင်းတွင် နေထိုင်သူ ၈၉ ရာခိုင်နှုန်းက တော်နေဒိုးမုန်တိုင်းများဖြစ်ပေါ်မည်ကိုစိုးရိမ်ကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးလာသည်ဟူသော သီအိုရီကိုယုံကြည်ပါသလားဟုမေးမြန်းရာတွင်မူ ၄၄ရာခိုင်နှုန်းကသာ ယုံကြည်သည်ဟုပြောကြားသည်။ ယင်းသို့ယုံကြည်သည်ဟုဖြေကြားသည့်ရာခိုင်နှုန်းမှာ ၂၀၀၉ ခုနှစ်တွင် ၅၁ရာခိုင်နှုန်းနှင့် ၂၀၀၇ ခုနှစ်တွင် ၇၁ ရာခိုင်နှုန်းရှိခဲ့သည်။ *—Ref: UPI*



ဓာတ်ပုံ - Mercy Corps

## သစ်တောပြုန်းတီးခြင်းကို စွမ်းအင်ချွေတာသည့်မီးဖိုများသုံးစွဲမှုဖြင့်လျှော့ချနိုင်

**အေးမြကျော်**

ကမ္ဘာတွင်သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံ သည် စတုတ္ထနေရာမှပါဝင်နေသည်။ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းသည့်ဧရိယာများတစ်နှစ်ထက်တစ်နှစ် လျော့ပါးလာနေသည်ကို နှစ်စဉ်တိုင်းတာရရှိသောမြန်မာနိုင်ငံ၏သစ်တောဖုံးဧရိယာကိန်းဂဏန်းများကသက်သေပြလျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်အတွင်းတွင်သစ်တောသယံဇာတ စစ်တမ်းကောက်ယူခြင်းအဖွဲ့၏ ထုတ်ပြန်ချက်အရမြန်မာတစ်နိုင်ငံလုံး၏သစ်တောဖုံးလွှမ်းဧရိယာ မှာ၄၂ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ထိုကိန်းဂဏန်းကိုကြည့်လျှင်လွန်ခဲ့သော ငါးနှစ်ကထက် သစ်တောရာခိုင်နှုန်း ၆ ရာခိုင်နှုန်း လျော့နည်းသွားသည်။

မြန်မာနိုင်ငံ၏သစ်တောများပြုန်းတီးရခြင်းအကြောင်းအရင်းများမှာစီးပွားဖြစ်သစ်ခုတ်ခြင်းနှင့်လောင်စာအတွက်ထင်းအဖြစ်အသုံးပြုရန် ခုတ်ထွင်ခြင်းတို့မှာ အဓိကဖြစ်ကြောင်းသစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးက ပြောကြားခဲ့ဖူးသည်။

ထင်းကိုလောင်စာအဖြစ်အများဆုံး သုံးစွဲကြသူများမှာကျေးလက်ဒေသတွင်နေထိုင်ကြသူများဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ၏၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်သည်။

သစ်တောပြုန်းတီးမှု၏အဓိက အကြောင်းအရင်းတွင်ပါဝင်သော လောင်စာလိုအပ်ချက်ကိုဖြည့်ဆည်းရန် နည်းလမ်းများစွာကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များနှင့်အဖွဲ့အစည်းများကရှာဖွေလျက်ရှိရာနည်းလမ်းများစွာထဲမှ မြန်မာနိုင်ငံကျေးရွာဒေသများတွင်နေထိုင်ကြသူများအတွက် အဆင်ပြေနိုင်ပြီးထင်းလိုအပ်ချက်များကို လျှော့ချနိုင်သည့်နည်းလမ်းတစ်ခုမှာ စွမ်းအင်ချွေတာသည့်မီးဖိုများကိုသုံးစွဲခြင်းဖြစ်သည်။

ကိုယ်တိုင်ပြုလုပ်နိုင်ပြီးလွယ်ကူစွာနှင့်အချိန်တိုအတွင်းဖန်တီးနိုင်သော ထင်းသုံးစွဲမှုကိုသုံးပုံတစ်ပုံလျှော့ချပေးနိုင်သည့်စွမ်းအင်ချွေတာသည့်မီးဖိုများကို ဒီရေတောပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းက အစပြုကာ ကျေးလက်နေသူများကိုဖြန့်ဝေခဲ့ပြီးနောက်အခြားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများကလည်း နည်းပညာများဆင့်ပွားကာကျေးလက်ဒေသများသို့ဖြန့်ဝေခဲ့သည်။

ရွှံ့စေး၊ စပါးခွံ၊ ရှစ်လက်မပတ်လည် သံပုံး၊ ကျင်တွယ်၊ သုံးမီလီမီတာကြိုး၊ ပန်းရန်သမားများ သုံးသော သံလျက်၊ ဓားပါးစသည့်ပစ္စည်းများရှိရုံနှင့်စွမ်းအင်ချွေတာနိုင်သည့် ရွှံ့မီးဖိုကိုကိုယ်တိုင်ပြုလုပ်နိုင်သည့် နည်းပညာများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများက ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

ဒီရေတောများကို လောင်စာနှင့် အိမ်ဆောက်ရာတို့တွင်အသုံးပြုရန် အများဆုံးခုတ်ယူလျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် စွမ်းအင်ချွေတာမီးဖိုများကို အသုံးတွင်ကျယ်လာစေရန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းသုံးခုပူးပေါင်းကာ သုံးနှစ် စီမံကိန်းအနေနှင့်လည်း လပွတ္တာမြို့နယ်ရှိ ကျေးရွာများတွင်ဆောင်ရွက်နေသည်။

စာ(၄၀) သို့

## ရွှေသမင်များ ဖမ်းဆီးသတ်ဖြတ်သူကို ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လချမှတ်



ဓာတ်ပုံ - BANCA

**စိုင်းလှမင်း**

**ကန့်ဘလူ၊ ဇူလိုင်- ၁၃**

ရွှေသမင်များနေထိုင်ကျက်စားရာဘေးမဲ့တောနယ်နိမိတ်ဖြစ်သည့် ကောလင်းမြို့နယ်၊ဆင်ဂေါ်င်းကျေးရွာမှ တောရိုင်းတိရစ္ဆာန်(ရွှေသမင်)များအား ပစ်ခတ်သတ်ဖြတ်ခဲ့သော လူငယ်တစ်ဦးအား ကောလင်းမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်နှင့်ခြောက်လတစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရွှေသမင်များနေထိုင်ကျက်စားရာ ကန့်ဘလူမြို့နယ်ရှိ ချပ်သင်းဘေးမဲ့တောအတွင်းရွှေသမင်များကို တူမီးသေနတ်များနှင့် အမဲလိုက်သတ်ဖြတ်နေကြောင်းသတင်းအရ ဆင်ဂေါ်င်းကျေးရွာရှိ အိမ်တစ်အိမ်တွင်ဖိုးဦးဆိုသူနှင့်အတူ သမင်သားရေသုံးချပ်ကို တွေ့ရှိခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးထံအကြောင်းကြားပြီး ဖိုးဦးနေအိမ်သို့ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ တူမီးသေနတ် ၁ လက်၊ ပြောင်းပို ၁ ခု၊ သမင်သားရေအခြောက် ၂ ခု၊ သမင်သားရေအစို ၁ ခု၊ ဒန်အိုးဖြင့်ထည့်လျက် သမင်သားဟင်းအိုး ၂ လုံး၊ သမင်သားအခြောက်လှမ်းပြီးသား အသားတုံး ၂၄ တုံးကို သက်သေများရှေ့တွင် သိမ်းဆည်းမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောအုပ်ဦးထွန်းမြင့်ဦးက တရားလိုအဖြစ် တိုင်ကြားသောကြောင့် ဖိုးဦး(၂၃နှစ်)၊ ဆင်ဂေါ်င်းကျေးရွာနေသူအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေးဥပဒေပုဒ်မ၃၇(က) ဖြင့် လည်းကောင်း၊ (ပ)၁၅၉/ ၂၀၀၁၊ လက်နက် ၁၉(စ)ဖြင့် ကောလင်းရဲစခန်းမှ အမှုဖွင့်အရေးယူ၍ ဇူလိုင် ၁ ရက်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က) အရ ထောင်ဒဏ်တစ်နှစ်၊ လက်နက်၁၉(စ) အရ ထောင်ဒဏ်ခြောက်လ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရွှေသမင်များသည် မြန်မာ့ဒေသရင်း သမင်မျိုးစိတ်တစ်မျိုးဖြစ်ပြီးမြန်မာနိုင်ငံတွင်သာတွေ့ရှိရကာ ရွှေစက်တော်ဘေးမဲ့တောနှင့် ချပ်သင်းဘေးမဲ့တောတို့တွင် အထူးကာကွယ်ထိန်းသိမ်းထားသည်။

Environment





Tourism
7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# ပုဂံမြို့ဟောင်းတွင် ခရီးသွားပြပွဲပြုလုပ်မည်

ပြည်သိမ်း၊ အောင်သူရ

**ရန်ကုန်၊ဇူလိုင်-၁၆**

မြန်မာ့ယဉ်ကျေးမှု နယ်မြေဖြစ်သည့်ပုဂံမြို့ဟောင်းတွင်ခရီးသွားပြပွဲကို နိုဝင်ဘာလ၌ ကျင်းပရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ပုဂံယဉ်ကျေးမှု နယ်မြေ၌ ယခုကဲ့သို့ ခရီးသွားပြပွဲ ကျင်းပရခြင်းသည် နိုင်ငံခြားသားခရီးသွားများ အဆင်ပြေစေရန် မြန်မာအစားအစာကို ကမ္ဘာသိဖော်ထုတ်နိုင်ရန်နှင့်တိုင်းရင်းသားဒေသရိုးရာအစားအစာများကို တစ်နေရာတည်း၌ နိုင်ငံခြားသားများ မြည်းစမ်းသိရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

"ပြပွဲ ကျင်းပမယ့်ရက်နဲ့ နေရာကတော့ မသတ်မှတ်ရသေးဘူး။ နောက်လလောက်တော့အပြီးသတ်လုပ်နိုင်မယ်ထင်တယ်" ဟု အထက်ပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



နေပြည်တော်တွင်ကျင်းပသည့်ခရီးသွားလုပ်ငန်းနှင့်အစားစာပြပွဲမှ တိုင်းရင်းသားပြခန်းတစ်ခုကို တွေ့ရစဉ် ဓာတ်ပုံ - ဆင်ဟွာ

အဆိုပါ ခရီးသွားပြပွဲတွင် မြန်မာ့လက်မှုပစ္စည်းများနှင့် သက်ဆိုင်သည့် ပြခန်းများ၊ ဒေသထုတ်ကုန် မြန်မာ့ရိုးရာအစားအစာ ပြခန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် သက်ဆိုင်သည့် အသင်း ၁၁ သင်း ဟိုတယ်ဇုန် ၁၁ ဇုန်မှ ပြခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကျင်းပပြီးစီးခဲ့သော နေပြည်တော်ခရီးသွားလုပ်ငန်းနှင့် အစားအစာပြပွဲ မှာလည်း အောင်မြင်မှုများ ရရှိခဲ့ကြောင်းသိရသည်။

ကျောက်မျက်ပွဲသို့လာသော နိုင်ငံခြားသားများ အနေဖြင့် စားသောက်သွားလာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုပါ စိတ်ကျေနပ်မှုရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် စားသောက်ဆိုင်လုပ်ငန်းရှင်များ တစ်စုတစ်စည်းတည်း တွေ့ဆုံခဲ့ရသည့်အတွက် တစ်ဦးနှင့်တစ်ဦးရင်းနှီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ စိစစ်မြှင့်တင်မည်

နေလင်းထွန်း

**ရန်ကုန်၊ ဇူလိုင်-၁၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းရှိ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းကျောင်းများအား အရည်အသွေးဆိုင်ရာ စိစစ်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းလိုင်စင်ချထားရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားပညာသင်တန်းကျောင်းအသင်းကို ဖွဲ့စည်း၍ သင်တန်းကျောင်းများအား သတ်မှတ်အရည်အချင်းများနှင့်အညီ ဖွင့်လှစ်သင်ကြားနိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းကျောင်းလိုင်စင်များရရှိနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အထက်ပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်းလောကမှာတော့ ဟိုတယ်နှင့်ခရီးသွားဝန်ကြီး ဌာနရဲ့ အစီအစဉ်နဲ့သင်တန်းကျောင်းတွေကိုလိုင်စင်ထုတ်ပေးရေး၊ သင်တန်းဆရာတွေကို လိုင်စင်ထုတ်ပေးရေးလုပ်နေပြီ။ ဟိုတယ်နှင့် ခရီးသွားပညာသင်တန်းကျောင်းအသင်းဖွဲ့လိုက်ပြီ။ ဟိုတယ်ဝန်ဆောင်မှုကျောင်းတွေကိုသတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ လိုင်စင်လုပ်ရမယ်။ စစ်ဆေးမှုတွေရှိမယ်။ ကျောင်းကပေးတဲ့ လက်မှတ်တွေကိုလည်း စစ်ဆေးမယ်။ စံတွေသတ်မှတ်တော့မယ်" ဟု အဆိုပါတာဝန်ရှိသူက ဆိုသည်။

နေပြည်တော်တွင် ကျင်းပခဲ့သော ယင်းအသင်း၏အစည်းအဝေးပွဲ၌ သင်တန်းကျောင်း ၁၅ ကျောင်းခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အတူ အဆိုပါနယ်ပယ်၌ကျွမ်းကျင်ဝန်ထမ်းများလိုအပ်လျက်ရှိရာ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ပြည်ပနိုင်ငံများရှိသင်တန်းကျောင်းများတွင် အဆိုပါဘာသာရပ်ကို ကျောင်းသားများ လေ့လာသင်ယူလျက်ရှိသည်။




# ဧည့်လမ်းညွှန်အသင်းရွေးကောက်ပွဲ စက်တင်ဘာလ ၁၁ ရက်တွင် ကျင်းပမည်

နေလင်းအောင်

**ရန်ကုန်၊ ဇူလိုင် - ၃**

ပြည်တွင်းရှိဧည့်လမ်းညွှန်များအတွက် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (Myanmar Tour Guide Association)၏ ဥက္ကဋ္ဌနှင့်အမှုဆောင်ရာထူးများအား မဲပေးစနစ်ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (Myanmar Tour Guide Association)အတွက် ရွေးကောက်ပွဲကို စက်တင်ဘာလ ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးသန်းထွန်းဦးက ပြောသည်။

အဆိုပါ ရွေးကောက်ပွဲကို ရန်ကုန်မြို့ရှိဌာနချုပ်မှ ဧည့်လမ်းညွှန်များသာမက တစ်နိုင်ငံလုံးရှိ ခရီးသွားဇုန်အသီးသီးမှ ဧည့်လမ်းညွှန်များ၏ မဲများကိုပါလက်ခံရွေးချယ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

"ဒီလိုလုပ်မယ်ဆိုတာ ကောင်းတယ်။ ဘာလို့လဲဆိုတော့ ဧည့်လမ်းညွှန်တွေကို ကိုယ်စားပြုမယ့် အဖွဲ့ခေါင်းဆောင်က ဒီနယ်ပယ်ထဲက ဧည့်လမ်းညွှန်တွေရွေးချယ်တာမျိုးဆိုတော့ ကျွန်မတို့တော့ သဘောကျတယ်"ဟု ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။

MTGA သည်ဝန်ကြီး၏လမ်းညွှန်ချက်အရ ဧည့်လမ်းညွှန်များအား ဒဏ်တပ်ခြင်း၊ လိုင်စင်ကိစ္စဆောင်ရွက်ခြင်းနှင့် HR ဖွံ့ဖြိုးရေးလုပ်ငန်း အစရှိသည်တို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရွှေတိဂုံစေတီသို့ လာရောက်လေ့လာသည့် နိုင်ငံခြားသားခရီးသွားများနှင့် ဧည့်လမ်းညွှန်တစ်ဦးကို တွေ့ရစဉ်

ယင်းရွေးကောက်ပွဲတွင် ဗဟိုအလုပ်အမှုဆောင်များအား ရန်ကုန်မှ ၁၅ ဦး၊ မန္တလေးမှ ငါးဦး၊ ပုဂံမှ ငါးဦးနှင့် တောင်ကြီးဇုန်မှ ငါးဦး စုစုပေါင်း ၃၀ ဦးရွေးချယ်သွားမည်ဖြစ်ပြီး ဧည့်လမ်းညွှန်လိုင်စင်ရှိသူ မည်သူမဆို မဲပေးခွင့်ရှိပြီး အသင်းဝင်များမှ ရွေးကောက်ခံအဖြစ် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။


























7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

## ဂျပန်နှင့် အငြင်းပွားရာ ကျွန်းများအနီး တောင်ကိုရီးယားက လေတပ်အခြေစိုက်စခန်းချဲ့ထွင်

**ဆိုးလ်၊ ဇူလိုင် - ၁၃**

တောင်ကိုရီးယားရေတပ်မတော်သည် ကိုရီးယားကျွန်းဆွယ်အပြင်ဘက် အရှေ့ဘက်ကမ်းရိုးတန်းမှ ဂျပန်နိုင်ငံနှင့်ပိုင်ဆိုင်မှု အငြင်းပွားနေသော ကျွန်းများအနီး ကျွန်းတစ်ကျွန်းတွင်တည်ရှိသော လေတပ်အခြေစိုက်စခန်းတစ်ခုကို ချဲ့ထွင်တည်ထောင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

တောင်ကိုရီးယားရေတပ်သည် ယင်းအခြေစိုက်စခန်းတည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးကန်ထရိုက်စာချုပ်ကိုပြီးခဲ့သည့်လကလက်မှတ်ရေးထိုးခဲ့ပြီး ယခင်စခန်းဟောင်းထက် သုံးဆပိုကြီးမားအောင် ချဲ့ထွင်သွားမည်ဟုဆိုသည်။ လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် ဆောင်ယုံဆန်းကလည်း တောင်ကိုရီးယားရေတပ်သည် ၂၀၁၃ ခုနှစ်တွင် ပြီးစီးမည့် ယင်းလေတပ်စခန်းသစ်၌ Lynx ရဟတ်ယာဉ်နှင့် UH-60 ဘလက်ဟော့ခ်ရဟတ်ယာဉ်နှစ်စီးကို ထပ်မံအားဖြည့်သွားမည်ဟု ပြောသည်။

အဆိုပါ စခန်းအနီး အငြင်းပွားနေသောကျွန်းစုများကို တောင်ကိုရီးယားနိုင်ငံတွင် ဒေါက်ဒိုဟုခေါ်ပြီး ဂျပန်နိုင်ငံတွင် တာကေရှီးမားကျွန်းစုများဟုခေါ်ဝေါ်သည်။ အဆိုပါကျွန်းများမှာ တောင်ကိုရီးယားလေတပ်စခန်းရှိရာ အူလန်ကျွန်းမှ ကီလိုမီတာ ၉၀ အကွာတွင်တည်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ နှစ်များ မှစ၍ ယင်းကျွန်းစုများကို ထိန်းချုပ်ထားပြီး ဂျပန်နိုင်ငံဘက်ကမူ ကျွန်းများမှာ ၎င်းတို့ပိုင်နက်ထဲ ကျရောက်နေကြောင်းပြောဆိုထား သည်။ *—Ref: Xinhua*



## ထိုင်းတောင်ပိုင်းတွင် အရေးပေါ်အခြေအနေ ကြေညာချက် သက်တမ်းထပ်မံတိုး

**ဘန်ကောက်၊ ဇူလိုင် - ၁၂**

ထိုင်းလက်ရှိအစိုးရသည် မွတ်ဆလင်အများစုနေထိုင်ရာ နိုင်ငံတောင်ပိုင်းတွင် အရေးပေါ်အခြေအနေကြေညာထားချက်ကို ဆက်လက် သက်တမ်းတိုးရန် ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီး ဆုံးဖြတ်လိုက်ကြောင်းသိရသည်။

ယခုဆုံးဖြတ်ချက်မှာ ကြားဖြတ်အစိုးရတာဝန်ယူထားသော အဘီဆစ်အစိုးရ ရာထူးမှ မဆင်းခင်ထုတ်ပြန်သော နောက်ဆုံးဥပဒေများမှတစ်ခုလည်းဖြစ်သည်။ ယခုကြေညာချက်တွင် နိုင်ငံတောင်ပိုင်းပြည်နယ်များပါဝင်သောဒေသကို နောက်ထပ် နှစ်လခန့် အရေးပေါ်အခြေအနေအဖြစ်ထပ်မံသက်တမ်းတိုးထားသည်။

ထိုင်းနိုင်ငံရှိ မလေး-မွတ်ဆလင်လူနည်းစုနေထိုင်ရာ ယင်းတောင်ပိုင်းဒေသတွင် အစိုးရက လူမျိုးရေးနှင့် ဘာသာရေး ဖိနှိပ်မှုများပြုလုပ်ခဲ့သည်ဟု ဝေဖန်သူများဘက်က စွပ်စွဲထားသည်။ မကြာသေးမီက တောင်ပိုင်းရှိ ယာလာပြည်နယ်တွင် ဗုံးသုံးလုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲအဖွဲ့ဝင် ၁၁ ဦးအပါအဝင် လူပေါင်း ၁၃ ဦး ဒဏ်ရာရခဲ့သည်။

ထိုင်းရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ရင်လပ်ခ်ရှင်နာဝါထရာ၏ ပြူထိုင်းပါတီသည် ရွေးကောက်ပွဲပြီး၍ ရက် ၃၀ အတွင်း ပါလီမန် ခေါ်ယူကျင်းပရမည်ဖြစ်ကာ နောက်ထပ် ရက် ၃၀အတွင်း ဝန်ကြီးချုပ်သစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ *—Ref: AFP*

## အင်ဒိုနီးရှားတွင် ထရပ်ကား အိမ်ကိုဝင်တိုက် လူ ၁၅ဦး သေဆုံး

**ဂျကာတာ၊ ဇူလိုင် - ၁၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းဒေသတွင် ဇူလိုင်လ ၁၂ရက်က ထရပ်ကားတစ်စီးသည် အိမ်တစ်လုံးကို ဝင်တိုက်မိရာ လူ ၁၅ ဦး သေဆုံးပြီး လူအများအပြားဒဏ်ရာရခဲ့ကြောင်းသိရသည်။

အိမ်ကို ဝင်တိုက်မိသောထရပ်ကားမှာ ဘရိတ်ပေါက်၍ ဝင်တိုက်မိခြင်းဖြစ်ပြီး ဘိုဂျိုနီဂိုရိုခရိုင်ရှိ ဘာသာရေးအခမ်းအနားတစ်ခုပြုလုပ်နေသောယင်းအိမ်သို့ ဝင်တိုက်မိချိန်တွင် အိမ်ထဲ၌ လူအတော်များများစုရုံးနေ၍ သေဆုံးသူများခဲ့ရကြောင်းသိရသည်။ အခင်းဖြစ်ပွားရာခရိုင်မှ စစ်တပ်အရာရှိတစ်ဦးက "လူ ၁၅ဦးသေဆုံးပြီး အခြားလူတော်များများ ဒဏ်ရာရခဲ့ပါတယ်။ ထရပ်ကားဟာ အဲဒီအိမ်အပြင် အခြား ထရပ်ကားငယ်တစ်စီးကိုလည်း တိုက်မိခဲ့ပါတယ်"ဟုပြောသည်။ ယခုအခါ ဒဏ်ရာရသူများကို ဆေးရုံတင်ကုသထားရပြီး ရဲတပ်ဖွဲ့က ဖြစ်စဉ်အသေးစိတ်ကို စုံစမ်းစစ်ဆေးနေကြောင်းသိရသည်။ *—Ref: Xinhua*






7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011




### နောက်ကျောဖုံး - အာဖဂန်နစ္စတန်သမ္မတအကြံပေး သတ်ဖြတ်ခံရ မှ

သေနတ်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုလည်းဖြစ်ပေါ်ခဲ့ရာ သေနတ်သမားတစ်ဦးသေဆုံးသွားကြောင်း အာဖဂန်အရာရှိက ပြောကြားသည်။ အခြေအနေကို ထိန်းသိမ်းနိုင်ရန် အာဖဂန် လုံခြုံရေးတပ်ဖွဲ့များနှင့် နေတိုး တပ်ဖွဲ့များ ယင်းနေရာသို့ အပြေးအလွှား သွားရောက်ခဲ့ကြောင်း သိရသည်။

ယခုအဖြစ်အပျက်မှာ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ ညီတစ်ဦးဖြစ်သူ အာမက်ဝါလီကာဇိုင်း ကန်ဒါဟာပြည်နယ်တွင်လုပ်ကြံခံရပြီး တစ်ပတ်မပြည့်မီဖြစ်ပေါ်လာခြင်းဖြစ်သည်။

*—Ref: Xinhua/BBC*

### နောက်ကျောဖုံး - တာလီဘန်ခေါင်းဆောင်များအား လုံခြုံရေးကောင်စီ အမည်ပျက်စာရင်းမှ ဖယ်ရှား မှ



တာလီဘန်ခေါင်းဆောင်များအပေါ် ပိတ်ဆို့တားဆီးမှုများကို ၎င်းတို့အာဏာရရှိနေစဉ်၁၉၉၉ ခုနှစ်မှစတင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ၉/၁၁ တိုက်ခိုက်မှုဖြစ်ပေါ်ပြီးနောက် ဆက်လက်သက်တမ်းတိုးခဲ့သည်။

"အထူးအာဏာလွှဲအပ်ခံထားရသော (အာဖဂန်နစ္စတန်) ငြိမ်းချမ်းရေး ကောင်စီ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုပါတယ်"ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့တားဆီးမှုများ ချမှတ်ရေးကော်မတီကို ဦးဆောင်နေသူ ဂျာမနီသံအမတ်ကြီး ပီတာဝစ်တစ်က ကြေညာချက်တွင် ထုတ်ပြန်သည်။

လူပေါင်း ၅၀ ဦးအား အမည်ပျက်စာရင်းမှ ပယ်ဖျက်ပေးရန် အာဖဂန်နစ္စတန်အစိုးရက တင်ပြခဲ့သော်လည်း ပိတ်ဆို့တားဆီးမှုချမှတ်ရေးကော်မတီက ပယ်ချခဲ့ကြောင်းနှင့် ၎င်းတာလီဘန် အမည်ပျက်စာရင်းတွင် လူပေါင်း ၁၂၃ ဦး ကျန်ရှိနေသေးကြောင်း သိရသည်။ *—Ref: BBC*



## Leader's Profile

### တောင်ဆူဒန်နိုင်ငံ သမ္မတ

# ဆယ်ဗာကီယာမာယာဒစ်

ရဲမင်း

ဆယ်ဗာကီယာမာယာဒစ် သည် မကြာသေးမီက ဆူဒန်နိုင်ငံမှ ခွဲထွက်လာခဲ့သော တောင်ဆူဒန်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည်။

မာယာဒစ်အား ၁၉၅၁ ခုနှစ်တွင် ဘာအယ်လ်ဂါဇယ်ဒေသ၌ မွေးဖွားခဲ့သည်။ တောင်ပိုင်းဆူဒန်ခေါင်းဆောင်ဟောင်း ဂျွန်ဂရန်းကဲ့သို့ပင် ခရစ်ယာန်တစ်ဦးဖြစ်ပြီး ဆူဒန်တောင်ပိုင်းမှ အကြီးဆုံးလူမျိုးနွယ် ဒင်ကာလူမျိုးတစ်ဦးဖြစ်သည်။

မာယာဒစ်သည် ၁၉၆၀ပြည့်နှစ်များတွင် တောင်ပိုင်းဆူဒန် ပထမဆုံး ပြည်တွင်းစစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၉၇၂ ခုနှစ် အဒစ်အဘာဘာငြိမ်းချမ်းရေးသဘောတူညီမှုရပြီးချိန်တွင် ဆူဒန်စစ်တပ်သို့ အရာရှိငယ်အဖြစ် ဝင်ရောက်ခဲ့သည်။ ၁၉၈၃ ခုနှစ် စစ်ဘက်ပုန်ကန်မှုတွင် တောင်ပိုင်းသားခေါင်းဆောင် မစ္စတာဂရန်းက ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု(SPLM)နှင့် ပူးပေါင်းခဲ့ရာ မာယာဒစ်တို့လည်း ယင်းအဖွဲ့နှင့်ပူးပေါင်းခဲ့သည်။ မစ္စတာဂရန်းမှာ စစ်ဘက်အတွေ့အကြုံနည်းသူဖြစ်ရာ ဒုတိယ ဆူဒန်ပြည်တွင်းစစ်တွင် မာယာဒစ်ကဲ့သို့ စစ်ရေးကျွမ်းကျင်သူများကို အားကိုးခဲ့ရသည်။ နောက်ပိုင်းတွင် မစ္စတာမာယာဒစ် SPLM ၏ စစ်ဘက်အကြီးအကဲအဖြစ်မှ ဖယ်ရှားရေးကြိုးပမ်းမှုဖြစ်ပေါ်ခဲ့ရာ SPLM အဖွဲ့ နှစ်ခြမ်းကွဲလုနီးပါး ဖြစ်ခဲ့ရသည်။

၂၀၀၅ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိလာချိန်တွင်မစ္စတာမာယာဒစ်သည်တောင်ပိုင်းဆူဒန်၏ ဒုတိယသမ္မတအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၂၀၀၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် တောင်ပိုင်းဆူဒန်သမ္မတ မစ္စတာဂျွန်ဂရန်း ရဟတ်ယာဉ်ပျက်ကျ၍ သေဆုံးသွားခဲ့ရာ ၎င်း၏ရာထူးနေရာများဖြစ်သည့် တောင်ပိုင်းဆူဒန် သမ္မတရာထူးနှင့် ဆူဒန်နိုင်ငံ၏ ပထမလက်ထောက် သမ္မတတာဝန်များကို မစ္စတာမာယာဒစ် လွှဲပြောင်းရယူခဲ့သည်။

မစ္စတာမာယာဒစ်သည် SPLM ၏ စစ်ဘက်တွင် စစ်မြေပြင်အောင်ပွဲများအတွက် လူကြိုက်များပြီး သာမန်လူထုထဲတွင်မူ ခွဲထွက်ရေးရပ်တည်မှုကြောင့် လူကြိုက်များသည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ခွဲရေး၊တွဲရေး လူထုသဘောထားခံယူချက်အငြင်းပွားမှုအတွင်း မစ္စတာမာယာဒစ်က သင့်ကိုယ်ပိုင်တိုင်းပြည်တွင် ဒုတိယအဆင့်ဖြင့် နေထိုင်မည်လား၊ လွတ်လပ်သည့်နိုင်ငံတွင် လွတ်လပ်သူအဖြစ်နေထိုင်မည်လားဟု မေးခွန်းထုတ်ခဲ့သည်။

၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲတွင်လည်း ဆူဒန်သမ္မတနေရာဝင်ရောက်ယှဉ်ပြိုင်ခြင်းထက် တောင်ပိုင်းဆူဒန်သမ္မတ ဖြစ်လာရေးသာ အဓိကထားယှဉ်ပြိုင်မည်ဟု မစ္စတာမာယာဒစ်က ပြောကြားခဲ့ရာ နိုင်ငံတောင်ပိုင်းလွတ်လပ်ရေးအတွက်ဦးစားပေးခြင်းဟု အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ဆူဒန်တောင်ပိုင်းမှ ပြည်သူများက လွတ်လပ်ရေးအပြည့်အဝလိုချင်ကြောင်း မဲပေးခဲ့ကြသည်။ ယင်းနောက် ခွဲထွက်ရေးဆွေးနွေးမှုများပြုလုပ်နေစဉ် နှစ်ဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ နှစ်ဖက်ကြားခံ အဘီယေးဒေသတွင် တိုက်ပွဲများပြင်းထန်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ၎င်းဒေသအား စစ်မဲ့ဇုန်အဖြစ် ထားရှိရေးနှင့် ကုလသမဂ္ဂ (အီသီယိုးပီးယား)ငြိမ်းချမ်းရေးတပ်ဖွဲ့များ ချထားရေး သဘောတူညီမှုရခဲ့ပြီး ဇွန်လ ၉ ရက်နေ့တွင်တောင်ဆူဒန် လွတ်လပ်ရေးရရှိခြင်းနှင့်အတူ မစ္စတာမာယာဒစ်လည်း နိုင်ငံ၏ ပထမဦးဆုံးသမ္မတဖြစ်လာသည်။

*—Ref: Wikipedia/BBC*

### နောက်ကျောဖုံး - ၉/၁၁ တိုက်ခိုက်မှုနှင့်ပတ်သက် မားဒေါ့၏ သတင်းကော်ပိုရေးရှင်းကို အက်ဖ်ဘီအိုင် စုံစမ်းစစ်ဆေးမည် မှ

News Corp.၏ အကြီးအကဲ မီဒီယာသူဌေးကြီးရူးပက်မားဒေါ့သည် News of the World သတင်းစာအား ယခင်ရက်သတ္တပတ်အတွင်းက ထုတ်ဝေမှုရပ်ဆိုင်းခဲ့သည်။ ယင်းသတင်းစာမှာ ဗြိတိန်နိုင်ငံ၌ ရောင်းအားအကောင်းဆုံး တနင်္ဂနွေသတင်းစာတစ်စောင်ဖြစ်သည်။ *—Ref: Reuters*

### နောက်ကျောဖုံး - လန်ဒန်ရဲတပ်ဖွဲ့ အကြီးအကဲနုတ်ထွက်သွားပြီး မားဒေါ့လက်ထောက် ရီဘက်ကာဘရွတ် ဖမ်းဆီးစစ်ဆေးခံရ မှ



ထိုအတောအတွင်းမှာပင် မီဒီယာသူဌေးကြီးရူးပက်မားဒေါ့ပိုင်သတင်းစာလုပ်ငန်း News Internal ၏ အကြီးအကဲဖြစ်သူ ရီဘက်ကာဘရွတ်ကိုလည်းဗြိတိန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်းနှင့် နောက်ပိုင်းတွင် အာမခံဖြင့် လွှတ်ပေးလိုက်ကြောင်းသိရသည်။

လာဘ်ပေး လာဘ်ယူမှုနှင့် ဖုန်းခိုးနားထောင်မှုစွပ်စွဲချက်များနှင့်ပတ်သက်၍ မစ္စရီဘက်ကာဘရွတ် (၄၃ နှစ်)အား ဖမ်းဆီးလိုက်ကြောင်း စကော့တလန်ယာ့ဒ်အဖွဲ့က အစောပိုင်းတွင် ပြောကြားခဲ့သည်။

News of the World သတင်းစာသည် သတင်းများရရှိရန် ရဲတပ်ဖွဲ့အား လာဘ်ထိုးပြီး ဖုန်းခိုးနားထောင်မှုများတွင် ၎င်းလည်း ပါဝင်ပတ်သက်နေသည်ဟူသောစွပ်စွဲချက်များနှင့်ပတ်သက်၍ ဗြိတိန်ရဲတပ်ဖွဲ့က မစ္စဘရွတ်အား ဇူလိုင်လ ၁၇ ရက်နေ့လယ်ပိုင်းတွင် ဖမ်းဆီး၍ ၁၂ နာရီကြာ စုံစမ်းစစ်ဆေးခဲ့သည်။

ယင်းအရှုပ်အထွေးများနှင့် ပတ်သက်၍ မဟုတ်တာမလုပ်ခဲ့ကြောင်း နှစ်ဦးစလုံးက ပြောကြားသော်လည်း ယင်းအဖြစ်အပျက်များသည် မားဒေါ့၏ သတင်းအင်ပါယာအတွက်သာမက ၎င်း၏သတင်းစာများနှင့် သက်သောင့်သက်သာပေါင်းသင်းခဲ့သော ဗြိတိသျှဩဇာအာဏာရှိသူ အသိုင်းအဝိုင်းအတွက်လည်း နိမိတ်မကောင်းလှကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

*—Ref: Reuters/AP*

TRADEMARK CAUTION

CEFINE

Marketing

Marketing & Sales

Columbus Health Care Services

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011




# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်နှင့် ကမ္ဘာ့စီးပွားရေးအကြောင်း တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်ဟာ ၂၀၀၇ ခုနှစ်ကစလို့ကမ္ဘာ့ဘဏ်ဆိုတဲ့ အဖွဲ့ကြီးရဲ့ အခြေခံအလုပ်တွေဖြစ်တဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတိုးတက်အောင် ကူညီရေးကိစ္စတွေမှာ တောက်လျှောက် အာရုံစိုက်လုပ်ကိုင်လာခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်မှ Ideas in Action ရုပ်သံအစီအစဉ်ဟာ မကြာသေးမီကဘဲ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌကြီး ရောဘတ်ဇိုးလစ်နဲ့တွေ့ဆုံကာ ကမ္ဘာ့စီးပွားရေးအပေါ် ၎င်းရဲ့အမြင်တွေကိုမေးမြန်းခဲ့ပါတယ်။ အဆိုပါ ရုပ်သံတွေ့ဆုံခန်းအစီအစဉ်မှာမေးမြန်းသူ ဂျင်မ်ဂလက်စ်မင်းက မစ္စတာဇိုးလစ်ကို ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထလာမှုအကြောင်း၊ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအကြောင်းနဲ့ တရုတ်စီးပွားရေးအကြောင်းကို ထောင့်စုံမေးမြန်းခဲ့သလို မစ္စတာဇိုးလစ်ဘက်ကလည်း စနစ်တကျပြန်လည်ရှင်းပြထားတာတွေ့ရပါတယ်။ ယခုဖော်ပြမယ့်ကောက်နုတ်ချက်များကတော့ အဲဒီအကြောင်းရပ်များနဲ့သက်ဆိုင်တဲ့ အမေးအဖြေ၊ ဆွေးနွေးချက်များပဲဖြစ်ပါတယ်။

**မင်္ဂလာပါ၊ မစ္စတာရောဘတ်ဇိုးလစ်ခင်ဗျား။**

ဟုတ်ကဲ့။ တွေ့ရတာဝမ်းသာပါတယ်။

**ကမ္ဘာ့ဘဏ်ရဲ့ ဥက္ကဋ္ဌတစ်ဦးအနေနဲ့ ဆရာဟာ ကျွန်တော်တို့ကို တစ်ကမ္ဘာလုံးနဲ့ ပတ်သက်လို့ သုံးသပ်ချက်အမြင်ကိုပေးနိုင်တဲ့နေရာမှာ ရှိနေပါတယ်။ ဒါကြောင့် လက်ရှိဖြစ်လာနေတဲ့ စိန်ခေါ်မှုအကျပ်အတည်းကြီးတွေဟာဘာတွေလဲ။ ဘာတွေပဲရယ်လို့ မြင်ထားပါသလဲ။**

ဟုတ်ကဲ့၊ အကျပ်အတည်းတွေကတော့ အများကြီးပါပဲ။ ကျွန်တော်တို့ဟာစီးပွားရေးနာလန်ပြန်ထခါစမှာပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ကြုံတွေ့နေရတာကတကယ်ပဲ အရှိန်နှုန်းမျိုးစုံနဲ့ နာလန်ပြန်ထလာမှုတွေဖြစ်ပြီး ဒါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာမြင်နေရတာကတော့ သူတို့ဟာစီးပွားရေးပြန်ကောင်းလာတာဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူတို့ရဲ့အန္တရာယ်ကလည်း စားသုံးမှုနှုန်းအလွန်အကျွံမြင့်မားခြင်းနဲ့ ကုန်ဈေးနှုန်း ထိုးတက်မှုတွေထဲကတစ်ခုမက ကြုံရဖို့များနေတယ်။ ဥရောပမှာဆိုရင် အရေးကြီးတာက တိုင်းပြည်ကြွေးမြီအချို့ကိုဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုကတော့ မဆိုးဘူးလို့ပြောလို့ရမယ့် စီးပွားရေး နာလန်ပြန်ထမှုရသွားခဲ့ပြီ။ အလုပ်နေရာသစ်တွေ ဖန်တီးဖို့၊ ငွေသုံးစွဲမှုနဲ့ကြွေးမြီပြဿနာကိုရင်ဆိုင်ဖို့တွေကတော့ ရှိဆဲပါ။

ဒုတိယအရေးကြီးတဲ့ကိစ္စကတော့ အရှေ့အလယ်ပိုင်းနဲ့ မြောက်အာဖရိကနိုင်ငံတွေမှာ ဖြစ်နေတဲ့ အဖြစ်အပျက်အချို့ပါပဲ။ အဲဒီပြဿနာဖြစ်စဉ်တွေကအခွင့်အလမ်းအချို့ကိုဖန်တီးပေးသလို သေချာဖြေရှင်းရမယ့် အန္တရာယ်တွေကိုလည်း ဖန်တီးပေးတယ်။ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုတွေဟာတစ်နည်းနည်းနဲ့ ရေနံဈေးနှုန်းတွေ မြင့်တက်လာမှုတွေနဲ့ ဆက်စပ်နေတယ်။ ဒါတွေကိုပဲ ကျွန်တော့်ရဲ့ လက်ရှိရာထူးနေရာကနေ ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ ကျွန်တော့်ရာထူးက ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် အာရုံစိုက်ရသလို တကယ်လည်း ကမ္ဘာ့စီးပွားရေးတစ်ခုလုံးကိုခြုံကြည့်နိုင်ဖို့ကြိုးစားရတယ်။ အဲဒီဖြစ်စဉ်တွေ အတူတကွ ဘယ်လိုတစ်ခုနဲ့တစ်ခု သက်ရောက်နိုင်တယ်ဆိုတာတွေကို ဝင်ပါနိုင်အောင်ကြိုးစားရပါတယ်။ ဒါကြောင့် ဥပမာအနေနဲ့ပြောရင် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုက အရှေ့အလယ်ပိုင်းဒေသမှာ မတည်ငြိမ်မှုဖြစ်ပေါ်နေတာအချို့ကိုအကျိုးသက်ရောက်နိုင်မလားကြည့်ရတာမျိုးပေါ့။

**စားနပ်ရိက္ခာ ဈေးနှုန်းတွေ မြင့်တက်မှုကို ခဏထားပြီး မေးချင်ပါတယ်။ ကမ္ဘာ့ဘဏ်က တကယ်တမ်း ဘာတွေလုပ်တယ်ဆိုတာကို ခြုံငုံရှင်းပြတာမျိုးလေး အရင်ဆုံးအနေနဲ့ ကျွန်တော်တို့ကို ရှင်းပြပေးပါ။**

အင်း၊ မကြာခဏဆိုသလိုပဲ လူတွေကို အထင်မှားစေတဲ့ကိစ္စတွေထဲက တစ်ခုကတော့ ကျွန်တော်တို့အဖွဲ့ကို ဘဏ်လို့ခေါ်ထားတော့ သူတို့က ကျွန်တော်တို့ရဲ့ အဓိကအခန်းကဏ္ဍကို တွေးကြတာက ငွေထုတ်ပေးတာကို မြင်တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာလည်း တကယ်ဘဏ္ဍာရေးထောက်ပံ့နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ မူလကတော့ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ကို ဒုတိယကမ္ဘာစစ်အပြီး ဥရောပနဲ့ ဂျပန် ပြန်လည်တည်ထောင်ရေးအတွက် အစိုးရတွေကတစ်ဆင့် ဘဏ္ဍာရေးထောက်ပံ့ဖို့ တည်ထောင်ခဲ့ကြတာပါ။ အရင်ဆုံးအနေနဲ့ ပြင်သစ်ကို (အဲဒီတုန်းက) ချေးငွေထုတ်ပေးခဲ့တယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ဟာ ပြီးခဲ့တဲ့ နှစ်သုံး၊ လေးဆယ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ယင်းနိုင်ငံတွေက အဖွဲ့အစည်းတွေကို အထင်အရှားပဲအာရုံစိုက်ခဲ့ပါတယ်။

ပြီးတော့ ကျွန်တော်တို့မှာ ပုဂ္ဂလိကကဏ္ဍမှာ ရင်းနှီးမြှုပ်နှံထားတာရှိသလို အဆင်းရဲဆုံးတိုင်းပြည်တွေထဲက အချို့အတွက် အထူးရန်ပုံငွေအချို့မှာလည်း မြှုပ်နှံထားတာရှိပါတယ်။ ဒါပေမဲ့ကျွန်တော်တို့လုပ်ငန်းစဉ်တွေကို အထိရောက်ဆုံး လုပ်တဲ့အချိန်၊ လုပ်ဖြစ်တာကတော့ အချက်သုံးချက်ကို ပေါင်းလုပ်ပါတယ်။ ပထမ တစ်ချက်က ကမ္ဘာတစ်ဝန်းက နိုင်ငံမျိုးစုံမှာ လက်တွေ့လုပ်ငန်းစဉ်တွေလုပ်တဲ့အခါ အသိပညာ၊ အတွေ့အကြုံနဲ့ လေ့လာသင်ယူထားမှုအပိုင်းတွေပါ။ ဒုတိယအချက်ကတော့ ကျွန်တော်တို့နဲ့ ဆိုပါစို့၊ တက္ကသိုလ်တစ်ခုနဲ့ ကွာတာမျိုးက ကျွန်တော်တို့က ငွေတွေကို အစိုးရတွေက တစ်ဆင့်ဖြစ်စေ၊ အစုရှယ်ယာတွေကဖြစ်စေ၊ အခြားရင်းနှီးမြှုပ်နှံမှုပုံစံတွေကဖြစ်စေထုတ်ပေးနိုင်တာပါ။ တတိယအချက်က ကျွန်တော်တို့လည်း ကိုယ့်အရွယ်အစားနဲ့ ကိုယ်အကန့်အသတ်နဲ့ဆိုပေမယ့် ၂၀၀၈ နှစ်လယ်မှာ ဘဏ္ဍာရေးအကျပ်အတည်း အားအကောင်းဆုံးအချိန်ရောက်တော့ ကျွန်တော်တို့ဒေါ်လာ ၁၆၅ ဘီလီယံလောက်တာဝန်ခံထုတ်ချေးခဲ့ပြီး ကမ္ဘာ့ဈေးကွက်တွေထဲမှာလည်း စီးဆင်းဆဲပါ။ ဒီတော့ တကယ့်မေးခွန်းအစစ်က ကျွန်တော်တို့ဟာ အသိပညာနဲ့ ငွေကြေးကို ဈေးကွက်တွေ၊ အဖွဲ့အစည်းတွေ၊ စွမ်းဆောင်ရည်တွေကို တည်ဆောက်ရာမှာ ဘယ်လိုသုံးမလဲဆိုတာဖြစ်ပါတယ်။ အသုံးချတယ်ဆိုတာကတော့ အသေးစားငွေထုတ်ချေးတာမျိုးတွေ၊ ဒေသခံ ငွေကြေးစာချုပ်ဈေးကွက်ထဲဝင်တာမျိုး၊ အာဖရိကရဲ့ ဆာဟာရပတ်ဝန်းကျင်ဒေသနိုင်ငံတွေမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးအောင် ကူညီတာမျိုးတွေဖြစ်ပါတယ်။

**ကမ္ဘာ့ဘဏ်ဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ နိုင်ငံပေါင်းဘယ်လောက်များများကို ကူညီပေးနေပါသလဲ။**

အိုး၊ ကျွန်တော်တို့ နိုင်ငံပေါင်း ၁၂၀ လောက်မှာ လုပ်ငန်းတွေ လုပ်ကိုင်လည်ပတ်နေပါတယ်။ ကျွန်တော်တို့မှာ နိုင်ငံ ၁၆၉ နိုင်ငံက ဝန်ထမ်းတွေရှိပြီး အမေရိကန်နဲ့ တရုတ်လို နိုင်ငံတွေကနေ ကျွန်းနိုင်ငံငယ်လေးတွေအထိ နိုင်ငံပေါင်း ၁၈၇ နိုင်ငံက ရှယ်ယာရှင်တွေအဖြစ်ပါဝင်ထားပါတယ်။

**လူကြီးမင်းရဲ့ တာဝန်ပိုင်းကရောပြီးခဲ့တဲ့နှစ်တွေအတွင်း ဘယ်လောက်ပြောင်းလဲခဲ့ပါပြီလဲ။**

အို၊ အများကြီးပေါ့။ ပြောခဲ့သလိုပါပဲ။ ဒီဘဏ်ဟာ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြန်လည်တည်ထောင်ရေးတွေလုပ်ဖို့စတင်ခဲ့တဲ့ နိုင်ငံတကာဘဏ်တစ်ခုအဖြစ်နဲ့ တကယ်ပဲစတင်ခဲ့တာပေါ့။

**ဒါဆို အစိုးရတွေကို ငွေတွေထုတ်ချေးနေတာပေါ့။**

ဟုတ်ပါတယ်။ ယခင် အစတုန်းကတော့ ဒါဟာ စိတ်ကူးတစ်ခုသာပါ။ ၁၉၅၀ ခုနှစ်များမှာတော့ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကဘဏ်ခွဲ IFC ကိုဖန်တီးခဲ့ပြီး ၆၀ နှစ်များမှာတော့ အဆင်းရဲဆုံးနိုင်ငံတွေကို အတိုးမပါဘဲ ကာလရှည်ချေးငွေတွေထုတ်ချေးလာတဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးအသင်းနဲ့ ဆက်နွှယ်လိုက်ပြီး အဲဒီအသင်းကို ကျွန်တော်တို့က ရန်ပုံငွေပြန်ပြီးထည့် ပေးရပါတယ်။ မြှုပ်နှံထားတာ တွေထဲက ငွေအချို့ပြန်ဝင်လာလည်းရပါတယ်။ ဒါပေမဲ့ သုံးနှစ်ပြည့်တိုင်း ရန်ပုံငွေ ထပ်တိုးပွားအောင် ကြိုးစားရပါတယ်။ ဒီတော့ကြိုးစားတယ်ဆိုတာ ကာလတွေပြောင်းလဲလာတာနဲ့အမျှ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းတွေလည်းပြောင်းရမယ်ဆိုတာ သိနားလည်အောင်ကြိုးစားတာပါပဲ။ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကျွန်တော့်အပိုင်းကလည်းအဖွဲ့ကို ပိုပြီးမြန်ဆန်အောင်၊ပြောင်းလွယ်ပြင်လွယ်ရှိအောင် ကူညီရမယ့်လူတွေကို ပိုအာရုံစိုက်ပြီး ဘဏ္ဍာရေးကိရိယာအမျိုးမျိုးသုံးပြီး လုပ်ဆောင်ပေးဖို့ပါပဲ။

**လူကြီးမင်းဟာ ‘တတိယကမ္ဘာ’ ဆိုတဲ့အသုံးကိုပယ်ချခဲ့ပြီး အခုတော့ ဘရာဇီးနဲ့ အိန္ဒိယနိုင်ငံလိုမျိုးတွေကို ဖော်ပြရာမှာ ‘တိုးတက်မှုဝင်ရိုးစွန်းတွေ’လို့ သုံးသပ်နေပါတယ်။ တိုးတက်မှုဝင်ရိုးစွန်းဆိုတာဘာပါလဲ။**


အင်း၊ တတိယကမ္ဘာဆိုတာကတော့ တစ်နည်းမဟုတ်တစ်နည်းနဲ့ ခေတ်ကုန်သွားပါပြီ။ ကျွန်တော်ဟာ ဒုတိယကမ္ဘာလို့ ခေါ်ခဲ့ကြတဲ့ ဆိုဗီယက်အင်ပါယာကြီးပျက်စီးခါနီးအချိန်မှာလည်း သမ္မတဘုရှ်နဲ့တွဲလုပ်ခဲ့ဖူးပါတယ်။ ဒီအတိုင်းဆို အနည်းဆုံးတော့ ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းတွေက နောက်တစ်ဆင့်တက်သွားရပြီ။ မှန်ရဲ့လား။ ဒါပေမဲ့ တတိယကမ္ဘာဆိုတဲ့ ဝေါဟာရက ဖွံ့ဖြိုးဆဲနိုင်ငံတွေ အများကြီးပါဝင်နေပြီး ကျယ်ကျယ်ပြန့်ပြန့်ခြုံပြီး သတ်မှတ်ထားချက်ဆိုတော့ ဒါကို နိုင်ငံအများစုက အဓိပ္ပာယ်မဲ့နေတယ်ဆိုတာ တွေ့လာရပါပြီ။ တိုးတက်မှုဝင်ရိုးစွန်းနိုင်ငံတွေအကြောင်း ကျွန်တော်ပြောတဲ့အခါ တကယ်လို့ ခင်ဗျားက အဓိက စီးပွားရေးသမားတစ်ဦးကို သွားမေးကြည့်ရင် အမေရိကန်ဟာ ကမ္ဘာ့ဂျီဒီပီရဲ့ ၂၀၊ ၂၅ ရာခိုင်နှုန်းလောက်ကို ကိုယ်စားပြုနေဆဲဆိုတာတွေ့ရပါမယ်။ ဒါပေမဲ့ တိုးတက်မှုအများစုကတော့ ဘရာဇီး၊ တရုတ်နဲ့ အိန္ဒိယလို ဈေးကွက်တွေက လာနေတာ၊ သူတို့ တိုးတက်နှုန်းကလည်း ၇ ကနေ ၁၀ ရာခိုင်နှုန်းအထိရှိတယ်။ ဒီအချက်က အခွင့်အလမ်းအများစုကို မြင်ရမှာဖြစ်သလို တာဝန်ယူမှုအပိုင်းတွေလည်းမြင်ရပါမယ်။ ဒီစီးပွားရေးအင်အားကြီးနိုင်ငံသစ်တွေကို ကမ္ဘာ့စနစ်ထဲမှာ ဘယ်လိုချိန်ညှိထည့်သွင်းစေမလဲ။ တချို့က ဒီစနစ်က အကျိုးအမြတ်ရခဲ့ကြတယ်။ ဒါပေမဲ့ တချို့ကတော့ စနစ်ထဲမှာ တန်းတူမဟုတ်ဘဲ ပိုကြီးမားချင်ကြတယ်လေ။

*—Ref: "Interview with World Bank President Robert Zoellick: Prospects for Economic Development"*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.18 · JULY 21, 2011



## တစ်ကိုယ်တော်စီးရီးကို "ချစ်တယ်ဟုတ်" လို့ နာမည်ပေးလိုက်တဲ့ ဘန်နီဖြိုး

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

Online Release (အွန်လိုင်းမှဖြန့်ချိ)လုပ်ထားသောသီချင်းများဖြင့် ပရိသတ်များစွာရရှိခဲ့သည့် အဆိုတော်ဘန်နီဖြိုးသည် ၎င်း၏မကြာမီထွက်ရှိတော့မည့်တစ်ကိုယ်တော်စီးရီးကို သီချင်းဟောင်းများထဲမှတစ်ပုဒ်ဖြစ်သည့်'ချစ်တယ်ဟုတ်'သီချင်းအား ခေါင်းစဉ်ပေးထားကြောင်း သိရသည်။

"သီချင်းဟောင်းထဲက 'ချစ်တယ်ဟုတ်'တစ်ပုဒ်တော့ပြန်ပါမှာသေချာတယ်။ ဘာလို့လဲဆိုတော့ အခွေ Title ပေးထားလို့ပါ။ ကျွန်တော့်ကိုအဓိက ပရိသတ်သိတာကတော့'နှစ်ပတ်လည်'ပေါ့နော်။ ဒါပေမဲ့ ဘန်နီဖြိုး နှစ်ပတ်လည်ဆိုတာတစ်မျိုးကြီးပဲ။ (ရယ်လျက်) 'ချစ်တယ်ဟုတ်' ကျတော့ လူငယ်လည်းဆန်တယ်။ လူကြီးတွေကလည်းအခွေခေါင်းစဉ် လေးကိုကြိုက်ကြတယ်။ ဒီသီချင်းနဲ့ပတ်သက်ပြီးကျွန်တော့်မှာ အမှတ်တရတွေလည်း ရှိခဲ့တယ်။ ဒါကြောင့် ခေါင်းစဉ်ပေးဖြစ်တာပါ။ အခုအခွေမှာ သီချင်းတွေ အရမ်းများတော့အဟောင်းတွေကို ဖြုတ်ပစ်ဖို့များတယ်။ ဗီစီဒီမှာတော့ သီချင်းအဟောင်းအများကြီးပြန်ထည့်ဖြစ်မှာပါ" ဟု ၎င်းက ပြောပြခဲ့သည်။

**စာ(၄၉)သို့**

## 'စွာတေးလန်' သီချင်းအကြောင်းပြောပြတဲ့ ထက်ထက် (Bobby Soxer)



**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ဟစ်ဟော့ပ်ရှိုးပွဲတွေတိုင်းမပါမဖြစ်ပါဝင်သီဆိုနေရပြီဖြစ်သည့် ထက်ထက်(BobbySoxer)သည် လွှမ်းပိုင်နှင့်တွဲဖက်၍ အတွဲခွေစီးရီးတစ်ခုလုပ်နေပြီး ယင်းစီးရီးထဲမှ 'စွာတေးလန်' သီချင်းမှာပရိသတ်အကြိုက်တွေ့နိုင်ကြောင်း ထက်ထက်က ခန့်မှန်းပြောကြားသည်။

"ဒီအခွေထဲမှာ ထက် အားရပြီးတော့ မျှော်မှန်းထားတဲ့တစ်ပုဒ်ရှိတယ်။ 'စွာတေးလန်' ဆိုတဲ့ သီချင်းပါ။ ထက်အကြောင်းကို ပဲ ထက်ကိုယ်တိုင်ရေးထားတာပါ။ ထက်က စကားပြောရင်လည်း နည်းနည်းစွာတာတာပုံစံဖြစ်နေတယ်။ တစ်ခုခုဆိုလည်း အရမ်းအငြင်းသန်တယ်။ နောက်ပြီး နှုတ်ခမ်းပေါ်မှာမှဲ့ပါရင် စွာတယ်လို့ပြောကြတယ်လေ။ ထက်နှုတ်ခမ်းပေါ်မှာက မှဲ့ပါတယ်ဆိုတော့ စွာတဲ့အထဲမှာ ပါတယ်ပေါ့။(ရယ်လျက်) အဲဒီအကြောင်းအရာလေးကို တည်ပြီးရေးထားတာကို ပရိသတ်တွေလည်း စိတ်ဝင်စားမယ်ထင်ပါတယ်။ ကိုလွှမ်းပိုင်တီးထားတာပါ။ မြူးတယ်ဆိုပေမယ့် အရင်ဆိုထားတဲ့ 'လက်လက်ကိုထလို့'လို ပုံစံမျိုးတော့လည်း မဟုတ်ဘူး"ဟု ထက်ထက်က သီချင်းအကြောင်းကိုပြောသည်။ ယင်းစီးရီးအတွက် သူမဘက်ခြမ်းမှ သီချင်းသုံးပုဒ်ခန့်ရေးဆိုရန်ကျန်ရှိနေသေးပြီး ဩဂုတ်လခန့်တွင် တစ်ခွေလုံး ဆင်ဆာတင်သည့်အဆင့်သို့ ရောက်ရှိရန် ကြိုးစားနေကြောင်းလည်း ဆက်လက်ပြောပြသည်။

လွှမ်းပိုင်နှင့်သူမတို့၏ စုံတွဲသီဆိုထားသော 'ခုန်လိုက်' သီချင်းမှာ လူငယ်များကြား ရေပန်းစားနေပြီး သူမတို့နှစ်ယောက် စုံတွဲသီချင်းများအောင်မြင်မှုနှင့်ပတ်သက်၍ ထက်ထက်က "ကိုလွှမ်းပိုင်နဲ့တွဲလုပ်ရတာကောင်းပါတယ်။ ပုံစံလည်းတူတယ်။ ခင်လည်းခင်နေတော့ တစ်ခုခုဆိုညှိယူလို့ရတယ်။ ကြေးများလို့ရတယ်။ အားမနာရဘူးလေ။ သူနဲ့ထက်က ကံစပ်တယ် လို့ပြောလို့ရတယ်။ သူနဲ့လုပ်တဲ့ သီချင်းတွေဆို အောင်မြင်တာများတယ်"ဟု ပြောသည်။

တစ်ကိုယ်တော်အခွေကို လည်း နောက်နှစ်ဆန်းလောက်တွင် အကောင်အထည်ဖော်ရန်ရှိပြီး တစ်ခုပြီးမှသာတစ်ခုလုပ်ချင်ကြောင်း၊ ယခုနှစ်တွင် လွှမ်းပိုင် နှင့်အတွဲခွေကို အော်ဒီယိုစီဒီ ထွက်နိုင်အောင်ကြိုးစားမည်ဖြစ်ပြီး နောက်နှစ်ဆန်းပိုင်းခန့်တွင်ယင်းစီးရီးအတွက် အမ်တီဗီ စလုပ်မည်ဖြစ်ကြောင်း၊ အမ်တီဗီစလုပ်သည်နှင့်တစ်ပြိုင်တည်းတွင် သူမ၏တစ်ကိုယ်တော်ခွေအတွက်ကို သီချင်းများ စတင်ရေးသားစုဆောင်းတော့မည်ဖြစ်ကြောင်း ဆက်လက်ပြောပြသွားသည်။

လူငယ်တွေမှာ အနာဂတ်တွေ၊ အိပ်မက်တွေ၊ ရည်မှန်းချက်တွေကိုယ်စီရှိကြမှာပါ။ တချို့က ကိုယ့်အိပ်မက်တွေ နဲ့ထပ်တူကျစွာ ဘဝကိုပုံဖော်ခွင့်ရကြသလို တချို့ကျတော့လည်း ရုန်းကန်ရမှုတွေနဲ့ သင့်တင့်ရာဝန်းကျင်တွေမှာ လှုပ်ရှားနေကြရပါတယ်။ လူငယ်တွေထဲက လူငယ်တစ်ဦးဖြစ်ပြီး ရက်ပ်တွေရွတ်ဆိုနေတဲ့မိစန္ဒီကတော့ သူဝါသနာပါတဲ့ဂီတနဲ့စီးပွားရေးကို ဆည်းပူးလေ့လာလုပ်ကိုင်ခွင့်ရနေတဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒီဘာသာရပ်နှစ်ခုလုံးနဲ့ပတ်သက်ပြီး သူမရဲ့ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုအကောင်အထည်ဖော်နေလဲဆိုတာ ဒီကဏ္ဍကနေ သိရှိနိုင်မှာဖြစ်ပါတယ်။

## မိစန္ဒီ ပြောပြတဲ့ ရည်မှန်းချက်များအကြောင်း

**ချမ်းခိုက်ခိုက်**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ကျောင်းက ဗိုလ်တထောင် ကောလိပ်မှာ BBM(Business Management) ဘွဲ့ရပြီးပြီ။ အခုလှိုင်တက္ကသိုလ်ထဲက ပတ္တမြားဆောင်မှာ MBA သင်တန်းနှစ်နှစ်ခွဲကိုဆက်တက်နေပါတယ်။ ညီမက ပညာရေးနဲ့ပတ်သက်ပြီး အရမ်းကိုရည်မှန်းချက်ကြီးတယ်။ ငယ်ငယ်တည်းက စာမေးပွဲတွေတစ်ခုပြီးတစ်ခု ဖြေရတာကို အရမ်းစိတ် လှုပ်ရှားတယ်။ ကိုယ့်နာမည် နောက်မှာ အမြီးတန်းတွေကို ရှည်စေချင်တယ်။ အခု ညီမ စီးပွားရေးနဲ့ပတ်သက်တဲ့ ဒီပလိုမာတွေလည်းယူထားတယ်။ သီချင်းဆိုတာ ဝါသနာပါသလို တစ်ဖက်မှာ Business Woman (အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်) ဖြစ်ချင်တယ်။

သီချင်းဆိုတာကို ဝါသနာ အရမ်းပါပြီး ပရော်ဖက်ရှင်နယ်အဖြစ် လုပ်ဖြစ်သွားသလို စီးပွားရေးဘက်မှာလည်း မားကက်တင်းပိုင်းကိုအရမ်းစိတ်ဝင်စားလို့ လေ့လာနေပါတယ်။ လက်ရှိ မားကက်တင်းလုပ်နေတဲ့လူတွေကိုလည်း အားကျတယ်။ အထူးသဖြင့် အဖေက မားကက်တင်းသမားဖြစ်တဲ့အတွက် အဖေကို့ အားကျတယ်။ ပြီးတော့ အိမ်ကလည်း သီချင်းဆိုချင်ရင် ပညာရေးကိုလည်းလုပ်ရမယ်လို့ ပြောထားတယ်။ အဖေက သီချင်းစဆိုတုန်းကဆိုသဘောမတူဘူး။ ဒါကြောင့် တစ်ဖက်ကပညာရေးကိုလည်း အရမ်းကြိုးစားရတယ်။

အဲဒီအချိန် မှာသူငယ်ချင်းတွေက နိုင်ငံခြားတွေ ထွက်ပြီး ကျောင်းတက်နေကြတဲ့အချိန်ကိုယ်က ဒီမှာကျန်နေပြီး သီချင်းပဲဆိုနေတာလည်း မဖြစ်ချင်ဘူးလေ။ ပြီးတော့ အနုပညာအလုပ် တစ်ဖက်နဲ့ ပညာရေးလုပ်တဲ့သူ တွေလည်း အများကြီးပဲလေ။ မဖြူဖြူကျော်သိန်းတို့၊ မချစ်သုဝေတို့ဆို မအားတဲ့ကြားထဲကလုပ်နိုင်ကြတယ်။ သူတို့ကိုအတုယူပြီး ငါလည်းလုပ်နိုင်ရမယ်လို့ အားတင်းပြီး စီးပွားရေးဘာသာရပ်ကိုလေ့လာတယ်။ တစ်ခါတလေ ကျရင် ပင်ပန်းတယ်။ အရမ်းလည်းခက်တယ်။ ဒါပေမဲ့ အဲဒီလိုခက်ခဲတာကိုပျော်ပါတယ်။

စီးပွားရေးလုပ်ငန်းဘက်ကို လေ့လာတာစာတွေ့အပြင် လက်တွေ့ပိုင်းကိုလည်း လုပ်ဖြစ်ပါတယ်။ ညီမ ပထမနှစ်အောင်ပြီးတဲ့အချိန် အဖေ့ရဲ့မိတ်ဆွေကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ပါတယ်။ အဖေက ညီမကိုအရမ်း Train လုပ်တယ်။ လမ်းကြောင်းတွေပေးတယ်။ အဲဒီရုံးမှာ ညီမက Marketing Research (ဈေးကွက်သုတေသန) လုပ်ရတာပေါ့။ BBM နဲ့ဘွဲ့ရပြီး MBA ထပ်မတက်ခင်မှာလည်း အဲဒီကုမ္ပဏီမှာ ဝင်လုပ်သေးတယ်။ MBA ပြီးသွားရင်တော့ Industry တစ်ခုခုထဲက သွင်းကုန်၊ ထုတ်ကုန်ဘက်ကို ကြိုးစားကြည့်ချင်ပါတယ်။ အဲဒါမှ မဟုတ်ရင်တော့ ဈေးကွက်သုတေသနဘက်ကို တစ်နှစ်လောက်သေချာပြန်လုပ်ပြီး တော့ လုပ်ငန်းခွင်တစ်ခုခု ပြန်လုပ်မယ်လို့စိတ်ကူးထားတယ်။

ဂီတဘက်မှာရော၊ စီးပွား ရေးဘက်မှာပါ လိုအပ်ချက်တွေ ညီမမှာ ရှိပါသေးတယ်။ သီချင်းဘက်ဆိုလည်း ကိုယ်ရေးထားတာတွေကို ချမပြရဲဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတာလည်းပါမယ်။ အားနည်းချက်ပေါ့။ ဒါပေမဲ့ အခု မမယ်လိုဒီလုပ်တဲ့အခွေမှာ ကိုယ်တိုင်ရေးထားတဲ့သီချင်းလေးတစ်ပုဒ် ပါပါမယ်။ အဲဒီသီချင်းကို မမယ်လိုဒီကိုယ်တိုင်လည်း ကြိုက်တယ်။ ခုနောက်ပိုင်းတော့ ယုံကြည်မှု နည်းနည်းပါးပါးရှိလာတယ်။ သီချင်းရေးတဲ့ အပိုင်းနဲ့ အသံပိုင်းကိုလည်း လေ့လာရဦးမယ်။ ရက်ပ်ကို ကျွမ်းကျွမ်းကျင်ကျင်ဆိုတတ်ပေမယ့် မယ်လိုဒီပိုင်းမှာလိုသေးတယ်လို့ထင်တယ်။ အခုဆို အလေ့ကျင့်လွန်ပြီး အသံအိုးတောင်ရောင်နေတယ်။ သီချင်း နားထောင်ရင်လည်း နာမည်ကြီးကြီးမကြီးကြီး နားထောင်တယ်။ အကုန်လေ့လာတယ်။ စာသားတွေကို ဖတ်တယ်။ ခံစားတယ်။ ကိုရီးယားသီချင်းဆိုရင် တောင်ကိုရီးယားစာသားကနေ အင်္ဂလိပ်စာသားပြောင်းထားတာတွေကို ဒေါင်းလော့ဒ်လုပ်ပြီး ဖတ်တယ်။

**စာ(၄၉)သို့**

7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

# တစ်ချိန်မှာ သ ုပ်ဆောင်ပြန်လုပ်ဖို့ စဉ်းစားမယ်ဆိုသည့် ချမ်းချမ်း



**အေးသူစံ**

**ရန်ကုန်၊**
**ဇူလိုင် - ၁၂**

ဗီဒီယိုဇာတ်ကားအချို့ကိုယခင်က ရိုက်ကူးခဲ့သော်လည်း ယခုအချိန်တွင် သီချင်းသီဆိုသည့်ဘက်ကိုသာအထူးအာရုံစိုက်လုပ်ဆောင်နေသော အဆိုတော်ချမ်းချမ်းက သူမ၏ပရိသတ်များ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့်ဇာတ်လမ်းမျိုးဖြစ်ပါက ဇာတ်ကားရိုက်ကူးမှုများ ပြန်လည်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောသည်။

“အမှန်အတိုင်းပြောရရင် ဒီသီချင်းဆိုတာတစ်ခုတည်းနဲ့တင်တော်တော်ကို လုံးလည်ချာလည်လိုက်နေတာ။ ရှိုးတွေဆိုရ၊ ကဏ္ဍတွေရိုက်ရနဲ့ တစ်ဖက်ကိုလှည့်ဖို့အတွက် ခွန်အားမရှိဘူး။ လုပ်လိုက်လို့ရှိရင်လည်းမထိမရောက်နဲ့မဖြစ်ချင်ဘူး။ ပရိသတ်ကိုလည်းစော်ကားရာရောက်တယ်။ ဒါကြောင့် ညီမ ပရော်ဖက်ရှင်နယ်အနေနဲ့ ရွေးထားတာကို သေချာလုပ်မယ်။ ဒီအလုပ်ကို အခြေချပြီဆိုတော့မှ၊ ပရိသတ်တွေအနေနဲ့လည်း အသစ်အဆန်းကို လိုအပ်လာပြီးဆိုတော့မှ သူတို့ လိုအပ်တာနဲ့ကိုက်ညီတဲ့ဇာတ်လမ်းမျိုးကိုရိုက်မယ်လို့စဉ်းစားထားတယ်။ လိုတော့လိုပါသေးတယ်”ဟု ချမ်းချမ်းကပြောသည်။

ယခုနောက်ပိုင်းတွင် ကုန်ပစ္စည်းကြော်ငြာသီချင်းများကိုလည်း သီဆိုနေရပြီး ကြော်ငြာရှင်များ၏ တစ်ဆင့်စကားဖြင့် ညွှန်းဆိုပေးမှုတွေကြောင့် ကြော်ငြာသီချင်းသာမက ကြော်ငြာရိုက်ကူးမှုများကိုပါလက်ခံရရှိနေသည့် ချမ်းချမ်းက အတွဲခွေများစွာတွင်လည်းပါဝင်သီဆိုရန်ရှိနေသည်။

“ကိုထူးအိမ်သင်ကို Attribute လုပ်တဲ့အခွေ၊ကိုမောင်မောင်ထွေးတို့လုပ်တဲ့အခွေတို့ ဆိုဖို့ရှိပါတယ်။ စုံတွဲလေးတွေလည်းပါသလို တစ်ကိုယ်တော်ဆိုတာလေးတွေလည်းပါပါတယ်။ နောက်ကိုမိချောတို့အခွေနဲ့ ချိုကြည်သာကတစ်ခွေလည်းရှိတယ်။ အတွဲခွေတွေကမ်းလှမ်းတိုင်းလည်း သီချင်းတွေကို စာသားကအစ ပရိသတ်ရင်ထဲကို ရောက်မယ့်ဟာကိုရွေးတယ်။ နားထောင်လိုက်တာနဲ့ ရင်ထဲကို စာသားဖြစ်ဖြစ်၊ သံစဉ်ဖြစ်ဖြစ်ရောက်သွားစေနိုင်တာကို ရွေးပါတယ်”ဟု သူမက ပြောပြသည်။

စာမျက်နှာများထက်နေရာယူခဲ့သောသူမ၏ အချစ်ရေးနှင့် ပတ်သက်ပြီး မည်သို့မျှပြောကြားလိုခြင်းမရှိတော့ဘဲ အချစ်နှင့်ပတ်သက်သော လက်ရှိခံစားချက်ကို

“အချစ်နဲ့ပတ်သက်ပြီး ဘဝမှာ ဂရုစိုက်မယ့်၊ဖေးမမယ့်အရာတွေအားလုံးကို ရခဲ့ပြီးသွားပြီ။ပျော်ခဲ့ပြီးသွားပြီလေ။ အခုချိန်မှာ ဘဝကိုရုန်းကန်ချင်သေးတယ်။ဒါတွေမရှိဘဲနဲ့ရော ငါနေနိုင်ပါလားဆိုတာကို ညီမစပြီး စမ်းသပ်တော့မယ်။ ညီမဘဝမှာ စမ်းသပ်ခံရတာတွေများတယ်။ ညီမ အခုရှေ့ဆက်လျှောက်မှာက အချစ်နဲ့မပတ်သက်တော့ဘူး။ညီမဘဝမှာ အားနည်းချက်တွေ ဘာတွေရှိလဲပြုပြင်ပြီး ရှေ့ဆက်သွားမယ်။ တစ်ချိန်ချိန်မှာတော့ ဘုရားကဖန်ဆင်းပေးရင်တွေ့မှာပါ။ တကူးတကတော့လိုက်မရှာတော့ပါဘူး”ဟုပြောသည်။






7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# အာနိုးက ရုပ်ရှင်ပြန်ရိုက်မည်ဟု ကြေညာ

ဝန်တာမော်နီကာ၊
ဇူလိုင် - ၁၃





အမေရိကန်ဖျော်ဖြေရေးကုမ္ပဏီ လိုင်းယွန်းစ်ဂိတ်က ယင်းတို့ မကြာမီ ထုတ်လုပ်မည့် The Last Stand ဇာတ်ကားတွင် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မင်းသားကြီး အာနိုးရှဝါဇင်နီဂါ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ယင်းအက်ရှင်ဇာတ်ကားကို ကိုရီးယားဒါရိုက်တာကင်မ်ဂျီဝန်းကရိုက်ကူးမည်ဖြစ်သည်။ ဖျော်ဖြေရေးကုမ္ပဏီ၏ ယခုကြေညာချက်သည် အသက် ၆၃နှစ်အရွယ် မင်းသားကြီးအာနိုး၏ အိမ်ထောင်ရေးပြိုကွဲမှုသတင်းများအပြီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မင်းသားကြီးအာနိုးသည် ဇာတ်ကားတွင် ရဲအရာရှိအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကာ ၎င်းသာလျှင် ထိုဇာတ်ရုပ်နှင့် အသင့်တော်ဆုံးဖြစ်ကြောင်း လိုင်းယွန်းစ်ဂိတ်၏ ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဂျိုးဒရိတ်ခ်က လည်းပြောသည်။

မင်းသားကြီးအာနိုးသည် Terminator အက်ရှင်ဇာတ်လမ်းတွဲများဖြင့် အောင်မြင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်ချိန်မှစ၍ ရုပ်ရှင်ရိုက်ကူးခြင်းမှ အနားယူခဲ့သည်။ The Last Stand ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် စတင်ရိုက်ကူးသွားမည်ဟု သိရသည်။ —Ref: CNA

## အနုပညာသတင်းတိုများ

**အေးသူစံ**

■ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး နေတိုး၊ သက်မွန်မြင့်၊ ဝေဠုကျော်၊ ခရစတီးနားတို့သရုပ်ဆောင်ခဲ့သော 'လာထားအာဘွား' ရုပ်ရှင်ဇာတ်ကားမှာ မကြာမီက ရုံတင်ပြသခဲ့ပြီးနောက် ဇူလိုင်လ ၁၅ရက်က ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ပင် ရိုက်ကူးထားသော 'လာထားအာဘွား ၂' ရုပ်ရှင်ကားအထူးပွဲပြသခဲ့သည်။ ယခုဇာတ်ကားတွင် နေတိုး၊ ဝေဠုကျော်၊ သက်မွန်မြင့်၊ မေတ္တာ၊ အထူးသရုပ်ဆောင်အဖြစ် နေဆန်းနှင့် စိုးမြတ်နန္ဒာတို့ပါဝင်သရုပ်ဆောင်ထားသည်။ ယခုရုံတင်ပြသနေသော 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ဇာတ်ကား ရုံတင် ပြသရက်ပြီးဆုံးပါက ယင်းဇာတ်ကားကို ရုံတင်ပြသမည်ဖြစ်သည်။

■နန်းပလ္လင်ဗီဒီယိုထုတ်လုပ်ရေးအတွက် မနီနီဝင်း (မန္တလေး) စီစဉ်သည့် 'သိင်္ဂါရဆောင်းသစ္စာ' အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားကို ဇူလိုင်လ ၁၆ ရက်နေ့က ရွှေမန်းအဆင့်မြင့်ရုပ်ရှင်ရုံတွင် အထူးပွဲအဖြစ်ပြသခဲ့သည်။ ဒါရိုက်တာဒေါနရိုက်ကူးပြီး ရန်အောင်၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ သင်ဇာဝင့်ကျော်စသည့်ဝါရင့်သရုပ်ဆောင်များနှင့်အတူ သရုပ်ဆောင်သစ်ဟိန်းကို တွဲဖက်စင်တင်ရိုက်ကူးထားပြီး ဒရာမာဇာတ်လမ်း အမျိုးအစားလည်းဖြစ်သည်။

■ဘိုဘိုအန်တာတိန်းမန့်က မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်ရန်ပုံငွေ ဖျော်ဖြေပွဲအဖြစ် ကျင်းပမည့် Hip Hop Orchestra ပွဲကိုဇူလိုင်လ ၃၁ ရက်နေ့မွန်းလွဲ ၂နာရီတွင် သုဝဏ္ဏမိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်၊J Me ၊ ရသ၊ Snare ၊ G-family၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ သားကြီး၊ သိန်းလင်းစိုး၊ Ar-T ၊ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ SZ ၊ စိုးကြီး၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ Bobby Soxer ၊ မိစန္ဒီတို့ သီဆိုကြမည်ဖြစ်သည်။ The Trees တီးဝိုင်းနှင့် မိရာမိုရ်၏ ဂီတကဗျာ Orchestra အဖွဲ့တို့နှင့် ပူးပေါင်းတင်ဆက်မည့်ယခုပွဲအတွက် ကုန်ကျစရိတ်မှာကျပ်သိန်း ၃၀၀ ဝန်းကျင်ခန့်ရှိပြီဖြစ်ကြောင်းကိုဘိုဆန်းက ပြောသည်။

## စာ – ၄၇၊ မိစန္ဒီနှင့်အင်တာဗျူး မှ

ရက်ပ်ကိုရေးရင် လွယ်ပေမယ့် မယ်လိုဒီကိုမတီးတတ်သေးလို့ အခု ဂစ်တာအတီးသင်နေတယ်။

စီးပွားရေးဘက်ကျတော့ Human Resources နဲ့ပတ်သက်ပြီး ဘာမှမသိဘူးဖြစ်နေတယ်။ လူတွေကိုစီမံခန့်ခွဲရတာညီမလုံးဝဝါသနာမပါဘူး။ မားကက်တင်းကိုပဲ အရမ်းစူးစိုက်လေ့လာတယ်။ ဒါပေမဲ့ ညီမ စီးပွားရေးလုပ်ရင် ဒီဟာကိုလည်းမသိလို့ မရဘူးလေ။ ဒါပေမဲ့အခုHR နဲ့ပတ်သက်ပြီးတော့ အနုပညာလောကထဲရောက်တဲ့အခါ သီးသန့်လေ့လာနေစရာမလိုဘဲ သိလာတယ်။ လူတွေကို သည်းခံတတ်အောင်၊ လူတွေနဲ့ ဆက်ဆံတတ်အောင် သင်ပေးနေသလိုပဲ။ ရိုရိုကျိုးကျိုးနေတတ်ရမယ်။ နှိမ့်ချတတ်ရမယ်ဆိုတဲ့ အခြေခံ အချက်လေးတွေကို သိလာတယ်။ စီးပွားရေးလောကမှာ ပြောဆိုဆက်ဆံရတာတော့ အခြေခံအားဖြင့် ကွာပေမယ့် ညီမတို့ အနုပညာလောကမှာလည်း မားကက်တင်းလိုတာပဲ။ လူတွေရှေ့မှာ၊ ကိုယ့်ပရိသတ်တွေရှေ့မှာချစ်အောင်ဘယ်လိုနေမလဲဆိုတာလည်း ကိုယ့်ကိုယ် ကိုယ် ပရိုမိုးရှင်းလုပ်ပြီးမားကက်တင်းလုပ်တာပဲလေ။ အိမ်မှာလည်း HR စာအုပ်တွေဖတ်ပြီးလေ့လာမယ်။ အလုပ်ဝင်ရင်လည်း HR မှာ သုံးလလောက်လုပ်မယ်လို့ စိတ်ကူးတယ်။ လူတွေကို ဘယ်လို Motivation ပေးမလဲပေါ့။

စီးပွားရေးနဲ့ပတ်သက်ပြီး အခု G.A.Cole ရေးတဲ့စာအုပ်ဖတ်နေတယ်။ LCCI စာမေးပွဲဖြေတုန်းက ဖတ်ခဲ့တဲ့စာအုပ်ပေါ့။ စ အဲဒီစာအုပ်မှာ Marketing ပိုင်းလည်းပါသလို Industrial ပိုင်းလည်းပါတယ်။

စီးပွားရေးနဲ့ပတ်သက်ပြီး လိုအပ်မယ်ထင်တဲ့ ဒီပလိုမာတွေယူထားပါတယ်။ Dip In Accounting ၊ Dip In Management Accounting ယူထားတယ်။ DMP (Diploma In Manage-rial Principle) ကို တစ်ဘာသာ ဖြေဖို့ကျန်သေးတယ်။ အခု Abe က ပေးတဲ့ Marketing Diploma တက်ချင်နေတယ်။

ဒီကဏ္ဍလေးကနေ ညီမပြောချင်တာက ဆရာကြီးလုပ်တာတော့မဟုတ်ပါဘူး။ ဒီနေ့ လူငယ်တွေဟာ သူများလုပ်တာတွေအကုန်လိုက်လုပ်ချင်တယ်။ ကိုယ်ဘာဖြစ်ချင်မှန်းမသိဘူး။ ညီမတို့ဆယ်တန်းအောင်တုန်းကလည်း အဲဒါနဲ့ တော်တော်အချိန်ကုန်ခဲ့တာ။ သူများက SAT ဆို SAT တက်တယ်။ TOFEL ဆို TOFEL လိုက်တက်တယ်။ သူများယောင်တိုင်းလိုက်ယောင်ခဲ့တာပေါ့။ ကိုယ်ဖြစ်ချင်တာကို ဘယ်လိုအခက်အခဲရှိရှိ မိဘကသဘောမတူရင် မိဘနဲ့ ညှိနှိုင်းပြီး လုပ်စေချင်တယ်။ ကိုယ်ဖြစ်ချင်တာကို လေ့လာပါ။ မရရအောင်အကောင်အထည်ဖော်ပါ။ ကိုယ်ဖြစ်ချင်တာကိုလည်း သူများတွေဘာပြောပြော ဘယ်လိုနည်းလမ်းနဲ့လုပ်မလဲစဉ်းစားပြီး တစ်စိုက်မတ်မတ်လုပ်ကြပါ။ မဟုတ်ရင် အချိန်တွေ အရမ်းဖြုန်းမိနေပါမယ်လို့။

## စာ-၄၇၊ တစ်ကိုယ်တော်စီးရီးကို "ချစ်တယ်ဟုတ်" လို့ နာမည်ပေးလိုက်တဲ့ ဘန်နီဖြိုး မှ

ယခင်ကတစ်ကိုယ်တော်စီးရီးကို ဇူလိုင်လခန့်တွင် ထွက်ရှိရန်မှန်းထားခဲ့သော်လည်း Mixing မပြီးသေးတာတစ်ကြောင်းနှင့် ၎င်း၏ခွေတွင် featuring သီဆိုထားသော သူငယ်ချင်းဖြစ်သူ ကိုကို၏ တစ်ကိုယ်တော်ခွေမှာလည်းထွက်ရှိတော့မည် ဖြစ်သောကြောင့် ခွေထွက်ရက်ကို နောက်ဆုတ်လိုက်ကြောင်း ဘန်နီဖြိုးက ဆက်လက်ပြောပြသည်။

"ကျွန်တော့်အခွေကို ကျွန်တော်တင် မဟုတ်ဘူး။ ခွေထဲမှာပါတဲ့ ညီအစ်ကိုမောင်နှမတွေ အားလုံး အရမ်းကို ကြိုးစားထားကြတယ်။ အရင်ပုံစံတွေနဲ့လည်း မတူတော့ဘူး။ ပရိသတ်ကို ရသ တစ်ခုခုတော့ ပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သော ဘန်နီဖြိုး၏တစ်ကိုယ်တော်စီးရီးတွင် စိုင်းစိုင်းခမ်းလှိုင်၊ ရန်ရန်ချမ်း၊ ကိုကို၊ YDNB ဖြိုးဝေ၊ ပုံပုံနှင့်အိမ့်ချစ်တို့က featuring သီဆိုပေးထားကြသည်။ ဘန်နီဖြိုး၏ မိသားစုမှကိုယ်ပိုင်ထုတ်လုပ်ခြင်းဖြစ်ပြီး Excellent Creation မှ ဖြန့်ချိမည်ဟုသိရသည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Transformers:Dark of the Moon | Paramount Pic. | ၂၆၁,၀၇၈,၇၀၀ | ၂ |
| ၂။ | Horrible Bosses | New Line Cinema | ၂၈,၃၀၂,၁၆၅ | ၁ |
| ၃။ | Zookeeper | Columbia TriStar Pic. | ၂၀,၀၆၅,၆၁၇ | ၁ |
| ၄။ | Cars | Walt Disney | ၁၄၈,၈၃၁,၅၃၀ | ၃ |
| ၅။ | Bad Teacher | N/A | ၇၈,၆၇၁,၈၁၉ | ၃ |
| ၆။ | Larry Crowne | N/A | ၂၆,၁၉၇,၆၉၀ | ၂ |
| ၇။ | Super 8 | Paramount Pic. | ၁၁၈,၀၆၉,၅၄၆ | ၅ |
| ၈။ | Monte Carlo | Fox 2000 | ၁၆,၁၂၅,၅၀၇ | ၂ |
| ၉။ | Mr. Popper's Penguins | 20th Century Fox: | ၅၈,၀၅၁,၂၀၉ | ၄ |
| ၁၀။ | Green Lantern | Warner Pic. | ၁၀၉,၇၃၁,၁၈၁ | ၄ |

## Movie Review

### The Devil's Double



အီရတ်စစ်တပ်မှ ဒုဗိုလ်ယာ့ဟီယာလာတမ် တစ်ယောက် စစ်မြေပြင်မှနေ၍ ဆက်ဒမ်ဟူစိန်၏ နန်းတော်သို့ဆင့်ခေါ်ခြင်းခံရသည်။ အကြောင်းမှာ ဆက်ဒမ်ဟူစိန်၏ သားအကြီး အူဒေးဟူစိန်၏ ကိုယ်ပွားအဖြစ် ဝင်ရောက်နေရာယူရန်ဖြစ်သည်။ သူနှင့် သူမိသားစုအတွက်လည်း အသက်အန္တရာယ်ရှိနေရာ လာတစ်မှာ မဟူရာမင်းသား၏ အမူအရာအတိုင်း လိုက်လံကျင့်ကြံရသည်။

ပြိုင်ကားနှင့် မိန်းမများကို ကြိုက်နှစ်သက်သူ၊ စိတ်မထင်လျှင်မထင်သလိုရက်စက်တတ်သူ အူဒေးကဲ့သို့ပြုမူရသည်မှာ မလွယ်ကူသော်လည်း ယင်းသို့ဟန်ဆောင်ပြုမူရင်း အူဒေးအပေါ် မကျေနပ်သူမိန်းမငယ်လေးတစ်ဦးနှင့် ပေါင်းမိရာ ၎င်းတို့နှစ်ယောက် သားရဲတွင်းမှ လွတ်မြောက်နိုင်မည်လား ဆိုသည်မှာ. . .

ဖြစ်ရပ်မှန်ဇာတ်လမ်းအပေါ် အခြေခံထားသော ဇာတ်ကားအား Lee Tamahoriက ရိုက်ကူးထားပြီး၊ Dominic Cooper၊ Ludivie Sagnier၊ Mimoun Oaissa တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Sports
7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011



★★★အားကစားကြယ်ပွင့်★★★

# တောင်ကိုရီးယားရဲ့ အထင်ရှားဆုံးအားကစားကြယ်ပွင့် ကင်မ်ယူနာ

ကိုထိုက်

တောင်ကိုရီးယားရဲ့ တောင်တန်းမြို့လေးတစ်မြို့ဖြစ်တဲ့ ပြုံချန်းဟာ မကြာသေးမီကပဲ ၂၀၁၈ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကျင်းပခွင့်ကိုရရှိသွားခဲ့ပါတယ်။ ဒီလိုပြုံချန်းမြို့ကို အိမ်ရှင်အဖြစ် ရွေးချယ်အောင် စွမ်းဆောင်ပေးခဲ့တဲ့အထဲမှာ တောင်ကိုရီးယားတင်မကဘဲ ကမ္ဘာ့အားကစားလောကမှာကျော်ကြားလှတဲ့ ရေခဲပြင်စကိတ်မယ်လေး ကင်မ်ယူနာရဲ့ စွမ်းဆောင်မှုကလည်း အခန်းကဏ္ဍတစ်ရပ်ကနေ ပါဝင်ခဲ့ပါတယ်။ ဒါ့ကြောင့် ဆောင်းရာသီအိုလံပစ်ပွဲတွေမှာ အဓိကမပါမဖြစ်တဲ့ ရေခဲပြင်စကိတ်စီးအားကစားလောကမှာမသိသူမရှိတဲ့ကမ္ဘာ့ထိပ်တန်းစကိတ်မယ် ကင်မ်ယူနာရဲ့အကြောင်းကို ဒီတစ်ပတ် အားကစားကြယ်ပွင့်ကဏ္ဍမှာဖော်ပြပေးလိုက်ပါတယ်။

**ကင်မ်ယူနာဆိုတာ**

တောင်ကိုရီးယားရဲ့ ရေခဲပြင်စကိတ်ကြယ်ပွင့် ကင်မ်ယူနာကို၁၉၉၀၊စက်တင်ဘာ၅ရက်မှာမွေးဖွားခဲ့တာမို့ယခုဆိုသူမဟာ အသက် ၂၁ နှစ်ရှိနေပါပြီ။ ကင်မ်ယူနာဟာ ငယ်စဉ်ဘဝကတည်းက စကိတ်အားကစားကိုလေ့လာလိုက်စားခဲ့သူပါ။ စကိတ်အားကစားကို သူမစတင်ကစားချိန်ဟာ မူလတန်းကျောင်းသူဘဝ အသက် ခုနစ်နှစ်အရွယ်ကတည်းကပါ။ သူမဟာ ငယ်စဉ်ဘဝကတည်းက အားကစားအရည်အသွေးတောက်ပြောင်ခဲ့တာမို့ ထိုစဉ်က နည်းပြဖြစ်သူ ဂျွန်ဟွန်းရူက သူမရဲ့မိခင်ကို ဒီအားကစားကိုပဲ ဆက်လေ့ကျင့်စေဖို့ တိုက်တွန်းအားပေးခဲ့ပါတယ်။ ဒီလိုနဲ့ ကင်မ်ယူနာဟာ ၂၀၀၂ခုနှစ် အသက်၁၂နှစ်အရွယ်မှာတော့တောင်ကိုရီးယားချန်ပီယံရှစ် စကိတ်ပြိုင်ပွဲကိုဝင်ပြိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံးနဲ့ချန်ပီယံဆုဆွတ်ခူးသူဖြစ်လာခဲ့ပါတယ်။ ဒီနောက် သူမဟာ Triglav Trophy နဲ့ Golden Bear of Zapreb နိုင်ငံတကာလူငယ်စကိတ်ပြိုင်ပွဲတွေမှာလည်းဗိုလ်စွဲခဲ့ပြီး နိုင်ငံတကာအဆင့် စကိတ်မယ်တစ်ဦးဖြစ်လာခဲ့ပါတယ်။

**ပြိုင်ပွဲများ**

ကင်မ်ယူနာဟာ ၂၀၀၄-၀၅ရာသီကစလို့အငယ်တန်းအဆင့်နိုင်ငံတကာပွဲတွေကိုစတင်ယှဉ်ပြိုင်ခဲ့တာပါ။ သူမဟာ ၂၀၀၅ World Junior Champions ပြိုင်ပွဲမှာ ရမှတ် ၁၅၈ ဒသမ ၉၃ နဲ့ ငွေတံဆိပ်ဆုရခဲ့ပြီး ၂၀၀၆ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာတော့ အသက်မမီလို့ ဝင်မပြိုင်ဖြစ် ခဲ့ပါဘူး။ ဒါပေမဲ့ ၂၀၀၅-၀၆ ရာ သီမှာတော့ ဘူလ်ဂေးရီးယား နဲ့ ဆလိုဗက်ကီးယားတို့မှာ ပြုလုပ်ခဲ့တဲ့ ဂျူနီယာဂရင်းပရီ ပြိုင်ပွဲနှစ်ပွဲစလုံးမှာ ရွှေတံဆိပ်ရခဲ့သလို ကိုရီးယားပြည်တွင်း ချန်ပီယံဘွဲ့ကိုလည်း လေးကြိမ်မြောက်အဖြစ် ဆက်ရခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၆ ကမ္ဘာ့ ဂျူနီယာချန်ပီယံရှစ်ပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ရခဲ့ပါသေးတယ်။

စာ(၅၁)သို့

# မြန်မာနှင့် အိုမန်အသင်း ဒုတိယအကျော့ ပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် -၁၃**

ရန်ကုန်မြို့တွင်ယှဉ်ပြိုင်ကစားမည့် ၂၀၁၄ ကမ္ဘာ့ဖလား(အာရှဇုန်) ဒုတိယအဆင့် ခြေစစ်ပွဲ (ဒုတိယအကျော့)မြန်မာနှင့် အိုမန်အသင်းတို့ပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းတွင် ဇူလိုင် ၂၈ ရက် ညနေသုံးနာရီခွဲအချိန်၌ စတင်ကျင်းပမည့် အဆိုပါ ပွဲစဉ်သည် မြန်မာဘောလုံးအသင်း၏ ကမ္ဘာ့ဖလား (အာရှဇုန်) ဒုတိယအဆင့် (ဒုတိယအကျော့)ဖြစ်သည်။

ပထမအကျော့ပွဲစဉ်ကို ဇူလိုင် ၂၃ ရက်တွင် အိုမန်နိုင်ငံ၌ အိုမန်စံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်(မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလား(အာရှဇုန်) ဒုတိယအဆင့်တွင် စုစုပေါင်းအသင်း ၃၀ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းအဆင့်ကို ဖြတ်ကျော်နိုင်သည့် အသင်း ၁၅ သင်းသည် (အာရှဇုန်) အုပ်စုအဆင့်တွင် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ မြောက်ကိုရီးယား၊ ဘာရိန်းအသင်းများနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အိုမန်အသင်းသည် အာရှအဆင့်အသင်းဖြစ်ပြီး လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀၇ တွင် ရပ်တည်နေကာ မြန်မာအသင်းမှာ ကမ္ဘာ့အဆင့် ၁၆၇ ဖြစ်သည်။

# တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသမီးကစားသမားနှစ်ဦး ဆုတံဆိပ်များဆွတ်ခူး

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် -၁၃**

(၂၁)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံသမ္မတဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအားကစားသမားနှစ်ဦး ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ် ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဇူလိုင်လ ၃ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အားကစားသမားစုစုပေါင်း ၁၇၅ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

အမျိုးသမီး ၅၇ ကီလိုတန်းတွင် မြန်မာအားကစားသမား ကြူကြူလှိုင်သည် ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှား၊ ဆီမီးဖိုင်နယ်တွင် ဂျပန်အားကစားသမားများကို အနိုင်ရရှိခဲ့ပြီး၊ ဖိုင်နယ်တွင် ဗီယက်နမ် အားကစားသမားကိုရှုံးနိမ့်ကာ ဒုတိယရရှိခဲ့သည်။

၄၈ ကီလိုတန်းတွင် မြန်မာအားကစားသမား ကြူကြူသင်းသည် ကွာတားဖိုင်နယ်တွင် နယူးဇီလန်အားကစားသမားကို အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်တွင် တရုတ်အားကစားသမားကို ရှုံးနိမ့်ကာ တတိယရရှိခဲ့သည်။ ဝိတ်တန်းအမျိုးသားရှစ်တန်းနှင့် အမျိုးသမီးခြောက်တန်းထည့်သွင်းကျင်းပခဲ့သော ၎င်းပြိုင်ပွဲတွင် မြန်မာအသင်းမှ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးသုံးဦးဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး၊ ဆုတံဆိပ်နှစ်ခု ငွေ-၁၊ ကြေး-၁ ဖြင့် နိုင်ငံအလိုက်အဆင့် ၁၀ တွင် ရပ်တည်ခဲ့ကြောင်းသိရသည်။

“ဒီပြိုင်ပွဲမှာ ရုရှား၊ ဩစတြေးလျ၊ အီရန်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်အစရှိတဲ့ အင်အားကြီးနိုင်ငံတွေက အားကစားသမားတွေနဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် အတွေ့အကြုံအများကြီး ရရှိခဲ့ပါတယ်” ဟု မြန်မာအသင်းနည်းပြချုပ် ဦးတင်မောင်ဖေက ပြောသည်။

# အင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကစားသမား အနိုင်ရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် -၁၂**

ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲ၌ ဖိလစ်ပိုင်နိုင်ငံမှ အိုလီဗာဘာဘိုဆာက အနိုင်ရ ဗိုလ်စွဲကာ ဆုကြေးငွေအမေရိကန်ဒေါ်လာ ၃၀၀၀ ရရှိသွားသည်။

စုစုပေါင်း ဆုကြေးငွေကန်ဒေါ်လာတစ်သောင်းချီးမြှင့်သည့် အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်တွင်ကျင်းပခဲ့ခြင်းဖြစ်ပြီး Open Section ပြိုင်ပွဲနှင့် Challenger Section ပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲခြားကျင်းပခဲ့သည်။

ပြည်ပအားကစားသမားများနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခဲ့ကြသော Open Section ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကစားသမားက ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး အဆင့် ၅ အထိ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဖိလစ်ပိုင် အစရှိသည့်ပြည်ပကစားသမားများသာ ရရှိခဲ့သည်။

မြန်မာ့စစ်တုရင် ကစားသမားများအနေဖြင့် အဆင့် ၆ မှ စတင်ရရှိခဲ့ပြီး ပြိုင်ပွဲတွင် အဆင့် ၁ မှ ၂၃ အထိ ဆုကြေးများ ချီးမြှင့်ခဲ့သည့်အပြင် အကောင်းဆုံးအမျိုးသမီးဆု၊ အကောင်းဆုံးပြည်တွင်းကစားသမားဆုနှင့် အကောင်းဆုံးလူငယ်ဆုများကိုလည်း ချီးမြှင့်ခဲ့သည်။

Open Section ပြိုင်ပွဲကို Swiss စနစ်ဖြင့်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ကိုးပွဲစီ ယှဉ်ပြိုင်ရကာ အမှတ်အများဆုံးရရှိသူ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်သော Challenger Section ပြိုင်ပွဲတွင် အဆင့် ၁ မှ ၇ အထိ ရရှိသူများကို ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# အာရှလူငယ်ဝူရှူးပြိုင်ပွဲသို့ မြန်မာ သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် -၁၃**
တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၆ ကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂ နှစ်တစ်ကြိမ် ပြုလုပ်သော အဆိုပါ ပြိုင်ပွဲကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၅၀ ကျော်မှ လူငယ်ဝူရှူးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသက်ကန့်သတ်ချက် ၁၈ နှစ်အောက်သတ်မှတ်ထားသောဒင်းပြိုင်ပွဲသို့မြန်မာလူငယ်ကစားသမား ၁၃ ဦးသည် ဆန်ဆိုနှင့်ထောက်လုပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာလူငယ်အားကစားသမားတွေထဲမှာ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံမရှိသေးတဲ့သူတွေ တစ်ဝက်လောက်ပါပါတယ်။ အာရှဝူရှူးအင်အားကြီးနိုင်ငံတွေပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်လို့ အများကြီးအကျိုးရှိစေမှာပါ" ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တွင် လာမည့်ဆီးဂိမ်းပြိုင်ပွဲများအတွက် ရည်ရွယ်ကာ အားကစားသမားစုစုပေါင်း၅၀ဦးအားတရုတ်နည်းပြဆရာနှစ်ဦးနှင့် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်းနှင့် လူငယ်သွေးသစ်ကစားသမား ၃၀ ခန့်လည်း နေ့စဉ်ပုံမှန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။




## စာ(၅၀) - အားကစားကြယ်ပွင့် မှ

ကင်မ်ဟာ ၂၀၀၆-၀၇ ရာသီကစလို့ အသက်ပြည့်ခဲ့တဲ့အတွက် စီနီယာတန်းပြိုင်ပွဲတွေမှာ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ သူမဟာ ၂၀၀၆ Trophée Eric Bompard ပြိုင်ပွဲမှာ Short Program ပြိုင်ပွဲနဲ့ Free Skate ပြိုင်ပွဲတွေမှာ ပထမရခဲ့ပြီး စုစုပေါင်းရမှတ် ၁၈၄ ဒသမ ၅၄ ရမှတ်နဲ့ ပထမရကာ ကမ္ဘာ့ဂရင်းပရီဖိုင်နယ်ပြိုင်ပွဲ အဆင့်ကို ဝင်ပြိုင်ဖို့ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်ခဲ့ပါတယ်။ ဒီနောက် သူမဟာ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ ၂၀၀၆ Grand Prix ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ပါတယ်။

ကင်မ်ဟာ ၂၀၀၇ နှစ်ဆန်းပိုင်းမှာတော့ ဒဏ်ရာကြောင့် ၂၀၀၇ တောင်ကိုရီးယားချန်ပီယံရှစ်ပြိုင်ပွဲက နုတ်ထွက်ခဲ့ရပြီး ၂၀၀၇ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှာတော့ အချိန်တိုပြိုင်ပွဲ Short Program မှာ ရမှတ် ၇၁ ဒသမ ၉၅ မှတ်ရကာ ကမ္ဘာ့စံချိန်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ သူမဟာ ကာလရှည်ပြိုင်ပွဲ Long Program မှာတော့ ၁၁၄ ဒသမ ၁၉ မှတ်နဲ့ စတုတ္ထရခဲ့ပြီး ပြိုင်ပွဲတစ်ရပ်လုံး စုစုပေါင်းရမှတ် ၁၈၆ ဒသမ ၁၄ မှတ်နဲ့ တတိယရခဲ့ပါတယ်။

### ၂၀၁၀ ဆောင်းရာသီ ကမ္ဘာ့အိုလံပစ်

ကင်မ်ဟာ ၂၀၁၀ ဗင်ကူးဗား ဆောင်းရာသီအိုလံပစ်ပွဲမှာ သူမရဲ့ အရည်အချင်းကြောင့် ပြိုင်ပွဲမစခင်ကတည်းက ရွှေတံဆိပ်ဆွတ်ခူးဖို့ ရေပန်းစားနေခဲ့ပါတယ်။ ရေပန်းစားခဲ့တဲ့အတိုင်းပဲ သူမဟာ Free Skate ပြိုင်ပွဲမှာ နိုင်ငံတကာ စကိတ်အားကစားအဖွဲ့(ISU)ရဲ့ အမှတ်ပေးစနစ်အရ ကမ္ဘာ့စံချိန်သစ်ရခဲ့သလို တောင်ကိုရီးစကိတ်မယ်တွေထဲမှာလည်း စကိတ်အလှစီးနည်းမှာ ရွှေတံဆိပ်ရသူ ပထမဆုံးအားကစားသမားဖြစ်ခဲ့ပါတယ်။ ၂၀၁၀ အိုလံပစ်မှာ သူမအတွက် အမှတ်တရကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က သူမရဲ့စွမ်းရည်ကို ချီးကျူးခဲ့ပြီး၊ သူမဘက်ကလည်း မစ္စကလင်တန်ကို ကျေးဇူးတင်ကြောင်း စာရေးသားပေးပို့ခဲ့ပါတယ်။

ကင်မ်ဟာ အိုလံပစ်ရွှေတံဆိပ်ရရှိအပြီးမှာတော့ ၂၀၁၀-၁၁ ISU ဂရင်းပရီရာသီအတွက် ၂၀၁၀ တရုတ်ဖလားပွဲနဲ့ ၂၀၁၀ ရုရှားဖလားပွဲတွေကို ဝင်ပြိုင်ဖို့ စာရင်းပေးခဲ့ပေမယ့် ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်စကိတ်ပြိုင်ပွဲကို အာရုံစိုက်ချင်တာမို့ ဝင်မပြိုင်ဖြစ်ခဲ့ပါဘူး။ သူမဟာ ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာတော့ ဗိုလ်စွဲသွားတဲ့ မီကီအန်ဒိုနဲ့ ၁ ဒသမ ၂၉ မှတ် အကွာ၊ စုစုပေါင်းရမှတ် ၁၉၄ ဒသမ ၅၀ နဲ့ ဒုတိယရခဲ့ပြီး ကျေနပ်ခဲ့ရပါတယ်။ ဒီလိုနဲ့ ၂၀၁၁ မှာတော့ ကင်မ်ဟာ တောင်ကိုရီးယားနိုင်ငံ ပြုံချန်းမှာ ၂၀၁၈ ဆောင်းရာသီအိုလံပစ်ကျင်းပခွင့်ရရေးအတွက် စည်းရုံးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ပြီး၊ မေလကလည်း Around the Rings မဂ္ဂဇင်းကို ပြုံချန်းမှာ ဆောင်းရာသီအိုလံပစ်ကျင်းပခွင့်ရရင် တောင်ကိုရီးယား လူငယ်အားကစားသမားတွေအတွက် စိတ်ဓာတ်တက်ကြွစရာလှုံ့ဆော်မှုဖြစ်လာမယ်လို့ပြောခဲ့ပါတယ်။ ယခုတော့ ပြုံချန်းလည်း အိုလံပစ်အိမ်ရှင်ဖြစ်ခဲ့ပြီမို့ ကင်မ်တစ်ယောက် ပျော်ရွှင်နိုင်ခဲ့ပါပြီ။



| ကင်မ်ယူနာ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ | |
|---|---|
| နာမည်ရင်း | -ကင်မ်ယူနာ |
| မွေး | -စက်တင်ဘာ ၅၊ ၁၉၉၀ |
| ဇာတိ | -ဘူချွန်း၊ ဂျွန်ဂီ |
| အရပ်အမြင့် | -၅ ပေ ၄ လက်မ |
| စကိတ်စစီးသည့်နှစ် | -၁၉၉၆ |
| လက်ရှိကမ္ဘာ့အဆင့် | -၆ (ဇွန် ၁၆၊ ၂၀၁၁ အထိ) သတ်မှတ်ချက် |

### ကင်မ်ယူနာနဲ့ စကိတ်နည်းစနစ်

ကင်မ်ဟာ စကိတ်မှာ သုံးဆင့်ခုန် Triple Jump ကစားနည်းကို အသက် ၁၀ နှစ်အရွယ်က စတင်လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ သူမရဲ့ အကျော်ကြားဆုံးစကိတ်စီးဟန်ကတော့ Camel Spin လို့ခေါ်တဲ့ ကိုယ်ကို အမြန်လှည့်ပတ်ပြီး အလှစီးပြဟန်ဖြစ်ကာ ဒီကစားဟန်ကိုသူတီထွင်ခဲ့တာမဟုတ်ပေမယ့် ယခုတော့ သူ့အမည်ကို အစွဲပြုလို့ Yuna Spin (သို့မဟုတ်) Yuna Camel ရယ်လို့ ခေါ်ဝေါ်နေကြပါတယ်။

### ကင်မ်ရဲ့ အလှူဒါနများ

ကင်မ်ယူနာဟာ သူမ ရှာဖွေရရှိတဲ့ ဆုကြေးငွေတွေကို အမြဲလှူဒါန်းလေ့ရှိသူတစ်ဦးဖြစ်ပြီး ၂၀၀၉ အောက်တိုဘာအထိ စာရင်းအရ ဝမ်ငွေ ၂ ဘီလီယံ (ကန်ဒေါ်လာ ၁ ဒသမ ၇ သန်း) လှူဒါန်းထားပြီးဖြစ်ကြောင်း သိရပါတယ်။ ယခင်ကလည်း ၂၀၁၀ ဇန်နဝါရီမှာ ယူနီဆက်ဖ်ရဲ့ ချစ်ကြည်ရေးသံတမန်ခန့်အပ်ခံထားရတဲ့ သူမဟာ ဟေတီငလျင်အတွက် ဝမ်ငွေသန်း ၁၀၀ လှူဒါန်းထားခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ သူမဟာ မေလမှာဖြစ်ခဲ့တဲ့ ဂျပန်ငလျင်နဲ့ ဆူနာမီဘေးဒဏ်သင့်ပြည်သူတွေအတွက် ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲက ရတဲ့ ဆုကြေးဒေါ်လာ ၂၇,၀၀၀ ကို လှူဒါန်းထားကြောင်းသိရပါတယ်။

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ထိုင်းအသင်းအား တစ်ပွဲရှုံး

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၁၆**
အိုမန်နှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲတွင် ပြင်ဆင်နေသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ပွဲသရေ တစ်ပွဲရှုံးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါခြေစမ်းပွဲများကို ဘန်ကောက်မြို့နှင့်ကပ်လျက်ရှိသည့် ဘူရီယမ်ခရိုင်ရှိ I-Mobile ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၁၄ ရက်က ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဇူလိုင်လ ၁၅ ရက် ဒုတိယပွဲစဉ်တွင် တစ်ဂိုးစီ သရေကျခဲ့ကြောင်း သိရသည်။

ပထမပွဲစဉ်တွင် နှစ်သင်းစလုံး လူစုံထုတ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒုတိယပွဲစဉ်တွင်မူ အရန်ကစားသမားအများစု အားထည့်သွင်းယှဉ်ပြိုင်ကစားခဲ့ကြောင်းသိရသည်။ ကမ္ဘာ့အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အိုမန်အသင်းနှင့်တွေ့ဆုံလျက်ရှိပြီး ထိုင်းအသင်းမှာ ပါလက်စတိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားလုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၅၅ ၀၀၀ ခန့် ချထားမည်

**ဘိုဂိုတာ၊ ဇူလိုင် - ၁၆**
ဖီဖာ အသက် ၂၀ အောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကိုလံဘီယာနိုင်ငံသည်ပြိုင်ပွဲလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၅၅,၀၀၀ ကို တာဝန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ကိုလံဘီယာရဲတပ်ဖွဲ့၏ အဆိုအရ တပ်ဖွဲ့ဝင် ၁၅,၀၀၀ ကို အားကစားကွင်းများ စောင့်ကြပ်ရန်အတွက် အသုံးပြုသွားမည်ဖြစ်ပြီး ၂,၄၀၀ ခန့်ကို အားကစားသမားများ တည်းခိုရာ ဟိုတယ်များအား စောင့်ကြပ်ရန်၊ ၁,၀၀၀ ခန့်ကိုလေ့ကျင့်ရေးကွင်းများအားစောင့်ကြပ်ရန်၊ ၂,၀၀၀ ခန့်ကို လမ်းမများအား စောင့်ကြပ်ရန်နှင့် ကျန်တပ်ဖွဲ့ဝင်များကိုပြည်သူ့လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်ခွဲဝေတာဝန်ချထားမည်ဟုသိရသည်။

ထို့ပြင် ရဲတပ်ဖွဲ့သည် ပြိုင်ပွဲလုံခြုံရေးအတွက် ရဟတ်ယာဉ်များနှင့် မိုးပျံပူဖောင်းများသုံးကာ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဆိုသည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကလည်း ကိုလံဘီယာရဲတပ်ဖွဲ့၏ ယခုအစီအမံများကို ကြိုဆိုခဲ့သည်။ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားကို လာမည့် ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၂၀ ရက်အထိ ကိုလံဘီယာ၏ မြို့ကြီးရှစ်ခုဖြစ်သော ဘိုဂိုတာ၊ မက်ဒယ်လင်း၊ ကာလီ၊ ဘရန်ကီလာ၊ ကာတာဂီနာ၊ အာမင်နီးယား၊ ပါရိုင်းယားနှင့် မင်နီဇဲလက်စ်မြို့များတွင် ကျင်းပသွားမည်ဖြစ်သည်။

*—Ref: Xinhua*


PREMIER
COFFEE
Premier Coffee Mix ( 2 Plus 1 ) နှင့်
ဗလာမပါ
ငွေသားကံစမ်းမဲ ဆုများနှင့်
ရွှေတစ်ကျပ်သား
ကံစမ်းမဲအစီအစဉ်မှ
ရွှေတစ်ကျပ်သား
ကံထူးကြသူများ
PREMIER COFFEE CO., LTD.

7DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# ယူရိုငွေကြေးပြဿနာကြောင့် ကမ္ဘာ့ဈေးကွက်များ ကျဆင်း

**လန်ဒန်၊ ဇူလိုင် - ၁၄**

ဂရိနိုင်ငံအား ဒုတိယအကြိမ် ကယ်တင်ရေးသတ်မှတ်ချက်များကိုသဘောမတူညီရသေးကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ခရစ္စတင်းလာဂတ် ကပြောကြားခဲ့ရာ ဥရောပဘုံငွေကြေး ယူရိုသည် လေးလအတွင်း အနိမ့်ဆုံးတန်ဖိုးသို့ ကျဆင်းခဲ့ပြီး အခြားကမ္ဘာ့စတော့ရှယ်ယာဈေးကွက်များလည်း ကျဆင်းခဲ့သည်။

လန်ဒန်စတော့ရှယ်ယာဈေးကွက်၏ အခြေခံညွှန်းကိန်း FTSE 100 သည် နှစ်ရာခိုင်နှုန်းကျဆင်းပြီး ၅၈၀၂ ဒသမ ၄၂ သို့ရောက်ရှိခဲ့သည်။ ဂျာမနီနိုင်ငံ ဖရန့်ဖတ်ဈေးကွက်သည် ၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ပဲရစ် CAC 40 ညွှန်းကိန်းမှာ ၂ ဒသမ ၆၉ ရာခိုင်နှုန်းကျဆင်းသွားသည်။


အီတလီနိုင်ငံ မီလန်စတော့ဈေးကွက် ညွှန်းကိန်းမှာ ၄ ရာခိုင်နှုန်းထိုးဆင်းကာ စပိန်နိုင်ငံ မက်ဒရစ်ဈေးကွက်၌ ၃ ဒသမ ၇၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အာရှတွင်လည်း ဟောင်ကောင်ဈေးကွက်ညွှန်းကိန်း ဟန်ဆင်းမှာ ၃ ရာခိုင်နှုန်းကျဆင်း၍ ရှန်ဟိုင်းဈေးကွက်တွင် ၁ ဒသမ ၇၂ ရာခိုင်နှုန်း တန်ဖိုးလျော့သွားသည်။ ဩစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဈေးကွက်များလည်း ကျဆင်းခဲ့သည်။

ယူရိုငွေတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင်လေးလအတွင်းတန်ဖိုးအနိမ့်ဆုံး ၁ ဒသမ ၃၈၃၇ သို့ရောက်ရှိခဲ့ပြီး ဂရိပြဿနာသည် ဥရောပရှိ အခြားကြွေးမြီထူထပ်ရာ နိုင်ငံများဖြစ်သည့် အီတလီနှင့် စပိန်နိုင်ငံများသို့ ကူးစက်သွားမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်နေကြသည်။




*—Ref: CNA*









7 DAY NEWS JOURNAL
Vol.10, No.18 · JULY 21, 2011

## အခပေးတယ်လီဗေးရှင်း BSkyB အား ဝယ်ယူရန် ကြိုးပမ်းမှုကို မားဒေါ့စွန့်လွှတ်

**လန်ဒန်၊ ဇူလိုင် – ၁၄**

ဖုန်းခိုးနားထောင်ခြင်းနှင့်ပတ်သက်၍ ၎င်း၏ သတင်းစာအင်ပါယာတွင် ပြဿနာအများအပြားနှင့် ကြုံနေရသော မီဒီယာသူဌေးကြီး ရူးပက်မားဒေါ့သည် အခပေးတယ်လီဗေးရှင်းကုမ္ပဏီ BSkyB အား ပိုင်ဆိုင်ရန် ကြိုးပမ်းမှုကိုစွန့်လွှတ်လိုက်ကြောင်းသိရသည်။ ယင်းမှာ ဗြိတိသျှအစိုးရ၏ ဖိအားပေးမှုကြောင့် အလျှော့ပေးလိုက်ခြင်းလည်းဖြစ်သည်။



အသတ်ခံရသော မိန်းကလေးတစ်ဦးနှင့် သေဆုံးသွားသော စစ်သားများ၏ မိသားစုဝင်များ ဖုန်းဖြင့် စကားပြောဆိုမှုများကို ကြားဖြတ် ခိုးယူနားထောင်ခြင်းများကြောင့်ပြည်သူလူထုအကြား အမျက်ဒေါသထွက်မှုများ ပြင်းထန်ခဲ့ပြီးနောက် News of the World သတင်းစာအားပိတ်သိမ်းခဲ့ရပြီးချိန်တွင် မားဒေါ့၏ မီဒီယာအင်ပါယာမှာခြိမ်းခြောက်ခံနေရသည်။

BSkyB အား News Corporation (မားဒေါ့၏ ကုမ္ပဏီ) က လွှဲပြောင်းရယူရေးမှာ နှစ်ဘက်စလုံးအတွက် အကျိုးရှိမည်ဟု ယုံကြည်သော်လည်း ယခုအခြေအနေတွင် ရှေ့ဆက်တိုးရန်မှာ အလွန်ခက်ခဲနေကြောင်း News Corp. ဒုတိယဥက္ကဋ္ဌ ချေ့စ်ကယ်ရီကပြောကြားသည်။

ယင်းမတိုင်မီ နာရီပိုင်းကပင် မားဒေါ့၏ ကြိုးပမ်းမှုကို ရပ်သိမ်းရေး ဗြိတိန်ပါလီမန်အတိုက်အခံများက အဆိုတင်သွင်းမှုကိုဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ထောက်ခံခဲ့သည်။ မားဒေါ့ဖ်၏ News Corp. သည် BSkyB ၏ ရှယ်ယာ ၃၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ကျန် ၆၁ ရာခိုင်နှုန်းကို ထပ်မံဝယ်ယူရန်ကြိုးပမ်းနေသည်။

—Ref: AFP

## ရှယ်ယာရှင်များအုပ်စုက မားဒေါ့အား တရားစွဲ

**လန်ဒန်၊ ဇူလိုင် – ၁၂**

သူဌေးကြီး ရူးပက်မားဒေါ့၏ NewsCorp. ကော်ပိုရေးရှင်း၏ ရှယ်ယာများကိုဝယ်ယူထားသော အုပ်စုတစ်စုက ရူးပက်မားဒေါ့အား တရားစွဲဆိုလိုက်ကြောင်းသိရသည်။ ၎င်း၏ သတင်းစာတစ်စောင်တွင် ဖုန်းခိုနားထောင်မှုများ ဖြစ်ပေါ်နေသည်ကို ရူးပက်မားဒေါ့တစ်ယောက် သတိမပြုမိပါဆိုသည်ကို ၎င်းတို့အနေဖြင့် ယုံကြည်ရန်ခက်ခဲကြောင်း ရှယ်ယာရှင်များကပြောသည်။

ယင်းရှယ်ယာရှင်များအုပ်စုတွင် ဘဏ်များနှင့် ပင်စင်ရန်ပုံငွေအဖွဲ့များလည်း ပါဝင်သည်။ မားဒေါ့သည် ဆွေမျိုးသားချင်းကောင်းစားရေးဝါဒ (nepotism) ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးပြီး ၎င်း၏ မီဒီယာလုပ်ငန်းများကို မိသားစုသကြားလုံးပုလင်းကဲ့သို့ ရှုမြင်နေကြောင်း ရှယ်ယာရှင်များက စွပ်စွဲထားသည်။

အစိုးရအရာရှိများနှင့် အခြားပုဂ္ဂလိကမှ လူများ၏ ဖုန်းများကို ဖောက်ထွင်းနားထောင်ခဲ့မှုနှင့် လာဘ်ပေးလာဘ်ယူမှု စွပ်စွဲချက်များကြောင့် လူထုအတွင်း ဒေါသပေါက်ကွဲမှုများရှိခဲ့ပြီးနောက် ၁၆၈ နှစ်ကြာ ထုတ်ဝေခဲ့သော News of the World သတင်းစာအား ပုံနှိပ်ထုတ်ဝေခြင်းကို ရပ်ဆိုင်းခဲ့သည်။

News of the World တွင် ဖြစ်ပေါ်နေသည့် ဖုန်းခိုးနားထောင်ခြင်း စသည့်မသမာမှုများကို မစ္စတာမားဒေါ့နှင့် ၎င်း၏သား ဂျိမ်းမားဒေါ့တို့က မသိရှိဟုဆိုခြင်းမှာ တွေးကြည့်၍ပင် မရနိုင်ကြောင်း တရားရုံးစွဲချက်တင်မှုတွင် ရှယ်ယာရှင်များက ဖော်ပြသည်။

*—Ref: UPI*






7 DAY NEWS JOURNAL
Vol.10, No.18 • JULY 21, 2011

# တောင်ဆူဒန်အား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာရေး လုံခြုံရေးကောင်စီထောက်ခံချက်ပေး


**ကုလသမဂ္ဂ၊ ဇူလိုင် - ၁၄**

လွတ်လပ်သောနိုင်ငံဖြစ်လာခဲ့သည့် တောင်ဆူဒန်နိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တရားဝင် ထောက်ခံချက်ပေးလိုက်ကြောင်းသိရသည်။



လုံခြုံရေးကောင်စီ၏ထောက်ခံချက်ပေးပြီးနောက်နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သည့်အဖွဲ့က မဲခွဲမှုပင်မရှိဘဲ ဆုံးဖြတ်ချက်ကိုလက်ခံခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကလည်း အာဖရိကနိုင်ငံသစ်အား ကုလသမဂ္ဂ၏ ၁၉၃ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရန် ဇူလိုင်လ ၁၄ရက်တွင် အတည်ပြုပေးဖွယ်ရှိသည်။

တောင်ပိုင်းနှင့် မြောက်ပိုင်းဆူဒန်အကြား အနှစ် ၂၀ ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မှာ ၂၀၀၅ ခုနှစ်က ငြိမ်းချမ်းရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့သည်။ တောင်ပိုင်းဆူဒန်အား သီးခြားနိုင်ငံအဖြစ် ရပ်တည်ရေးအတွက် ၂၀၁၁ ခုနှစ်ဇန်နဝါရီလတွင် တောင်ပိုင်းဆူဒန်သားများက မဲပေးခဲ့ကြပြီးနောက် တောင်ဆူဒန်နိုင်ငံသည် ဇူလိုင်လ ၉ ရက်တွင် လွတ်လပ်သောနိုင်ငံဖြစ်လာသည်။



ဆူဒန်နိုင်ငံသည် ၁၉၅၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း အာရပ်စကားပြော မွတ်ဆလင်မြောက်ပိုင်းနှင့် လူမည်း အာဖရိကတောင်ပိုင်းအကြား ပဋိပက္ခများ ကြုံတွေ့ခဲ့သည်။ တောင်ပိုင်းမှ အာဖရိကလူမည်း အမျိုးသားများမှာ ခရစ်ယာန်ဘာသာဝင်(သို့မဟုတ်)ရိုးရာနတ်ယုံကြည်ကိုးကွယ်သူများဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့သို့ နောက်ဆုံး ဝင်ရောက်ခဲ့သည့်နိုင်ငံမှာ ၂၀၀၆ ခုနှစ်တွင် အဖွဲ့ဝင်ဖြစ်လာသည့် မွန်တီနီဂရိုးနိုင်ငံဖြစ်သည်။

*—Ref: Reuters*

# ကဒါဖီ၏ နေ့ရက်များ ကုန်ဆုံးပြီဟု ဟီလာရီကလင်တန်ပြောကြား

**ဝါရှင်တန်၊ ဇူလိုင် - ၁၄**

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ၏ နေ့ရက်များ ကုန်ဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်ပြောကြားသည်။

“ကဒါဖီ ရာထူးကဆင်းပေးရမယ့်ရက်နဲ့ အချိန်အတိအကျကို ကျွန်မတို့ကြိုတင်ဟောကိန်း မထုတ်နိုင်ပေမယ့်လည်း သူ့ရဲ့နေ့ရက်တွေကုန်ဆုံးသွားပြီဆိုတာကို ကျွန်မတို့ နားလည်သဘောတူညီထားကြပါတယ်”ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့် ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် မစ္စကလင်တန်ကပြောကြားသည်။

အမေရိကန်ထောက်လှမ်းရေး၏အကဲဖြတ်ချက်အသစ်များအရ ကဒါဖီ၏တပ်ဖွဲ့များသည် စိတ်ဓာတ်ကျဆင်းနေပြီး သူပုန်များဘက်သို့ ကူးပြောင်းမှုများရှိနေကြောင်း၊ သူပုန်တပ်ဖွဲ့များက အရေးပါသော ရေနံပိုက်လိုင်းတစ်ခုကိုပိတ်ပစ်ခဲ့ရာ ကဒါဖီတပ်ဖွဲ့များအနေဖြင့် မော်တော်ယာဉ်များအတွက် လောင်စာရရှိရေး အကျပ်ရိုက်နေကြောင်းကြားသိရသည်ဟု ဝါရှင်တန်ပို့စ်သတင်းတွင်ဖော်ပြသည်။

ယခုအတိုင်းသာ ဆက်သွားပါက ကဒါဖီတပ်ဖွဲ့များသည် မကြာမီ လောင်စာပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ကြောင်း၊ နိုင်ငံတကာမှ ပိတ်ပင်မှုများကြောင့် ကဒါဖီအစိုးရ၏ ငွေကြေးအကျပ်အတည်းမှာလည်း ပိုမိုဆိုးရွားလာနိုင်ကြောင်း ထောက်လှမ်းရေးသတင်းကဖော်ပြသည်။

ကဒါဖီနှင့် ကဒါဖီအစိုးရအပေါ် ပိုမိုဖိအားပေးနိုင်ရန် ရုရှားအပါအဝင် အခြား ၎င်းတို့၏ မိတ်ဆွေနိုင်ငံများနှင့် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။ *—Ref: Xinhua*



7 DAY NEWS JOURNAL

# International

Vol.10, No.18 • JULY 21, 2011

Interview



**ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်နှင့် ကမ္ဘာ့စီးပွားရေးအကြောင်း တွေ့ဆုံမေးမြန်းခြင်း** စာ- ၄၆

News Analysis



**အာဖဂန်နစ္စတန်ကို ပစ်သွားတော့မှာလား အမေရိကန်** စာ- ၃၆

# ၉/၁၁ တိုက်ခိုက်မှုနှင့်ပတ်သက် မားဒေါ့၏ သတင်းကော်ပိုရေးရှင်းကို အက်ဖ်ဘီအိုင် စုံစမ်းစစ်ဆေးမည်

**နယူးယောက်၊ ဇူလိုင် - ၁၈**

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်က နယူးယောက်မြို့ တိုက်ခိုက်ခံရမှုတွင် သေဆုံးဒဏ်ရာရရှိခဲ့သူများ၏ ဖုန်းမှတ်တမ်းများကို ရူးပက်မားဒေါ့၏ News Corp. က ကြားဖြတ်နားထောင်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ အမေရိကန်ဖက်ဒရယ်ထောက်လှမ်းရေးဗျူရို(FBI)က စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်းသိ ရသည်။

"ပီတာကင်းရဲ့စာမှာ ဖော်ပြထားတဲ့စွပ်စွဲချက်တွေကိုကြည့်ရှုစစ်ဆေးနေပါတယ်"ဟု အမည်မဖော်လိုသော အက်ဖ်ဘီအိုင်သတင်းရင်းမြစ်က ပြောကြားသည်။



ဖုန်းခိုးနားထောင်မှုရှိနိုင်ခဲ့ကြောင်း ဗြိတိန်နိုင်ငံမှ ဒေးလ်လီးမေးလ်သတင်းစာက သတင်းဖော်ပြခဲ့ပြီးနောက် ယင်းကိစ္စကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် နယူးယောက်မှ ရီပတ်ဘလေကန်လွှတ်တော်အမတ် ပီတာကင်းက တောင်းဆိုခဲ့သည်။

အက်ဖ်ဘီအိုင်၏ စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ News Corp. က တစ်စုံတစ်ရာမပြောကြားပေ။

စက်တင်ဘာ ၁၁ ရက်တွင်သေဆုံးဒဏ်ရာရခဲ့သူများ၏ ဖုန်းမှတ်တမ်းများကို ရရှိနိုင်ရန် News of the World ဂျာနယ်လစ်များက နယူးယောက်ရဲအရာရှိတစ်ဦးအား ပိုက်ဆံပေးရန် ကမ်းလှမ်းခဲ့သည်ဟု ဒေးလ်လီးမေးလ်သတင်းစာကဖော်ပြခဲ့သည်။ သေဆုံးသူများ၏ ဖုန်းနံပါတ်များနှင့် ၎င်းတို့ခေါ်ဆိုခဲ့သည့်မှတ်တမ်းများကို ဂျာနယ်လစ်များက အလိုရှိခဲ့ကြောင်း အမည်မဖော်သောသတင်းရင်းမြစ်ကိုကိုးကား၍ ဒေးလ်လီးမေးလ်က ဖော်ပြခဲ့သည်။ စာ(၄၅)သို့



ဇူလိုင်လ ၁၇ ရက်က ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင်ကျင်းပသည့် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဂျပန်အသင်းက အမေရိကန်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး အောင်ပွဲခံနေစဉ်။ အမေရိကန်က ဦးဆောင်ဂိုးကို မိနစ် ၉၀ မပြည့်မီ ၈မိနစ်အလိုတွင်သွင်းခဲ့သော်လည်း မိနစ် ၁၂၀ မပြည့်မီ ၃ မိနစ်အလို၌ ဂျပန်က ချေပဂိုးသွင်းယူနိုင်ခဲ့ရာ ပင်နယ်တီကန်သွင်းရာတွင် ဂျပန်ကပင် ၃-၁ ဂိုး ရလဒ်ဖြင့်အနိုင်ရခဲ့ကာ ဂျပန်သည် အာရှမှ ပထမဦးဆုံးအမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံဖြစ်လာသည်။


# တာလီဘန်ခေါင်းဆောင်များအား လုံခြုံရေးကောင်စီ အမည်ပျက်စာရင်းမှ ဖယ်ရှား

**ကုလသမဂ္ဂ၊ ဇူလိုင် - ၁၇**


ကုလသမဂ္ဂလုံခြုံရေးကောင်စီက အာဖဂန်နစ္စတန်တာလီဘန်ခေါင်းဆောင်ဟောင်း ၁၄ ဦးအား နိုင်ငံတကာအမည်ပျက်စာရင်းမှ ဖယ်ရှားပေးလိုက်ကြောင်းသိရသည်။ အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခဲ့သူများတွင် ပြီးခဲ့သည့်နှစ်အတွင်း ဖွဲ့စည်းခဲ့သော တာလီဘန်များနှင့် ဆွေးနွေးပွဲပြုလုပ်နေသည့် အထူးငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်လေးဦးလည်း ပါဝင်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အမည်ပျက်စာရင်းမှ ဖယ်ရှားပေးလိုက်ခြင်းမှာ အာဖဂန်နစ္စတန်အစိုးရ၏ ပြန်လည်ရင်ကြားစေ့ရေးကြိုးပမ်းမှုများကို ထောက်ခံသည့် အမှတ်အသားဖြစ်ကြောင်း လုံခြုံရေးကောင်စီက ပြောကြားသည်။ စာ(၄၅)သို့

# လန်ဒန်ရဲတပ်ဖွဲ့ အကြီးအကဲနုတ်ထွက်သွားပြီး မားဒေါ့လက်ထောက် ရီဘက်ကာဘရွတ် ဖမ်းဆီးစစ်ဆေးခံရ



ရီဘက်ကာဘရွတ်



မစ္စတာပေါလ်စတီဗင်ဆင်

**လန်ဒန်၊ ဇူလိုင် - ၁၈**

News of the World သတင်းစာ၏ ဖုန်းခိုးနားထောင်မှုပြဿနာနှင့်ဆက်နွှယ်၍ ဗြိတိန်မက်ထရိုပိုလစ်တန် ရဲတပ်ဖွဲ့အကြီးအကဲ မစ္စတာပေါလ်စတီဗင်ဆင် နုတ်ထွက်သွားကြောင်းသိရသည်။ ယင်းသတင်းစာ၏ အမှုဆောင်အရာရှိဟောင်း နီးလ်ဝီလစ်အား အကြံပေးအဖြစ်ငှားရမ်းခဲ့ခြင်းကြောင့် ဗြိတိန်၏ စီနီယာအကျဆုံး ရဲအရာရှိကြီးမှာ ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ စာ(၄၅)သို့

# အာဖဂန်နစ္စတန်သမ္မတအကြံပေး သတ်ဖြတ်ခံရ



**ကဘူးလ်၊ ဇူလိုင် - ၁၈**

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ အကြံပေးဖြစ်သူနှင့် အူရူဂန်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းလည်းဖြစ်သူ ဂျန်မိုဟာမက်ခန်သည် ကဘူးလ်မြို့အနောက်ဘက်ရှိ ၎င်း၏နေအိမ်အား သေနတ်သမားများက ဝင်ရောက်စီးနင်းပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်းသိရသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် တာလီဘန်စစ်သွေးကြွများဟု ယုံကြည်ရသည့် သေနတ်သမားများက ဂျန်မိုဟာမက်ခန်၏ နေအိမ်ကိုဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း၊ မိုဟာမက်ခန်နှင့် ၎င်း၏ညီဖြစ်သည့် ပါလီမန်အမတ် ဟာရှမ်အတန်ဝါလည်း သေဆုံးသွားကြောင်း အာဖဂန်လုံခြုံရေးအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။ လုံခြုံရေးအရာရှိက ၎င်း၏နာမည်ကိုထိမ်ချန်၍ အခြေအနေကိုထိန်းသိမ်းနိုင်ပါက မီဒီယာများထံ ရှင်းပြပြောကြားသွားမည်ဟုပြောသည်။ စာ(၄၅)သို့

